
www.burmeseclassic.com

# မဟူရာ

(လွှိုင်ကော်)

သတ္တိမရှိသော သူ၏မယား

သတ္တိမရှိသော သား၏အမေ . . .



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးပိုင်ဇော်ဟိန်း (၀၁၆၅၉)
ရွှေငွေခိုင်စာပေ၊ အမှတ်(၃၇)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်ံန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃


မဟူရာ (လှိုင်ကော်)

သတ္တိမရှိသောသူ၏မယား သတ္တိမရှိသောသား၏အမေ /မဟူရာ(လှိုင်ကော်)။

ရန်ကုန်။ ရွှေငွေခိုင်စာပေ၊ ၂၀၁၆။

၂၅၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။


(၁) သတ္တိမရှိသောသူ၏မယား သတ္တိမရှိသောသား၏အမေ




www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

မရိုးသားသူတစ်ယောက်သည်

ရိုးသားသူတစ်ယောက်ဟု

အထင်ခံနိုင်ဖို့ရာအတွက်

သေသပ်စွာ ကြိုးစားတတ်သည်ကို

မေ့ထား၍မဖြစ် ...။

ဆူးတောဆူးပင်ကြားမှ

လွတ်မြောက်ဖို့ရာအတွက်ဆိုလျှင်ဖြင့်

ဆူးခြစ်ရာ ဆူးစူးရာဒဏ်ရာတို့ကိုတော့


ငြင်းဆန်ရှောင်ကြဉ်၍ ရနိုင်မည်မဟုတ် ...။

ဒဏ်ရာဒဏ်ချက်တွေနှင့်တော့

ရုန်းထွက်မှ ဖြစ်ချေမည်သာ ...။

www.burmeseclassic.com

www.burmeseclassic.com




# မဟူရာ (လှိုင်ကော်)

## သတ္တိမရှိသောသူ၏မယား
## သတ္တိမရှိသောသား၏အမေ...



www.burmeseclassic.com

www.burmeseclassic.com



မြားတစ်စင်းနဲ့ လေးညို့ကြားက
လောကခံတရားရဲ့ဖစ်လွှတ်မှု
ဒဏ်ရာပြင်းပြင်းတစ်ခုအဖြစ်
ရင်ထဲရှုးနစ်အောင်ခံစားရတဲ့
သတ္တိမရှိသူရဲ့မယားဘဝ ...။


တစ်နေ့ရှင်းစီအတွက်
လက်မောင်းလက်ဖျံက ခွန်အားတွေ
ပြုကျကုန်စေဦးတော့
ကိုယ်မော့ထားတဲ့ဦးခေါင်း
မတိမ်းစောင်းစေရ
ဦးညွှတ်မကျဒူးညွှတ်မချ
ရန်းကန်ရတဲ့နှစ်များ
ဤသားအတွက်ဖြစ်နေ
ဤသို့သောအမေအတွက်
ရပ်တည်ရဲဖို့ခက်သောသားနှင့်ကြုံရ
သတ္တိမရှိသောသား၏ အမေဘဝ ...။

သတ္တိမရှိသူ၏မယား
သတ္တိမရှိသောသား၏အမေ
ရောက်ခဲ့ဖူးလေပြီကော
ငါ၏ကျန်သောနေ့ရက်များ
ငါ့အတွက်ပဲထားရင်း
ခွန်အားနှင့်ချစ်ခြင်းတွေ
မိတ၏ခြေတော်ရင်းမှာ
ခြွေကြကာချနေရင်း
ပေးဆပ်ခြင်းဖြင့်ကုန်ဆုံးမည် ...။
ဤသည်ကား ...
သတ္တိမရှိသူ၏မယား
သတ္တိမရှိသောသား၏အမေဘဝ ...။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

"အံ့မယ်လေးလေ .. ဂျိုးလေးရယ် .. နှင်းဆီဆူး စူးမှဖြင့် .. မမကြီးက ရင်တီးလက်ခတ် ဖြစ်ပါချေရော့မယ် .. ဘဘစံ ခူးပေးပါ့မယ် ကလေးရယ် .. ဘယ်အပွင့်ကြိုက်သလဲဆို .. ဘဘကဖြင့် ဟောဒီက ရွှေမင်းသမီးလေးအတွက် .. ခူးပေးဖို့ဝန်မလေးပေါင်ကွယ် .."

ထုံးစံအတိုင်း လက်တကာကာဖြင့် တားမြစ်စကားသံကို အရင်ကြားရပြီ ..။ ပြီးတော့ .. မိဂျိုး ၏လက်လေးကို ဘေးသို့ တိမ်းဖယ်သည်။ ပန်းညှပ်ကတ်ကြေးလေး ခုံတန်းဆီမှ ယူလာသည်ကလည်း ဘဘစံ ဖြစ်ပါ၏။ မိဂျိုး နှုတ်ခမ်းလေးစူကာ စိတ်မောကိုယ်မောလေးပဲ မြက်ခင်းပေါ် ပန်းတွေစီတန်းစိုက်ထားရာ ပန်းပေါင်ဘေးမှာ ထိုင်ချတော့ ပြာပြာသလဲ ဘဘစံ ကြည့်လာပြန်၏။

"ဟင် .. ဘာပြောမလို့လဲ .. မြေကြီးတွေ ပေကုန်ပြီလို့ ပြောတော့မလို့လား .. မြေကြီးပေါ်နေတာ .. မြေမပေလို့ ရွှေပေရမှာတဲ့လား .. ကဲ .. စိတ်မရှည်ချင်တော့ဘူးနော် .. မိဂျိုး သိပ်စိတ်ညစ်တယ် သိရဲ့လား ဘဘစံ .. မီးဖိုခန်းထဲရောက်ရင်လည်း ဒေါ်ကြီးထူး က ဓားကိုင် .. ထိုင်ပြန်ပြီ ... မီးဖိုဘေးရပ် .. ရပ်ပြန်ပြီ .. ရေနွေးကရားလေးယူပြီးတော့ ခွက်ဘူးထဲဖြည့်မယ်လို့လုပ်ရင်လည်း တားပြန်ပြီ .. ဓားကိုင်မယ် .. မီး

www.burmeseclassic.com



ပူဟပ်မယ် .. ရေနွေးပူလောင်မယ် .. အို .. နေရာတကာ ပူပန်တကာ လုပ်နေသမျှ .. မိဂျိုး က ပျောင်းဖြစ်နေရတော့မှာတဲ့လား .. မိဂျိုး ဘွဲ့ရပြီ နော် .. ကလေးမဟုတ်တော့ဘူး .. ခုထိ ထမင်းတစ်အိုး မတည်ဖူးရဘူး .. ဟင်း တစ်မယ်မချက်ဖူးရဘူး .. အဲဒါကောင်းသလား .."

"ကလေးရယ် .. မမကြီးနဲ့ ကိုကိုကြီးတို့က .. သူတို့အသက်ရလာမှ .. ကံကောင်းလွန်းစွာရလာတဲ့ ဒီသမီးလေးကို ဖူးဖူးမှုတ်ထားတာလေ .. လူက လူချမ်းသာတွေဆိုတော့ .. လူချမ်းသာသမီး .. မင်းသမီးလေးလို နေနေရတာများ .. ကံကိုက ရွှေရည်ပန်းဆက်ကံကိုးကွယ့် .. အဲဒါကို များ စိတ်ကျဉ်းကြပ်နေရသတဲ့လား .. သူများတကာတွေ ချက်ဟဲ့ ပြုတ်ဟဲ့ .. လျှော်ဟဲ့ဖွတ်ဟဲ့ .. ဆေးဟဲ့ကြောဟဲ့နဲ့ .. တစ်နေကုန် အိမ် အလုပ်တွေ တကုန်းကုန်းကျုံးလုပ်နေရတဲ့အခါ .. ချမ်းသာချင်သပရှင် .. လို့ .. တောင့်တကြသကွယ့် .. မိဂျိုးလေး က ဆုတောင်းစရာမလိုဘဲ .. အလိုလို .. ရွှေပေါ်မြတင်နေနေရတဲ့ဥစ္စာ .. ဘဝကို ပီတိဖြစ်စမ်းပါ ကလေး ရယ် .."

ဘဘစံ ပြောနေရင်း ပန်းညှပ်ကတ်ကြေးလေးဖြင့် လှရာရာ ပန်းလေး တွေ ရွေးညှပ်ပေးသည်။ မိဂျိုး ကတော့ဖြင့် .. ပန်းတစ်ပွင့်ပင် ဆွတ်ခူး မလွယ်ဖြစ်နေသည့်ဘဝထဲ မွန်းကျပ်နေရင်းဖြင့် ..။ ဘယ်ပန်းလေးခူး ပေးပါဟုပင် လက်ညှိုးထိုးမနေချင်တော့အောင် စိတ်လက်မောနေမိရ သည်ပါပဲ ..။

"ကလေးရဲ့လက်ကို နှင်းဆီဆူးစူးရင် .. ဘဘစံ ခေါင်းကို မိုးကြိုး စူးမကွယ့် .. ကလေးရဲ့လက်ကို ဓားရှရင် .. မယ်ထူး ရဲ့ခေါင်း မိုးကြိုးခ မကွယ့် .. မမကြီးက သူ့သမီးလက်လေးတွေ နုဖန့်ဝင်းအိနေတာကို .. အရိပ်တကြည့်ကြည့်ရှိနေတာမသိဘူးလား ကလေးရယ်.. ငြိမ်ငြိမ် နေ စမ်းပါ .."

ဘဘစံ ဆက်၍ ခပ်ညည်းညည်းပြောချိန်မှာပင် ဒေါ်ကြီးထူး ခပ်



သုတ်သုတ် လျှောက်လာပါ၏။

"ဟိုမှာ မမကြီးခေါ်နေတယ် မိဂျိုးလေး .. အခုပဲ ကိုကိုကြီး ဖုန်း ဆက်လာတယ်တဲ့ .. အိမ်ကို ဧည့်သည်လာမယ်ဆိုလားပဲ .. အဲဒါ .. မိဂျိုးလေး ကို ရေချိုးမိုးချိုး .. အလှလေး ဘာလေးပြင်ထားခိုင်းမလို့ ဆိုလား .."

"ဟော .. မေမေကတော့လေ .. လုပ်ပြန်ပါပြီ .. ဧည့်သည်လာ မယ့်ဟာစွ .. မိဂျိုး က ဘာကြောင့် ရေမိုးချိုးအလှပြင်ရမှာတဲ့လဲ .. သိပ် စိတ်ညစ်တာပဲ .. အိမ်ကို ဧည့်သည်လာတိုင်း .. မေမေက မိဂျိုးကို ထုတ်ထုတ်ကြွားရတာ မရိုးမအီနိုင်အောင် ဖြစ်နေတာ ခက်တယ် ဒေါ်ကြီးထူး ရယ် .. လွတ်ခက်တာပဲ .."

မိဂျိုး ခြုံသံပါအောင်ညည်းတော့ ဒေါ်ကြီးထူး ခစ်ခနဲရယ်သည်။ ဘဘစံ က ပြုံးတုံးတုံးလုပ်၏။ မိဂျိုး မျက်မှောင်လေးကုတ်ကြည့်တော့ အသံထွက်၍ ဘဘစံ ရယ်သည်။ အားလုံးက .. မိဂျိုး ဆို ကလေးလေးလို ပဲ ဝိုင်းချစ်နေကြသည်ပါပဲ။ ခုလည်း .. ကလေးလေးကို ဝိုင်း၍ ချစ်စနိုး လေး ကြည့်ကြရယ်ကြသလို ဖြစ်နေကြခြင်း ..။

"သူ့သမီးလေး .. ရွှေရည်ပန်းဆက်ချောတာ .. ကြွားချင်သကိုး ကွယ့် .. အသက်ကြီးမှ .. ဒီသမီးလေးတစ်ယောက် မမျှော်လင့်ဘဲရလိုက် တာကိုများ ဝမ်းသာလိုက်ကြတာ ကလေး ဘယ်မြင်မလဲ .. မိုက်ထဲ အောင်းနေချိန်ကိုးကွယ့် .. အို .. သမီးလေးရမယ်ဆိုတာလည်း အာထရာ ဆောင်းဆိုလား .. ဘာဆောင်းဆိုလားကြီး ရိုက်ကြည့်ပြီး .. အိုဂျီက ပြောပြသတဲ့လေ .. အဲဒါ .. ဝမ်းဗိုက်လေး တသသနဲ့ထားပြီး ကလေး အသားဖြူအောင် နို့သောက်ရတာနဲ့ .. ကြက်ဥအကာချည်းပဲသောက် ရတာနဲ့ .. ပျားရည်လေးကို သမီးလေးဘဝချိုအောင်ဆိုပြီး လျက်ရတာနဲ့ .. စိတ်ထား အေးချမ်းအောင်ဆိုပြီး အသီးချိုချိုအေးအေးလေးတွေ ရွေးစား ရတာနဲ့ .. မယ်ထူးနဲ့ ငါတို့ .. မောင်နှမတောင်မှ .. ကြက်ဥအနှစ်

www.burmeseclassic.com

www.burmeseclassic.com



တွေကြော်စားရ .. အသီးချိုချိုလေးတွေ ပိုနေသမျှ ဝိုင်းအုပ်ကြရတာနဲ့ .. ပွဲကိုစည်လို့ .. ဟေး ဟေး .. တကယ့်ကို မွေးလာတော့လည်း မှုံ့အိနေအောင်လှတဲ့ သမီးလေး တကယ်မွေးသကိုး .. မွေးဥနေတဲ့သမီးလေး တကယ် ရသကိုးကွယ့် .. အဲဒါ .. မမကြီးက သူ့သမီးအချောလေးကို .. အရိပ် တကြည့်ကြည့်နဲ့ ချစ်ရ .. ရတနာတွေဆင်ရ .. အဝတ်တွေဆင်ရနဲ့ .. ခုထိ ရှိနေရတာပေါ့ ကလေးရယ် .. ကံ .. ကဲ .. မယ်ကံကောင်းလေးရေ .. ရေမိုးလေးချိုး .. အလှလေးပြင် .. အဝတ်လေးတွေ .. ရတနာတွေ .. လှအောင်ဝတ်လို့ .. သမီး မေမေအတွက် .. ကြွားချင့်စရာ ကြွေရုပ်လေးဖြစ် .. ညွှေသည်ကို .. ကြွားခွင့်ပြုလိုက်စမ်းပါ ..''

ဘဘစံ ပြောတော့ မိဂျိုး သက်ပြင်းလေးချ၍ ထလိုက်ရသည်ပါပဲ ..။ ခြေဖမိုးထက်မှာ မြေတချို့ကပ်နေသည်။ စောစောက ဘဘစံ ရေဖြန်းထားတာမို့ ပန်းပင်ပန်းခက်တွေသာမက မြေကြီးမှာလည်း ရေစိုဓာတ်ရှိနေသည်ကိုးလေ ..။

အကြောမျှင်စိမ်းမြမြတို့ ရှိုးရိပ်သမ်းနေသော ခြေဖမိုးဝင်းအိအိလေးထက်မှာ မြေနက်တို့ စေးကပ်ငြိနေသမျှ ဘဘစံ လိုက်ကြည့်ကာ ..

''ခြေထောက်လေး ဆေးပေးလိုက်စမ်းပါ မယ်ထူးရယ် .. မြေကြီးပေနေတာမြင်ရင် .. သမီးလေးကို မြေတူးမြေဆွတွေ ငါလုပ်ခိုင်းတယ်ထင်ပြီး မမကြီး စိတ်ထဲမကောင်းဖြစ်နေပါ့မယ် .. ငါ့လာဆူပါ့မယ်ဟယ် ..''

ညီမဖြစ်သူကို လှမ်း၍ ဘဘစံ ပြောတော့ မိဂျိုး ခေါင်းခါ၍ ဒေါ်ကြီးထူးကို ကြည့်သည်။

''မိဂျို း ကတော့လေ .. ပိုးဟပ်ဖြူလိုလို .. အိမ်မြှောင်ဖြူလိုလို .. အဲသလိုပဲ မိဂျိုး မျက်နှာကိုမြင်တယ် .. ဘာမှမလုပ်ရမကိုင်ရ .. သူများချက်တာစား .. လှလှပပဝတ် .. စာတတ်အောင်သင် .. ဘွဲ့တစ်ခုသာရရော .. ပျင်းစရာကောင်းလောက်အောင် အချိန်တွေကို ဖြတ်သန်းလာရတယ်လို့ပဲ ထင်တယ်သိလား .. ပါးစပ်လေးကျယ်ကျယ်ဟပြီး သမ်းလိုက်ရင်တောင်မှ .. ပါးကြောတင်သွားမယ်ဆိုပြီး စိတ်ပူနေတော့ မခက်ဖူးလား ..''



တကယ့်ကို အပိုမပြောပါ။ မိဂျိုး တစ်နေ့က ဝါးခနဲသမ်းလိုက်သမျှ ...။ မေမေမြင်တော့ .. မျက်လုံးမျက်ဆံပြူးကာ .. ပါးကြောတင်မည်တဲ့ ..။ အရမ်းမသမ်းပါနှင့်တဲ့ ..။ သမီးလေးက နုနုဖတ်ဖတ်လေးတဲ့ ..။ ပါးကြောတင်သွားနိုင်သည်တဲ့လေ ..။ မိဂျိုးမှာ မေမေ့ကိုကြည့်ရင်း ရယ်ပဲရယ်ရမလိုလို ..။ အံ့သြပဲအံ့သြလိုက်ရမလို ဖြစ်ခဲ့ရသည် မဟုတ်ပါလား ..။ သည်းသည်းလှုပ်အောင် ချစ်နေသမျှ .. လူမှန်းသိတတ်စအချိန်ကတည်းက .. ခံယူခဲ့ရသည့်ကာလတွေက ကြာတောင့်ကြာရှည်ရှိခဲ့ရပြီ။ သူတကာပြောသလို .. မိဂျိုး ကံကောင်းသည်ဟုတော့ ပြောနိုင်ပါသည်။ ဒါပေမယ့် .. ဤမျှကံကောင်းနေတော့လည်း ပျင်းစရာကောင်းလာသည်လေ။

''မနက်အိပ်ရာထ .. မျက်နှာသစ်ပြီးတာနဲ့ .. ဘုရားခန်းဝင် .. ပြီးတော့ .. ဖေဖေ၊ မေမေတို့နဲ့ မနက်စာစား .. ဟော .. ဘာမှမလုပ်ရဘဲ .. စာသင် .. ကားနဲ့ပြန်လာ .. အဲသလိုနဲ့ တစ်နေ့တစ်နေ့မှာ ထမင်းနှစ်နပ် .. သရေစာမျိုးစုံ .. စည်းစိမ်ကျကျနေရင်း .... လူဖြစ်လာရတာ .. အခု ဘွဲ့ရပြီ .. ဖေဖေနဲ့မေမေတို့ ကျောသပ်ခေါင်းသပ်နဲ့ ချစ်နေသမျှကို ခံရင်း မိဂျိုး အသက်သာ ဒီအရွယ်ရှိလာရတာ .. အလုပ်ကို မလုပ်ဖူးရဘဲ .. ဘော်ကျော့နေ ဘော်ကျော့စား .. အဲသလိုဖြစ်နေတော့ .. ငြီးငွေ့တယ်သိရဲ့လား ဒေါ်ကြီးထူး နဲ့ ဘဘစံ ရဲ့ .. အဟုတ်ပြောတာရှင့် .. အနည်းဆုံး ရတနာဆိုင်ကို ထိုင်ရတယ်ဆိုလည်း တော်သေး .. ၁န်းတိမ်အလုပ်ရုံကို ကြီးကြပ်ရသေးတယ်ဆိုလည်း ဟုတ်သေး .. ခုကျတော့ ထိုင်စားတဲ့အလုပ်ပဲလုပ်နေရတာ .. ငြီးငွေ့တယ် .. ပျင်းတယ် .. ကြာလာတော့ ဘဝကြီးက .. ခြောက်ကပ်နေတာပဲသိလား ..''

တကယ့်ကို ခံစားရင်း မိဂျိုး ပြောတော့ ဘဘစံနှင့် ဒေါ်ကြီးထူး

www.burmeseclassic.com

www.burmeseclassic.com



တို့ မောင်နှမ ပိုင်ခနဲဖြစ်၏။ ငေးကြည့်၏။

"ကလေးပြောတာလည်း ဟုတ်တုတ်တုတ်နော် ကိုကြီးစံ .."

ဟု ဒေါ်ကြီးထူး တစ်ချက်ပြောလာတော့ ဘဘစံ လက်ကာသည်။

"ချမ်းသာလို့ အဲသလိုနေနိုင်တာကိုများ .. ညည်းက .. ဝမ်းသာစမ်းပါ့ပါဟယ် .. ဘယ့်နှယ့် .. ကလေးကို မြှောက်ပေးနေရတာတဲ့တုန်း .. ဒီမှာကလေးရဲ့ .. လူတိုင်းက .. ချမ်းသောင့်ချမ်းသာနေချင်ကြတယ် .. နုနုဖန့်ဖန့်နေချင်ကြတယ် .. ငါတို့ရဲ့ မိဂျိုးလေးက .. ကံမြင့်တဲ့ကလေးမို့ .. ခုလို .. ရွှေလင်ပန်းနဲ့ အချင်းဆေးရတဲ့ဘဝနဲ့ .. လူ့ဘဝကို ရောက်လာရတာကွယ့် .. ဒီမယ် မိထူး .. ကလေးက .. ရွှေရတနာဆိုင် .. ရွှေပန်းထိမ်အလုပ်ရှဲ့သူဌေးကြီး ဦးကံယုံ နဲ့ ဒေါ်ခင်ဖွေး တို့ရဲ့သမီးပေမို့ .. ကလေးကို မမွေးခင်ကတည်းကိုက အချင်းဆေးဖို့ ရွှေလင်ပန်း တကယ့်ကို လုပ်ထားတာ ညည်းအသိ .. အဲသလိုဘဝမျိုးနဲ့ .. အူဝဲဆိုတာနဲ့ ရွှေလင်ပန်းပေါ် ခြေတင်ရတဲ့ကလေးကို နားလည်အောင် .. ညည်း ရှင်းပြစမ်းပါ့ပါဟယ် .. ကလေး ညည်းနေတာကို အဟုတ်လုပ်ပြီး ဘဝကို ငြီးငွေ့စရာလို့မြင်သွားအောင် မထောက်ခံပြချင်စမ်းပါနဲ့ မယ်ထူးရယ် .."

ဟု ပြောနိုင်ဘ် မိဂျိုး သက်ပြင်းရှိုက်၍ အိမ်ဘက်သို့ ထွက်လာမိရပါပြီ ..။

တကယ်ပဲ ကံကောင်းသည့်ဘဝတစ်ခုကို ရသည်ဆိုတာ မိဂျိုး မငြင်းရက် ..။ ဖေဖေနှင့်မေမေ့ အချစ်ကိုသိ၍ပါ ..။ ဒါပေမယ့် .. တစ်နေ့တစ်နေ့မှာ ဘော်ကျော့နေရင်း စက်ရုပ်ဆန်သောလှုပ်ရှားမှု ပုံစံတူတစ်ခုထဲမှာ ဖြတ်သန်းကြီးပြင်းလာရသည့်အတွက်ကိုတော့ ငြီးငွေ့ရသည်မှာလည်း အမှန်ပါ။ ဘာမှ .. စိတ်လှုပ်ရှားစရာကောင်းသည့် အတွေ့အကြုံကို မရှိလိုက်ရ ..။ အရာရာသည် အဆင်သင့် အရံသင့်ဖြစ်နေသည်။ တောင့်တစရာကို မလိုအောင် ဖြစ်နေတော့လည်း .. တောင့်တရသည့်ဘဝတစ်ခုဆိုတာ၏ ခံစားချက်ကို တောင့်တလာတတ်သည်လေ ..။ ဤ



သည်ကို .. ထူးဆန်းသောခံစားချက်တစ်ခုဟု ခေါ်ရမည်လား မသိ ..။ မိဂျိုး၏သူငယ်ချင်း အတန်းဖော် နွဲ့နွဲ့ သာဆိုလျှင်ဖြင့် မိဂျိုး ၏ဘဝကို အားကျသည်ဟုပင် ဖွင့်ပြောဖူးသည်လေ ..။ ဘွဲ့ရတာချင်းတူတူမှာ .. ကျတော့ နွဲ့နွဲ့က မူလတန်းပြဆရာမလေးဖြစ်နေပြီ ..။ မိဂျိုး သာ .. ဖန့်ဖန့်မိဂျိုး အဖြစ် ပန်းရုံမှာ ဆက်လက်ချီတက်နေရမြဲ ..။ အဆုံးစွန် .. ဒိမ်မွေးတိရစ္ဆာန်လေးပင် မွေးခွင့်မရှိ။ ခွေးမွေးလျှင် အခန့်မသင့်ပါက ရောဂါကူးမည်တဲ့ ..။ ခွေးရူးဖြစ်လာလျှင် အခက်တဲ့ ..။ ခွေးအဆုတ်ရောဂါရှိလျှင် ကူးမည်တဲ့ ..။ ဖေဖေနှင့်မေမေ လန့်နေတာကြောင့်ပင် ခွေးလည်းမမွေးရ ..။ ကြောင်လည်းမမွေးရ ..။

"ကြောင်လေးမွေးချင်တယ်လို့ မေမေ့ကို ငယ်တုန်းက မိဂျိုး ပြောခဲ့းတယ် .. ကြောင်က တစီစီနဲ့ အသက်ရှုသံမြည်တယ်တဲ့ .. ပန်းနာစ်တတ်တယ်တဲ့ .. ကြောင်မွေး ပါးစပ်ထဲဝင်ရင် မကောင်းဘူးတဲ့၊ ဝှက်တူရွှေးလေး မွေးချင်တယ်ဆိုတော့လည်း လှောင်အိမ်ထဲချေးပါတဲ့ .. အဲဒါကြောင့် ခွေးမမွေးရ .. ကြောင်မမွေးရ .. ကြွက်တူရွှေးမွေးရ .. သာလိကာမမွေးရနဲ့ စိတ်ဖြေစရာတစ်ခုလေးတောင်မရှိဘဲ .. ရုပ်တွေနဲ့ ကြီးလာရတာ သိရဲ့လား ဒေါ်ကြီးထူး ရဲ့ .. အရုပ်က စကားပြောတတ်လို့လား .. ခွေးဆိုတာက အမြီးလေးရမ်းလိုက် .. ပွတ်သီးပွတ်သပ်လုပ်လိုက် .. အို .. လူစကားလည်း နားလည်ကြသေးတယ် .. လက်ပေးတတ်တယ် .. ဘောလုံးကောက်တတ်တယ်၊ သခင်နဲ့ ပြေးတမ်းလိုက်တမ်း ဆော့တတ်တယ် .. ရုပ်ရှင်ထဲက ခွေးလိမ္မာလေးတွေများ ဘယ်လောက်ချစ်ဖို့ကောင်းလဲ .."

ဘေးမှာကပ်လျှောက်လာသည့် ဒေါ်ကြီးထူး ကို ပြောတော့ ပြုံး၍ကြည့်လာပါ၏။

"ကိုကိုကြီးနဲ့ မမကြီးမှာက ချစ်စရာဆိုလို့ ဒီသမီးလေး တစ်ယောက်ထွန်းပေါက်လာရတာ မဟုတ်လား ကလေးရယ် .. စိုးရိမ်ရှာမှာပေါ့ ..

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားပါးပါးရတဲ့သမီးလေးကလည်း မွေးရကျိုးနပ်လိုက်တာများ – ကြွေရုပ်လေး .. ရွှေရုပ်လေးကိုဖြစ်လို့ အေရယ် .. မိဘတွေဖြစ်ကြတဲ့ ကိုကိုကြီးနဲ့မမကြီးတို့ မဆိုထားနဲ့ .. ဒေါ်ကြီးထူး တို့တောင်မှ .. အရိပ် တကြည့်ကြည့်နဲ့ .. ချစ်လို့မဝ .. ငေးလို့မဝ .. အဲသလိုဖြစ်ရတာ သိရဲ့ လား .. မိဘက ချစ်လို့ .. စိတ်ပူရရှာတယ် .. အဲသလိုစိတ်ပူတော့ – ဘေးကင်းအောင် အစစလိုက်ကြည့်ရ .. တားမြစ်ရတွေဖြစ်ကုန်သပေါ့ ကလေးရယ် .. မိဘကို စိတ်နဲ့ငြိုငြင်မိတယ်ဆိုရင် အပြစ်ဖြစ်တတ်တယ် ဂျိုးလေးရယ် ..''

ဒေါ်ကြီးထူး ကို မိဂျိုး ခေါင်းလေးခါပြမိသည်။ မိဂျိုး ဘာတွေ ခံစားရင်း ပြောနေသည်ဆိုတာ ဒေါ်ကြီးထူး သဘောမပေါက်ချေသည် ကိုးလေ ...။

''မိဂျိုး က ဘာကြောင့် ဖေဖေနဲ့မေမေ့ကို စိတ်နဲ့ ငြိုငြင်ရမှာလည်း ဒေါ်ကြီးထူးရဲ့ .. ဖေဖေနဲ့မေမေ့တို့ရဲ့အချစ်ကို မိဂျိုး သိပါတယ် .. မိဂျိုး ကလည်း ဖေဖေနဲ့မေမေ့ကို သိပ်ချစ်တာပါ .. ဒါကြောင့်လည်း ဖေဖေနဲ့ မေမေတို့ ပုံသွင်းထားတဲ့ ဒီဘဝထဲမှာ .. မေမေတို့က မလုပ်နဲ့ဆိုတာကို ဘာတစ်ခုမှမလုပ်ဘဲ နေခဲ့တယ် .. ဒီလိုပဲ နေဆိုလို့လည်း ဒီလိုပဲ နေလာ ခဲ့ရတာ ဒီအရွယ်တောင် မိဂျိုး ရောက်လာရပြီ .. ဖေဖေနဲ့မေမေ့စကားကို အမြဲနာခံခဲ့တာလည်း ဒေါ်ကြီးထူး အသိပါ .. ဒါပေမဲ့ .. မိဂျိုး စိတ်ထဲ မွန်းကျပ်တယ်သိရဲ့လား .. ပြီးတော့ .. နေ့စဉ်နဲ့အမျှ ဘာတစ်ခုမှ အပြောင်း အလဲမရှိဘဲ တသမတ်တည်း တစ်နေ့ တစ်နေ့အချိန်တွေ ကုန်ဆုံးနေရ တာကိုလည်း ရိုးအီပျင်းရိလာသလို ခံစားနေရတယ် .. မိဂျိုး ခုထိ ရုပ်ရှင်ရုံ ကြီးတစ်ခုမှာ ရုပ်ရှင်မကြည့်ဖူးဘူး .. ဈေးမသွားဖူးဘူး .. ကုန်တိုက်လေး ဘာလေးပဲ မေမေနဲ့အတူသွားရတာ ရှိတယ် .. ကျောင်းနေတုန်းကလည်း လေးလေးသွယ် က ကျောင်းကို ကားနဲ့ပို့ .. ဟိုမှာ တစ်နေကုန် ကားပါကင် ထိုးစောင့် .. နေ့လယ်စာ အိမ်ပြန်စားရ .. ကျောင်းပြန်တက်ရ .. ကျောင်း



ဆင်းတော့လည်း ကားပါကင်ထိုး စောင့်နေတဲ့ လေးလေးသွယ် နဲ့ပြန် လာ .. အဲဒါ .. သူငယ်တန်းကနေ .. ဘွဲ့သာရရော .. ဘာပြောင်းလဲခဲ့ လို့လဲ ..၊ အို .. မိဂျိုး ရဲ့ခံစားချက်တွေ ကို .. ဒေါ်ကြီးထူး လည်း မသိပါဘူး .. ဘယ်သူမှလည်း မသိပါဘူး ''

စကားရှည်ကြီးကို စိတ်မောကိုယ်မောဖြင့် ပြောပြီးတာနှင့် နောက် ဆေားလှေကားဆီမှ ကွေ့ပတ်တက်ကာ အပေါ်ထပ်အခန်းသို့ဝင်သည်။ ထုံးစံအတိုင်း ဒေါ်ကြီးထူး သေချာသန့်စင်ပြီး ပွင့်ဖတ်လေးတွေခြွေ၍ ရေချိုးကြွေကန်ဝိုင်းကြီးထဲမှာ ရေမွှေးသင့်ရုံဖြည့်စပ်ပေးထားပါသည့် ရေဖြင့် ချိုး ...။ ရေချိုးနေရင်းလည်း ပွင့်ဖတ်ရောင်စုံလေးတွေကို ထိတွေ့ ကိုင်ကြည့် ...၊ ရှုကြည့် ...။ ဤသို့ဖြင့် မိဂျိုး ဆိုသည့် ပန်းရုံမှ သမီးငယ် တစ်ယောက်၏ နေ့တစ်ဝက်အချိန်လေးတစ်ခုတော့ ကုန်ဆုံးရပြီ ...။

ရေချိုးခန်းထဲကထွက်လာတော့လည်း ဒေါ်လေးထူး အသင့်သွေး ထားသည့် သနပ်ခါးကိုလူးရပြီ ...။ ဗီရိုထဲမှ ဒေါ်ကြီးထူး ထုတ်ပေးထား သော ပန်းရောင်ပိုးဂါဝန်ရှည်လေးကို ဝတ်ရသည်။ ဤဝတ်စုံလေးကို ထုတ်၍ ဝတ်ဆင်စေဖို့ မေမေရွေးချယ်ပေးထားတာ ...။ ဒေါ်ကြီးထူး ကို ထုတ်ခိုင်းထားခြင်းဆိုတာ သိရပါ၏။

''မမကြီးက .. ဒီနေ့မှာ .. ပုလဲလက်ဝတ်လေးတွေ ဝတ်ပါတဲ့''

ဒေါ်ကြီးထူး ပြောတော့ .. မိဂျိုး ခေါင်းလေးညိတ်ပြလိုက်ရသည် ပါပဲ။ လက်ဝတ်လက်စား ထုတ်ဝတ်ချိန်ဆို ဒေါ်ကြီးထူး အောက်ထပ် ဆင်းပြီ။ မီးခံသေတ္တာဖွင့်ချိန်မျိုးမှာ ဒေါ်ကြီးထူး ဘယ်တော့မှ အခန်းထဲ မနေ၊ စပ်လည်းမစပ်စု ...။ အောက်ထပ်သို့ ဆင်းသွားနေကျ ...။ ဤသည် က .. ဒေါ်ထူး ထားသည့် ကိုယ်ပိုင်စည်းကမ်းပဲဖြစ်လေသည်။

မိဂျိုး အဝတ်အစားလဲ၊ မေမေမှာသည့် ပုလဲစိန်ရံဆွဲကြိုးနှင့် ဆွဲသီး နားဆွဲလေးနှင့် လက်ကောက်လေးကို ဝတ်သည်။ နို့ပါသည့် ကော်ဖီ လိုးရှင်းလေးလူးထားတာမို့ အသားလေးက ဝင်းအိနေသည်ပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



မှန်ထက်မှာ ထင်နေသည့်ပုံရိပ်လေးကို မိဂျိုး တစ်ချက်ငေးကြည့်မိ၏။

ရှည်လျားသည့် ဆံနွယ်နက်နက်လေးတွေက နှစ်ဘက်ကျစ် .. အဖျားမှာ ဖဲကြိုးဝါလေး စည်းထားသည်။ ပန်းရောင်ပိုးဂါဝန်သည် ကျောဘက်မှာ ခါးစည်းလေးပါသည်မို့ ခါးသိမ်လေးက ထင်းနေ၏။ အစက်အပြောက်ကင်းစင်ဝင်းအိနေသည့် မျက်နှာနုနု ..။ မျက်တောင်ကော့လေးတွေက ရှည်ရှည်ထူထူလေး ..။ မျက်ဝန်းနက်နက်သည် မျက်သား ပြာပြာကြည်ကြည်စင်စင်ကြောင့် ပို၍ ရွှန်းလဲ့၏။ မျက်တောင်ထူထူနက်နက်ကြောင့် ပို၍ပေါ်လွင်၏။ နှာတံက သေးသွယ်စင်းတန်းနေကာ နှုတ်ခမ်းလေးက သဘာဝအသွေးဖြင့် ပန်းနုရိပ်ဆမ်းသည်။ နုဖန့်ဖန့်နှုတ်ခမ်းအိအိလေးသည် ကကြိုးပုံလေးဖြင့် လှပနေသည်မှာလည်း အမှန်။ နဖူးထက်မှာ စိမ်းမြမြနုနေသည့် ဆံနုယဉ်လေးတွေရှိနေသည်။ အော်ဒီကလုံး ရေမွှေးလေးဆွတ်လိုက်ပြီးသည့်နောက်မှာ ..။ တစ်ချက်မှန်ကိုကြည့်  ှန်၏။

"ငါ့ကို တွေ့တဲ့သူတိုင်းက လှလိုက်တာလို့ ပြောကြတာပါပဲ .. ကံကောင်းလိုက်တာလို့လည်း ပြောကြတာပါပဲ .. အေးလေ .. ငါ .. ကံကောင်းတယ်ဆိုတာကိုတော့ မငြင်းထိုက်ပါဘူး .. ဘာလို့လဲဆိုတော့ ဖေဖေနဲ့မေမေတို့အချစ်ကို .. ရလို့ပေါ့ .."

မိဂျိုး ခုတင်ဘက်မှာ ထိုင်လိုက်မိရပါပြီ ..။ ခြေထောက်လေးတွေကို ဖောင်းကြွနေသည့် ကော်ဇောကြီးထက်မှာ ဖွဖွပွတ်တိုက်နေမိသည်။ နူးညံ့သောအထိအတွေ့က မြက်ခင်းနုနုထက်မှာ တင်းထားသည့် ခံစားချက်နှင့်တော့မတူ ..။ မြက်ခင်း၏ အထိအတွေ့က သဘာဝဆန်သည်။ မိုးရွာပြီးစဆိုလျှင် ရေစိုစွတ်နေသည့် မြက်နုတို့၏ အထိသည် အေးစက်စက်ရှိလျက် ..။ အတန်မျှ စူးရှရှလေး ရှိတတ်သည်လေ ..။ ဤကော်ဇောနု၏ အထိအတွေ့က မပြောင်းလဲ ..။ သက်မဲ့အရာပစ္စည်းတစ်ခု၏ မပြောင်းလဲသော နူးညံ့ခြင်းအထိအတွေ့ ..။



"ဟုတ်တယ် .. သက်မဲ့တစ်ခုရဲ့နူးညံ့ခြင်းက တသမတ်တည်း ရှိတယ် .. သက်ရှိတစ်ခုရဲ့နူးညံ့ခြင်းက .. အပြောင်းအလဲရှိတယ် .. အဲဒါ .. သက်ရှိနဲ့ သက်မဲ့တို့ရဲ့ ခြားနားမှုပဲ .. ငါက .. အသက်ရှိနေရင်း .. မပြောင်းလဲတဲ့ ငွေကြိုးကြာဖြစ်နေရတာ .. ဒီကော်ဇောကြီးလိုပေါ့၊ ဒီ နူးညံ့လှပခြင်းတွေနဲ့ .. အိမ်ကြီးတစ်လုံးထဲမှာ အခန်းအောင်းနေရတဲ့ ကော်ဇောကြီးလိုပေါ့ .."

မိဂျိုး တွေးနေချိန်မှာပင် အခန်းတံခါးပွင့်လာသည်။ မေမေ ဝင်လာပါ၏။ မေမေသည် အသက်ငါးဆယ့်ငါးနှစ်ဟုပင် ထင်စရာ မရှိ ..။ အသက်လေးဆယ်ကျော်လောက်ပဲ ထင်ရသည်။ နုနုနယ်နယ် ရှိသည်။ လှလည်း လှသည်ပါပဲ ..။ ဖြူနုနုန်းဆန်သော မေမေသည် .. နန်းဆန်သော သမီးတစ်ယောက်ကို မွေးဖွားခဲ့ပါ၏။ ဒါပေမဲ့ .. မိဂျိုး သည် ဖေဖေနှင့်လည်း အရုပ်မတူ ..။ မေမေနှင့်လည်း သိပ်မတူ ..။ ကွဲပြားသောအလှတရားများဖြင့် မွေးဖွားလာသည့် မိဂျိုး ဖြစ်နေတာကို လည်း မိဂျိုး ကိုယ်တိုင် သိနေသည်။

"ဒီနေ့ .. သမီးရဲ့ဘဘ ဦးဒီပ ရောက်လိမ့်မကွယ့် .. ဧည့်သည်လည်း ပါလာမယ်တဲ့လေ .. အခု သမီး ဖေဖေ့ဆီ ဝင်နေကြလေရဲ့ .. ငွေလရိပ် စိန်ရွှေရတနာတိုက်ရဲ့ရုံးခန်းမှာ ရှိနေကြလေရဲ့ .. အဲဒါကွယ် .. သမီး ဖေဖေ .. တက္ကသိုလ်တက်တုန်းက .. ရင်းနှီးခဲ့တဲ့သူငယ်ချင်းလည်း ပါလာမတဲ့ .. သူတို့ချင်း ကွဲနေကြတာကြာပြီတဲ့လေ .. ဘယ်လိုများ ကိုဒီပ နဲ့ ရန်ကုန်မှာဆုံခဲ့ကြတယ်မသိဘူး သမီးရဲ့ .. သူ့နာမည်က ဦးထက်သာအောင် လို့ ခေါ်သတဲ့သမီး .. သူ့ကို မေမေမသိဘူး မိဂျိုး .. သမီး ဖေဖေက ရန်ကုန်စီးပွားရေးတက္ကသိုလ်တက်တာဆိုတော့ .. မေမေက ဒီတောင်ကြီးကောလိပ်မှာပဲ တက်ခဲ့တာမို့ .. အဲဒီ ကိုထက်သာအောင် ဆိုတာကို မဆုံဖူးဘူး သိရဲ့လား .."

မေမေပြောနေသမျှကို ကြားနေကျပုံစံလေးအတိုင်း စိတ်ဝင်စားမှု

www.burmeseclassic.com



သိပ်မရှိလှဘဲ မိဂျိုး နားထောင်နေရသည်ပါပဲ။ ဘယ်တော့မဆို .. ဖေဖေနှင့်မေမေ့ မိတ်ဆွေတွေရောက်လာကြတိုင်း မိဂျိုး ကိုထုတ်၍ သမီးရွှေရုပ်လေးအဖြစ် ကြွားကြတာကို အလိုက်သင့် နေပေးရုံမျှပင် မိဂျိုးမှာ တာဝန်ရှိသည်လေ။ ဘယ်သူ့ဘယ်သူကိုမှ .. မိဂျိုး အာရုံမထား ..။ ဖေဖေနှင့်မေမေ့မိတ်ဆွေဆိုတာလောက်ပဲ စိတ်ထဲ အသိစိတ်တစ်ခု ထားလိုက်ရုံပဲရှိသည်။ သူတို့တတွေ ပြန်သွားလျှင်လည်း သတိရစရာ မိဂျိုးမှာ ဘာမှမကျန်ခဲ့ ..။ မိဂျိုး ၏အသိလည်း မဟုတ်။ သက်တူရွယ်တူသူငယ်ချင်းလည်းမဟုတ် ..။ လူကြီးချင်း သိကြသည်ကိစ္စ ..။ မိဂျိုး ရှေ့ဆက်၍ တရင်းတနှီးပတ်သက်စရာ မရှိသည်ပဲလေ ..။

"အဲဒါကွယ် .. အဲဒီ ကိုထက်သာအောင် ဆိုတဲ့ သမီး ဖေဖေ့သူငယ်ချင်းနဲ့အတူ .. သားဖြစ်တဲ့သူလည်း ပါလာမယ်တဲ့သိလား .. အင်ဂျင်နီယာတစ်ယောက်လို့တော့ သမီး ဖေဖေ ဖုန်းထဲပြောပြထားသကွယ့် .. သူတို့သားအဖက .. တောင်ကြီးလည်း မရောက်ဖူးကြတော့ ခုလို ..သူငယ်ချင်းချင်း ပြန်လည်ဆုံရမယ့်ကိစ္စ ကိုထက်သာအောင် မှာရှိလာတော့ .. နှစ်ယောက်သား အဲဒီသားအဖ .. တောင်ကြီးကို လိုက်လာကြသတဲ့ .. သမီးရဲ့ ဘဘဦးဒီပ နဲ့ပေါ့ .. အဲဒီကနေ .. ရန်ကုန်ကို လေယာဉ်နဲ့ပြန်ကြမတဲ့ .. အဲသလိုပြောတယ်' .. ခဏပဲ နေမှာတဲ့ .. တောင်ကြီးဟိုတယ်မှာ တည်းသတဲ့ .."

တော်သေးသည်။ လူငယ်တစ်ယောက်ပါလာသည့် ဧည့်သည်တွေက ပန်းရဂုံမှာ မတည်းခိုဘဲ .. တောင်ကြီးဟိုတယ်မှာ တည်း၍ပါ ..။ လူငယ်ဧည့်သည်ပါလာတာကို မိဂျိုး သိပ်မကြိုက် ..။ တောင်ကြီး တက္ကသိုလ်မှာလည်း မိဂျိုး အတွက် သူငယ်ချင်းဆိုတာက မိန်းကလေးသူငယ်ချင်း နွဲ့နွဲ့သာ တစ်ယောက်ပဲ တရင်းတနှီးတွဲတာရှိဖူးသည်။

"အဲဒါ .. နေ့လယ်စာ ပန်းရဂုံမှာ ကျွေးချင်လို့ဆိုပြီး သမီး ဖေဖေ .. အဲဒီသားအဖနဲ့ သမီး ဘဘ ဒီပ ကို ခေါ်လာလိမ့်မယ် .. နေ့လယ်စာ



အတူတူစားကြတာပေါ့သမီးရယ် .. အင်း မေမေ့သမီးလေး ဘယ်လောက်ချောတယ်ဆိုတာ .. သမီး ဖေဖေရဲ့ သူငယ်ချင်းမြင်ဖူးတော့မှာ .. ဪ.. အဲဒီ အင်ဂျင်နီယာလေးရဲ့နာမည်က .. ဘုန်းမြတ်ချမ်းသာ တဲ့ .."

ဘုန်းမြတ်ချမ်းသာ ..။ တစ်ချက်လိုက်၍ စိတ်ထဲမှ ရွတ်ကြည့်မိသည့်အမည်။ အထွတ်အဖျားနိုင်သော ညွှန်းဖွဲ့ရာသကော်တတွေ ပေါင်းရုံးစုစည်းထားသော အမည်တစ်ခု ..။

ဘာကြောင့်ရယ်မသိ ..။ ထိုသားအဖကို ဆုံရကြုံရမှာ ရင်ထဲလေးနေသည်။ ဝန်လေးနေသည်။ မသိစိတ်တစ်ခုဆီမှ တားမြစ်သံတစ်ခုကိုလေးလေးနက်နက် ကြားနေရသယောင်လည်း ရှိနေသည်။ ဤသို့ဘယ်တုန်းကမှ မိဂျိုး မဖြစ်စဖူး ..။ ဖေဖေနှင့် မေမေ့မိတ်ဆွေတွေရောက်လာကြလျှင် လူကြီးတွေကြားထဲ ကလေးရောက်ရသည့် မလွတ်လပ်သော စိတ်ကျဉ်းကြပ်မှုဆိုတာကိုတော့ မိဂျိုး ခံစားရဖူးသည်။

မိဂျိုး ၏အလှကို .. ပိုင်း၍ စုတ်တသပ်သပ်ဖြင့် ပြောကြတာကို ကြားနေရင်း နေရထိုင်ရခက်သည့် ဝေဒနာကိုလည်း ခံစားရဖူးသည်။

ဒါပေမယ့် .. ခုလို တစ်ကြိမ်မှ မဖြစ်စဖူး ..။ ခုညစ္စာက .. ဝန်လေးနေသည်။ စိတ်လေးနေသည်။ မွန်းကျပ်သော မြူခိုး မြူတိုက်ကြီးတစ်ခုထဲ တိုးဝင်ရသည့်နှယ် ရှိ၏။ ဘုန်းမြတ်ချမ်းသာဆိုသည့် လူတစ်ယောက်သည် .. ပူလောင်ခက်ခဲသော ဘဝတစ်ခုဆီသို့ မိဂျိုး ကို ခေါ်ဆောင်အပ်နှံမည့်သူတစ်ယောက်ဟုတော့ .. ထိုစဉ်တုန်းက .. မသိနိုင်ပါလေခဲ့။

ဪ .. မသိမိနိုင်ပါလေခဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"ဒုတိယနှစ်မှာ ငါ့အဖေ လေဖြတ်တာနဲ့ .. ပညာတစ်ပိုင်းတစ်ဖြစ်ရ .. ဆန်စက်ကိုပြန်ဦးစီးရနဲ့ .. ငါလည်း ပုသိမ်ကို ပြန်ရောက်သွားလိုက်ကတည်းက .. မင်းတို့နဲ့ အဆက်အသွယ်ပြတ်ကုန်တာပါပဲလေ .. အမှန်အတိုင်း ဝန်ခံရရင်တော့ကွာ .. မင်းတို့က ဘွဲ့ရတွေဖြစ်ကြရမယ် .. ငါကတော့ .. ပညာတစ်ပိုင်းတစ်စနဲ့ ပန်းတိုင်ပျောက်ရတယ်ဆိုပြီး အားငယ်တာလည်း ပါတာပေါ့လေ .. မင်းတို့ကို ဆက်ကို မဆက်သွယ်ခဲ့တော့တာ .. အဲဒီအချိန်တုန်းကလည်း ခုလို .. ဖုန်းတွေကလည်း ဖောဖောသီသီရှိကြတာမှမဟုတ်ဘဲ .. မင်းတို့နဲ့ငါ .. ဒီအရွယ်ထိရောက်လာရတော့လည်း .. သူငယ်ချင်းကို သတိရတယ်ဆိုပေမယ့် .. မဆက်သွယ်ဖြစ်ပဲ ပြတ်တောက်ကုန်ကြရတာပေါ့ကွာ .."

ထမင်းဝိုင်းသည် ဟင်းအမည်စုံဖြင့်ရှိနေလျက် ..။ စကားဝိုင်းကို ဦးဆောင်နေသူသည်လည်း ဦးထက်သာအောင် ပဲဖြစ်နေသည်။ ဖေဖေကတော့ ငြိမ်၍နားထောင်နေသည်ပါပဲ။ သူငယ်ချင်းအပေါ်လည်း စာနာကြည့်ဖြင့် ကြည့်နေသည်။ ဘွဲ့တစ်ခု ဆုံးခန်း မတိုင်လိုက်ရသည့် သူငယ်ချင်းအပေါ် နားလည်စိတ်ဖြင့်ကြည့်ခြင်း ..။

"ငါ့အဖေ သုံးနှစ်အိပ်ရာထဲလဲပြီးတော့ ဆုံးတယ် .. အမေကလည်း



အဖေ့ကိုတမ်းတစိတ်နဲ့ .. နောက်တစ်နှစ်ကျော်လောက်မှာပဲ ဆုံးတယ် .. ငါလည်း .. မိဘနှစ်ပါးလည်း မရှိကြတော့တာမို့ .. ဆန်စက်ကြီး ရောင်း .. အိမ်ကိုရောင်း .. ရှိတဲ့ပစ္စည်းဥစ္စာကို စုစည်းပြီး ရန်ကုန်ပြောင်းခဲ့မိတာပါပဲ .. ရွှေနှင်းဆီရက်စ်တောရင့်ဆိုပြီး မြေနီကုန်းမှာဖွင့်တာပဲ .. ကံလိုက်တော့အောင်မြင်လာတာနဲ့ .. ဆိုင်ကိုလည်း ပိုပြီးတိုးချဲ့နိုင်တယ် .. ဆိုင်ခွဲတွေလည်း ရှိလာတယ်ဆိုပါတော့ .. ကမာရွတ်ဘက်မှာ ကိုယ်ပိုင်ခြံနဲ့တိုက်နဲ့လည်း ဖြစ်လာတယ်လေ .. အိမ်ထောင်ကျပြီးတော့လည်း ဒီသား တစ်ယောက် ထွန်းကားခဲ့တာပေါ့ .. ငါ့သားက .. ငါ အသက်ကြီးမှရတာကွ .. ကလေးမရတော့ဘူးလို့ ငါတို့လင်မယား ထင်မိခဲ့ကြတာ .. ရင်သွေးဆိုတာ .. ကံပေးမှရတာပဲဆိုပြီး စိတ်လျှော့လိုက်ကြရပေမယ့် .. ကိုယ့်ကြိုးစားဖွေရှာရာ စည်းစိမ်ကို အမွေရယ်လို့မှ ပေးရစ်ခဲ့စရာ သားသမီးလေးတောင် မရှိနိုင်တဲ့ဘဝပါလားဆိုပြီး ရင်ထဲထိခိုက်ကျော်ဖြတ်ခဲ့ကြရတဲ့နှစ်တွေ မနည်းလှပါဘူးကွာ .. မမျှော်လင့်ဘဲ သားတစ်ယောက် ရလာတော့ .. ရင်ထဲ .. ပြည့်စုံအေးချမ်းရတာပေါ့ ကံယုံ ရာ .."

ငါးပေါင်းတစ်စကို ကျွမ်းကျင်စွာ တူဖြင့်ဖဲ့ယူနေရင်းမှ စကားကိုတစ်ချက် ဦးထက်သာအောင် တန့်သည်။ လှမ်း၍ကြည့်သည်က မိဂျိုးကိုပါ ..။ ပြုံးလည်း ပြုံးလာသည်။

"ငါထင်တာက .. ငါတစ်ယောက်တည်း အဲသလိုအဖြစ်ကြုံရသလားမှတ်တယ် .. မင်းလည်း .. ကလေးအရ နောက်ကျသကိုးကွ .. အေး .. ကံချင်းတော့တူသကွ .. မင်းက သမီးချောလေးရတယ် .. ငါက .. သားချောလေးရတယ် .. အဲဒါပဲ .. တူနေကြပြန်တယ် .."

မိဂျိုး တစ်ချက်လှမ်းကြည့်မိသည်က ဘုန်းမြတ်ချမ်းသာ ဆိုသည့်ညော့သည် ..။ မိဂျိုး ထက် ကြီးတာတော့ သေချာသည်။ အနေတည်ငြိမ်နေသည်။ စကားနည်းနေသည်။ ထမင်းကို-အေးအေးဆေးဆေးစားသည်။ အဖေပြောနေတာကို ပြုံး၍ နားထောင်သမားသက်သက်လုပ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



သူ ..။ မိဂျိုး ကြည့်နေချိန်မှာ ထိုသူကလည်း မိဂျိုး ကို ကြည့်လာသည်။ မိဂျိုး ကလည်း အန်ကယ် ဦးထက်သာအောင် စကားထဲက သားချော ဆိုသည့်အသုံးကြောင့် သူ့ကိုကြည့်သည်။ သူကလည်း .. သမီးချောဆို သည့်အသုံးကြောင့် မိဂျိုး ကို ကြည့်လာသည်။ မျက်လုံးချင်းဆုံတော့ သူ ပြုံး၍ ကြည့်ပါ၏။ မိဂျိုး ပြန်မပြုံးပြမိ ..။ အကြည့်ကို လွှဲလိုက်မိသည်။ ဖေဖေနှင့် မေမေ့ကို ကြည့်တော့လည်း သူ့ကိုကြည့်နေကြတာ ..။ ပြုံးနေကြတာ ကြုံရပြန်ပါ၏။

"အဲဒါကွာ .. ဒီပ တစ်ကောင် .. ရွှေနှင်းဆီကို ရောက်လာရင်း စားသောက်သလေ .. ကောင်တာက ငါကလည်း သူ့ကိုမြင် .. သူကလည်း ငါ့ကိုမြင် .. သူ့စားပွဲကို ငါရောက်ပြီး သူငယ်ချင်းနှစ်ယောက် ပြောလိုက်ကြရတဲ့စကား .. မင်းကိုလည်း မေးပေါ့လေ .. အဲဒီတော့မှ .. မင်း တောင်ကြီးမှာပဲ ဆက်အခြေချနေတာ သိရတာ .. သမီးတစ်ယောက်ရှိနေတာလည်း သိရတာ .. ငါလည်း .. မင်းကို တွေ့ချင်တာနဲ့ .. ဒီပနဲ့ အတူတူလိုက်လာခဲ့တာကွ .. ငါ့သားလည်း ဒီဘက်မှာ မြေနေရာလေး ဘာလေး ကြည့်ချင်တယ်ဆိုတာနဲ့ ခေါ်လာရတာလေ .. သူက .. ဒီဘက်မှာ ဟိုတယ်တစ်ခုဆောက်ချင်နေတာကွ .. လောလောဆယ်တော့ မြကမ်းသာ အိမ်ရာဆောက်လုပ်ရေးမှာ ဝန်ထမ်းပဲ ဝင်လုပ်နေရင်း အတွေ့အကြုံယူနေသေးတာပေါ့လေ .. နောက်တော့မှ .. သူပိုင်တဲ့ ဟိုတယ်ကို သူ ဦးဆောင်ဆောက်နိုင်ဖို့ .. ငါ စီစဉ်ပေးမှာလေ .."

ဟု ဆက်ပြောနေတော့ ဖေဖေ ပြုံး၍ ဘုန်းမြတ်ချမ်းသာကို ကြည့်သည်။

"ကောင်းတာပေါ့ လူလေးရာ .. ကြိုးစားပေါ့ .."

ဟု လူကြီးစကားကို ဆိုသည်။ အားပေးသည်။

"ငါ ဒီလောက် ရန်ကုန်ကို အခေါက်ခေါက်ရောက်တာကွာ .. အဲဒီ ရွှေနှင်းဆီကို ကျော်သွားကျော်လာပဲ လုပ်နေမိတာ .. ဝင်ကို မဝင်မိဘူး



ကံယုံရ .. ပန်းတိမ်အလုပ်ရုံအတွက် လိုတဲ့ရွှေရန်ကုန်မှာ ငါသွားဝယ်တိုင်း .. အဲဒီရွှေနှင်းဆီရှေ့ ရောက်ရောက်သွားတဲ့အကြိမ် မနည်းဘူးကွ .. မဝင်မိတော့လည်း ခုလို ဆုံကြကြုံကြရတာ နောက်ကျကုန်ရတာပေါ့ .."

ငွေလရိပ် ပန်းတိမ်အလုပ်ရုံ၏ တာဝန်ခံဖြစ်ပါသည်။ ဘဘဒီပ ကတော့ ဖေဖေ့ကိုရယ်၍ လှမ်းပြောနေသည်ပါပဲ ..။

"အခု .. မင်း ဒီကိုရောက်လာပြီပဲ ထက်အောင်ရာ .. ဘာလို့ ဟိုတယ်မှာတည်းရတာလဲ .. ဒီပ ကလည်း အိမ်ကို မခေါ်လာဘဲကိုး .. မင်းကတော့ လူပျိုကြီးမို့ ဒီကောင့်ကို စားရေးသောက်ရေး တာဝန်ကျေဖို့ခက်တာ ငါသိပါတယ် .. ငါ့အိမ်မှာက .. ဒီကောင့်ကို သေချာပြုစု ဧည့်ဝတ်ကျေနိုင်ရက်နဲ့ကွာ .. ဒီကောင်ပြောတဲ့အတိုင်း ဟိုတယ်ကို အရင်ပို့ရတယ်လို့ .. ဟိုတယ်အခန်းငှားပြီးမှ ငါ့ ငွေလရိပ် ရတနာတိုက်ကို ခေါ်လာရတယ်လို့ ဒီပရာ .. ခက်တာပဲ .."

ဟု ဖေဖေ ညည်းတော့ ဘဘဒီပ မှ ခေါင်းခါရင်း ဦးထက်သာအောင်ကို ကြည့်သည်။

"အားနာတယ်တဲ့လေ .. ငါပြောပေမယ့် သူက မရဘူးကွ .. ဟိုတယ်အရင်ပို့ပါဆိုတာနဲ့ .. ငါ့မှာ ကားမောင်းပို့ရတာ သိရဲ့လား .. ကဲ .. ထက်အောင် ကြားတဲ့အတိုင်းပဲ .. ဟိုတယ်က ပြောင်းလာလိုက်တော့ .."

"မနက်ဖြန်လောက်ပဲ ငါပြန်မှာဆိုတော့ .. ပြောင်းမနေတော့ပါဘူးလေ .. နောက်များမှ တကန့်တကလာပါ့မယ် ကံယုံ ရာ .. နော် .. သားကလည်း မြေနေရာကို နောက်မှ အေးအေးဆေးဆေးကြည့်တော့မယ်တဲ့ .. သူ့အလုပ်မှာ အရေးတကြီးလှမ်းခေါ်တာနဲ့ ပြန်ရမတဲ့လေ .. အခု .. ငါတို့ရောက်မှုနေကြပြီပဲ ကံယုံ ရာ .. နောက်တစ်ကြိမ် ရောက်ဖို့ဆိုတာ မခက်ခဲတော့ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဦးထက်သာအောင် ပြောကာ ပြုံး၍ မေမေ့ကိုလည်း ကြည့်သည်။

"ကံယုံ က .. ကျွန်တော့်ကိုတွေ့တာနဲ့ .. ဝမ်းသာအားရ .. ပြေးလာတာလေ .. သူ့ရုံးခန်းမှာ ခဏလေးပဲထိုင်ခိုင်းတာ .. ဒီက ညီမဆီကို ဖုန်းလှမ်းဆက် .. အိမ်ကို ထမင်းစားလိုက်ခဲ့တော့ဆိုပြီး ခေါ်လာတာလေ .. ဒီရောက်မှပဲ .. ကိုယ့်အဖြစ်စုံလည်း သူ့ပြောပြရ .. သူ့မိသားစုလည်း ကိုယ်တွေ့ရ ဖြစ်ရတော့တာပါပဲ .. ဒီပ ကို ကျွန်တော်က တားထားတာလေ .. ကျွန်တော်နဲ့ ရန်ကုန်မှာ တိုးကြဆုံကြတာ မပြောပြပါနဲ့ .. ရုတ်တရက် ဒီကောင်ကြီးတွေ့ရင် .. အံ့သြပြီး ပျော်သွားတာ မြင်ချင်ပါတယ်လို့ .."

ဟု ပြုံးပြုံးကြီး ပြောနေသမျှ မေမေကလည်း ပြုံး၍ နားထောင်သည်ပါပဲ ..။ မိဂျိုး မှာသာ စိတ်အိုက်နေရသည်။ အိမ်နေရင်း ဝတ် ကောင်းစားလှဝတ် ..။ လက်ဝတ်ရတနာတွေ ညှတ်အိနေရင်း ရတနာတိုက်ကြီး၏ သူဌေးသမီးဘဝကို ငုတ်တုတ်ကြွားနေရသလို ဖြစ်နေသည်ကိုး ..။

"မင်း .. ရန်ကုန်ကိုလာခဲ့ .. မိသားစုပါခေါ်ခဲ့ .. အလုပ်ကိစ္စ .. ဒီပ ကိုလွှဲခဲ့ .. တစ်ခါတလေလေးများလည်း အလုပ်ကို ဖျောက်စမ်းပါ့ ကံယုံရာ .. အေးလေ .. ပြောသာပြောတာပါ .. ငါလည်း မင်းနဲ့မထူးပါဘူးကွာ .. အလုပ်ပဲ ဖိလုပ်ခဲ့တဲ့နှစ်တွေ နည်းသလား .. သူငယ်ချင်းတွေကို မမေ့ပေမယ့် .. အဆက်အသွယ်ဖြတ်ထားတော့လည်း .. သူငယ်ချင်းတွေကို မမေ့ပေမယ့် .. အဆက်အသွယ်ဖြတ်ထားတော့လည်း .. သူငယ်ချင်းမေ့ .. အပေါင်းအသင်းမေ့နဲ့ စီးပွားဖောက်ပ်နေသလိုပါပဲလေ .."

ဟု ကိုယ့်အပြစ်ကိုယ် ဖွဲ့သလို ခပ်ညည်းညည်း ပြောလာပါ၏။

"မင်းကလည်း အစကတည်းက အနေသိုသိပ်တဲ့သူဆိုတော့ .. မင်း ဒီလောက် ချမ်းသာတာ ကျောင်းမှာတုန်းက ငါ သိကိုမသိတာ သိရဲ့လား .. မင်း ချမ်းသာသမျှ ခုမှ ငါ မျက်မြင်ကြုံရတာ ကံယုံ ..



ဝမ်းသာသကွာ .. ဒါပဲ ပြောတတ်တော့တယ် .."

မိဘလက်ငုတ်လက်ရင်း အမွေအနှစ်တွေဖြင့်ပင် ဖေဖေက ချမ်းသာသည့်သူပေမို့ .. ခုမှ သိရမြင်ရရင်း ဝမ်းသာစကားပြောနေခြင်းဘက်ကို နွယ်သည့် အန်ကယ်ဦးသာထက်အောင် ကို မိဂျိုး တစ်ချက် အကဲခတ်သလို ကြည့်မိသည်။ လိုက်လိုက်လှဲလှဲပြောနေခြင်းဟု ယုံကြည်ပေးလိုက်ချင်ရလောက်အောင် မျက်နှာထက်မှာ ကြည်နူးရိပ်တွေ ပြည့်နေသည်။

ဒါပေမယ့် .. ခက်သည်က .. ဘာကြောင့်မှန်းမသိ ..။ ရင်ထဲမှာ ထို သားအဖကို နှစ်နှစ်လိုလိုကို မရှိနိုင်ပဲဖြစ်နေတာ ဆန်းနေသည်။

ထိုနေ့က ထမင်းဝိုင်းသည် စကားတပြောပြောဖြင့် ဦးထက်သာအောင်၏ ဦးဆောင်မှုအောက်မှာ ပြီးဆုံးရသယောင်ပင် ရှိ၏။ စကားအပြောဆုံးသူသည် ဦးထက်သာအောင် ဖြစ်နေသည်။ နှုတ်အဆိတ်ဆုံးကတော့ မိဂျိုး နှင့် ဘုန်းမြတ်ချမ်းသာ တို့ပဲ ဖြစ်လေသည်။ မေမေက တစ်ခွန်းစ နှစ်ခွန်းစ စကားလေးပြောဆိုတာရှိသည်။ ဖေဖေက ဝင်၍ စကားဖြည့်တာရှိသည်။ ဘဘဒီပ က စကားဝင်ထောက်တာရှိသည်။ ဦးဆောင်ပြောနေသူက ဦးထက်သာအောင် ပဲ ဖြစ်လေသည်။

ဒါပေမယ့် ထိုနေ့က .. အရာရာသည် ရိုးသားသော သဘောဆောင်နေခြင်းတွေဖြင့်ပဲ သားအဖ ပြန်သွားသည်အထိ အချိန်တိုင်းကို ဦးထက်သာအောင်မှ ဖြစ်တည်စေခဲ့ပါ၏။

သားဖြစ်သူကို ပန်းခြံထဲလိုက်ပြပေးလိုက်ပါဆိုသည့် စကားမျိုး ဦးထက်သာအောင် မပြောခဲ့ ..။ ဘုန်းမြတ်ချမ်းသာ ကလည်း စကားမစခဲ့ ..။ ဖေဖေ မေမေတို့နှင့် ထမင်းပွဲအပြီးမှာ ခဏစကားပြောသည်။ ဖေဖေ ရတနာတိုက်သို့ပြန်တော့ တူတူပြန်လိုက်သွားကြသည်။ ခဏနေပြီး လျှင်လည်း ဟိုတယ်ပြန်နားမည်ဟု ဆိုသည်။ နောက်တစ်နေ့ပြန်မို့ကိစ္စ ဖေဖေက လေယာဉ်လက်မှတ်ရော ..။ ကားဖြင့် ဟဲဟိုးသို့ ပို့ပေးဖို့ရော တာဝန်ယူစကားကို ပြောသည်။ ပထမတော့ ငွေရေးကြေးရေး ဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်လက်မှတ်ကိစ္စ ဦးထက်သာအောင် ငြင်းသေး၏။ ဖေဖေ ဇွတ်ပြောမှ ခေါင်းညိတ်ခြင်း။ ဖေဖေ ငွေလရိပ် သို့ ကားဖြင့်ပြန်တော့ သားအဖနှစ်ယောက်ပါသွားသည်။ ဘဘဒီပ လည်း ပါသွားသည်မို့ ...။ အိမ်သည် .. ခါတိုင်းနေ့များနှယ်ပင် .. ဖေဖေ ထမင်းစားပြီး ပြန်သွားချိန်နှယ် နေသားတကျ ကျန်ခဲ့သည်ပါပဲ။

သိပ်ပြီး စပ်စုတာတွေ ...။ အခန်းဘွဲ့လိုက်ကြည့်တာတွေ ...။ ခြံထဲပတ်ကြည့်တာတွေ တစ်ခုမှ ဦးထက်သာအောင် မလုပ်ခဲ့။ သူငယ်ချင်းကို တွေ့ဖို့လာသည်။ တွေ့ပြီးပြီမို့ ကျေနပ်ပြီ .. ဆိုသည့်သဘောပဲဖြစ်နေသည်။

နေ့တစ်နေ့၏ အစိတ်အပိုင်းလေးတစ်ခုထဲမှာ .. သူငယ်ချင်းဟောင်းတွေ .. တွေ့ဆုံသည့်အချိန် ...။ စကားလက်ဆုံပြောသည့်အချိန် ...။ စားသောက်ကြသည့်အချိန်တွေအဖြစ် ဦးထက်သာအောင် ချန်ထားခဲ့ရစ်သည်။

"မောင်ဘုန်းမြတ်ချမ်းသာ ဆိုတာ .. အဖေလုပ်သူပြောသမျှ ပြုံးနားထောင်နေတာပဲ ရှိတယ် .. အတော်လေး မိဘကို ချစ်တဲ့ပုံရတယ် .. ရိုသေနာခံပုံရတယ် သမီး .. မေမေ အကဲခတ်ကြည့် .. ကြည့်မိပါရဲ့ .. တကယ့်ကို .. ကလေးလေးလို .. ငြိမ်ထိုင်နေတာ .. တစ်ခွန်းမှကို ဝင်မပြောတာ .. လိမ္မာရေးချားအတော်ရှိတဲ့ကလေးပဲ .."

ဟု မေမေပြောသည်။ မေမေက လူကြီးတွေ စကားဝိုင်းထဲ ဝင်ဝင်ပါတတ်သည့် သားသမီးတွေကို သိပ်မျက်စိမတွေ့ ...။ မနှစ်မြို့တတ်သူပါ ...။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်ခုံးထူထူ၊ မျက်ဝန်းတောက်တောက်တွေဖြင့် ခန့်သန့်သည့် ရုပ်အဆင်းဖြင့် ဘုန်းမြတ်ချမ်းသာ ...။ မေးရိုးပြန့်ပြန့်၊ ပခုံးကျယ်ကြီးဖြင့် အနောက်တိုင်းဟန်ဘက်ပင် နည်းနည်းပါနေသည့်သူ ...။ အင်ဂျင်နီယာတစ်ယောက်လည်း ဖြစ်နေသည်တဲ့ ...။ ထိုသို့သော လူတစ်ယောက်က .. အဖေရှေ့မှာ ကလေးတစ်ယောက်နှယ် .. ငြိမ်ကုတ်ကုတ်လေးနေနေခြင်းကို .. မိဂျိုး သိပ်သဘောမကျ။



ယောက်ျားတစ်ယောက်သည် မိဘတွေရှေ့မှာ အရမ်းကို ကျိုးနွံနာခံငြိမ်ကုပ်လွန်းလျှင် .. မိဘ၏ အရုပ်သက်သက်ဖြစ်နေမည်ဟု မိဂျိုး ထင်သည်။ နာခံလွန်းနေတော့ ထက်မြက်ခြင်းတွေ တိမ်မြုပ်ကျဆုံးကုန်မည်ဟုလည်း တွေးသည်။ အရွယ်ရောက်ပြီးသည့်လူငယ်တစ်ယောက်အနေဖြင့် .. အနည်းဆုံးတော့ .. ကိုယ်ဆောက်ချင်သည့် ဟိုတယ်မြေနေရာနှင့်ပတ်သက်၍ ဝင်ပြောဆိုဆွေးနွေးတာလောက်တော့ ဖေဖေနှင့်လည်း လုပ်သင့်သည်ဟု မိဂျိုး ထင်သည်လေ ...။ ခုကျတော့ အဖေ၏စကားနောက်ကို တကောက်ကောက်ပါနေသည့် နာခံတော် သားတစ်ယောက်ဖြစ်နေသည်က ဆိုးနေသည်။

"သူက .. သူ့အဖေ ထမင်းစားရပ်လိုက်တာနဲ့ .. ဇွန်းခက်ရင်း .. ချလိုက်တာနဲ့ .. လိုက်ပြီးချလိုက်တာ မေမေ .. ဆက်မစားတော့ဘူး .. အဖေရဲ့အရိပ်အကဲကို အရမ်းကြည့်နေတဲ့သူတစ်ယောက်ဖြစ်နေတယ် မေမေ .. နောက်လိုက်ဖြစ်လွန်းနေတယ် .."

ဟု မေမေ့ကို မိဂျိုး ဖွင့်မပြောပြချင်တော့ ...။

လူတစ်ယောက်ကို အပြစ်မြင်တာမျိုး မေမေမကြိုက်တာ မိဂျိုး သိသည်ကိုးလေ ...။

ဖေဖေရော မေမေရော ဘယ်သူ့မဆို အမြင်ကောင်းဖြင့် မြင်ပေးကြည့်ပေးတတ်တာ မိဂျိုး သိသည်။ မိဂျိုး ကိုလည်း ထိုစိတ်မျိုးမွေးဖို့ တိုက်တွန်းတတ်သည် ...။

"သူတို့သားအဖဟာ .. ငါ့လက်ဝတ်လက်စားတွေရဲ့တန်ဖိုးကြီးမှုကိုလည်း သိပ်အာရုံမထားကြသလို နေနေတယ် .. အိမ်ကြီးကိုလည်း သိပ်ပြီး စပ်စပ်စုစုမလုပ်ဘဲ .. နေပြတယ် .. ငါချောတယ်လှတယ်ဆိုတာကိုလည်း တစ်ချက်လေးပြောရုံဆိုရုံလေး ပြောခဲ့တာပဲရှိတယ် .. သူများတကာတွေလို .. တဖွဖွ ပြောမနေဘူး .. ငါ .. အဲသလိုအပြောမခံရလို့ .. မခံချင်ဖြစ်နေတာ မဟုတ်ပါဘူး .. ငါသိနေတာ .. ငါ ခံစား

www.burmeseclassic.com

www.burmeseclassic.com



နေရတာက .. သူတို့ဟာ .. တမင်တကာ .. အဲသလို .. နေနေကြတယ်လို့ ထင်နေတာ .. သိနေသလိုဖြစ်နေတာပါပဲ .. အထူးသဖြင့် ဦးသက်သာအောင်ရဲ့ဘေးမှာ ထိုင်နေရင်း .. ငြိမ်နေတဲ့ ဘုန်းမြတ်သာ ဟာ .. သူ့နေနေကျအတိုင်း နေနေတာမျိုးမဟုတ်ဘဲ အဖေ အငြိမ်ခိုင်းယားလို့ ငြိမ်ထိုင်နေရတဲ့ ကလေးတစ်ယောက်လို ဖြစ်နေတယ်၊ အဲသလို ငါမြင်နေရတယ် .. ပါးစပ်ကသာ ဖွင့်မပြောပေမယ့် .. အိမ်ကိုကြည့်တဲ့အခါ .. ဝေ့ခနဲ တစ်ချက်တည်းနဲ့ .. ပစ္စည်းကုန်ကို .. ရှုးစမ်းကြည့်သွားသလို ငါ .. သူ့အကြည့်တွေကိုမြင်ရတယ် ..''

ဟုဆက်၍ မိဂျိုး တွေးနေမိရပြန်သည်။

လွန်ခဲ့သည့် သုံးရက်လောက်က မေမေ့သူငယ်ချင်း အန်တီအေး ရောက်လာခဲ့သည်ပဲ။ အန်တီအေး၏ သမီး မမမူမူ လည်း ပါသည်။ မိဂျိုး ထက်နည်းနည်းကြီးသည့် မမမူ ကဖြင့် ..။ မိဂျိုး ၏ ထိုနေ့က ဝတ်ထားရာ ပတ္တမြားဆွဲသီးလေးကိုကိုင်၍ပင် ကြည့်သည်။ လက်ကောက်လေးကိုလည်း ပုံစံဆန်းသည်ဟု ဖွင့်ပြောသည်။ အန်တီအေး ကလည်း ..

''ဘယ်တော့ကြည့်ကြည့် .. အန်တို့သမီးလေး ငွေကြိုးကြာကဖြင့် ကြွေရုပ်လေးလိုလှနေတာပါပဲ .. ရွှေမင်းသမီးလေးလို နုနေတာပါပဲ .. လှလွန်းလို့ .. နု .. နုလွန်းလို့လှ .. ချမ်းသာလွန်းလို့ချော .. ချောလွန်းတော့ ပိုနန်းဆန် .. ဆိုသလိုကိုဖြစ်လို့ .. ဖြစ်လို့ ..''

ဟု တဖွဖွ ပြောသည်။ ပြီးတော့ .. ကြားသမျှ စီးပွားရေးသတင်းကိုလည်း မေမေ့ကို ပြောသည်။ ဘယ်သူက ဘယ်တိုက်ကြီးကို ရောင်းလိုက်ပြီ ..။ ဘယ်သူက ဘယ်လောက်ဖြင့် ဝယ်လိုက်သည်။ ဘယ်သူ့သားက .. ဘယ်သူ့သမီးနှင့် ဘယ်လောက်အကုန်ခံပြီး လက်ထပ်ဖို့ စိုင်းပြင်းနေသည် ..။ သတင်းစုံသည်။ အန်တီအေး ဆိုတာက .. ငွေလရိပ် မှ ရတနာထည်တွေ .. ရွှေထည်တွေကို ပွဲစားလုပ်၍ ယူရောင်းနေသူ။ မေမေ့သူငယ်ချင်းပေမို့လည်း စိတ်ချရသည်။ မေမေကလည်း အန်တီအေး



ကို ကူညီပေးချင်သည်။ အန်တီအေး ကိုယ်တိုင်ကလည်း ပွဲစားအလုပ်ကို ဝါသနာကိုပါလွန်းနေသူ ..။ ချောင်ချောင်လည်လည်ရှိသူ ဖြစ်ပေမယ့် ..။ မေမေ့လိုတော့ လူချမ်းသာမယားမဖြစ်ရတာမို့ ..။ မေမေ့ကို အကြောင်းပြု၍ ပွဲစားအလုပ်ကိုလုပ်ရင်း ပွဲခလည်းရ .. ဝင်ငွေလည်း အပိုရရင်း အဆင်ပြေနေသူပါ ..။ တစ်ခုပဲရှိသည်။ သတင်းစုံတော့ ကြားရတတ်သည်။ မိဂျိုး .. ခုလို အန်တီအေး ကို တွေးနေမိရခြင်းက .. ကွာခြားနေသည့် တွေ့ကြုံမှုချင်း ယှဉ်ကြည့်နေခြင်းကြောင့်ပါ ..။ အန်တီအေး တို့ မမမူ တို့က .. သဘာဝဆန်သည်။ သဘာဝအတိုင်း ပြောသည်။ ပွင့်ပွင့်လင်းလင်း ရှိနေကြသည်။ ရိုးသားစွာ အလိုက်တသင့် ပွင့်လင်းပြောဆိုတပ်ကြသည်။

''ခုဧည့်သည်က .. သူတို့သားအဖက .. တစ်ခုခုကို .. ထိန်းထားသလိုပဲ .. ဟန်ဆောင်နေကြသလိုပဲ .. တစ်မျိုးပဲ ..''

ဟု မိဂျိုး ဆက်၍ တွေးနေမိရခြင်းပါ ..။

စကားလုံးတွေ ပျောက်ဆုံးနေသော တမင်ဖန်တီးထားသည့် နှုတ်ဆိတ်မှုတစ်ခုကို .. ဘုန်းမြတ်ချမ်းသာ ဤအိမ်၏ ထမင်းစားခန်းထဲမှ တည်ဆောက်ချန်ရစ်ခဲ့သည်ဟု မိဂျိုး နားလည်နေလေသည်။ ဒါပေမယ့် .. ထိုခံစားချက်ဆိုတာကို သက်သေပြဖို့ဆိုတာက ခဲယဉ်းသည်။ ဒါကြောင့်လည်း မနှစ်မြို့သော စိတ်ခံစားချက်တစ်ခုကို ထိုသားအဖနှင့်ပတ်သက်၍ မေမေ့ကို ဖွင့်မပြောပြနိုင်ခဲ့ခြင်းပါတည့် ..။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်စုံဝေတဲ့ဒါန်းလေးကိုစီး
စမ်းရေစီးတဲ့တောတန်းလေးမှာနေ
ပန်းတွေပွင့်တဲ့နေရာမှာပျော်
နန်းတော်ဆောင်ပေါ်က မင်းသမီးအလှ...။

တေးသီကြတဲ့ငှက်လေးတွေနဲ့အတူ
အသံမရှုတဲ့ လေပြည်အေးကို ရှုရှိုက်ရင်း
ရွှေလှေတစ်စင်းထက်က ရွှေပန်းခြင်းတွေမှာ
ပန်းတွေတင်ဆောင်ရာ ရွှေမြစ်လမ်း...။

ငွေရည်ဆမ်းဆမ်းဖြန်းပက်
ငွေတိမ်မျှင်တွေနဲ့ရက်တဲ့ လှေရွက်ဖြူဖြူနဲ့
ပလွေတေးသံနဲ့ နဲ့ ကြူလို့ ရွက်လွှင့်ရတဲ့အခါ..။

ရွှေရည်ဆမ်းဆမ်းဖြန်းပက်
ရွှေလဝါဝါရဲ့မျက်နှာနဲ့ ငုံ့နမ်းရာ
ပန်းတံတားဝါဝါအောက်မှာ ရွက်လွှင့်ရတဲ့ ငါ ...
ဘဝဆိုတာ အေးတမြမြ လှနေစရာပါပဲ..။
ဪ ...
အေးတမြမြ လှနေမှာပါပဲ...။



## အခန်း(၃)

"ထက်သာအောင် ဟာ ဖေဖေတို့လောက် စီးပွားချမ်းသာ မညီမျှနိုင်ပေမယ့် .. သူ့အတွာနဲ့သူ .. သူ့လုပ်ငန်းနဲ့သူ .. အောင်မြင်ချမ်းသာနေတာပါပဲ .. ကိုယ်ပိုင်ခြံဝင်းနဲ့နေနိုင်တယ် .. ရက်တောရင့်တွေဆိုင်ခွဲနဲ့ ထားနိုင်လောက်အောင် .. သူ့ဆိုင်ဟာ နာမည်ရတယ် .. သူကြွယ်ကြီးတစ်ယောက်မဟုတ်နိုင်သေးပေမယ့် .. မကြာမတင်မှာ သူတို့မိသားစုဟာ ပိုမိုတိုးတက်အောင်မြင်ချမ်းသာကြရမယ့် လုပ်ငန်းကြီးတွေနဲ့ ထူထောင်နိုင်ကြတော့မယ် .. သူကြွယ်စာရင်း ဝင်ကြရတော့မယ် ဆိုပါတော့ .. သမီးကို ဒီလောက်ထိ ဖေဖေ ကြိုတင်ရှင်းပြနေရတာက အကြောင်းရှိတယ်ကွယ် .. ထက်သာအောင်ဟာ .. ဖေဖေတို့ရဲ့ ကြွယ်ဝိုးကြွယ်ဝရှိနေခြင်းကို ကြည့်ပြီး.. သူချမ်းသာခြင်းဟာ နှမ်းတစေ့စာလောက်ပဲ ရှိတယ်လို့မှတ်ယူအားငယ်နေတာ သမီး .. အဲဒါကို ပြောပြချင်တာ .. မကြောင့်မကြ၊ မတောင့်မတ နေနေရပြီဖြစ်တဲ့ သူ့လက်ရှိဘဝနဲ့ ဖေဖေတို့ရဲ့ ငွေလရိပ်ရတနာတိုက် အရောင်းဆိုင်ကြီးရှိနေတာ ပန်းတိမ်အလုပ်ရုံကြီး ထူထောင်ထားနိုင်တာတွေကို ကြည့်ပြီး .. သူ့ဘက်က .. တစ်ခုခု ဖွင့်ပြောရအောင်ကို အားငယ်စိုးရွံ့နေရတယ်တဲ့လေ .. အဲဒါ ဘာလဲသိလား သမီး ဂျိုး.."

ဖေဖေ ပြောနေသမျှ မိဂျိုး နားထောင်ရင်း မျက်လွှာချလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ထဲမှာ မွန်းကျပ်လာနေပြီ ..။ တွေးတောပူပန်မိသည့် အတွေးတစ်ခုသည် လက်တွေ့ဘဝမှာ ရင်ဆိုင်ရာတစ်ခုအဖြစ် ရောက်ရှိမလာပါစေနှင့်ဟု ဆုတောင်းလိုက်ချင်သည်။

"လွန်ခဲ့တဲ့သုံးလလောက်က .. ထက်သာအောင်တို့ သားအဖ ဒီပန်းရဂုံကို ရောက်ခဲ့ကြတယ် .. သူတို့ပြန်ဖို့ရာအတွက် လေယာဉ် လက်မှတ်ကိစ္စကအစ .. ဟဲဟိုးလေဆိပ်ရောက်ဖို့အထိ ဖေဖေ စီမံပေးစဉ်တုန်းက .. မထူးတော့ပါဘူး .. ရန်ကုန်က သူ့ရဲ့ ခရေရိပ်အိမ်ကိုလည်း အလည်လိုက်ခဲ့ပါတော့ .. သုံးလေးရက်လောက်ပဲဖြစ်ဖြစ် ဟိုမှာနေပြီး .. နားလိုက်ပါတော့လို့ အတင်းတိုက်တွန်းတာနဲ့ .. သမီး မေမေ့ကို တိုင်ပင် ဖုန်းဆက်ကြည့်ပြီး .. မမျှော်လင့် မကြံစည်ပါဘဲနဲ့ .. ရန်ကုန်ကို ဖေဖေပါသွားခဲ့တာ .. ရတနာတိုက်အလုပ်ကိစ္စ .. ပန်းတိမ်အလုပ်ရုံကိစ္စတွေ ခဏမေ့ထားပြီး သူငယ်ချင်းနဲ့အတူ .. နားနားနေနေ .. ရှိခဲ့တာ .. ငါးရက်လောက် ဖေ ဟိုမှာကြာခဲ့တာ .. သမီး မှတ်မိမှာပါ .."

ဖေဖေ ပြောနေတော့ မိဂျိုး မေမေ့ကို ကြည့်မိရပါ၏။ ဖေဖေဘာကို စကားဦးတည်နေသည်ဆိုတာ မေမေ သိထားနှင့်ပုံရသည်။ မေမေ့ကို ဖေဖေ အစစပြောပြထားပြီးမှ ခုလို မိဂျိုး ကို စာကြည့်ခန်းထဲ ခေါ်၍ ပြောနေခြင်းဟုလည်း ရိပ်မိလာသည်။ မေမေ့မျက်နှာက အေးချမ်းနေသည်။ ကြည်စင်နေသည်။ ဖေဖေ ပြောလာမည့်စကားတွေအတွက် ကျေနပ်ကြည်နူးနေပုံလည်း ရနေသည်။ မိဂျိုး ပို၍ ထိတ်လန့်စပြုလာရပါပြီ ..။ မိဂျိုး ရင်ဆိုင်တိုးရတော့မည့် အဖြစ်တစ်ခုအတွက် ငြင်းဆန်မှုတစ်ခုကို တုံ့ပြန်ဖြေကြားလိုက်ပါလျှင် ..။ စိတ်ထဲမှာ မြုပ်ဝင်နေကြပါသည့် ကြည်နူးအေးချမ်းမှုဆိုသည့်အရာများကို ဖေဖေနှင့်မေမေတို့ အဆုံးသတ်လိုက်ကြရတော့မည်ဟု မချိတင်ကဲ မိဂျိုး နားလည်လာနေရသည်လေ ..။

"မဖြစ်ပါစေနဲ့ .. ငါ စိတ်ပူနေတဲ့ကိစ္စ .. ဖြစ်မလာပါစေနဲ့ .."

မိဂျိုး ဆုတောင်းနေမိရပါ၏။ ဆုတောင်းပြည့်လာမည်လား ..။



မပြည့်မဝဖြင့် ရှိလာတော့မည်လား ဆိုတာကတော့ မသိနိုင်သေး ..။

"ထက်သာအောင် ရဲ့ ဇနီးသည်ဖြစ်တဲ့ နုနုမွေး ဆိုတာကလည်း .. ရုပ်ရည်လေးလည်း ချောမောတယ် .. စိတ်ထားလေးလည်း ကောင်းမွန်တယ် .. ဖေဖေ့ကိုဆိုရင် .. သူ့ခင်ပွန်းသည်ရဲ့သူငယ်ချင်း ဖြစ်တယ်ဆိုပြီး တလေးတစား၊ တရိုတသေထားပြီး ဆက်ဆံရှာတယ် .. ဧည့်သည်ဖြစ်တဲ့ ဖေဖေတို့ လိုလေသေးမရှိအောင် ဧည့်ဝတ်ကျေပွန်ရှာတယ် .. သားဖြစ်တဲ့ မောင်ဘုန်းမြတ်ချမ်းသာ ဆိုတာကလည်း လူရည်မွန် လူအေးလေးတစ်ယောက်ဖြစ်တယ် .. ဖေဖေ့ကိုဆိုရင် စကားမပြောရဲ မဆိုရဲရှာဘူး .. အဖေလုပ်သူရဲ့ သူငယ်ချင်းပေမို့ တလေးတစား တရိုတသေထားတယ်သမီး .. မောင်ဘုန်းမြတ်ချမ်းသာ ဟာ မိဘကိုလည်း အလွန် ရိုသေတဲ့သားတစ်ယောက်ဖြစ်နေတာ ဖေဖေ တွေ့ရတယ် .. မိဘဆိုတဲ့ စကား .. တစ်ချက်မငြင်းဆန်တတ်တဲ့ကလေးပါ .. အဖေလုပ်သူက .. အိမ်ကကားကိုထားခဲ့ .. အလုပ်ကို တက္ကစီနဲ့သွား .. အဲသလို ပြောလိုက်တာနဲ့ .. တစ်ခွန်းပြန်မမေးဘူး .. ပေါ်တီကိုအောက်မှာရပ်ထားတဲ့ ကားပေါ်မှာ ရောက်နေချိန်ကြီးကျတော့မှ အဖေကပြောတဲ့ကိစ္စ .. တစ်ချက်မျက်နှာမပျက်ဘူး .. စောဒကမတက်ဘူး၊ ချက်ချင်းကားပေါ်က ဆင်းတာ .. အဲသလိုရှိတယ် .. အဲဒါ .. ကားနှစ်စီးရှိနေတာပဲ .. ဘာပဲညာပဲနဲ့များ ပြောမလားလို့ ဖေဖေထင်မိတာလေ .. မပြောဘူးကွယ့် .. လိမ္မာပုံများ .. ထက်သာအောင် က .. သူ့သားစီးပြီး အလုပ်သွားတဲ့ ကားသော့ကို ဖေဖေ့ လက်ထဲထည့်ပေးတာကွယ့် .. ရန်ကုန်တစ်မြို့လုံး သွားလိုရာသွား .. ဒရိုင်ဘာလည်း ထည့်ပေးမယ် .. သူကတော့ သူ့ အလုပ်ကို သူကိုယ်တိုင်မောင်းမယ်လို့ပြောတာ .. ဒရိုင်ဘာ ကိုမြင့် ကိုလည်း .. နေ့လယ်စာ သူ့ ရက်စတောရင့်ကို အမီ .. ဖေဖေ့ကိုလာပို့ပေးဖို့ မှာတယ် .. အဲသလိုကွယ် .. သူ့သားကို တက္ကစီစီးခိုင်းပြီး .. ဖေဖေ့ အပေါ် ဧည့်ဝတ်ကျေပွန်တာ .."

ဖေဖေပြောနေသမျှ မိဂျိုး ငြိမ်နားထောင်နေရင်းမှ အကဲခတ်သလို

www.burmeseclassic.com



မော့ကြည့်မိရသည်ကလည်း ဖေဖေ့ကိုပဲ ဖြစ်လေသည်။

ဖေဖေပြုံး၍ ကြည့်သည်။ မိဂျိုး ၏ဆံစလေးကို သပ်သည်။

"အဲဒါ .. ဖေဖေ ဟိုမှာ ငါးရက်လောက်နေပြီး ပြန်လာ .. ဒီမှာ ကိုယ့်အလုပ်ကိုယ်ပြန်ဦးစီး .. အဲသလိုရှိကြမယ့် .. သူငယ်ချင်း ထက်သာအောင်နဲ့တော့ တစ်ပတ်တစ်ခါလောက်ဖြစ်ဖြစ် .. သုံးပတ်မှာ တစ်ခါလောက်ပဲဖြစ်ဖြစ် .. ဖုန်းချင်းဆက်သွယ်ပြောမိနေကြတာ .. အခုဆို .. သုံးလလောက်ရှိပြီဆိုပါတော့ .. အများအားဖြင့် .. ထက်သာအောင် က လှမ်းဆက်တာများပါတယ် .. ဒီပ လည်း ရန်ကုန်ဘက် အလုပ်ကိစ္စနဲ့သွားရတဲ့အခါ .. ခရေရိပ် မှာပဲ ဘည်းခို .. အဲဒီမှာပဲ စားသောက် .. အဲသလိုရှိကြရတာပဲ သမီး .. ဒီပ ကလည်း ခရေရိပ်ဟာ .. အလွန်အေးချမ်းပြည့်ဝတဲ့ မိသားစုကစ်စုရဲ့အိမ်ဂေဟာပါပဲလို့ .. အမြဲပြောတတ်တယ် .. အထူးသဖြင့် ..မောင်ဘုန်းမြတ်ချမ်းသာလေးရဲ့ အနေအေးချမ်းတည်ငြိမ်မှုနဲ့ .. လိမ္မာနာခံကို အလွန်နှလုံးတွေ့တာ သမီးရဲ့ .."

ဖေဖေပြောရာမှ တစ်ချက်ငေးခနဲငြိမ်၏။ တစ်ခုခုအတွက် ကြိုတင်၍ လှမ်းတဆွေးဆွေးနိုင်သော အငေးဟု မိဂျိုး နားလည်လာနေသည်။ ၇ရားရေ ..။ ဖေဖေသည် .. ယခု ရှေ့ဆက်ပြောရမည့် စကားအတွက် ၎င်ထဲမှာ ဆွေးတလျှလျှ ကြိုတင်ဖြစ်နေနှင့်ရပြီဆိုတော့ ..။ လွမ်းဆွေးာမ်းတနေရခြင်းဆိုသည့် ခံစားချက်တွေ တနင့်တပိုး ဖေဖေ နှင့်မေမေ ၌ လက်ခံပေးလိုက်ရတော့မည့် စကားစုတို့သည် ဖေဖေ့ လည်ချောင်းထဲ ၁ အစီအရီရှိနေကြချေပြီလား ..။ မေမေ့ကိုလည်း ကြည့်မိတော့ အတန်မျှ ၁တွေတွေရှိနေတာကို မြင်နေရသည်ကိုးလေ ..။

"မနေ့က .. ထက်သာအောင် တောင်ကြီးကို ပေါက်ချလာတယ် .. ကာင်ကြီးဟိုတယ်မှာ သူတည်းတယ် .. ဖေဖေ့ရုံးခန်းကို သူရောက်၁တော့မှ .. ဖေဖေလည်း သူ တောင်ကြီးရောက်လာတာ သိရတာ .. းစ်အတိုင်း ဖေဖေက သူ့ကိုဆူတာပေါ့ .. ရောက်လာတဲ့ကိစ္စ .. မပြော



ရကောင်းလား .. အိမ်မှာ မတည်းရကောင်းလားလို့ပေါ့ သမီးရယ် .. အဲဒီမှာ .. သူ မျက်နှာပျက်ပျက်နဲ့ငြိမ်နေတယ် .. သူ .. မနည်း အားမွေးပြီး တော်တော်ကြာမှ ပြောလာရှာကာ သမီး .. သူ့သား အရမ်းခံစားနေရတာ မကြည့်ရက်လွန်းလို့သာ သူ အခုရဲစွန့်ပြီး ကိုယ်တိုင် ဒီကိုရောက်လာရတာပါတဲ့ .. ဒီကိစ္စ .. ဘေးလူမသိအောင်ဆိုပြီး ဒရိုင်ဘာတောင်ခေါ်မလာဘဲ .. သူ့ကားနဲ့ တောင်ကြီးကို မောင်းလာတာတဲ့ .. သူ့သားအလွန်တရာကိုမှ .. ငိုင်နေ .. အစားအသောက်လည်း နည်းလာ .. အအိပ်အနေလည်း နည်းလာတာ သူသတိထားမိလာရတယ်တဲ့ .. ညဘက်ဆို .. သူ့သားအခန်း မီးလင်းနေတာ များနေတယ်တဲ့ .. နောက်ဆုံး .. သူ့သားအလုပ်သွားနေတုန်း အမေလုပ်သူက .. သားအခန်းထဲဝင်ရှာတာတဲ့ .. တစ်ခုခုများ .. သဲလွန်စ .. တွေ့မလားပေါ့ .. ဖွင့်မေးလို့လည်း သားက မဖြေဘဲကိုး .. သူ ဘာမှမဖြစ်ပါဘူး .. အလုပ်ပင်ပန်းလို့ပါ .. အဲသလိုပဲဖြေတာမို့ .. ပင်ပန်းရင်လည်း အလုပ်ကထွက်လိုက်တော့ .. ဟိုတယ်ဆောက်တဲ့ကိစ္စ .. စီစဉ်ပေးမယ်ဆိုတော့လည်း .. ခဏဆိုင်းထားပေးပါဦးလို့တောင်းပန်ပြန်ရောတဲ့ .. သူ .. ဟိုတယ်ဆောက်တဲ့ကိစ္စမှာ အာရုံနစ်နိုင်မှာ မဟုတ်လို့ပါလို့ ပြောတယ်တဲ့ .. အဲဒါ .. အမေလုပ်သူက .. မကြည့်ရက်နိုင်တာနဲ့ .. သား အလစ်မှာ အခန်းထဲ ဟိုဟိုသည်သည် မွှေတန်တာမွှေ .. ရှာတန်တာ ရှာ .. အဲသလိုလုပ်ရတယ်တဲ့ .."

ဖေဖေ ပြောကာ တစ်ချက်ငြိမ်၏။

"သူတို့လင်မယား ထင်ထားတာက .. သူတို့ရဲ့သားတော်မောင်အခု အလုပ်ဝင်နေတဲ့ မြကမ်းသာအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကသူဌေးဦးမျိုးဆွေ ရဲ့ သမီးလေး ယမုန်ဆွေလေး ကိုများ ချစ်နေသလားပေါ့ .. ယမုန်ဆွေ ကလည်း ဘုန်းမြတ်ချမ်းသာ ကို အတော်လေးတွယ်တွယ်တာတာရှိတာတဲ့ .. မြကမ်းသာလုပ်ငန်းကြီးမှာ အဖေနဲ့အတူရုံးထိုင်နေတဲ့သမီးပေမို့ ထက်ထက်မြက်မြက်ရှိတဲ့ အင်ဂျင်နီယာတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါပဲတဲ့ .. အလုပ်ရှင်သမီးပေမို့ ဖွင့်မပြောဝံ့လို့များ မှိုင်တွေနေသလားပေါ့ .. အဲသလိုထင်ထားတာတဲ့ .. တကယ်တမ်းကျတော့ .. သားရဲ့ဒိုင်ယာရီ ကို တွေ့ရတော့မှ .. သူချစ်နေတာ .. ငွေကြိုးကြာ ဆိုတဲ့ .. သမီးလေးဖြစ်နေတာ သိကြရတာတဲ့ .. အမေလုပ်သူက .. သူ့မှာရှိတဲ့ သော့အပိုနဲ့ သား ဗီရိုကိုဖွင့် .. လူ့ကျင့်ဝတ်ကို ဖောက်ပြီး သား ဒိုင်ယာရီကို ယူဖတ်မိတော့မှ .. သိရတာတဲ့လေ .."

မိဂျိုး ငိုက်ခနဲဖြစ်ရပါပြီ။ မိဂျိုး စိုးရိမ်သည့်အဖြစ်တစ်ခုသည် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တိုက်ရိုက်တိုးရချေပြီတကား ..။

"အဲဒါ .. ထက်သာအောင် လာပြောပြရှာတာပါပဲ .. သူတို့ရဲ့ ချမ်းသာခြင်းဟာ .. ဖေဖေတို့နဲ့ဆိုရင် .. အရမ်းကွာခြားတာ သိပါတယ်တဲ့ .. သိလို့လည်း .. ဘုန်းမြတ်ချမ်းသာ က .. သူ့ဒိုင်ယာရီထဲမှာ .. မတန်မရာကိုမှ မှန်းသလိုဖြစ်ကုန်ပြီ .. အထင်လွဲခံရကိန်းလည်းရှိနေပြီ .. မြင်မြင်ချင်း ချစ်မြတ်နိုးမိသမျှကို မျိုသိပ်ပြီး တစ်သက်တာလုံး ကြေကွဲခံစားသွားတော့မယ်ဆိုတဲ့ ခံစားချက်တွေ ရေးထားသမျှ .. မကြည့်လည်း မကြည့်ရက်အောင် သူတို့နှစ်ယောက် .. အင်း .. ထက်သာအောင် နဲ့ နုနုမွှေးတို့ ခံစားကြရ .. သားကိုလည်း ဖွင့်မမေးရက် .. ဖေဖေတို့ကိုလည်း ဖွင့်မပြောရဲနဲ့ ကြိတ်မှိတ်နေခဲ့ကြတာ တစ်လကျော်ပြီတဲ့ .. ခုကျတော့ .. အလွန်ကိုမှ သားဖြစ်သူ တညှိုးငယ်ငယ် .. တမှိုင်တွေတွေဖြစ်ခြင်းမကဖြစ်လာနေတော့ .. အရဲကိုးပြီး .. ထက်သာအောင် .. ဖေဖေ့ဆီကို ရောက်လာရ .. အဖြစ်မှန်ကို ဖွင့်ပြောရတာပါတဲ့ .."

ဖေဖေပြောကာ မိဂျိုးကို ကြည့်လာသည်။ မေမေလည်း မိဂျိုးဘေးမှာကပ်၍ လာထိုင်သည်။ ရင်ခွင်မှာ ပွေ့ငင်၍ နဖူးလေးကို နမ်းသည်။

"တစ်နေ့မှာ .. သမီးလေးကို အိမ်ထောင်ချပေးရမယ်ဆိုတာ မေမေ တို့ နားလည်ထားရတယ် သမီး .. သမီး ဖေဖေ အဲဒီအဖြစ်ကိစ္စတွေကို .. မနေ့က အလုပ်ကပြန်ရောက်လာတာနဲ့ .. မေမေ့ကို အရင်ဆုံး



ပြောပြတယ် .. အသိပေးတယ် .. မောင်ဘုန်းမြတ်ချမ်းသာလေးဟာ လူရည်မွန်လေးပါသမီး .. ပညာတတ်လေးလည်း ဖြစ်တယ် .. မိဘကိုလည်း ရိုသေနာခံတတ်တဲ့ သားလိမ္မာဖြစ်တယ် .. ဥစ္စာစီးပွားလည်း ရှိကြတယ် .. သားရေး သမီးရေးကိစ္စဆိုတာ .. ငါက သူ့ထက် ဘယ်လောက်ချမ်းသာတယ် .. သူတို့ဘက်က .. ငါတို့လောက် ဥစ္စာချမ်းသာ မမီဘူးဆိုပြီး ဥစ္စာချင်းပြိုင်ကြဖို့မလိုအပ်ဘူး သမီး .. မေမေတို့ရဲ့ သမီးလေးကို .. လုံခြုံအေးချမ်းအောင် ထားကြမယ့်သူတွေ ဖြစ်ရဲ့လား .. စိတ် ချမ်းသာအောင် ထားကြမှာလား .. တကယ့်ကိုပဲ .. အိမ်ထောင်ဘက်ဖြစ်မယ့်သူက ချစ်မြတ်နိုးသလား .. အဲဒါ အရေးကြီးတာပါ သမီးရယ် .. ကံချင်းတူလို့ .. အကျိုးပေးကြရင် .. ချမ်းသာကြွယ်ဝခြင်းဆိုတာက အလိုလို .. နောက်ကထပ်ကြပ်မကွာ ပါလာတတ်ကြတာပါ .. ဖေဖေ မေမေတို့မှာက ချမ်းသာခြင်းဆိုတာ ပြည့်ဝလွှမ်းနေကြပြီ .. သမီးလေး ကို .. ချစ်ကြ .. စိတ်ချမ်းသာအောင် ထားကြတဲ့ မိသားစုလက်ထဲ .. ခင်ပွန်းသည်ရဲ့လက်ထဲ .. အပ်ထားခဲ့ဖို့သာ အရေးကြီးတာပါ .. သမီး မိဂျိုးလေး အဲဒါကို အဓိကထားပြီး စဉ်းစားစေချင်တယ် .. သမီးလေးနဲ့ .. သဘောမမျှစရာရယ်လို့ကို မရှိဘူးပါ .. သမီးဖေဖေက .. အဲဒီကလေး အပေါ်မှာ တန်ဖိုးထားတယ် .. သဘောမျှတယ် .. သူဟာ .. သမီးနဲ့ ထိုက်တန်ရာ .. သမီးအားကိုးရမယ့်သူဖြစ်ရာ .. သမီးဘဝ လုံခြုံရာလို့ .. ယုံကြည်ထားတယ် သမီး .."

ဟုပြောတော့ မိဂျိုး တစ်ချက်တွေခနဲငြိမ်၏။ နောက်တော့ လည်ချောင်းရှင်းရသည်က မနည်းအားစိုက်၍ပါ ..။ ပြောရမည့်စကားတွေကို ဖေဖေနှင့်မေမေ လက်ခံနိုင်ပါ့မည်လားမသိ ..။ မိဂျိုး ဆိုတာကလည်း ဖေဖေနှင့်မေမေတို့၏ မေတ္တာနှင့် အချစ်တွေအောက်မှာ တသသထားမြှုံအချစ်ခံပြီး အသက်ရှင်သန်ကြီးပြင်းလာရသည့် သမီးပေမို့ ..။ ဖေဖေနှင့် မေမေတို့၏ ယုံကြည်အပ်နှံလိုရာ အိမ်ထောင်တစ်ခုအတွင်းသို့ သက်ဆင်းရမည့်ကိစ္စ ..။ ဖွတ်ငြင်းဆန်လိုက်လျှင် .. မကောင်း။ ဖေဖေနှင့် မေမေ့ကို

www.burmeseclassic.com



စိတ်မအေးမချမ်းမဖြစ်စေချင် ..။ ဘုန်းမြတ်ချမ်းသာ ဆိုသည့် သူတစ်ယောက်အပေါ် အရမ်းကို စိတ်ချစိတ်တွေပြည့်ဝနေတာကို .. မိဂျိုး က သက်သေအထောက်အထားမရှိဘဲ ပယ်ဖျက်ပြဖို့ကလည်း ခက်ခဲနေသည်။

ဒါပေမဲ့ .. ခက်သည်က .. မိဂျိုး၏အတွင်းစိတ်က သေသေချာချာ သိနေသည်။ ယုံကြည်နေသည်။ ထိုသားအဖကို မိဂျိုး မယုံကြည်နိုင်ခြင်းက လွန်ကဲနေသည်။ တစ်ခုခု သေသေသပ်သပ်ကို အကွက်ချ၍ စီစဉ်နေသည်ဟု အတွင်းစိတ်ထဲက ထင်ကိုထင်နေသည်။ ဒါပေမဲ့ .. ဘယ်လိုမှ .. ဆုပ်ဆုပ်ခဲခဲ သက်သေပြစရာကလည်း ရှိမနေ ..။

"အဲဒီ .. အန်ကယ်ထက်သာအောင်ရှိနေလား ဖေဖေ .."

အသံလေးတိုးတိုးဖြင့် စတင်၍ မိဂျိုး မေးမိလိုက်ရပါ၏။

"သူ .. မေမေ့ကိုလာတွေ့တယ် .. ပြောပြတယ် .. ပြီးတော့ .. ဖေဖေ ဘယ်လိုတားပေမယ့်မရဘူး .. သူ .. ပြန်သွားတယ်သမီး .. ဖေဖေတို့ရဲ့ ချမ်းသာခြင်းတွေကို သူတို့ဘက်က .. ဘာတစ်ခုမှ မမျှော်လင့်ထားကြပါဘူးတဲ့ .. သမီးလေးကိုသာ .. သူတို့ရဲ့ ခရေရိုပ်က မျှော်လင့်တမ်းတနေကြတာပါတဲ့ .. သမီးလေးကိုရရင် .. ကံကောင်းကြရပါပြီတဲ့ .. ဘာလို့ အဲသလို ပြောရလည်းဆိုတော့ .. သမီးလေး ငွေကြိုးကြာ ကို သမီးလေးတစ်ယောက်လို .. ပိုင်ဆိုင်ခွင့် သူတို့ရချင်တာပါတဲ့ .. ဘုန်းမြတ်ချမ်းသာ ကလည်း .. ငွေကြိုးကြာ ကို .. ထာဝရလက်တွဲဖော်အဖြစ် လက်တွဲခွင့်ရချင်နေတာမို့ .. သူတို့ရဲ့အနာဂတ် မျှော်လင့်ခြင်းတွေကို .. ဖေဖေတို့ရဲ့ချမ်းသာမှုကြီးတစ်ခုကြောင့် .. ထင်ယောင်ထင်မှား ဖြစ်ခံရမှာကိုလည်း စိုးရိမ်တယ်တဲ့ .. ဒါကြောင့် .. ဖေဖေတို့ဘက်က .. ဘာတစ်ခုမှ သမီး မိဂျိုး နဲ့အတူ မထည့်ပေးပါနဲ့တဲ့ .. သူတို့ရဲ့ လက်ရှိစည်းစိမ်နဲ့ပဲ .. မိဂျိုး ကို .. ဖူးဖူးမှုတ်ထားပါမယ်တဲ့ .. လက်ဝတ်ရတနာ ဆင်ပါရစေတဲ့ .. သားနဲ့သမီး .. လက်ထပ်ဖြစ်တာပဲ လိုလားပါတယ်တဲ့ .. ပန်းရဂုံ ရဲ့ ကြွယ်ဝမှုတွေအားလုံးကို .. ငွေကြိုးကြာ နဲ့ ထည့်လာစရာကို မလိုတာ



ပါတဲ့ .. ဖေဖေတို့ လှူချင်သလိုလှူပါတဲ့ .. အဲသလိုကို ဖွင့်ပြောတာ .. ပြီးတော့ .. သူ .. အားငယ်စကားလည်း ပြောရှာပါတယ် .. ချမ်းသာပုံချင်း ခြားနားလွန်းနေပါရက်ကယ်နဲ့ .. ရွှေမင်းသမီးလေး ကိုမှ .. လာကမ်းလှမ်းရသလားလို့ .. အားငယ်စရာပါတဲ့ သမီးရယ် .."

ဟု ပြောလာသည့် ဖေဖေ့ကိုငေး၍ မိဂျိုး ကြည့်မိရပါ၏။ တကယ်ပဲ .. ခံစားချက်အမှန်ဖြင့် အန်ကယ်ထက်သာအောင် ပြောခဲ့သည်ဆိုလျှင်တော့ စိတ်ထားရင်းခံအကောင်းဖြင့် လာ၍ကမ်းလှမ်းလာသည်ဟု မှတ်ယူရမည်သာ ..။ ချမ်းသာဂုဏ်အားလုံးကို ချန်ရစ်ခဲ့ကာ ခရေရိပ်သို့ မိဂျိုး တစ်ယောက်ကို ချစ်လွန်းစွာ ကမ်းလင့်လာသည့် မိသားစုဟု လက်ခံပေးရရုံပဲ ကျန်သည်။ ဒါပေမယ့် .. ထိုခင်းခဲ့သော စကားသည် ရင်ထဲက လာတာ မဟုတ်ပါဘဲနှင့် ဟန်ဆောင်ခင်းသော စကားဖြစ်မနေပါဟုလည်း အဘယ်သို့သော ခြွင်းချက်မရှိ ထိုက်သည့် ယုံကြည်မှုတစ်ခုကို ထိုမိသားစုအပေါ် အပ်နှံထားရမည်တဲ့လဲလေ ..။ ဟန်ဆောင်လိမ်ညာခြင်းဆိုတာက တစ်ဖက်သား ယုံကြည်အောင် ပိပိရိရိ မင်ကောင်းကောင်းဖြင့် တူဖထောင်သူတို့၏ ဟန်အတတ်ပညာတစ်ခုအောက်မှာ ဖြစ်တည်လာရစမြဲပဲလေ ..။

"ဒါပေမယ့် သမီးရယ် .. ဘယ်မိဘက .. ကိုယ့်သမီးကို အိမ်ထောင်ချပေးရင် .. ပစ္စည်းချမ်းသာ .. ထည့်မပေးပါဘဲနဲ့ .. လက်ဖဝါးသက်သက် .. ဘယ်လိုလွှတ်ရက်ကြပါ့မလဲ .. ဖေဖေတို့မှာ ဒီသမီးလေးပဲ တစ်ယောက်တည်းရှိတာကွယ် .. ရှိသမျှအမွေအနှစ်ပုံကြီး ထည့်မပေးလို့ ဖြစ်မလား .."

ဖေဖေပြောတော့ မိဂျိုး ခေါင်းခါသည်။

ဖေဖေနှင့် မေမေ့ကို ကြည့်သည်ကလည်း တရိုတသေပါ ..။

"မဟုတ်ဘူး ဖေဖေ .. အန်ကယ်ပြောသလို .. မိဂျိုး တစ်ယောက် တည်းကိုပဲ လွှတ်ပေးရလိမ့်မယ် .. အဲဒါကို .. တကယ်ပဲ သူတို့ဘက်က .. လက်ခံမှ မိဂျိုး .. အဲဒီအိမ်ထောင်စုထဲကို ဝင်လို့ ဖြစ်လိမ့်မယ် ဖေဖေ .. ဖေဖေ တကယ်ပဲ သူတို့ကို ယုံကြည်တယ်ဆိုရင် .. အန်ကယ် ဦးထက်သာအောင် ကို

www.burmeseclassic.com



ဖုန်းဆက်ကြည့်လိုက်ပါ ဖေဖေ .. မိဂျိုး က .. ဘာမှ မပါတဲ့လက်ဗလာနဲ့ .. ခရေရိုပ် ကို ဘာကယ်ပဲလာခွင့်ရှိမှ .. ဒီကိစ္စကို .. လက်ခံပါ့မယ်လို့ .. ဖြေတယ် ဆိုတဲ့အကြောင်း .. ဖေဖေ .. တကယ် .. မေးကြည့်ပါလား ..''

ဟု ပြောလာတော့ ဖေဖေ ခေါင်းခါနေသည်။ မိဂျိုး သက်ပြင်းရှိုက်မိရပါပြီ ..။ မိဂျိုး ၏ အတွင်းစိတ်က နိုင်ခိုင်မာမာ ယုံကြည်ထားသည်က ထိုသားအဖကို .. တမင်တကာဆင်ထားသော ခြေလှမ်းတွေဖြင့် တိုးဝင်လာသူများဟု မှတ်ယူနေသည့်ခံစားချက် ..။ ထိုခံစားချက်ကို မိဂျိုး သက်သေပြဖို့ လမ်းစတစ်ခုကိုတော့ ရလိုက်ပေမယ့် .. ထိုလမ်းစကို ပြောင်ပြောင်တင်းတင်း ဖွင့်ပြော်ပြလိုက်ဖို့ကျတော့ ဖေဖေ့ဘက်က လက်ခံနိုင်ဖို့မရှိ ..။ အဘယ်မိဘကမှ .. သမီးတစ်ယောက်ကို .. လက်ဖဝါးလေး ဗလာထား၍ မလွှတ်ရက်နိုင်ကြ ..။

မိဂျိုး ကျတော့လည်း .. ဖေဖေနှင့်မေမေ့စကားကို .. ငြင်းဆန်ရမှာ ခက်နေသည်။ တစ်သက်လုံး မိဘ၏ ဖူးဖူးမှုတ်ခံအချစ်ကို .. ခံခဲ့သည့် သမီး ..။ မိဘနှစ်ပါးက သမီးလေးကို နေရာချပေးချင်သည့်ကိစ္စ .. ဤတစ်ခုပေါ်လာချိန်မှာ .. ခေါင်းခါလိုက်ဖို့ရာမသင့် ..။ ဒါပေမယ့်လည်း .. လက်ခံလိုက်ဖို့ရာကျတော့လည်း စွန့်စားလွန်းရာရောက်နေသည့် ခေါင်းညိတ်မှုတစ်ခု ဖြစ်နေသည်။ ဘာကြောင့်ဆို .. ဦးထက်သာအောင် ဆိုသည့် အန်ကယ်ကြီးတစ်ယောက်ကို .. ရင်ထဲက ခံစားနေရသည်က .. မယုံကြည်သင့်ရာလူတစ်ယောက်ပဲ ဖြစ်နေသည်တည့် ..။

ထူးခြားသော စိတ်အစဉ်တစ်ခုဆီမှ .. တပ်လှန့်ပေးနေသည့် အချက်ပေးခေါင်းလောင်းသံက ဦးနှောက်မှာလည်း တွင်တွင်မြည်နေသည်။ အသိစိတ်မှာလည်း ဆူညံနေသည်။ သတိပေးလွန်းနေသည့် ခံစားချက်ကို လျစ်လျူရှုဖို့ဆိုတာကလည်း ခက်ခဲသည့် အလုပ်တစ်ခုပဲဖြစ်လေသည်။

''သမီးရယ် .. ခုချက်ချင်းလည်း အဖြေမပေးပါနဲ့ .. စဉ်းစားပါ .. နောက်မှ အဖြေပေးပါကွယ် .. ဖေဖေတို့က အသက်ရပြီ .. တစ်နေ့



မှာ သေခြင်းတရားဆိုတာကို မလွဲမသွေ ရင်ဆိုင်ကြရမယ် .. သမီးလေးဟာ .. ရုပ်အဆင်းလည်းလှတယ် .. ဖေဖေတို့က ရွေးလို့ဥပြီးထားတဲ့ ရွှေရည်ပန်းဆက်သမီးလေး .. ဒီသမီးလေး မလုံမခြုံနဲ့ တစ်ယောက်တည်း ကျန်ခဲ့မှာဆိုရင် မအေးနိုင်ဘဲ ဖြစ်ကြရတယ် .. မောင်ဘုန်းမြတ်ချမ်းသာလေးဟာ .. ပညာတတ် တစ်ယောက်ပါ .. လူအများနဲ့ ဆက်ဆံရတဲ့အလုပ်အကိုင်ကို လုပ်နေရတဲ့ အင်ဂျင်နီယာတစ်ယောက်ပါ .. သူ ချစ်မြတ်နိုးနေတာကိုလည်း .. ခုထိ ဖွင့်မပြောဝံ့ပဲ မြိုသိပ်ခံစားနေရှာတဲ့သူပါ .. အလွန်ချမ်းသာတဲ့ သမီးကို .. သူနဲ့ မထိုက်တန်ရာလို့ အားငယ်နေတဲ့သူပါကွယ် ..''

''အဲဒါတွေအားလုံးဟာ .. သူ့အဖေဖြစ်တဲ့သူရဲ့ စီကာပတ်ကုံး အပြောနဲ့ပဲ ဖေဖေ ယုံကြည်ပေးနေရတာပါ ဖေဖေ .. သမီး .. တစ်ခု ခွင့်ပန်ချင်ပါတယ် .. ဖေဖေ .. တစ်ခုပဲ ကူညီပေးပါ .. သူတို့ဘက်က ပြောသလို မိဂျိုး ကို .. လက်ဖဝါးသက်သက်နဲ့ လွှတ်ပေးဖို့ .. သမီးဘက်က တောင်းဆိုတာကို .. လက်ခံနိုင်သလားလို့ မေးပေးပါ .. အကယ်၍ .. ဖေဖေ မေးရမှာခက်နေတယ်ဆိုရင် .. သမီးကိုယ်တိုင် အန်ကယ့်ကို မေးပါ့မယ် ဖေဖေ .. မေးခွင့်ပြုပေးပါ .. သူတို့ဘက်ကမှ .. လက်ခံတယ်ဆိုရင် .. လက်တွေ့လည်း အဲသလိုပဲ .. သမီး အဲဒီမိသားစုဆီကို ဝင်သွားချင်ပါတယ် ဖေဖေ .. ဘာဥစ္စာစီးပွားကိုမှ သမီး သယ်မသွားဘဲ ရှိခွင့် .. ဖေဖေတို့ ပေးရပါလိမ့်မယ် .. လက်တွေ့ကျကျ သမီးဆုံးဖြတ်တာပါ ဖေဖေ ..''

ဟု ပြောတော့ ဖေဖေ ငိုင်နေသည်။ ခပ်ဆဆတွေးနေပုံဖြင့် ငြိမ်နေသည်က အတန်ကြာ၏။ နောက်တော့ ဆုံးဖြတ်လိုက်ပုံဖြင့် ..

''သူ့ကို ဖေဖေ ယုံတယ် .. သူတို့မိသားစုကိုလည်း ယုံတယ် .. မောင်ဘုန်းမြတ်ချမ်းသာ ကိုလည်း လူယဉ်ကျေး .. လူရိုးတစ်ယောက်လို့ ဖေဖေ ယုံကြည်တယ် .. သူတို့မိသားစုကို ဖေဖေ အနီးကပ်နေခဲ့ဖူး မြင်ခဲ့ဖူးတာကိုး .. ကဲ .. ဖေဖေ မေးမယ် .. သမီးရှေ့မှာ မေးပြမယ် .. ဟုတ်ပြီလား..''

ဟု ပြောကာ ဖုန်းဆက်မည်ပြုတော့ မေမေ လှမ်းတားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးပြောတိုင်း စွတ်မပြောပါနဲ့ အစ်ကိုရယ် .. အားနာစရာ ဖြစ်ကုန်ပါ့မယ် .. သမီးကလည်း ဘာလို့ ဒီစကားပြောခိုင်းရတာတဲ့လဲ"

ဟု ပြောနိုက်မှာ ဖေဖေကတော့ ဖုန်းဆက်လိုက်ပါပြီ ..။ ဖေဖေ့ လက်ကိုင်ဖုန်း၏ စပီကာခလုတ်လေးကိုလည်း နှိပ်ထားပါ၏။

"ဟယ်လို .. မင်း ဖုန်းဆက်လာလို့ ဝမ်းသာတယ် ကံယုံ .. ငါ လည်း ကားပေါ်တက်နေပြီ .. ပြန်တော့မလို့လေ .. ဟိုတယ်အခန်းအပ်ခဲ့ပြီ .."

ဟု ထူးသံပြောသံပေါ်လာ၏။ ဖေဖေ့ဟန်းဖုန်းနံပါတ်ကို မှတ်မိနေသည်ကိုးလေ။ ချက်ချင်း ဖေဖေ့ကို ဦးတည်၍ ပြောလာခြင်း ..။

ဖေဖေ တစ်ချက်စကားကို အရှိန်ယူနေသည်။ နောက်တော့လည်း ဆုံးဖြတ်လိုက်ပုံဖြင့် ...

"တစ်ခုမေးချင်လို့ ထက်သာအောင် .. ငါတို့ရဲ့ချမ်းသာစည်းစိမ်တွေကို .. လှူတမ်းလိုက်ချင်တယ်ကွာ .. မင်း ဘယ်လိုသဘောရလဲ"

ဟု မေးလိုက်တော့ တစ်ဘက်မှ တစ်ချက်ငြိမ်နေ၏။ မိဂျိုး ၏ ရင်တွေ တဆတ်ဆတ်ခါနေသည်။ စိတ်လှုပ်ရှားနေသည်ကလည်း နှိုင်းပြစရာမရှိနိုင်အောင် ဖြစ်နေသည်ပါပဲ ..။

"အဲဒါများ .. ငါ့ကို ဖုန်းဆက်ရတယ်လို့ကွာ .. မင်း သဘောပေါ့ ကံယုံ ရာ .."

ဟု ဖြေသံပေါ်လာတော့ ဖေဖေ့မျက်နှာ ဝင်းခနဲကြည်လင်၏။ မိဂျိုး ကိုပြုံး၍လည်း ကြည့်လာသည်။ မိဂျိုး ကိုယ်တိုင်လည်း လက်မခံ၍မဖြစ်သည့် အသိစိတ်တစ်ခုကို နှလုံးသွင်းလိုက်ရပါပြီ ..။

ငွေကြေးကိစ္စကို .. ဦးထက်သာအောင် ဘက်က .. အဓိကမထားဘဲ ရှိနေသည်ဆိုသည့် အဖြေတစ်ခုကို .. ဖေဖေ့ဖုန်းထဲမှာ ကြည်လင်စွာ ပေါ်ခဲ့ပါသည့်စကားလုံးတိုင်းက သက်သေထူထားသည်ကိုးလေ ..။

"ဟိုတယ်အခန်း ပြန်ယူထားလိုက်ပါလားကွာ .. ငါတို့ အေးအေးဆေးဆေး စကားပြောစရာတွေ ရှိနေလိမ့်မယ်လို့ မင်း မထင်ဘူးလား



ထက်သာအောင် .."

ဟု ဖေဖေပြောတော့ အိုကေ .. ဆိုသည့် ဖြေသံ ပေါ်လာပါ၏။

ဖေဖေ ဖုန်းကိုပိတ်လိုက်သည်။ မိဂျိုး ကိုကြည့်တော့ မိဂျိုး တစ်ချက်သက်ပြင်းရှိုက်မိရပါပြီ ..။ ခက်နေသည်က .. မသိစိတ်ဆီမှ ဆဲနေသည့် သတိပေးအချက်ပြသံက ရင်ထဲက ရှုန်းမထွက်အောင် ခေါင်းမာနေသည့် ကိစ္စပဲ ဖြစ်လေသည်။

"မိဂျိုး တစ်ခုတောင်းပန်ချင်ပါတယ် ဖေဖေ .. အကယ်၍များ .. ဖေဖေတို့ ဒီမင်္ဂလာပွဲကို ဖြစ်မြောက်စေချင်နေတယ်ဆိုရင် .. ခြောက်လလောက် .. ဆိုင်းပေးပါဦး ဖေဖေ .. မိဂျိုး .. အဲဒီ ကိုဘုန်းမြတ်ချမ်းသာကိုလည်း ဆုံချင်ပါသေးတယ် .. သူနဲ့ စကားပြောကြည့်ပါရစေ .. သူ့ကို .. ပန်းရဂုံမှာ မိဂျိုး ကို လာတွေ့နိုင်ဖို့အတွက် .. သူ့ဖေဖေနဲ့ စီစဉ်ခိုင်းလိုက်ပါဦးဖေဖေ .. ပြီးတော့ .. ပြီးတော့ .. သမီး .. မလွဲမရှောင်သာလို့ .. လက်ထပ်ခဲ့ရတယ်ဆိုရင် .. တကယ့်ကို .. ဘာငွေကြေးချမ်းသာ လက်ဝတ်ရတနာကိုမှ .. မိဂျိုး ဒီ ပန်းရဂုံက သယ်မသွားပါရစေနဲ့ ဖေဖေ .. အနည်းဆုံး တစ်နှစ်ခွဲလောက်အထိ .. လက်ဗလာနဲ့လာတဲ့ မိဂျိုးအဖြစ် အဲဒီ ခရေရိပ်မှာ လက်တွေ့နေပြခွင့်လေးတစ်ခုကို ပေးပါ"

ဟု ဖေဖေ့ကို ပြောတော့ ဖေဖေငိုင်နေသည်။

"တစ်နှစ်ခွဲလောက်နေပြီးရင် .. ဖေဖေ့ချမ်းသာမှုတွေကို လွှဲပေးလို့ရပြီဆိုပါတော့ .."

ဟု မေးလာတော့ မိဂျိုး ခေါင်းညိတ်ပြလိုက်ရသည်ပါပဲ ..။

ဖေဖေ ပြုံး၍ မိဂျိုး၏ ဆံစလေးကို သပ်လာသည်။

လက်ခံသည်ဆိုသည့် အဖြေကို ပေးခြင်း ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

သူ့အကြည့်က မြက်ခင်းထက်မှာ ငြိမ်တန့်နေ၏။ သူ့ကို အကဲခတ်သလို ကြည့်နေသည့် မိဂျိုး၏ အကြည့်တွေကို လွှဲရှောင်သည့်သဘောဖြင့် တမင်တကာ မြက်ခင်းဘက်မှာအကြည့်ကို ပို့ထားခြင်းဟု မိဂျိုး ထင်သည်။ စတစ်ကော်လာအင်္ကျီလက်ရှည်အဖြူ မရမ်းစေ့ရောင်ပုဆိုးကွက်စိပ်၊ ကတ္တီပါနီညိုညိုဖိနပ်ကို စီးထားသည်။ သပ်သပ်ခပ်ခပ် တော့ ရှိသည့် ဘုန်းမြတ်ချမ်းသာဖြစ်နေသည်ပါပဲ။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် မျက်ခုံးထူထူ၊ မေးရိုးပြန့်ပြန့်၊ မျက်တောင်ရှည်ကြီးတွေနှင့် လူတစ်ယောက် ...။ မိဂျိုးနှင့်တူတူယှဉ် ခုံတန်းပြာထက်မှာထိုင်နေသည့် အချိန် ...။ အလွန်တရာကိုမှ စကားသံတွေ ပျောက်ဆုံးနေသည့် ကာလ ...။

"သူဟာ .. ငါ့ကို လက်ထပ်ချင်နေလောက်အောင် စွဲလမ်းမြတ်နိုးနေတဲ့လူတစ်ယောက်တဲ့လား .. အခုထိ .. ငါ့ကို ချစ်မြတ်နိုးနေတဲ့ အကြည့်လေးတစ်ချက်နဲ့တောင် ငေးလာတာမရှိသေးတဲ့သူဖြစ်နေတယ်လေ .. သူ့ကိုကြည့်ရတာ ဆရာမရှေ့ရောက်နေတဲ့ ကျောင်းသားငယ်ငယ်လေးနဲ့ တူနေတယ် .. အိမ်စာလုပ်မလာလို့ အပြစ်မကင်းနိုင်ဘဲ မဝံ့မရဲဖြစ်နေတဲ့ပုံမျိုး .. လက်ကလေးသာ ပိုက်ထားလိုက်ရင် ကျောင်းသားလေးနဲ့ တူသွားရော့မယ် .."



စိတ်ထဲက မိဂျိုး တစ်ယောက်တည်း စကားတွေပြောနေခြင်းပါ။ သူရော မိဂျိုး ရော လောလောဆယ်မှာ စကားတုံ့တင်ပြောနေကြတာမျိုး ရှိမလာနိုင်သေး ...။ ထိုစဉ်ခိုက် ရုတ်တရက် သူ လက်ပိုက်လိုက်တာကိုမြင်တော့ မိဂျိုး ရယ်ချင်လာသည်။ စောစောကပဲ လက်ကလေးပိုက်လိုက်လျှင် ကျောင်းသားနှင့်တူရော့မည်ဟု တွေးမိလိုက်သည်မှ တခဏပဲရှိသေးသည်။ လုပ်မိလုပ်ရာဆန်ဆန် သူ လက်ပိုက်ငြိမ်နေတာ ရင်ဆိုင်ကြုံလိုက်ရတော့ ရယ်ချင်မိလာရသည်ပေါ့။

"ကျွန်မဆီကို .. ခုလို .. ရောက်လာဖို့အတွက် စိတ်ရှည်လက်ရှည်သဘောတူပေးတာမို့ .. ကျွန်မ ကျေးဇူးတင်ပါတယ် .."

အိမ်ရှင်လုပ်သူဘက်က စတင်၊ စကားပြောဖို့ဆိုတာက ဝတ္တရားရှိသည်။ ပြီးတော့ .. ခုလို သူရောက်လာခြင်းသည်လည်း မိဂျိုး က လာတွေ့ပါဟု ပြော၍ လာတွေ့တာလည်း ဖြစ်နေသည်။ ပန်းရုံ၏ဧည့်ခန်းမှာတော့ ဖေဖေနှင့် အန်ကယ်ထက်သာအောင် တို့ စကားပြောနေရစ်ခဲ့ကြပြီ...။ မေမေကလည်း ဖေဖေတို့နှင့်တူတူ နေရစ်ခဲ့သည်။ သူ့အမေကတော့ လိုက်မလာခဲ့ ...။ ရန်ကုန်က ခရေရိပ်မှာ ကျန်နေရစ်ခဲ့သည်။ တကယ်တမ်းလာ၍ ကြောင်းလမ်းချိန်ကျမှ လက်ဝတ်ရတနာတွေ တင်တောင်းရာဖြင့် ဟိုမှာ အလုပ်ရှုပ်ကျန်နေရစ်ခဲ့သည်တဲ့ .. ဤသည်က အန်ကယ်ထက် နှင့် သူရောက်လာပြီးသည့်နောက်မှာ ရယ်မော၍ ဖေဖေ့ကို အန်ကယ်ထက် ဧည့်ခန်းမှာ ပြောခဲ့သည့်စကား ...။ သူကတော့ မိဂျိုးနှင့် စကားပြောဆိုဖို့ရာအတွက် ဖေဖေကိုယ်တိုင် ပန်းခြံသို့ ခေါ်လာရာ နောက်ဘက်လိုက်လာခဲ့သည်။ သူထိုင်ပြီးသည့်နောက်မှာ မိဂျိုး နောက်ဖေးဘက်တံခါးမှ ဒေါ်ထူးနှင့်အတူ ထွက်လာခဲ့ခြင်း ...။

သူထိုင်နေသည်က လက်နှစ်ဖက်ကို ပေါင်ပေါ်တင်၍ ငြိမ်ထိုင်

www.burmeseclassic.com



နေသည်မှ တောင့်မတ်မတ်နိုင်နေ၏။ မိဂျိုး နှင့် ဒေါ်ထူး တူတူရောက်လာတော့ တစ်ချက်လှမ်းကြည့်သည်။ ခုံတန်း၏ တစ်ဖက်စွန်းဆီသို့ နည်းနည်း ရွှေ့၍ထိုင်သည်။ သဘောက .. မိဂျိုး သက်သောင့်သက်သာ တစ်ဘက်ခုံစွန်းနေရာမှာ ထိုင်နိုင်ဖို့ရာအတွက် ဖြစ်ချေ၏။

"ဆယ်မိနစ်လောက်နေပြီးရင် .. မိဂျိုး နဲ့ ဒီက ကိုဘုန်းမြတ်ချမ်းသာတို့အတွက် .. အအေးပို့ပေးပါနော် ဒေါ်ကြီးထူး .."

ဟု မိဂျိုး ပြောတော့ ဒေါ်ကြီးထူး ခေါင်းညိတ်ထွက်ခွာသွားခဲ့ပါ၏။ ခု .. ငါးမိနစ်စွန်းစပြုလာပြီ ..။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်နိုင်ကြရာမှ စတင်၍ မိဂျိုး ပြောရခြင်းပါ..။ သူ .. မိဂျိုး ကို တစ်ချက်ကြည့်လာပါ၏။ မိဂျိုးကလည်း သူ့ကိုကြည့်မိသည်။ ထိုသူတစ်ယောက်၏ ရင်ထဲမှာ ဘာတွေရှိနေသည်ဆိုတာ သိနိုင်ဖို့ရာ ကြိုးစားနေမိရခြင်းပါ ..။ လောလောဆယ်မှာတော့ အနေခက်အထိုင်ခက်နေသည့် လူတစ်ယောက်၏ ဟန်ကို ကြုံနေရပါသည့်အဖြစ် ..။

"ကျွန်တော် .. တစ်ခုခု .. ကို .. ပြောသင့် .. တယ် .. ဆိုတာ .. သိနေ .. ပါတယ် .. ဒါ .. ပေမဲ့ .. ခက်ခဲနေ .. တယ် .. လန့် .. နေ သလိုပဲ .."

သူကလည်း စတင်၍ စကားပြောနိုင်ဖို့ ကြိုးစားလာပါ၏။ အသံကတိုးသည်။ အားယူ၍ ပြောနေရတာ သိသာနေသည်။ ရိုးသားခြင်းဆိုသည့် ဟန်မူရာကို တွေ့ရသည်သို့ ရှိလာ၏။ သူ ခံစားနေရသည့်အတိုင်း ပြောပြနေခြင်းဟု သံသယဖြစ်ဖွယ်မရှိအောင် ယုံကြည်ဖွယ်ဖြစ်လာနေသည်။

"ကျွန်မ .. အားလုံး ပြောပြချင်ပါတယ် .."

မိဂျိုး ကိုယ်တိုင်က စိတ်တဲလှုပ်ရှားသည်ပါပဲ။ သူစိမ်းယောက်ျားတစ်ယောက်နှင့် စကားပြောနေရသည်။ ဘယ်တုန်းကမှလည်း ရင်းနှီးဖူးတာမရှိခဲ့ ..။ ထိုမရင်းနှီးသော သူစိမ်းတစ်ယောက်သည် နှစ်ဘက်မိဘက သဘောမျှနေသူဖြစ်နေသည်။ ထိုသို့သောလူတစ်ယောက်ကို ခုံတန်းပြာလေးတစ်ခုမှာ တူတူယှဉ်ထိုင်နေရင်း စကားပြောနေရသည် ဆိုကတည်းကိုက .. နေရထိုင်ရကျဉ်းကျပ်၏။ ဒါပေမဲ့ .. ခုလိုတွေ့ဖို့ မိဂျိုး ကြိုးစားခဲ့သည်လေ ..။ ထိုသို့တွေ့မှလည်း .. သူ့ကို အကဲခတ်နိုင်မည်။ သူ့အတွင်းစိတ်ကို ဖတ်ရှုနိုင်လိမ့်မည် ..။ ထိုအခွင့်အရေးကို မိဂျိုး ရယူချင်၍ ခုလို .. သူ့ကို တွေ့ချင်ခဲ့သည်မို့ .. မိဂျိုး သူ့ကို စကားမပြော၍လည်း မဖြစ်ပါ ..။ မပြောဘဲ ငြိမ်ထိုင်၍အချိန်တွေကို တန်ဖိုးမဲ့ကုန်ဆုံးစေ၍ မဖြစ်ပါ ..။ မိဂျိုး လုပ်ရမည့်အလုပ်ကို ဆက်၍ လုပ်ဖို့ပဲရှိသည်။



"ကျွန်မ .. ထမင်းဟင်း ဘာတစ်ခုမှ မချက်တတ်ပါဘူး .. ဒါက ဖေဖေနဲ့ မေမေက အရိုးရိုးလွန်းပြီး ဘာတစ်ခုမှ ပေးမလုပ်ခဲ့လို့ပါ၊ ဒါပေမယ့် .. အိမ်မှုကိစ္စ ဘာတစ်ခုမှ မလုပ်တတ်တာဟာ မလုပ်တတ်တာပဲ ဖြစ်ပါတယ် .. ရှင်လက်ထပ်ရမယ့် မိန်းမတစ်ယောက်ဟာ အဲသလို အိမ်မှုရေးရာကို လုံးဝမလုပ်ဖူးပဲရှိနေတာကို .. စိတ်ပျက်ခွင့်ရှိပါတယ် .. ငြင်းဆန်ခွင့်လည်း ရှိပါတယ် .."

မိဂျိုး ကို ရုတ်ခနဲသူ တစ်ချက်ကြည့်သည်။ ဘော်ကျော့နေနေသည့် မိန်းမတစ်ယောက်ဟု မြင်နေပုံမရ ..။ တည်တည်ငြိမ်ငြိမ်ပဲ ရှိနေသည်။

"ကျွန်တော်သိပါတယ် .. ဖေဖေ့ကို .. အန်ကယ်က ပြောပြထားတယ်လေ .. ဖေဖေကလည်း အဲဒီကိစ္စအတွက် သိပ်စိတ်ထဲ ထည့်မထားပါဘူး .. ကျွန်တော်လည်း ထည့်မထားပါဘူး .. မငွေကြိုးကြာ ဟာ အလွန်တရာကိုမှ မိဘကချစ်တဲ့ သမီး .. တသသထားတဲ့သမီးဆိုတာ .. ကျွန်တော်တို့ မိသားစုအားလုံး သိထားကြပါတယ် .. ချစ်လည်း ချစ်လောက်ပါတယ် .. မငွေကြိုးကြာ က .. အလွန်နုနယ်တာကိုး .."

အသံတိုးနေပေမယ့် စကားကတော့ ချောချောမောမော ဖြစ်နေသည်။ သူလည်း နည်းနည်းတော့ တည်ငြိမ်လာပုံရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ .. ကျွန်မရဲ့ချို့ယွင်းမှုတစ်ခုခုကြောင်ပဲ ဖြစ်ဖြစ် .. အကြောင်းတစ်ခုခုကြောင့်ပဲဖြစ်ဖြစ် ဆိုပါတော့ .. အကယ်၍သာ .. ရှင့်မိဘတွေက .. ကျွန်မနဲ့ ခုလို သဘောမျှမနေဘဲ .. သဘောမတူနိုင်ပါဘူးလို့ ဖြစ်နေခဲ့ကြမယ်ဆိုပါတော့ .. အဲသလိုများ ရှင်ကြုံရရင် .. ကျွန်မကို .. ရှင် .. လက်ထပ်ချင်ပါ့မလား .."

သူ မိဂျိုး ကိုမကြည့် ..။ မြက်ခင်းဆီသို့ အကြည့်ကိုပို့၏။ ဖြေရမည့်အဖြေအတွက် ပြောထွက်ရမှာ နည်းနည်းတော့ ဝန်လေးနေပုံရသည်။ ဒါပေမဲ့ .. သူ .. ဖြေလာသည်ပါပဲ ..။

"ကျွန်တော် .. အဲသလို ကြုံရရင် .. မငွေကြိုးကြာ ကို လက်မထပ်ပါဘူး .. ဘာလို့လည်းဆိုတော့ .. ကျွန်တော့်မိဘက မကြည်ဖြူဘူးဆိုရင် .. ကျွန်တော် .. လက်ထပ်လိုက်ရတဲ့ မိန်းကလေးဟာ .. ကျွန်တော့်အိမ်မှာ စိတ်ဥ နေရမှာမို့လို့ပါပဲ .. ယောက္ခမတွေနဲ့မှ အဆင်မပြေရင် .. သူ .. ဘယ်လိုလုပ်ပြီး အိမ်မှာ နေလို့ ထိုင်လို့ ကောင်းပါတော့မလဲ .. မကောင်းပါဘူးလေ.."

မထင်မှတ်သော အဖြေစကား ..။ သူ့ဘက်က ရိုးသားစွာဖြေလိုက်သည့်အဖြေတစ်ခုဟု မိဂျိုး မှတ်ယူသည့်နှယ် ..။ သူသည် .. ဦးဘာဝကျကျ တွေးပေးတတ်သူဟု နားလည်လိုက်မိရသည်။ ဤအဖြေကိုတော့ မိဂျိုး နှစ်ခြိုက်ပါ၏။ ကိုယ်လက်ထပ်ရမည့် မိန်းမတစ်ယောက် ခံစားရမည့် ပြဿနာတစ်ခုကို မျှ၍ တွေးပေးခြင်းဟု သိလိုက်ရသည်ကိုးလေ။

"ဒါဆိုရင် .. ရှင် .. ကျွန်မကို .. လက်မထပ်ဘဲလည်း .. နေလို့ရနေတယ်ဆိုပါတော့ .."

"မဟုတ်ပါဘူး .. အခုက .. အဲသလိုဖြစ်နေတာမှမဟုတ်တာ .. ဖေဖေရော မေမေရော သဘောတူနေကြပါတယ် မငွေကြိုးကြာ .."

ဟု သူ ချက်ချင်းဖြေသည်။ စိတ်ပူသွားတာလည်း သိသာနေသည်။



မိဂျိုး ကို လက်မထပ်ဘဲနေလိုက်ရမှာကို ကြောက်နေခြင်းလား။ မိဂျိုးနှင့် ဝေးရမှာကို လန့်နေခြင်းလားဆိုတာကိုတော့ မိဂျိုး သေသေချာချာ ခွဲခြားမရနိုင်ဘဲ ဖြစ်နေသည်။

"ကျွန်တော် .. မငွေကြိုးကြာ ကို .. မြင်မြင်ချင်း .. မြတ်နိုးမိရတာပါ .. ဒါပေမယ့် .."

သူ ကြိုးကြိုးစားစား အားစိုက်၍ ပြောနေတာ သိသာနေသည်။ နေရခက်နေတာလည်း သိသာနေသည်။ လက်နှစ်ဖက်ကို ဆုပ်ခဲကိုင်ထားသည်က ကိုယ့်ကိုယ်ကိုယ် မနည်းအားပေးနေရသယောင်လည်း ဖြစ်နေသည်။ မိဂျိုး ဘာကိုခွဲခြားရမည်ဆိုတာ ဇဝေဇဝါဖြစ်စပြုလာပြန်၏။ သူသည် ရိုးသားစွာပြောနေခြင်းလားမသိ။ မိဂျိုး ဘေးမှာထိုင်နေသူသည် မိဂျိုး ၏ ကြွယ်ဝချမ်းသာခြင်းများကို မက်မောနေသူတစ်ယောက်ဖြစ်ကာ လက်ထပ်ဖို့ ကြိုးစားနေသူတစ်ယောက် ဖြစ်နိုင်နေသည်ဟု အတွင်းစိတ်ထဲက တွန်းတိုက်သတိပေးနေခြင်းများသည် .. အစိုးရိမ်လွန်ကဲနေခြင်းများပေလား ..။ တစ်ပါးတစ်ယောက်အပေါ် သံသယများ လွန်းနေခြင်းများပေလား ..။ မိဂျိုး ရှုတ်တရက်ကြီး ဆုံးဖြတ်လိုက်ရဖို့တော့ ခက်ခဲစပြုလာနေပြန်သည်။ နည်းနည်းအချိန်ယူရဦးမည်လား မသိ ..။ စောင့်ကြည့်ရဦးမည်လားမသိ ..။ မရိုးသားသူတစ်ယောက်သည် ရိုးသားသူတစ်ယောက်ဟု အထင်ခံနိုင်ဖို့ရာအတွက် သေသပ်စွာကြိုးစားတတ်သည်ဆိုတာကိုလည်း မေ့ထား၍မဖြစ်။ မိဂျိုး သူ့ကို အကဲခတ်နေမိရဆဲ ..။

"ဒါပေမယ့် .. မငွေကြိုးကြာ တို့က အလွန်ချမ်းသာနေတယ် .. ကျွန်တော်တို့ချမ်းသာတယ်ဆိုတာ .. မငွေကြိုးကြာ တို့နဲ့ယှဉ်လိုက်ရင် သေးငယ်တဲ့အစက်တစ်စက်လို ဖြစ်ကုန်ရတယ် .. သလို တွေခြား လွန်းနေတာမို့ .. ကျွန်တော် .. မငွေကြိုးကြာကို .. ချစ်နေတာတစ်ခုတည်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ .. လှို့ဝှက်တဲ့အချစ်နဲ့အတူ .. ရှိနေရစ်ဖို့ ဆုံးဖြတ်ထားတာပါဗျာ ..''

ရင်ထဲက ခံစားသမျှကို .. ဖွင့်ဟဝန်ခံနေသူတစ်ယောက်နှင့် တူနေသည့်သူ့ကို မိဂျိုး ငေးကြည့်နေမိရပါ၏။

''ဖေဖေနဲ့မေမေ ကိုလည်း ဖွင့်မပြောပြခဲ့ပါဘူး .., မေမေ ရိပ်မိပုံရတယ် .. ကျွန်တော့်အခန်းထဲ ဝင်ရှာဖွေတော့မှ .. ဒိုင်ယာရီကိုလည်း တွေ့တော့မှ ကျွန်တော် ..''

သူ တစ်ချက်အသံတိမ်ဝင်၏။ မိဂျိုး ကို လုံးဝမကြည့်နိုင်ဘဲ ရှိနေစေဖို့ ကြိုးစားနေတာလည်း သိသာနေသည်။ သူသည် .. ချစ်လွန်းရသူတစ်ယောက်ကို .. စွန့်လွှတ်ခြင်းမရှိသောအချစ်ဖြင့် မျိုသိပ်စွာ ချစ်နေသူတစ်ယောက်နှင့်တူနေသည်။ ဟုတ်သည်။ အချစ်ကိုတော့ မစွန့်လွှတ်နိုင်စွာ ရင်ထဲမှာ သိမ်းဆည်းထားသည့်သူ ..။ ဒါပေမယ့် ချစ်မိသူကို .. ဖွင့်ပြောဖို့လည်း မကြိုးစားဘဲ မျိုသိပ်ဖို့ဆုံးဖြတ်ထားသည့်သူ ..။ ထိုသို့ နားလည်လာရလောက်အောင် သူ့မျက်နှာထက်မှာ ခံစားချက်တွေ စွန်းထင်းအုပ်မိုးနေသည်ဟု မိဂျိုး နားလည်လာနေမိရပါ၏။

''ဖေဖေနဲ့ မေမေက ကျွန်တော် .. တခြားမိန်းကလေးတစ်ယောက်ကို ချစ်နေတယ်လို့ ထင်နေကြတာ .. ကျွန်တော် ချစ်မြတ်နိုးတဲ့ မိန်းကလေးနဲ့ ကျွန်တော့်ဘဝဟာ ချမ်းသာခြင်းတွေ ခြားနားလွန်းနေတာမို့ မြိုသိပ်ထားနိုင်ပေမဲ့ .. စကားကမ်းပေးပါလို့တော့ .. မပူဆာရဲခဲ့ပါဘူး .. မတူမတန်တာကိုလည်း ကျွန်တော်သိပါတယ် မငွေကြိုးကြာ ရယ် .. အထူးသဖြင့် .. ချမ်းသာလွန်းနေတဲ့ မငွေကြိုးကြာ ကို .. ချစ်နေတာ ဖွင့်ကို မပြောရဲတာဟာ .. အဲဒီ ချမ်းသာလွန်းခြင်းဆိုတာကြီးကြောင့်ပါဗျာ ..''

ဟု အသံတွေတုန်လာရင်း ပြောပြီးတာနှင့် အိတ်ကပ်ထဲမှ စာတစ်အိတ်ကို ထုတ်သည်။



''ကျွန်တော့်ကို .. တွေ့ချင်တယ်ဆိုတာ .. အကဲခတ်ချင်လို့ဆိုတာ ကျွန်တော်ရိပ်မိပါတယ် .. ကျွန်တော်ကိုယ်တိုင်ကလည်း .. မငွေကြိုးကြာထံ ဒီတစ်ကြိမ်ရောက်ခြင်းဟာ နောက်ဆုံးလို့ပဲ မှတ်ယူပါတယ် .. ကျွန်တော်ဟာ .. လောလောဆယ်မှာ .. မငွေကြိုးကြာကို ရွှေပေါ်မြတင် .. ခုလို မထားနိုင်တဲ့သူတစ်ယောက်ပါ .. ကိုယ်လက်ထပ်ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ လက်ကိုဆွဲပြီး သူ့အိမ်ပေါ်တက်နေရလောက်အောင် .. အရှက်နည်းတဲ့သူတစ်ယောက်လည်း မဟုတ်ပါဘူး ခင်ဗျာ .. ဒါကြောင့် .. ပန်းရဂုံလိုနေရာမျိုးမှာ ရှိမြဲအတိုင်း နေရတာဟာ အသင့်မြတ်ဆုံးသော အရာပါ .. ဒါ .. ကျွန်တော်ရေးဖွဲ့ရာ .. ကဗျာလေးတစ်ပုဒ်ပါ မငွေကြိုးကြာ .. တစ်ခုပဲ ပြောခဲ့ချင်ပါတယ် .. ဘာကိုမှ မယုံကြည်ချင်ရင်နေပါ .. မျိုသိပ်ထားဖို့ ဆုံးဖြတ်မိရလောက်အောင် .. တစ်ယောက်တည်း ချစ် .. တစ်ယောက်တည်း ရှင်သန်ရစ်ရမယ့် .. ကျွန်တော့်အချစ်ကိုတော့ .. မယုံကြည်ချင်ရင်လည်းနေပါ .. အထင်တော့ မသေးလိုက်ပါနဲ့ဗျာ .. ကျွန်တော့်အချစ်ကို ကျွန်တော် မြတ်နိုးတန်ဖိုးထားရလွန်းတာမို့ .. ဘယ်သူ့ရဲ့ အထင်သေးမှုကိုမှ .. မခံစေချင်ရက်လွန်းလို့ပါ ..''

ပြောပြီးတာနှင့် စာအိတ်လေးကို ခုံတန်းပေါ်ချသည်။ နေရာမှ သူ ရုတ်ခနဲ မြန်ဆန်လွန်းစွာ ထွက်ခွာသွားပါ၏။ မိဂျိုး လည်း မတားလိုက်နိုင်ခဲ့ ..။ တကယ်တော့ တားလိုက်ဖို့လည်း သတိမရလိုက်နိုင်ခဲ့မင်တက်၍ စာအိတ်လေးကို ငုံ့မိုးငေးစိုက်ကြည့်မိရင်း ကျန်ခဲ့ရခြင်း။

မိဂျိုး စာအိတ်လေးကို ယူလိုက်မိသည်။ ဘယ်သူကမှ တိုက်တွန်းလိုက်ရတာမရှိစွာဘဲ စာအိတ်လေးကိုဖွင့်၍ စာရွက်လေးကို ထုတ်မိလိုက်သည်ပါပဲ။ အားနာ၍ ဖြန့်ဖတ်မိခြင်းမဟုတ်။ ဖတ်လို၍ ဖတ်မိခြင်း ..။ ထူးခြားသော ဖမ်းစားမှုတစ်ခုသည် ထိုစာရွက်ထဲမှာ စိုးဝင်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်လာမိရပြီ။

သေသပ်လှပသော လက်ရေးဖြင့် ရေးဖွဲ့ထားရာ ကဗျာတစ်ပုဒ်သည် ရေမွှေးနံ့လည်းသင်းမနေ ..။ ပန်းနုရောင်စာရွက်လေးလည်း ဖြစ်မနေ ..။ သာမန်စာရွက်ဖြူတစ်ရွက်ပဲ ဖြစ်နေသည်။ ရိုးသားဖြူစင်သော စာရွက်လေးတစ်ရွက် ..။ ဟန်ပန်မထည်ဝါသော စာရွက်လေးတစ်ရွက်။ အလှအပနှင်းဆီပွင့်ရိုပ်လေးခြယ်ထားသော ရနံ့သင်းနေသော .. ဟန်ထည်မာန်ထည်ရှိသော စာရွက်လေးဖြစ်မနေတာကိုက .. ဖြူစင်သော ခံစားချက်တွေ ရေးဖွဲ့ရာကဗျာတစ်ပုဒ်အဖြစ် ပို၍ ခေလးနက်လာစေသည်။

ဖွင့်မပြောသာတဲ့ဘဝ
ကိုယ်ရောက်ရပေမယ့်
မငုံ့မရဲတဲ့စိတ်နဲ့အတူ
ရွှေနှန်းသူမှုယာကျော့ကို
ချစ်နေလိုတဲ့ကိုယ်မ့ါကွယ် ..။

တသသမြင်တမျှင်မျှင်လွမ်း
ရင်သည်းကျွမ်းအောင်ချစ်ပေမယ့်
ခြားနားလွန်းတဲ့ဘဝအခြေ
မိုးနဲ့မြေမျဉ်းပြိုင်နှစ်ကြောင်းကြောင့်
မတောင့်မတမြင့်လွန်းတဲ့ဘဝမှာ
နန်းကညာရွှေစင်နဲ့ရှိရစ်ခဲ့စေ ..။

အချစ်ဆိုတာမြှုပ်နှံရာဖြစ်ရင်း
တိတ်ဆိတ်ခြင်းနဲ့အတူရှင်သန်
ဖွင့်ပြောရန်ကံဓာတ်မပါ



တစ်ခါတစ်ခါမှာ ...
တစ်ယောက်တည်းသာချစ်ရတဲ့အချစ်
တစ်ယောက်တည်းသာချစ်ရတဲ့အဖြစ်နဲ့
သိုသိပ်ရတဲ့ကံကြမ္မာတစ်ခုဟာ
ရင်ထဲမှာ ကြေကွဲစွာ ကျန်နေတတ်ပေရဲ့
ချစ်လွန်းတဲ့သခင် ...။
ဪ ...
ချစ်လွန်းတဲ့ခင် ...။

မိဂျိုး ငြိမ်သက်နေ၏။ ကဗျာလေးကတော့ အဆုံးသတ်ပြီ ..။ ကဗျာဆိုမှ ကဗျာ ..။ ဘာတစ်ခုမှမရှိ။ လက်မှတ်လေးပင် ထိုးမထား။

ဒါပေမဲ့ .. စကားများစွာကို ပြောနေသော ကဗျာတစ်ပုဒ်ဖြစ်နေချေသည်တကား ..။

မသိစိတ်တစ်ခုဆီမှ သတိပေးသံသည် အတန်မျှအား ပျော့တိုးမျှင်လာနေသည်ကောလေ။

www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းစွာ ယုံကြည်မိခြင်းသည်ကား
ယောကျ်ားတစ်ယောက်အပေါ် သက်ရောက်လျက်
ကိုယ်လက်ထပ်မိသူ ဖြစ်သွားရခြင်းလောက်
တုန်လှုပ်ချောက်ချားစရာအမှားမရှိ ..။



## အခန်း(၅)

"ခုလို .. ဖေဖေနဲ့မေမေတို့အတွက် သမီးချောလေးတစ်ယောက် ရလိုက်တဲ့အတွက် .. ဝမ်းသာကြည်နူးရတယ်ကွယ် .. မေမေ့သားအတွက် ရွှေရုပ်လေးတစ်ရုပ်လို အလွန်တရာကိုမှ ချောမွေ့ပြဲ့ဖနီးသည်လေး ရလိုက်တဲ့အတွက် .. ပြီးတော့ .. သား မြတ်နိုးတဲ့မိန်းကလေးကိုမှ လက်ထပ်ခွင့် ရလိုက်တဲ့အတွက် .. မြင့်မြတ်တဲ့ကံကြမ္မာကိုလည်း မေမေတို့ ကျေးဇူးတင်ရတယ် သမီးငွေကြိုးကြာ .. ဟောဒီမှာ မီးခံသေတ္တာသော့ .. သမီးရဲ့ အခန်းမှာ မီးခံသေတ္တာတစ်လုံးရှိတယ် .. သမီးရဲ့ရတနာထည်တွေ .. လက်ဝတ်လက်စားတွေ .. ငွေကြေးတွေ .. သိမ်းဆည်းဖို့ ရာအတွက် မေမေ ဒီသော့ကိုအပ်တယ် သမီး .."

ခရေရိပ် ..။ ဟုတ်သည် ..။ မိဂျိုး ၏ခင်ပွန်းသည်ဖြစ်သူ၏ နေထိုင်ရာ အိမ်ကြီးတစ်အိမ် ..။ အတန်အသင့် ကျယ်ဝန်းသည့်ခြံကြီးတစ်ခြံ၏ အလယ်ကျကျမှာ တည်ဆောက်ထားသော ခရေရိပ်သည် နှစ်ထပ်အဆောက်အအုံဖြစ်သည်။ ပန်းရောင်တိုက်တစ်တိုက်လည်း ဖြစ်သည်။ လုံးချောနေသည့် ပေါ်တီကိုမြင့်မြင့်ကြီးဖြင့်ရှိနေရာ အိမ်ကြီးလည်းဖြစ်သည်။ အိမ်၏ အခင်းအကျင်းသည်လည်း ခန့်ညားခြင်းဘက်ကို ပို၍ယိမ်းသည်။ ရှေးလက်ရာဆန်သောကတ္တီပါဖုံး ပန်းကနုတ်ဆင်းဆက်တီကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် အနီရောင်ကတ္တီပါသားကြောင့် ပို၍ အရောင်အဆင်း ထင်းထင်း ရှိ၏။ ခန်းလုံးပြည့်ခင်းထားသော ကော်ဇောကြီးသည် အပြာရင့်အခံတွင် ပန်းရောင်ကြာပွင့်တို့ ပြန့်ကြဲအောင်ပွင့်ရိုပ်ခတ်ထားရာ ကော်ဇောကြီးဖြစ်နေသည်။ မီးပန်းဆိုင်းများ၊ စောင်းကောက်အလှတင်ရာ ကျွန်းကနုတ်ထွင်းခုံလှလှ ...။ နှင်းဆီပွင့်ခက်တို့ ပွင့်ဝေအောင်ထိုးထားရာ ငွေပန်းအိုးကြီးရှိရာ ဆက်တီစားပွဲ ...။ အခန်းထောင့်ရှိ သပြေသီးမှည့်ရောင် စန္ဒရားကြီးတစ်လုံး ...။ အားလုံးသည် .. ခန့်သန့် ခန့်ထည်နေသည်ပါပဲ ...။

မိဂျိုး တစ်ချက် သူ့ကိုကြည့်မိသည်။ သူကလည်း ပြုံး၍ ကြည့်လာသည်ပါပဲ။ အဖြူရောင်ပိုးတိုက်ပုံ၊ အဖြူခံတွင် အပြာရောင်ဒေါင်စင်းခတ်ထားသည့် ပိုးချိတ်ပုဆိုး ...။ စိန်လက်စွပ်နှင့် ရွှေကြိုးတပ်လက်ပတ်နာရီကို ဝတ်ထားသည့်လူတစ်ယောက်သည် .. မိဂျိုး ၏ ဘဝဖော်အဖြစ် တည်ရှိသွားခဲ့ပြီ ...။ မိဂျိုး သည်လည်း အဖြူရောင်ပိုးချိတ်ဆင်သတို့သမီး မြန်မာဝတ်စုံလေးနှင့် ဖြစ်နေသည်။ အန်ကယ်ထက် နှင့် အန်တီမွှေးတို့ ဆင်ထွားပါသည့် စိန်တစ်ဆင်စာနှင့် ဖြစ်နေသည်။ မင်္ဂလာပွဲတစ်ခုသည် ဤခရေရိပ်မှာလည်း ဖြစ်မြောက်ခဲ့ပြီးပြီ ...။ ဩော် .. တောင်ကြီးမှာလည်း ပြီးခဲ့သည့်ရက်က ပန်းရုံမှာ မင်္ဂလာပွဲတစ်ခုကို ဖြစ်တည်ခဲ့ရပြီးပြီ ...။ ဖေဖေနှင့် မေမေတို့၏ များလှစွာသောဂုဏ်သရေရှိလူကြီးမင်းများကို ဖိတ်ကြား၍ ဖြစ်မြောက်စေခဲ့ရာ မင်္ဂလာပွဲသည် ကုန်ကျစရိတ်များစွာဖြင့် ပြီးမြောက်ခဲ့ရခြင်း ...။

မိဂျိုး ဝတ်ဆင်ခဲ့ရာ လက်ဝတ်ရတနာများသည် ပတ္တမြားတစ်ဆင့်၊ နီလာတစ်ဆင့်၊ ပုလဲစိန်ရံတစ်ဆင့် ...။ လည်ဆွဲများစွာသည် လည်ကပ်အဖြစ်မှသည် အဆင့်ဆင့်အရှည်အတိုင်း ဆင့်စီ၍ ဆွဲခဲ့သမျှသည် သတို့သမီးဝတ်အင်္ကျီ၏ ရင်ဘတ်ပိုင်းမှာ အုပ်ဆိုင်းလျက် များစွာရှိခဲ့ရသည်ပါပဲ ...။ လက်ကောက်လက်စွပ်တို့သည်လည်း စီစီသွယ်သွယ် ...။ အဆင့်



ဆင့် ...။ ဆံထုံးနှင့် စိုက်ဘီးတို့သည်လည်း ဆံထုံးမှာ အသွယ်သွယ် ...။ တကယ့်ကို ရတနာနှင့် ထုံမွမ်းထားသော သတို့သမီးအဖြစ် မိဂျိုး ပန်းရုံမှာ ရှိခဲ့ရပြီးပြီ ...။

ခုကျတော့ .. ခရေရိပ်သို့ မနေ့မနက်ပိုင်းမှာ ရောက်သည်။ ဤနေ့မှာ မင်္ဂလာဧည့်ခံပွဲကို ကျင်းပဖြစ်ခဲ့သည်။ အန်ကယ်နှင့် အန်တီမွှေးတို့၏ ပတ်သက်ရာ မိတ်ဆွေရင်းချာများစွာထံ ရှေ့ရက်ကတည်းက ဖိတ်စာတွေဝေခဲ့ဖို့ တောင်ကြီးသို့ဆင်းမလာခင်ကတည်းက အလုပ်သမားတွေဖြင့် အစစ စီစဉ်ထားခဲ့ပါသည့် အန်ကယ်ထက် ...။

ခုကျတော့ .. အစစ သည် အဆင်တပြေဖြင့် မင်္ဂလာဧည့်ခံပွဲလည်း ပြီးမြောက်ကုန်ဆုံးခဲ့ရချေပြီတည့် ...။

မိဘများကို ဧည့်ခန်းမှာ သူနှင့်အတူ မိဂျိုး ကန်တော့စဉ်ကိုက်။ အန်တီမွှေးမှ မီးခံသေတ္တာသော့ကို ပေးလာခြင်းပါ ...။

မိဂျိုး ဖေဖေနှင့်မေမေ့ကိုကြည့်တော့ ပြုံးကြည့်နေကြတာကို ကြုံ၏။ သမီးကို ချန်ခဲ့ရမည်မို့ ရင်ထဲဆို့နေကြတာလည်း သိသာနေသည်ပါပဲ။ ဒါပေမဲ့ .. ပီတိဘက်ကိုနှယ်သောအပြုံးသည် အလွမ်းထဲမှာ .. စိတ်ချခြင်းဆိုသည့်ခံစားချက်တွေ ရောထွေးယှက်တင်ပါနေသည်။ ရင်ထဲဆို့သည့်အဆို့ထဲမှာ .. နောင်ရေး စိတ်အေးရခြင်းဆိုသည့် အပူငြိမ်းခြင်းကလည်း ပူးပူးကပ်ကပ်ပါနေကြသည်။

"လိမ္မာနော် သမီး မိဂျိုး .. လူကြီးမိဘစကားကို နားထောင်၊ ခင်ပွန်းသည်ကို ရိုသေ .. နာခံရမယ်သမီး .. ဖေဖေနဲ့မေမေတို့ မနက်ဖန်မနက် ပြန်ကြမှာဆိုတော့ .. ခုကတည်းက .. မှာသင့်တာ ထပ်မှာခဲ့ရဦးလိမ့်မယ် .. အိမ်ထောင်သည်ဖြစ်ပြီမို့ .. ကိုယ်တည်ရှိရာ အိမ်ကြီးဟာ .. ကိုယ့်ဘဝဖြစ်ပေတယ် သမီး .. ခင်ပွန်းသည်ရဲ့မိဘဟာ သမီးရဲ့မိဘဖြစ်တယ် .. ခင်ပွန်းသည်ဟာ .. ရိုသေအားထားရာဖြစ်တယ် .. သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင်ထားပါကွယ် .. တဆက်တည်း ထက်သာအောင်နဲ့ နုနုမွေး တို့ကိုလည်း ဒီသမီးလေးကို အပ်ခဲ့တယ် .. သမီးဟာ .. ဘာတစ်ခုမှ .. အိမ်မှုရေးရာမလုပ်ခဲ့ရတာ အသိပေမို့ .. သမီးအပေါ် နားလည်ပေးကြပါ .. သူ့ကို .. ငါ့လိုပဲချစ်ပါ .. ပန်းရုံမှာနေရသလို .. သမီးလေးကို ဆက်ပြီးထားပေးပါလို့ တောင်းပန်ချင်တယ် .. သားကလည်း .. အဲသလို ထားပေးပါကွယ် ..''

မိဂျိုး ကို နုနုဖတ်ဖတ်လေး အရုပ်ကြည့်သလို တသသထားခဲ့သည့် အဖြစ်တစ်ခု ...။ ခုလည်း ထိုသို့ ဖူးဖူးမှုတ် .. ရွှေရည်ပန်းဆက် .. တသသထားဖို့ရာပဲ ဖေဖေမှာရှာသည်ပါပဲ။

''စိတ်ချပါ ကံယုံ ရာ .. ဒီသမီးလေးအတွက် .. ငါ့မှာ .. ပိုတာဝန်ရှိပါတယ် .. မင်း ဘာမှမပူနဲ့ .. ဒီကလေး စိတ်ချမ်းသာနေရမှာပါ .. မင်းတို့ .. စစ်ကိုင်းဘက်မှာ ဇနီးမောင်နှံနှစ်ယောက်စလုံး .. တရားစခန်းဝင်ချင်ကြသဆို .. ဝင်စမ်းပါ့ ကံယုံရာ .. မင်းရဲ့ ငွေလရိပ်ကိုလည်း ဒီပ နိုင်နိုင်နင်းနင်း အဲဒီကာလအတွင်းမှာ ဦးစီးပေးနေနိုင်တာပဲကွာ''

ဟု ပြောတော့ ဖေဖေ ခေါင်းညိတ်သည်။ မိဂျိုး ကိုကြည့်ကာ ဆံစလေးကို သပ်ပေးပါ၏။

''ဖေဖေ့ သမီးလေး လိမ္မာပါတယ်ကွယ် .. မိဘက သင့်တော်သူနဲ့ နေရာချပေးတာကို လက်ခံပေးတာကိုက .. မိဘကျေးဇူးဆပ်ရာ ရောက်ပါတယ် .. ဘာလို့လည်းဆိုတော့ .. ခုလို သမီး လက်ခံခဲ့တဲ့အတွက် .. သမီးလေးနောင်ရေး စိတ်အေးချမ်းသာရှိရပြီ .. စိတ်ချလက်ချရှိရပြီ .. ရွှေလို့ဥထားခဲ့ရတဲ့သမီးလေးကို .. ဆက်ပြီး ရွှေလို့ဥထားကြမယ့်မိသားစုမှာ အပ်နှံထားခဲ့ရပြီ .. အဲဒီအတွက် ဖေဖေတို့ သောကငြိမ်းကြရတယ် .. စိတ်အေးချမ်းတည်ငြိမ်ကြရတယ် .. အဲသလိုဖြစ်ရတဲ့အတွက် .. သမီးလေးဘက်က .. မိဘကို အပူငြိမ်းစေတဲ့သမီးလေးအဖြစ် ကျေးဇူးဆပ်ရာမြောက်



ပေတယ်သမီး .. ဖေဖေနဲ့ မေမေတို့မှာ အရိပ်တကြည့်ကြည့်နဲ့ ချစ်ရတဲ့ ဒီသမီးလေး .. မထိုက်တန်သူနဲ့ အိမ်ထောင်ကျမှာကိုလည်း စိတ်ပူခဲ့ကြရတယ် .. ကိုယ်ထားသလို ရွှေရည်ပန်းဆက် .. ထားတဲ့ အိမ်ထောင်နဲ့ ကြုံပါ့မလားလို့လည်း သောကပူပန်ကြီးခဲ့ရတယ် .. အခု .. စိတ်အေးချမ်းသာရှိကြရပြီ .. ရှိကြရပြီကွယ် ..''

ဟု ပြောကာ ဆံစကို သပ်ပေးနေသည့် ဖေဖေ့လက်ဖျားတွေ တုန်နေတာကို မိဂျိုး သိနေရသည်။ မေမေ မျက်ရည်လည်နေတာကို မြင်နေရသည်။ မိဂျိုး ကို မခွဲနိုင်ရက်ရက်ဖြင့် ခက်ခက်ခဲခဲ ဤအဆုံးအဖြတ်ကို ဆုံးဖြတ်ခဲ့ရခြင်းသည် မိဂျိုး ကို စိတ်ချလက်ချ အိမ်ထောင်ရက်သားချပေးခဲ့ချင်လွန်း၍သာ ဖြစ်ရသည်ဆိုတာ မိဂျိုးသိသည်ပါပဲ ...။

''ထပ်မှာပါရစေကွာ .. ငါ့သမီးလေး .. တကယ့်ကို .. ရွှေလို့ဥထားတာမို့ .. သူ့ကို .. တယုတယ .. ထားပေးကြပါကွာ .. ဒါပါပဲ ..''ဟု ထပ်၍ ဖေဖေမှာရှာပါ၏။ အန်ကယ်ထက် မှာ ပြုံး၍ ဖေဖေ့ကို ဖက်ထားသည်ပါပဲ။

''ကဲ .. ကဲ .. အပေါ်ထပ်တက်ကြ .. နားကြ .. အဝတ်အစားလဲ .. လက်ဝတ်လက်စားတွေ သိမ်းဆည်းတန်တာ သိမ်းဆည်းပြီး မီးခံသေတ္တာထဲထည့် .. ရေမိုးချိုး .. အေးအေးလူလူရှိမှ .. အောက်ထပ်ဆင်းခဲ့ကြပေါ့ကွယ် .. ကဲ .. သားက သမီးကို မင်္ဂလာခန်းထဲခေါ်သွား .. သားရဲ့အိမ်ပေမို့ .. သမီးလေးကို အစစ .. ဦးဆောင်ခေါ်ပြပေးရပေမပေါ့ .. ကဲ .. သမီး ငွေကြိုးကြိုးလေး .. လိုက်သွား .. လိုက်သွား .. ကံယုံ နဲ့ မဖွေးတို့လည်း အောက်ထပ်မှာ ခဏနားဦးပေါ့ .. စကားလေး ဘာလေး ဆက်ကြတာပေါ့ .. ဟုတ်ပလား ..''

ဟု အန်ကယ်ထက် ပဲ ဦးဆောင်၊ စီစဉ်ပေးသွားသည်ပါပဲ။

သူ .. မိဂျိုး ကို စောင့်၍ခေါ်တာမို့ အပေါ်ထပ်သို့ သူ့နောက်ပါးဆီမှ လိုက်ကက်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက သတို့သမီးအလှဆင်ရာခန်းဆောင် ..။ ဩော် .. ခုတော့လည်း .. မိဂျိုးနှင့်သူ ထာဝရနေရမည့် နေရာတစ်ခု ..။

မိဂျိုး အခန်းထဲဝင်ချိန်မှာ နှင်းဆီရနံ့တို့ သင်းနေသည်။ အခန်းထဲမှာ ငွေပန်းအိုးတို့ ရှိနေကြရာ ပန်းတင်ခုံများဆီမှ အဖြူရောင်နှင်းဆီတို့၏အလှကို ရင်အေးစရာမြင်နေရသည်ပါပဲ။

မိဂျိုး မှန်တင်ခုံရှေ့မှာ ထိုင်သည်။ စတင်၍ လက်ဝတ်လက်စားတွေကို ချွတ်သည်။ သေသေသပ်သပ် စီသွယ်၍ မှန်တင်ခုံထက်မှာ တင်သည်။ ဆံထုံးကိုမဖြေခင် ဆံထုံး၊ စိုက်ဘီးတို့ကို ဖြုတ်ရပြန်၏။ ဆံထုံးကိုဖြည်ကာ ခေါင်းဘီးလေးဖြင့် ဆံနွယ်ရှည်ကြီးကို ဖြီးသည်။ သူ မိဂျိုး ဘေးမှာရပ်လာပါ၏။ နာရီကိုချွတ်သည်။ စိန်ကြယ်သီးတပ် ရှပ်အင်္ကျီဆီမှ လက်ကြယ်သီးနှင့် ရင်ဘတ်ကြယ်သီးကို ဖြုတ်နေသည်။ စိန်လက်စွပ်တွေကိုလည်း ချွတ်၏။ လက်ထပ်လက်စွပ်ဖြစ်သည့် စိန်တစ်လုံးမြှုပ်လက်စွပ်တစ်ကွင်းကိုပဲ ချန်ထားသည်။

"ငွေကြိုးကြာ သိမ်းလိုက်နော် .. မောင် .. ရေချိုးလိုက်မယ် .."

ဟု ခပ်တိုးတိုးပြောသည်။ မောင် ..။ စတင်၍ ပထမဆုံး ဤနေ့မှာ သုံးလိုက်ပါသည့်မောင် .. ဆိုသည့်အခေါ်တစ်ခု ..။ ပန်းရဂုံမင်္ဂလာပွဲပြီးမြောက်ချိန်တုန်းကလည်း မောင်ဟု မသုံးခဲ့ ..။ ကိုယ် .. ဟု သင့်သလို သုံးသည့်သူ ..။ ခုကျတော့မှ .. စတင်၍ .. မောင် .. ဟု သုံးလာပြီ ..။

မိဂျိုး ခေါင်းလေးပဲ ညိတ်ပြလိုက်ရပါ၏။ လက်ဝတ်လက်စားတွေကို မီးခံသေတ္တာဖွင့်၍ သိမ်းဆည်းထားလိုက်ရသည်ပါပဲ ..။

သူ ရေချိုးနေခိုက် မိဂျိုး အဝတ်အစားမြန်မြန်လဲ ..။ ပန်းရဂုံမှ ပါလာသည့် အဝတ်အစားသေတ္တာကိုဖွင့်၍ ဗီရိုထဲဝတ်တွေ သပ်သပ်ခပ်ခပ်ထည့် ..။ သူထွက်လာတော့ မိဂျိုး ရေဝင်ချိုးဖြင့် ရှိသွားရပါ၏။

မိဂျိုး ရေချိုးပြီးထွက်လာတော့ တဘက်ကြီးဖြင့် ခေါင်းကို ချောက်



အောင်သုတ်နေသည့် သူ့ကို တွေ့ရသည်။ အဝတ်အစားလဲထားပြီးနေပြီ ..။ တဘက်ကို မိဂျိုး ဘီရိုထဲမှ ထုတ်မပေးထားမိခဲ့တာ ခုမှ ကိုယ့်ချို့ယွင်းချက်ကို စတင်၍ သတိထားမိလာရပါ၏။ နောက်တစ်ကြိမ်ဆိုလျှင် .. သူ့အတွက် တဘက်နှင့် ပုဆိုး၊ အင်္ကျီတို့ကို ထုတ်၍ အရံသင့်အဖြစ် ခုတင်ပေါ်တင်ထားပေးရမည်ဟု စိတ်ထဲမှတ်သား မှတ်ထင် သတိပုံလိုက်ရသည်ပါပဲ။ မေ့မေ့လျော့လျော့ မနေသင့်မှန်း မိဂျိုး စိတ်ထဲတွင်တွင် မှတ်နေရပါ၏။

မိဂျိုး ခပ်သုတ်သုတ် အဝတ်လေးတွေယူကာ ရေချိုးခန်းထဲ ပြန်ဝင် ..။ အဝတ်အစားဝတ်ကာ ပြန်ထွက်လာတော့ သူ ခုတင်ထက်မှာ ထိုင်နေတာကြုံ၏။

"သက်သောင့်သက်သာနေနော် မငွေကြိုးကြာ .. မောင့်အတွက် ဘာတာဝန်မှမလိုဘူး .. မောင့်ဘာသာ မောင် .. အားလုံး အရင်က အတိုင်း ဆက်နေပြီး .. ဆက်လုပ်သွားမှာပါ .. အရေးကြီးတာက မငွေကြိုးကြာ .. စိတ်ထဲ မွန်းကျပ်မနေဖို့ပါပဲ .. အဲဒါ .. အဓိကကျပါတယ်"

စောစောက သူ့အတွက် တဘက်လေးပင် ထုတ်မပေးမိတာ ရင်ထဲမကောင်း မိဂျိုး ဖြစ်ရလေသမျှ သူရိပ်မိ၍လားမသိ ..။ အေးအေးဆေးဆေး ပြောလာသည်ပါပဲ။ မိဂျိုး ခေါင်းလေးပဲညိတ်ပြရသည်။ မှန်တင်ခုံရှေ့မှာ ထိုင်မိရကာ စတင်၍ သနပ်ခါးသွေးမိရပါ၏။ မိဂျိုး ကိုယ့်တိုင်လည်းဆန်းနေသည်။ ခြောက်လအတွင်းမှာ .. မိဂျိုး အိမ်ထောင်သည်ဘဝ ရောက်ခဲ့ရပြီကောလေ ..။

သူသည် .. တကယ့်ကိုပဲ .. ပန်းရဂုံမှာ ကဗျာလေးပေးခဲ့ပြီးသည့် နောက်မှာ .. တစ်ခေါက်မျှ ထပ်ရောက်မလာခဲ့ ..။ ဖုန်းလည်းဆက်မလာခဲ့ ..။ လုံးဝငြိမ်သက်စွာ ခရေရိပ်မှာ နေနေခဲ့သည့် လူတစ်ယောက် ..။

ခြောက်လပြည့်ခါနီးကျတော့မှ .. အန်ကယ်ထက် မေမေ့ထံ ရောက်လာသည်။ သားဖြစ်သူ၏ ချစ်ခြင်းကို .. ယုံကြည်ပါလျှင် .. ငွေကြိုးကြာမှ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးတစ်ချက်ညိတ်ပြပေးပါ ..။ အခမ်းနားဆုံးသော မင်္ဂလာပွဲတစ်ခုကို .. ကျင်းပပါရစေ .. ဟု ပြောလာသည်လေ။

ဖေဖေက ခြောက်လတိုင်အောင် အန်ကယ်ထက် တို့ကို စောင့်ဆိုင်းစေခဲ့သမျှ ..။ တကယ်တမ်း ခြောက်လပြည့်ခါနီးမှာ အန်ကယ်ထက် ရောက်လာခဲ့ခြင်းပါ ..။ ထိုညနေက .. သူ့ထံမှ ဖုန်းဝင်လာသည်။

"ကဗျာလေးထဲကအတိုင်း .. ကိုယ် ကျန်ရစ်ရမယ်ဆိုရင်လည်း .. ကျေနပ်စွာ .. ဆက်ချစ်နေပါ့မယ် မငွေကြိုးကြာ .."

ဟု လေသံတိုးတိုးဖြင့်ပြောပြီးတာနှင့် ဖုန်းချသွားခဲ့သည်ကလည်း သူပဲဖြစ်လေသည်။ မိဂျိုး ၏လက်ကိုင်ဖုန်းနံပါတ်ကို .. ဖေဖေ့ထံမှ အန်ကယ်ထက် တောင်းခဲ့ခြင်းသည် .. သားဖြစ်သူထံ ထိုဖုန်းနံပါတ်ကို ပေးဖို့ဆိုတာ .. မိဂျိုး တိုအခါမှ နားလည်ခဲ့ရသည်တည့်။ ဖေဖေရော မေမေပါ သဘောမျှနေသည့် မင်္ဂလာပွဲတစ်ခု ဖြစ်မြောက်လိုခြင်းသည် ဘုန်းမြတ်ချမ်းသာ ဆိုသည့် သူ့အပေါ် အလွန်ယုံကြည်နေ၍ဆိုတာ မိဂျိုး နားလည်ခဲ့ရသည်ပါပဲ။

ငွေရေးကြေးရေးကိစ္စ ကင်းစင်နေသော စကားလုံးများဖြင့် ကမ်းလှမ်းနေသည့် ထိုမင်္ဂလာပွဲတစ်ခုကို သတို့သမီးအဖြစ် .. လက်ခံပေး လိုက်ဖို့ရာ မိဂျိုး ဆုံးဖြတ်ခဲ့ရခြင်းသည် ..။ အဓိကအားဖြင့် ဖေဖေနှင့် မေမေ ကို ချစ်၍လေးစားပါသည်။ သူ့ကို .. ယုံကြည်လာ၍လည်း ဖြစ်ပါ၏။

ခုတော့ .. မိဂျိုးသည် .. ဘုန်းမြတ်ချမ်းသာ၏ဇနီးအဖြစ် .. ရှိခဲ့ရပြီးပြီ ..။ ထိုသူသည် မိဂျိုး အပေါ် နားလည်နိုင်မည့်သူ ..။ စိတ်အေးချမ်းစေမည့်သူဟု ယုံကြည်ထားမိခဲ့ရပြီ ..။ အထူးသဖြင့် .. သူ့ကို .. မိဂျိုး ပို၍ ပို၍ ယုံကြည်လာရခြင်းမှာ .. သူ၏ ရိုးဂုဏ်ကြောင့်လည်း ပါပါ၏။ ကြည့် ..။ မိဂျိုး ကိုခေါ်သည်မှ .. မငွေကြိုးကြာ တဲ့လားလေ။ အံမယ် .. သူ့ကိုယ်သူကျတော့ .. မောင်ဟု စိတ်ကူးတယဉ် ခေါ်စေချင်ပုံရသည်။



ဒါပေမဲ့ .. မလည်မဝယ်သံကြီးဖြင့် .. မိဂျိုး ကို မငွေကြိုးကြာဟု ခေါ်နေပြန်၏။ ဒါကြောင့်လည်း ခွကျကျ လူပျိုမကြီးတကြီး ဖြစ်နေရပုံပေါ်သည်ပါပဲ ..။ ထိုစဉ်ခိုက် .. ခုတင်ပေါ်တင်ထားသည့် သူ့ဟန်းဖုန်း ခေါ်သံမြည်လာသည်။ သူ .. ဖုန်းကို ယူကြည့်၏။ နောက်တော့ တစ်ချက်ငြိမ်နေသည်။ သနပ်ခါးလူးနေရင်းမှ မိဂျိုး မှန်ထဲမှာ ထင်နေသည့် သူ့ပုံရိပ်ကို အကဲခတ်သလို ကြည့်ကြည့်နေမိရသည်ပါပဲ။ နောက်တော့လည်း သူ ဖုန်းကိုထူးလိုက်သည်တည့် ..။

"ဟယ်လို .."

"ဟုတ်ပါတယ် .. မဖိတ်တော့တာက .. မဖိတ်သင့်လို့ပါ မငွေယမုန်ဆွေ .. ဘာလို့လည်းဆိုတော့ .. အန်ကယ်ဦးမျိုးဆွေ ကိုယ်တိုင်က .. ကိုယ့်ကို အလုပ်ဆင်းစရာမလိုတော့ဘူးလို့ .. ဖုန်းလေးဆက်ပြီး အလုပ်ဖြုတ်ခဲ့လို့ပါပဲ .."

မိဂျိုး ထရပ်လိုက်မိပြီ။ ဤကိစ္စသည် .. မိဂျိုး တို့၏ မင်္ဂလာပွဲနှင့် ပတ်သက်နေသည်။ ဖိတ်စာမဖိတ်၍ လှမ်းဆက်သည့်ဖုန်းဖြစ်နေသည်။ ပြီးတော့ .. ဆက်သူသည် မယမုန်ဆွေ တဲ့လားလေ ..။ မိန်းကလေးတစ်ယောက် ဖြစ်နေသည်။ မိဂျိုး ရှေ့မှာ ငုတ်တုတ်ရှိနေချိန် ကြားရသည့် စကားပေမို့ သူ့ဘေးသို့ မိဂျိုး ရောက်လည်း ရောက်သွားရသည်။ သူ့လက်ကိုင်ဖုန်းမှ စပီကာခလုတ်လေးကိုလည်း ရုတ်ခနဲမပြောမဆို မိဂျိုး နှိပ်လိုက်သည်ပါပဲ။ မိဂျိုး သိဖို့လိုအပ်သည်လေ ..။ မိဂျိုး သိသင့်သိထိုက်သည့်ကိစ္စ ..။ သိကိုသိရမှ ဖြစ်ချေမည်ပေါ့။

"ဒါကတော့ .. ကိုကိုဘုန်းဘက် က .. ရုတ်တရက်ကြီး .. ရှောင်ဖယ်ဖယ်လုပ်ခဲ့တာ မေ့ထားလိုက်လို့ဖြစ်မလား .. ခြောက်လပြောက်အတွင်းမှာ ကိုကိုဘုန်း တတ်နိုင်သမျှ ယမုန့် ကို ရှောင်တယ်၊ ဖေဖေ့ကိုတော့ ဟန်မပျက်ဆက်ဆံတယ် .. ယမုန် က ဟိုကိုပို့ပါ .. ဒီကိုပို့ပါဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလို .. ရှော့ပင်ထွက်တာလိုက်ပို့ခိုင်းရင်လည်း ခါတိုင်းလို စိတ်ရှည်လက်ရှည် လိုက်ပို့ပေးဖော် မရတော့ဘဲ ရှောင်နေတတ်တယ် .. ဟိုအကြောင်းပြ သည်အကြောင်းပြနဲ့ .. ရအောင်လွှတ်အောင်မပို့ဘဲ နေခဲ့တယ် .. အဲဒါတောင်မှ .. ယမုန်တို့ သားအဖ ဘယ်လောက်ထိ ညံ့ဖျင်းခဲ့သလဲဆိုရင် .. ကိုကိုဘုန်း မိန်းမတစ်ယောက်နဲ့ လက်ထပ်ဖို့ ရှိနေတယ်ဆိုတာလုံးဝ မမျှော်လင့်ထားမိခဲ့ကြတဲ့အထိပေါ့ .. မြကမ်းသာမှာရှိကြတဲ့ ဝန်ထမ်းရာထူးကြီးငယ်မရွေး .. သက်ကြီးငယ်မရွေးတို့ဟာ .. တစ်နေ့မှာ ယမုန်နဲ့ ကိုကိုဘုန်းတို့ လက်ထပ်ဖြစ်ကြမယ်လို့ ထင်နေကြလောက်အောင် .. တွဲခဲ့ကြတာပဲမဟုတ်လား .. ဘွဲ့ရတာလည်းတူတူ .. အတန်းဖော်လည်းတူတူ .. ဒီလောက်ထိရှိကြတဲ့နောက်မှာ .. ဒီကိစ္စကျတော့ ကိုကိုဘုန်း ဘာလို့ ရေငုံ ..ာ်ပိတ် လျှို့ဝှက်ခဲ့ရတာလဲ .. သားလုပ်သူ ဘုန်းမြတ်ချမ်းသာ ကို တောင်ကြီးမှ ... ..ပွဲ သွားကျင်းပရမှာမို့ .. အလုပ်ပျက်ရက်လေး ခွင့်ပြုပါတို့ ဘာ... ..လေချိုလေးနဲ့ လာအသိပေးတာကို ဖေဖေ အံကြိတ်အရှက်သည်းရင်းခံခဲ့ရတာပေါ့ .. အဲသလိုလူမျိုးကို .. ကိုကို့ကို .. ဖေဖေ အလုပ်မဆင်းခိုင်းတော့တာ ဆန်းသလား .. ဟင် ..''

ဟု ပြောနေသမျှ မိဂျိုး ကြားနေရသည်။ သူ့ကိုကြည့်တော့ ငြိမ်နေ၏။ ဘာမျှပြ... မပြောဘဲ တစ်ချက် စိတ်ရှုပ်သလိုကြီးရှိနေခြင်း ..။ နောက်တော့ ဆုံးဖြတ်လိုက်ပုံဖြင့် ဖုန်းကို ပိတ်လိုက်သည်။ မိဂျိုး ကို လည်း မော့ခနဲကြည့်လာပါ၏။ သူ့မျက်ဝန်းနက်နက်တွေမှာ စိတ်ပင်ပန်းမှုန်းကျပ်ရိပ်တွေ နေရာယူထားကြသည်။ မျက်နှာထက်မှာ သ... ..မကျသည့်ပုံရိပ်... ... အုပ်မိုးပြည့်ကျပ်နေသည်။ စကားတစ်ခွန်းမျှမပြောဘဲ အေးစက်သောအကြည့်တွေဖြင့် သူ့ကို ငေးစိုက်ကြည့်နေသည့် မိဂျိုး ကို သူကလည်း အေးစက်စက်ပြန်ကြည့်လာသည်။

''နောက်ကို .. မောင့်ဖုန်းပြောချိန်မှာ .. ခုလို .. ဘယ်တော့မှ ..



စပီကာခလုတ်ကို လာမနှိပ်မိပါစေနဲ့ မငွေကြိုးကြာ .. ဒါပေမဲ့ ဒီကိစ္စမှာတော့ .. မောင် ဘာကိုမှ ဖွင့်ပြောဝန်ခံစရာမလိုတော့ဘဲ .. မငွေ ကြိုးကြာအရာရာ သိတန်သလောက်သိရအောင် .. ဒီဖုန်းပြောသံလေးကပဲ အသိပေးလိုက်သလို ဖြစ်ကုန်ရပြီဆိုပါတော့ .. ဟုတ်တယ် မငွေကြိုးကြာ .. ယမုန်ဆွေဟာ ကိုယ့်အလုပ်ရှင်သူဌေး ဦးမျိုးဆွေရဲ့ တစ်ဦးတည်းသော သမီးပဲ .. သူနဲ့ မောင်နဲ့ ကျောင်းအတူတူပြီးကြတယ်.. မောင့်ထက်လည်း ခြောက်လလောက်ငယ်တယ် .. သူနဲ့မောင် .. တတွဲတွဲရှိခဲ့ကြတာတော့ အမှ... ...ပဲမယ့် .. မောင် သူ့ကို ဘယ်တုန်းကမှ ချစ်ရေး မဆိုခဲ့ဖူးဘူး .. သူငယ်...ချင်းလက်ပိုတဲ့ ရင်းနှီးဆက်ဆံမှုရှိခဲ့ကြပေမယ့် .. ချစ်သူမဖြစ်ခဲ့ကြတာကို ယုံပေးပါ ..''

ဟု ပြောလာသည်။ မိဂျိုး စိတ်ထဲရှုပ်ထွေးလာ၏။ ခုမှ .. မင်္ဂလာပွဲက ခရေရိပ်မှာပြီးခါစ ..။ ဖုန်းကဝင်လာပြီ ..။ မိဂျိုး လက်ထပ်ထားရာ သူသည် နောက်ကြောင်းမရှင်းဖြစ်နေသယောင် ရှိလာနေသည်။ မိန်းမတစ်ယောက်က ဖုန်းဆက်၍ ရန်တွေ့စကားပြောရဲရလောက်အောင် အဘယ်အတိုင်းအတာထိများ သူတို့ချင်း ရင်းရင်းချာချာ ပွန်းပွန်းတီးတီး ရှိခဲ့ကြ၍ပါလဲလေ..။

''ယမုန်ဆွေ ဟာ ဘာတစ်ခုမှ မငွေကြိုးကြာ ကို မမီဘူး .. ရုပ်အဆင်းချင်းလည်း မမီဘူး .. ချမ်းသာချင်းလည်း မမီဘူး .. သူဟာ .. လမင်းကြီးနဲ့ယှဉ်လိုက်ရတဲ့ ပိုးစုန်းကြူးငယ်လေးပါပဲ ..''

''ကျွန်မဟာ လမင်းကြီးဖြစ်ရတဲ့အတွက် ဝမ်းမသာနိုင်ပါဘူး ကိုဘုန်းမြတ်ချမ်းသာ .. ကျွန်မနဲ့ အယှဉ်ခံလိုက်ရတဲ့ ပိုးစုန်းကြူးလေးဟာ.. သက်မဲ့မဖြစ်နေဘဲ .. သက်ရှိဖြစ်နေတာကိုပဲ .. အာရုံစိုက်ထားမိပါတယ် .. ဘာလို့လည်းဆိုတော့ .. သက်ရှိအရာတိုင်းဟာ .. ခံစားတက်လို့ပါပဲ .. အဲ... ရှင့်ကြောင့် .. သူ ခံစားနေရတယ်ဆိုတာ .. ကျွန်မသိ... ...တယ်လေ ..''

ဟု ပြောကာ မိဂျိုး မှန်တင်ခုံမှာ ပြန်၍သွားထိုင်သည်။ မျက်နှာထက်မှာ လူးလက်စသနပ်ခါးကို ပါးကွက်ကျားလေး တင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်သည် ခါနေ၏။ ဟာနေ၏။ မွန်းကျပ်နေ၏။ သူ့ဘက်က ဘာတစ်ခွန်းမှ စကားဆက်မလာခြင်းက ပိုဆိုးနေသည်။ နေရာမှ သူ ရုတ်ခနဲ ထွက်ခွာသွားတော့ မိဂျိုး ရင်ဆို့၍ကျန်၏။ တကယ်ဆို .. တစ်ခုခုတော့ သူ စကားလုံးတွေ ရွေးချယ်၍ မိဂျိုး ကို စိတ်သက်သာရာရအောင် ကြိုးစားသင့်သည်။ ခုကျတော့ .. သူသည် .. အကျပ်အတည်းတစ်ခုကို .. ကိုယ်လွတ်ရုန်း၍ ထွက်သွားသူတစ်ယောက်ဖြစ်နေ၏။ ဟုတ်သည်။ အကြပ်အတည်းဆိုတာက .. စိတ်ကို မွန်းကျပ်စေခြင်းသည်လည်း ပါဝင်သည်ပဲလေ ..။ မိဂျိုး တစ်ယောက်တည်း ထိုမွန်းကျပ်သောဒဏ်ကို အကူအကယ်မပါဘဲ .. ခံစားလက်ခံပေးလိုက်ရချေသည်တကား ..။



## အခန်း(၆)

ဖေဖေနှင့် မေမေတို့ပြန်ကြမည့် မနက်စာ ဘရိတ်ဖတ်(စ်)စားချိန်ထိ ခရေရိပ်မှာ မိဂျိုး ကို ဖူးဖူးမှုတ်ထားနေကြမြဲ ဖြစ်နေသည်ပါပဲ ..။

မနက်စာအတွက် ပူတင်းရှိသည်။ ပေါင်မုန့်မီးကင်နှင့် ထောပတ်သကြားဖြူးလေးလည်း ရှိသည်။ မိဂျိုး အတွက်ဆို ဘေးမှာထိုင်၍ အန်တီမွေးမှ အရိပ်တကြည့်ကြည့်ဖြင့် အားမလိုအားမရ လေသံလေးနှင့် ပြောနေသည်ပါပဲ ..။

"သမီးလေး ငွေကြိုးကြာ ကတော့လေ .. အစားအသောက်ကလည်း နည်းလိုက်တာကွယ် .. ပေါင်မုန့်လေးများကွယ် နှစ်ချပ်သုံးချပ်စားမှ ဖြစ်ပေမပေါ့ .. ခုဥစ္စာက .. တစ်ချပ်လေးပဲစားတယ် .. ပူတင်းကလည်း တစ်ဝက်လေးပဲ တို့တို့တိတိစားသကိုး .. မဖြစ်ပါဘူးလေ .. နေ့လယ်စာမစားခင်လေးမှာ အစာတစ်ခုခုတော့ ကျွေးကိုကျွေးမှဖြစ်မှာ .. အစားနည်းတော့ လေနာရောဂါရမှာစိုးရတယ်လေ .. နွားနို့ပူပူတစ်ခွက် လောက်ကတော့ နေ့လယ်စာမစားခင်မှာ အစာတစ်ခုခုနဲ့ အစာအိမ်ထဲရှိနေမှကိုဖြစ်မှာ .. ဒေါ်ထား .. မွေးရဲ့ သမီးလေးအတွက် ဆယ်နာရီဆိုနွားနို့ အရင်နွှေး .. ကြားရဲ့လား .."

ဟု ပြောနေတော့ မိဂျိုး ဖေဖေနှင့် မေမေ့ကို ကြည့်မိရပါ၏။ ဖေဖေရော

www.burmeseclassic.com



မေမေပါ ပြုံးနေကြသည်မှ ကြည်စင်ဝင်းပနေကြသည်ပါပဲ။

"ဖေဖေတို့ ပန်းရုံကို ပြန်ရောက်ပြီး နှစ်ရက်လောက်နေရင် .. စစ်ကိုင်းဘက်ထွက်ကြမယ်သမီး .. ထက်သာအောင် ရေ သမီးလေးကို အပ်ခဲ့တာနော် .. မလိမ္မာတာရှိရင်လည်း ညီမ နုနုမွေးက ဆုံးမပါကွယ် .. သမီးကလည်း လူကြီးစကားနားထောင်နော် .."

ဟု ဖေဖေမှာနေတော့လည်း တပြုံးပြုံးဖြင့် အန်တီမွေး ရှိနေရင်းမှ ...

"အစ်ကိုကံရယ် .. ဒီသမီးလေးကိုလားရှင် .. ဆုံးမရမှာ .. မွေးရဲ့ သမီးလေးက လိမ္မာလွန်းတဲ့နံ့သာခဲ .. နံ့သာမွှေးလေးပါ .. ဆူစရာရှိရင်တောင် မဆူရက်လောက်အောင် နုဖန့်နေတဲ့ ဒီသမီးလေးဟာ .. အစကတည်းကိုက .. လိမ္မာလွန်းနေတာမို့ .. ဘာမှ .. ဒီကလေးကို ဆူပူဆုံးမစရာရယ်လို့ကို မရှိနိုင်တာပါ အစ်ကိုကံရယ် .. သမီးလေးကလည်း ဘာလိုလို .. အန်တီမွေးကို ပြောနော် .. ပြီးတော့ သမီးရဲ့ ဘုန်းမြတ်ကို ပြောလို့ရတာပဲဥစ္စာ .. ကိုယ့်ခင်ပွန်းသည်ကို .. ဘာမဆို .. မကွယ်မဝှက်ပြော .. ဟုတ်ပလား .. သားကလည်း .. မေမေ့သမီးလေး ငွေကြိုးကြာ ဘာပဲပူဆာပူဆာ .. ဘာပဲပြောပြော .. အလိုလိုက်ရမှာနော် .."

ဟုပြောနေတော့ မိဂျိုး ဖေဖေနှင့်မေမေ့ကို ကြည့်မိရပါ၏။ အရာ စိတ်ချလက်ချဖြင့် ကြည်နူးပီတိဖုံးနေသည့် ဖေဖေနှင့်မေမေ့ကို ကြည့်ရင်း ...။

"ငါ့အတွက် .. ရတက်မအေးဖြစ်နေရတဲ့မိဘတွေ .. ငါ့ကို တစ်ယောက်တည်း တစ်နေ့မှာ ချန်ခဲ့ရမှာ ထိတ်လန့်ပူပန်နေကြရတဲ့ မိဘတွေ .. အခု .. စိတ်ထဲ အေးချမ်းနေကြရပြီ .. အဲသလို ဖြစ်စေဖို့ရာအတွက် .. သူ့ကိုငါ လက်ထပ်ခဲ့ရပေမယ့် .. ငါ့ဘဝဟာ ဖေဖေနဲ့မေမေ တို့ရဲ့အရိပ်မှာ ရှိနေရသလောက် မလုံခြုံသလို ခံစားနေရပါလား .."

ဖေဖေနှင့် မေမေ့ကို ခွဲရမည့်အရေး ရင်ထဲမှာ ကြေကွဲဝမ်းနည်းနေရ



တာကလည်း ဆို့ကျပ်နေပြီ။ ဒါပေမယ့် .. မိဘရှေ့မှာ မငိုရက် ...။ ဖေဖေနှင့် မေမေတို့ အပြန်ခက်ကြရမည်။ အစကတည်းကိုက .. ဤ သမီးလေးကို ချန်ခဲ့ရမည့်ကိစ္စ .. အတော်ကြီး ခက်ခဲနေကြရသည့်အထဲမှာ ...။ မိဂျိုး မျက်ရည်ကျကျန်ခဲ့တာ မြင်ရချေလျှင် ပိုဆိုးကြချေမည်သာ။ မိဂျိုး သည် ဖေဖေနှင့်မေမေတို့အတွက် အသက်တမျှ ချစ်ရသည့်သမီးဆိုတာ မိဂျိုး သိနေသည်ပဲလေ ...။ သွေးကြောသွေးမျှင်ထဲ လည်ပတ်စီးနေသည့် သွေးအဖြစ် မိဂျိုးသည် မေမေတို့ထံပါးမှာ အရေးပါနေသည် ဆိုတာ မိဂျိုးအသိ ...။

"မောင်တို့ .. ဖေဖေနဲ့မေမေတို့ကို ကန်တော့ရအောင်နော် .. တစ်လလောက်ကြာပြီးရင်လည်း .. ပန်းရုံကို မောင်တို့နှစ်ယောက် အလည်သွားကြတာပေါ့ .."

ဟု သူပြောလာတော့ မိဂျိုး ခေါင်းပဲညိတ်ပြသည်။ ဖေဖေနှင့်မေမေ တို့ တရားစခန်းမှ ပန်းရုံသို့ ပြန်ရောက်ချိန်မှာ ...။ မိဂျိုးကို သူ အလည် ခေါ်မည်ဆိုတာ အသိပေးသည့်စကားပေမို့ ...။ ဘာပဲဖြစ်ဖြစ် .. အလိုက် တသိရှိသည်ပဲဟု သူ့အပေါ် စိတ်ထဲမှ ကျေးဇူးတင်မိရသည်ပါပဲ ...။

ဖေဖေနှင့် မေမေ့ကို ဧည့်ခန်းမှာ သူနှင့်အတူ မိဂျိုး ကန်တော့ရပါ၏။

"သမီးလေး မလိမ္မာရင် .. ဆူပါ မွေးရယ် .. ခင်ဖွေး ကိုလည်း ဖုန်းနဲ့ တိုင်ပါ .. သမီးကို ခင်ဖွေး ဆုံးမပါ့မယ် .. တစ်ခုပဲ ရှိပါတယ်၊ သမီးလေး က .. အိမ်မှာ အလွန်အလုပ်လုပ်ချင်တဲ့ကလေးပါ .. ခင်ဖွေး တို့က အစိုးရိမ် လွန်ပြီး .. ထိခိုက်ဒဏ်ရာရမှာစိုးတဲ့စိတ်နဲ့ .. ဘာမှကို ပေးမလုပ်ခဲ့တာမို့ .. သမီးလေးဟာ .. ဘာတစ်ခုမှ .. အိမ်မှုကိစ္စ မလုပ်တတ်တာပါ မွေးရယ် .. သမီးလေးကို .. အဲဒီတစ်ခု .. ဆက်ပြီး စောင့်ရှောက်ပေးပါနော် .. သမီး မိဂျိုးဟာ ထမင်းတစ်အိုး .. ဟင်းတစ်အိုး မဆိုထားနဲ့ .. ရေနွေးအိုး လေးတောင် .. အပူလောင်မှာစိုးတဲ့ ဒီက မိဘတွေကြောင့် မတည်ရသေး ကလေးပါကွယ် .."

မေမေ့မှာ ဆုမပေးအားသေးဘဲ .. တဖွဖွ ခခယယ ပြောနေသည်က

www.burmeseclassic.com



သမီးဓာဖြင့်ပါ။ ဖေဖေကတော့ ခပ်တိုးတိုး ဆုတွေပေးနေသည်။

"စိတ်မပူပါနဲ့ ခင်ဗွေးရယ် .. ဒီသမီးလေးဟာ .. နိုင်းရက်စရာတဲ့လား .. ဒီလောက် ဖြူဥနုဖန့်ပြီး အကြောမျှင်လေးတွေတောင် မြင်နေရတဲ့ ဒီလက်လေးတွေက .. နုနုနယ်နယ်နေရမယ့် ကံဇာတာနဲ့ မွေးဖွားလာတဲ့ကလေးတစ်ယောက်ဆိုတာ .. သက်သေပြနေတာပါကွယ် .. အမယ်လေးလေ .. ကိုဒီပ ဒီကိုရောက်တုန်းက .. တည်းခိုရင်း ပြောပြသမှနော် .. ဒီကလေးကိုမွေးတုန်းက .. ဒီက အစ်ကိုကံတို့ လင်မယား .. သမီးလေးကို ရွှေလင်ပန်းနဲ့အချင်းဆေးတယ်ဆိုတာလေ .. သိရသမှုရှင် .. ဒီကလေးကို ဘယ်အထိ သည်းသည်းလှုပ်ချစ်ကြတယ်ဆိုတာလည်း သိရ .. ဒီကလေး.. ဘယ်လို ရွှေလင်ပန်းပေါ် အချင်းတင် ခြေတင်ပြီးမွေးခဲ့တယ်ဆိုတာလည်း သိရ .. အဲသလို ကလေးကို မွေးတို့က .. နိုင်းရက်စရာတဲ့လား ခင်ဗွေးရယ် .. စိတ်ချ .. ဘာမှကို မခိုင်းနိုင်ပါဘူးရှင် .. သမီးလေးက လုပ်ပါမယ် ကိုင်ပါမယ်လို့ ပူဆာရင်တောင်မှ .. ခွင့်မပြုနိုင်ပါဘူး ခင်ဗွေးရယ် .. စိတ်ချစမ်းပါရှင် .. တဲ့ .. သားကလည်း .. ကတိပေးလိုက်လေ .. မင်းရဲ့ အန်ကယ်ယုံနဲ့ အန်တီဖွေးကို .. ငွေကြိုးကြာလေး ကို ဘာမှ အလုပ်မခိုင်းရက်နိုင်ပါဘူးလို့ .."

ဟု ပြောနေတော့ သူတစ်ချက် မိဂျိုး ကို ကြည့်သည်။ ကြမ်းခင်းကော်ဇောကြီးထက်မှာ ယှဉ်၍ထိုင်ပြီး ဖေဖေနှင့် မေမေ့ကို သူ ကန်တော့ခဲ့သည့်နေရာမှ ခုထိ နှစ်ယောက်စလုံး မထဖြစ်ကြသေး ...။

"စိတ်ချပါ အန်ကယ်နဲ့ အန်တီ .. မငွေကြိုးကြာကို .. ကျွန်တော် .. ဘာတစ်ခုမှ အလုပ်ပေး မလုပ်နိုင်ပါဘူးခင်ဗျာ .. သူက .. အလုပ်လုပ်ဖို့ မွေးဖွားလာတဲ့သူမဟုတ်ပါဘူး .. သူ့ကံဇာတာက .. အားလုံးရဲ့ အချစ်တွေကို ရွှေပေါ်မြတင်ခံစားဖို့ မွေးလာတဲ့ ကံကောင်းခြင်းများစွာကို ပိုင်ဆိုင်တဲ့သူပါ .."

ဟု ပြောတော့ အန်တီမွေး ရယ်ပါချေသတည်း ...။



"အလိုလေးလေ .. မေမေ့သားကလည်း .. ကဗျာဆန်ဆန်ပြောတတ်နေသကို .. အဲဒါပဲကြည့် .. အဲဒါပဲကြည့်တော့ ခင်ဗွေးရေ .. အလွန်စကားနည်းတဲ့ ဒီ··· :တစ်ယောက် .. စကားလုံးလှလှလေးတွေ ပြောတတ်နေပြီလေ .."

ဟု ပြောနေသည်မို့ ဖေဖေနှင့် မေမေတို့မှာ သူ့ကို တချစ်ကြင်ကြင်ဖြင့် ကြည့်ကြသည်ပါပဲ။

ဖေဖေက သူ့ဆံစကိုသပ်ပေးသည်။ နဖူးကိုနမ်းသည်။

"အန်ကယ့်သား .. လိမ္မာတယ်ဆိုတာ အန်ကယ်သိနေတာပဲ လူလေးရယ် .."

ဟု ပြောရှာပါ၏။

နောက်ဆုံးတော့လည်း ဖေဖေနှင့်မေမေတို့ ကားလေးဖြင့် ထွက်ခွာကြသည်။ ပန်းရဂုံမှပါလာသော ဒရိုင်ဘာလေး လေးသွယ်လည်း ကားကို မောင်း၍ထွက်စဉ်ခိုက် မိဂျိုး ကို တလွမ်းသသဖြင့် ကြည့်သွားရှာသည်ပါပဲ။ ဖေဖေနှင့် ဖမေဆို ..၊ မျက်ရည်တစမ်းစမ်းဖြင့် ရှိ၏။ သမီး၏မင်္ဂလာရက်များပေမို့ .. မျက်ရည်မကျအောင် ထိန်းကြ၍သာ မျက်ရည်မကျကြခြင်းဆိုတာ မိဂျိုး သိပါ၏။ ကားလေး ခြံဝင်းတွင်းမှ ကွေ့၍ ပျောက်ကွယ်ချိန်ထိ မိဂျိုး ရပ်ငေးကျန်ရစ်ခဲ့ရသည်။ ဘေးမှာရှိနေသည့် သူ့ကို တစ်ချက်မော့ကြည့်တော့ ခြံဝင်းတံခါးဘက်ကို ငေးကြည့်နေဆဲဖြစ်နေတာကို မြင်ရပါ၏။ နောက်တော့မှ သူ ငုံ့မိုး၍ မိဂျိုး ကိုကြည့်လာသည်။

"အထဲဝင်ကြရအောင် မငွေကြိုးကြာ .. မောင်တို့နှစ်ယောက် .. ကုန်တိုက်ကိုသွားကြရလိမ့်မယ် .. မေမေက မငွေကြိုးကြာ အတွက် .. အဝတ်အစား ရယ်ဒီမိတ်ဂါဝန်လှလှလေးတွေ ဝယ်ပေးဖို့ တာဝန်ပေးထားတယ်လေ .. မနေ့ကတည်းက မှာထားတာပါ .. အဲဒါ သွားကြရအောင်.. စိတ်ထဲ အာရုံလေးလည်း ပြောင်းတာပေါ့ မငွေကြိုးကြာ ..

www.burmeseclassic.com

www.burmeseclassic.com



အလှဆုံးဝတ်ပြီး .. လက်ဝတ်လက်စားတွေကအစ .. ညွှတ်နေအောင်ဝတ်ပါလို့လည်း .. မေမေက မှာထားတယ်လေ .. ခရေရိပ်ကို ရောက်လို့အရင်တုန်းကလို .. မဝတ်မစားဖြစ်ရတယ်လို့ မရှိစေရဘူးတဲ့ ..''

ဟု ပြောတော့ မိဂျိုး ခေါင်းလေးပဲ ညိတ်ပြလိုက်ရသည်ပါပဲ။ မနေ့က ကြုံခဲ့ရသည့် ယမုန်ဆွေ ဆိုသည့် မိန်းမတစ်ယောက်ထံမှ ဖုန်းထဲက စကားတွေကို မေ့ဖျောက်ပစ်လိုက်နိုင်ဖို့ မိဂျိုး ကြိုးစားသင့်နေသည်ဟုလည်း ဆုံးဖြတ်လိုက်ရပါပြီ။ ဘာပဲဖြစ်ဖြစ် ..။ နေရာသစ်တစ်ခုဆိုပေမယ့် .. ဤနေရာသစ်သည် .. မိဂျိုး တစ်သက်တာနေရမည့်နေရာဖြစ်နေသည်မို့ .. နေရာဟောင်းတစ်ခုအဖြစ် သတ်မှတ်လာချေနိုင်သည့်အချိန်ကာလများကို ဖြတ်သန်းကုန်ဆုံးနေစေရမည်သာ ..။ တခဏတာနေပြီး ချန်ရစ်ထွက်ခွာနိုင်သော နေရာမဟုတ်။ တသက်တာ ခေါင်းချသည်အထိ နေရမည့်နေရာတစ်ခု ..။ ဤနေရာမှ လူတို့သည်လည်း သူစိမ်းတွေမဟုတ်တော့ပြီ။ တသက်တာ .. တူတူနေရမည့်အိမ်သားများဖြစ်ကုန်ကြရပြီ ..။ အဆင်ပြေအောင် မိဂျိုးနေကို နေရမည့်နေရာ ..။ မိဂျိုးပျော်ကိုပျော်အောင်နေရမည့် နေရာတစ်ခုဖြစ်နေသည်တကား ..။

ဖေဖေနှင့် မေမေ့ကို ပေါ်တီကိုအောက်မှာ လက်တပြပြဖြင့် ကျန်ခဲ့သည့် အန်ကယ်ထက်နှင့် အန်တီမွေး တို့က အိမ်ဧည့်ခန်းထဲပြန်ထိုင်နေကြပြီမို့ ..။ ဧည့်ခန်းထဲ မိဂျိုး နှင့်သူ .. တူတူဝင်လာတော့ ပြုံး၍ အန်တီမွေးမှ ..

''သမီးရေ .. အလှဆုံးပြင် .. အလှဆုံးဝတ် .. သားနဲ့ကုန်တိုက်ကိုလိုက်သွား .. ဝယ်ချင်တာအားလုံးဝယ် .. နှမြောစရာကို မလိုဘူးနော် .. အန်တီမွေးတို့ဆီမှာ .. သမီး မိဂျိုး လိုချင်တာမရလိုက်ဘူးဆိုတာ ရာဇဝင်အတွင်မခံနိုင်ဘူးကွယ့် .. အဖြစ်မခံနိုင်ပေါင်ကွယ် ..''

ဟုပြောကာ မိဂျိုး ထံ လျှောက်လာသည်။ ဆံစကိုသပ်ပေးသည်။ နဖူးကို နမ်းသည်။ အန်ကယ်ထက် ကလည်း တပြုံးပြုံးဖြင့် ဆိုဖာထက်



မှာ ကြည်ကြည်နူးနူး ထိုင်ကြည့်နေမြဲ ..။

''မွေးကတော့ဟော့ .. ကြာရင် .. ဖေဖေတို့ သားအဖကိုတောင် မေ့နေမလားမသိဘူး သားဘုန်းမြတ်ရေ .. သူ့သမီးကို အရိပ်တကြည့်ကြည့်နဲ့ .. ချစ်နေတာပဲကြည့်တော့ ..''

ဟု ရယ်၍ပြောလာသည်။

''အံမယ် .. ကိုကိုကလည်း .. မွေး ဘယ်လောက်ထိ သမီးရူးရူးခဲ့တယ်ဆိုတာ အသိပဲဥစ္စာ .. သားတစ်ယောက်ပဲရလိုက်ပေမယ့် .. သမီးလေးတစ်ယောက် ရချင်လှပါရဲ့နဲ့ ဖြစ်ခဲ့ရလေသမျှ .. ခုမှ .. ဒီလို .. ရွှေရုပ်လေးလိုလှနေတဲ့ .. အရုပ်လေးကို ပိုင်ရတဲ့မွေး .. ဒီသမီးလေးကို ပိုင်လိုက်ရတဲ့ မွေး .. မပျော်ဘဲနေပါ့မလား ကိုကိုရယ် ..''

မိဂျိုး ၏နဖူးလေးကို နမ်းလိုက် ..။ ပါးလေးကို တရွှတ်ရွှတ်နမ်းလိုက်ဖြင့် အန်တီမွေး အရမ်းပျော်နေတော့လည်း မိဂျိုး ကြက်သည်းလေးတွေ ဖြန်းဖြန်းထလာအောင် ကြည်နူးရသည်ပေါ့ ..။ မိဂျိုးကို အရမ်းချစ်ကြသည်ကိုးလေ ..။ မိဂျိုး အတွက် .. မေမေ၏ အစ်မတစ်ယောက်ကို ရင်းရင်းချာချာ ရလိုက်သည့်နှယ်ရှိ၏။ မေမေ့ထက်နည်းနည်းကြီးပုံရသည့် အန်တီမွေးကို .. မေမေ့အစ်မအရင်းတစ်ယောက်နှယ် မိဂျိုး မှတ်ယူသည်။ သူ့အမေပေမို့လည်း အမေတစ်ယောက်လိုလည်း ရှိသေသည်။ မေမေ့အစ်မဟု ခံစားရသည်မို့ .. ပို၍ သွေးသားရင်းချာ နိုင်လာပြန်သည်တည့် ..။

မိဂျိုး ကို လွတ်လွတ်လပ်လပ် အလှပြင်ပါစေဟု အန်တီမွေး ပြောကာ သူ့ကို ဧည့်ခန်းမှာထိုင်စောင့်စေတာမို့ ..။ မိဂျိုး တစ်ယောက်တည်း အပေါ်ထပ်တက်လာရပါ၏။

''ဖေဖေနဲ့ မေမေ တို့ ပြန်သွားကြချိန်မှာ ငါ အရမ်းဝမ်းနည်းနေမှာကိုသိလို့ .. အာရုံလေးပြောင်းအောင်ဆိုပြီး .. ကုန်တိုက်ကို .. အဝယ်ထွက်ခိုင်းတာဖြစ်မယ် .. သူတို့ .. ငါ့ကို အားလုံး ဝိုင်းဂရုစိုက်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ ..''

ဟုတွေးကာ မှန်တင်ခုံရှေ့မှာထိုင်မိ ..။ ဆံရှည်ကြီးကို တစ်ချောင်းတည်း ခပ်မြင့်မြင့်လေး ဖဲကြိုးဝါဝါနှင့်ချည် ..။ အဝါရောင်ပိုးဂါဝန်ရှည်လေးကိုဝတ် ..။ အန်တီမွှေး တင်တောင်းရာ လက်ဝတ်ရတနာထဲမှ ပြောင်ခေါင်းဝါလက်ဝတ်တစ်ဆင်စာကို ဝတ်။ မျက်နှာထက်မှာ သနပ်ခါးဝါဝါထက် အတန်မျှမိတ်ကပ်ပါးပါးလေးအုပ်ပြီးတာနှင့် အလှပြင်သည့်ကိစ္စ ပြီးသည်။ အောက်ထပ်သို့ မိဂျိုး ဆင်းလာတော့ အန်တီမွှေး မော့ငေးရင်း ...

"ကြည့်ပါဦး .. အန်တီမွှေးသမီးလေး လှနေပုံများ ..''

ဟု ပြောလာပါ၏။ မိဂျိုး စိမ့်ခနဲ ရှက်သွေးဖြန်းရသည်။ ဘာကြောင့်ဆို .. အားလုံးက တမော့မော့ဖြင့် ငေးကြည့်နေကြသည်ကိုး။ အထူးသဖြင့် .. အငေးကြီးငေးနေသည့် သူ့မျက်ဝန်းတွေကြောင့် ပို၍ ရှက်သွေးဖြန်းရခြင်း ..။ ထူထူထဲထဲနိုင်သော မျက်တောင်ရှည်ကြီးကို ပိုင်ဆိုင်သည့်သူ့ဟန်ကလည်း အခြားသော ယောက်ျားသားတို့ထက် ပို၍ ထူးနေသည်ပဲလေ ..။ ဤမျှ ထူထဲရှည်လျားသော လှပသည့်မျက်တောင်တစ်စုံကို ပိုင်ဆိုင်ဖို့ဆိုတာ အမျိုးသားတွေမှာ ရှားပါးလှသည်ကိုးလေ။ မိဂျိုး မှာလည်း သူ့နှယ်ပင် ကော့ညွတ်ထူထဲရှည်လျားသည့် မျက်တောင်ရှည်တစ်စုံရှိသည်။ သူ့မျက်တောင်တွေကလည်း ကော့နေပါ၏။ ဤသို့ လှပသော မျက်ဝန်းတစ်စုံ၏ အရှင်သခင်ပေမို့ မယမုန်ဆွေ ဆိုသည့် မိန်းမသားတစ်ယောက်သည် စွဲစွဲထင်ထင်ဖြင့် မခွဲနိုင်ရက်ရက် ဖြစ်ခဲ့ရချေသည်လား ..။ ရုတ်ခနဲတစ်ချက်တော့ မိဂျိုး ထိုမိန်းမတစ်ယောက်အပေါ် အမြင်တင်းချင်လာသည်။ ဤသည်ကို .. မနာလိုခြင်းဟုများ ခေါ်လေသည်လားမသိ ..။

"ဖေဖေနဲ့ မေမေတို့ ရွှေနှင်းဆီကို သွားကြမယ်သား .. ဟိုက စောင့်နေမယ် .. ဟိုမှာပဲ နေ့လယ်စာစားကြတာပေါ့ .. မေမေ့သမီးလေး



ကို .. မေမေတို့ရဲ့ ဝန်ထမ်းတွေနဲ့လည်း ဆုံပေးချင်တယ်လေ .. ဒါကြောင့်.. ကုန်တိုက်ကနေပြီး အိမ်ကိုပြန်မလာနဲ့ .. သိလား .. မေမေ လှမ်းဖုန်းဆက်မှ .. ရွှေနှင်းဆီ ကိုသာလာခဲ့ .. မေမေ ရွှေနှင်းဆီ ကိုရောက်ရင် .. သားဆီကို ဖုန်းဆက်လိုက်မယ် ..''

ဟုပြောပြီးတာနှင့် မိဂျိုး ကိုပြုံး၍ကြည့်သည်။ နဖူးလေးကို နမ်းသည်။ လက်တွဲ၍ တံခါးအထိပို့သည်။ ဒေါ်ကြီးထား ဆိုတာ မိဂျိုး ကို ထမင်းစားဆောင်အဝင်တံခါးဘက်မှာ ရပ်ရင်း အငေးကြီး ငေးနေတာမို့ ..။ မိဂျိုး ပြုံးပြခဲ့ရသေးသည်ပါပဲ ..။ အားလုံးသည် မိဂျိုး ကို တယုတယထားကြသည်။ အရုပ်လေးလို မြင်ကြသည်။ ဤအတွက် မိဂျိုး ကံကောင်းရသည်ပါပဲလေ ..။

သူကိုယ်တိုင် မာစီးဒီးကားတံခါးကို ဖွင့်ပေးတာမို့ ရှေ့ခန်းမှာ မိဂျိုး ဝင်ထိုင်လိုက်ရပါ၏။ အန်ကယ်ထက်နှင့် အန်တီမွှေးတို့က ပေါ်တီကိုအောက်မှာ ပြုံး၍ ရပ်ကျန်သည်။ သူကတော့ ကားရှေ့ဘက်ကိုကွေ့ပတ်၍ လျှောက်လာကာ ရှေ့ခန်းမှာ ဝင်ထိုင်ပါ၏။ အစကတည်းက သပ်သပ်ခပ်ခပ်လေး ဝတ်ထားပြီးဖြစ်နေပါသည့် သူကတော့ ဖြင့် အပြာရင့်ရောင် ပုဆိုးကွက်စိပ်၊ အဖြူရောင် စပို့ရှပ်လေးဖြင့် ကြည့်ကောင်းနေသည်ပါပဲ ..။ ဒါပေမယ့် မနေ့ မိဂျိုး မီးခံသေတ္တာထဲ ထည့်သိမ်းခဲ့ရပါသည့် ရွှေလက်ပတ်ကြိုးတပ် နာရီကို သူဝတ်မထား ..။ ရိုးရိုးလက်ပတ်နာရီကိုပဲ ပတ်ထားပါ၏။ အနေအထိုင် ရိုးသားအေးချမ်းပုံရသည့်သူတစ်ယောက်ဟု စတင်၍ အထင်တကြီးလေးပဲ ကိုယ်ခင်မှန်းသည်ကို တွေးပေးတတ်လာသည့် မိန်းမတစ်ယောက်၏ အကျင့်စရိုက်ထူးလေးသည်လည်း ရှိစပြုလာရချေသည်ကောလေ ..။

ကုန်တိုက်သို့ မိဂျိုး ကို သူခေါ်လာတော့လည်း ကလေးလိုပဲ မိဂျိုး လိုက်ခဲ့ပါ၏။ သူအတင်းဝယ်ခိုင်းနေသည်မို့လည်း အပြာနုရောင် ပိုးဂါဝန်ရှည်တစ်ထည် ..။ ဒေါက်ဖိနပ်မစီးတတ်သည့် မိဂျိုး ရိုးရိုးဖိနပ်

www.burmeseclassic.com

www.burmeseclassic.com



လှလှလေးတစ်ရံကိုပဲ ဝယ်ဖြစ်သည်။

"ဟင် .. ဒါပဲလား မငွေကြိုးကြာ .. ထပ်မဝယ်တော့ဘူးလား .. တစ်ခုခု .. ထပ်ဝယ်ဦးလေ .. ပြီးတော့ .. လက်ကိုင်အိတ်လေးတောင် ကိုင်မလာပဲကိုး .."

ဟု ပြောကာ သူကိုယ်တိုင် ရွှေရောင်လက်ကိုင်အိတ်လှလှလေး တစ်လုံးကို ဝယ်ပေးသည်။ ရောင်စုံကျောက်လေးတွေ စီခြယ်ထားရာ လက်ကိုင်အိတ်လေးသည် အတော်လေးကို လှနေသည်ပါပဲ ..။ မိဂျိုး အတွက် သူကိုယ်တိုင် ရွေးချယ်ဝယ်ပေးရာ ပထမဆုံးသော လက်ဆောင် လေးသည် အလွန်တရာကိုမှ လှပနေသည်မို့လည်း မိဂျိုး ကြည်နူး ရသည်ပါပဲ ..။ ထိုစဉ်ခိုက် တယ်လီဖုန်းမြည်လာသည်မို့ သူထူးလိုက် ရပါ၏။

"အခုမှ ဝယ်စပြုတုန်းပဲ မေမေ .. မငွေကြိုးကြာ က ဘာမှကို မဝယ်ဘဲ ဖြစ်နေတာ မေမေရဲ့ .. မေမေတို့ ရွှေနှင်းဆီကို ရောက်နေကြ ပြီလား .. ဒါကြောင့် ဆက်လိုက်တာလား မေမေ .. ဩော် .. မသွားဖြစ် ဘူးလား မေမေ .. မေမေ့သူငယ်ချင်း အန်တီကျော့ ရောက်လာလို့ ဟုတ် လား .. အခု .. သူ ပြန်သွားလို့ ဆက်လိုက်တာလား မေမေ .. ဟုတ်ကဲ့ .. သားတို့ပြန်လာပါ့မယ် .. အိမ်မှာပဲ သားတို့ ထမင်းစားကြတာပေါ့ မေမေ .. ဖေဖေကတော့ ရွှေနှင်းဆီမှာပဲရှိနေပြီဆိုတော့ .. ရွှေနှင်းဆီမှာ ပဲ စားဖြစ်တော့မှာပေါ့နော် .."

ဟုပြောနေတာ မိဂျိုး ကြားနေရပါ၏။ ဖုန်းခလုတ်လေး နှိပ်လိုက် ပြီးသည့်နောက်မှာ မိဂျိုးကို သူကြည့်လာပါ၏။ အမေလုပ်သူက လှမ်း ခေါ်တာနှင့် ချက်ချင်းပြန်ဖို့ပြင်နေသည့် သားတစ်ယောက်အဖြစ် ရှိနေ သည်ပါပဲ ..။

"နောက်တစ်ခါမှပဲ ကုန်တိုက်အနှံ့ဆက်ကြည့်ကြတာပေါ့ မငွေ ကြိုးကြာ .. အခုတော့ အိမ်ပြန်ကြရအောင်နော် .. ဖေဖေနဲ့ မေမေတို့



ရွှေနှင်းဆီကို ဇူတူသွားကြမယ့်အချိန်မှာ အန်တီကျော့ ရောက်လာတာ နဲ့ .. မေမေ ကျန်ခဲ့ရတယ်တဲ့ .. ဖေဖေပဲ သွားလိုက်တာတဲ့လေ .. အဲဒါ .. အန်တီကျော့ ခုမှ ပြန်သွားတာမို့ .. အိမ်ကိုပဲ ပြန်လာလိုက်ကြ တော့လို့ မေမေ ဖုန်းနဲ့လှမ်းပြောလာတယ် မငွေကြိုးကြာ .. အန်တီကျော့ က မေမေ့သူငယ်ချင်းလေ .. လာရင် .. သတင်းစုံလည်း ကြားရတတ် တယ် .. ကြည့်ရတာကတော့ဖြင့် .. မေမေ စိတ်မကောင်းစရာသတင်း တစ်ခုခုများ-အဲဒီအန်တီကျော့ သယ်လာသလား မသိပါဘူး .. မေမေ စိတ်ထိခိုက်နေပုံရတယ် .. အသံတွေ တုန်ချင်နေသလိုလိုပဲ မငွေကြိုးကြာ.."

ဟု ပြောနေတော့လည်း စောစောက မိဂျိုး စိတ်ထဲမှာ နည်းနည်း လေး အမြင်မကြည်ချင်သယောင် ရှိခဲ့သည့်အတွေးကို ဖယ်ထုတ်မိလိုက် ရသည်ပါပဲ။ အမေက ခေါ်တာနှင့် ချက်ချင်း ပြန်ချေသည်ကော .. ဟု တစ်ချက်တော့ စိတ်လေးလွတ်သွားကာ မကျေနပ်သယောင်ယောင် လေး ဖြစ်မိခဲ့သမျှ ..။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်၍ ဆုံးဆုံးမမလေး လုပ်ရ၊ သတိပေးရနှင့် မိဂျိုး ရှိသွားလိုက်ရပါပြီ ..။

ကုန်တိုက်မှ တောက်လျှောက်အိမ်သို့ တန်း၍ ပြန်လာကြသည့် လမ်းမှာ သူ တစ်ချက် တစ်ချက် မိဂျိုး ကိုကြည့်သည်။ လက်ပွေ့အိတ် လေးကို တပွတ်သပ်သပ်လေးလုပ်၍ တကြည့်ကြည့် ဖြစ်နေသည့် မိဂျိုး ကိုလည်း ကျေနပ်ကြည်နူးပြုံးဖြင့် ကြည့်နေရင်းမှ ..

"မိဂျိုး က လက်ပွေ့အိတ်လေးတွေ သဘောကျတတ်သားပဲ .."

ဟု လွှတ်ခနဲအခေါ်လေး ပြောင်းသွားပါ၏။ မငွေကြိုးကြာ .. မငွေကြိုးကြာ နှင့် ခေါ်နေရာမှ တရင်းတချာ ပြောလာခြင်း ..။ သူ တစ် ချက်တိုးတိုးလေး ရယ်သည်။

"အဲသလို .. မိဂျိုးလို့ ခေါ်ချင်နေတာ သိလား .. ဒါပေမဲ့ .. မငွေ ကြိုးကြာလို့ ခေါ်ရတာကိုလည်း ချစ်စရာလေးလို ခံစားရတယ်လေ .. နာမည်လေးက သိပ်လှတာ မငွေကြိုးကြာ ရဲ့ .. ဒါပေမဲ့ .. မိဂျိုး လို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ခေါ်ခေါ်နေမိတတ်တယ်လေ .. အဲဒါ .. လွှတ်ခနဲထွက်သွားတာ .."

ဟု ရှင်းပြနေပြန်သည်။ သူသည် .. ရိုးသားလွန်းနေသူတစ်ယောက် ဖြစ်ခြင်းမက ဖြစ်ဖြစ်လာနေသည်ပါပဲ။ မျက်တောင်ရှည်ကြီး တဖျတ်ဖျတ်ခပ်၍ ကလေးတစ်ယောက်လို အနေခက်စွာ ရှင်းပြနေသည့် သူ့ကို ကြည့်ကာ မိဂျိုး ပြုံးမိသည်။ ပါးချိုင့်လေးပေါ်လာသည့် ပါးခွက်လေးကို သူ တစ်ချက်ငေးကြည့်၏။

"ဘာပြုံးတာလဲ မင်္ဂလာကြိုးကြာ .."

"မိဂျိုး ကို .. မငွေကြိုးကြာ .. မငွေကြိုးကြာ နဲ့ ခေါ်နေတာကို ရယ်ချင်တာပါပဲ .. ငွေကြိုးကြာ လို့ခေါ်ရင်လည်း ရပါတယ် ကိုဘုန်းမြတ်ရဲ့ .. မိဂျိုး လို့လည်း ခေါ်ချင်ခေါ်ပါ .."

ဟု ပြောတော့ သူ တစ်ချက်ရယ်သည်။ လောလောဆယ်မှာ သူနှင့် မိဂျိုး တို့ တစ်ယောက်နှင့်တစ်ယောက် စကားလေး တပြောပြောဖြင့် ရှိနေကြရပြီ။

"ဘာလို့လဲတော့မသိဘူး .. မငွေကြိုးကြာ .. အဲသလို ခေါ်လိုက်ရမှ ပြည့်စုံနေသလို ခံစားရတယ်ဗျ .. ငွေကြိုးကြာ လို့ ခေါ်လိုက်ရင် .. တင်းစီးနေသလို ဖြစ်နေသလားမသိဘူးလေ .. မငွေကြိုးကြာ ဆိုတာက ညင်သာနေသလိုပဲဗျာ .."

ဟု ပြောနေတော့လည်း မိဂျိုး သူ့ကို အထူးတဆန်းတော့ ဖြစ်ရသည်။ ကိုယ့်ဇနီးသည်ကို နာမည်ပဲတပ်၍ ခေါ်ရမှာ ခက်ခဲနေလျက် ..။ မာတာတာနိုင်နေသည်ဟု မှတ်ယူတတ်ပါသည့် လူတစ်ယောက်နှင့် မိဂျိုး လက်ထပ်ဖြစ်ခဲ့ရပြီ။ အလေးအနက်တော့ ဇနီးသည်အပေါ် ထားတတ်သည်ပဲဟုလည်း နားလည်ရသည်။ ဤအတွက် မိဂျိုး ကြည်နူးရပါ၏။ ကားက ခရေရိပ်၏ပေါ်တီကိုအောက်မှာ ရပ်ပြီ ..။ မိဂျိုး တံခါးဖွင့်ဆင်းမည်ပြုခိုက် သူ လက်ကာပါ၏။



"မောင် တံခါးဖွင့်ပေးမယ် .. ဆင်းတဲ့အခါ .. မောင့်လက်ကို ကိုင်ဆင်းပါ မငွေကြိုးကြာ .. မတော်တဆ ခြေထောက်လေး ခေါက်သွားမှာ မောင်စိုးရိမ်တယ် .."

ဟု ပြောလာတော့ မိဂျိုး တကယ့်ကိုပဲ ကားတံခါးကို သူ ဖွင့်ပေးသည်အထိ စောင့်ရသည်။ သူ့လက်ကမ်းပေးထားသောလက်ကို လက်ဖဝါးလေးဖြင့် ဖေးကိုင်ရသည်။ ကားပေါ်မှ ဆင်းလာရသည့် မိဂျိုး ဆိုတာ ရွှေနန်းဆောင်မင်းသမီးတစ်ပါး ဆင်းသက်လာသည့်အလား တခမ်းတနား ဆန်နေသည်တည့် ..။ ခုလောက်ထိ သည်းသည်းလှုပ် ဂရုတစိုက်ရှိနေကြတော့လည်း မိဂျိုး အားနာရသည်ပါပဲ ..။

ကားသံကြောင့် အန်တီမွေးလည်း တပြုံးပြုံးဖြင့် လာကြိုသည်။

"နောက်နေ့မှာပဲ ရွှေနှင်းဆီမှာ နေ့လယ်စာလည်း စားရင်း .. ရွှေနှင်းဆီကိုလည်း သမီးလေးရောက်ဖူးစေရင်နဲ့ .. သွားကြမယ်လေ .. ဒီနေ့တော့ .. အိမ်မှာပဲ နားလိုက်ကြတော့ .. သားလည်း အလုပ်သွားစရာမှ မရှိတော့တာ .. ကဲ .. လာ .. လာ .."

ဟု ပြောကာ မိဂျိုး လက်လေးကိုဆွဲ၍ အန်တီမွေး ဧည့်ခန်းသို့ ဝင်၏။ မိဂျိုး သူ့ကို ကြည့်မိရပါပြီ။ အန်တီမွေး ပြောသည့်အထဲမှာ ပါသည်လေ ..။ သူ .. အလုပ်သွားစရာမှ မရှိတော့သည့်ကိစ္စ ..။ ဒါဆို .. သူ .. အလုပ်လက်မဲ့ဖြစ်သွားရတာ အန်တီမွေးရော အန်ကယ်ထက်တို့ရော သိအောင် သူပြောပြခဲ့ပြီးတာ ဖြစ်ချေမည်။

"ကဲ .. ကဲ .. သမီးလေး အခန်းမှာပြန်နား .. ဒေါ်ထားနဲ့ အအေးပို့ခိုင်းလိုက်မယ်နော် .. သားက မေမေနဲ့အတူ စာကြည့်ခန်းကိုလိုက်ခဲ့ .. သားအတွက် ဆောက်ရမယ့်ဟိုတယ်ကိစ္စလေး ခဏပြောကြရအောင် .. ကျော လာမေးတယ် သားရဲ့ .. သားအလုပ်မရှိတော့ဘူးဆိုတဲ့ .. သတင်းကြားလို့တဲ့ .. ယမုန်ဆွေ နဲ့တိုးတာတဲ့လေ .. အဲဒါ .. မေမေ မခံချင်တာနဲ့ .. ဟိုတယ်ဆောက်တော့မယ်လို့ ဖြေလိုက်တယ် .. ကျော ဟာ မေမေ့ဘူယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ပေမို့ ချစ်ပါတယ် .. ဒါပေမဲ့ .. နှုတ်စသတင်း စ သိပ်ရှည်တာ ခက်တယ်ကွယ် ..''

ဟု ခပ်ညည်းညည်းပြောသံကိုတော့ မိဂျိုး လေကားထစ်တွေ နင်းတက်နေရင်း ကြားဖြစ်အောင် ကြားလိုက်မိရသည်ပါပဲ ..။

မိဂျိုး စိတ်ထဲ တစ်ချက်ထိခိုက်ရသည်။ ဘာကြောင့်ပဲဖြစ်ဖြစ် ..။ မိဂျိုး ကို လက်ထပ်လိုက်၍ ခုလို သူအလုပ်ပြုတ်သွားခြင်းတိုးလေ ..။ အလုပ်မှရသည့်လခဆိုတာ သူတို့လို ခရေရိပ်အဆင့်အတန်းကြီးထဲက လူတွေအတွက် အရေးအရာမနိုင်လှပေမယ့် ..။ အလုပ်ဖြုတ်ခံရခြင်းဆိုတာကြီးကိုတော့ ခံရခက်ကြချေမည်သာ ..။ ဒါကြောင့် အန့်တီကျော့ဆိုတာကြီး၏ လာပြောသည့်အမေးစကားကြောင့် အန့်တီမွှေး မျက်စိမျက်နှာ သိပ်မကောင်းနိုင်ပဲ ရှိသွားရတာ ဖြစ်ချေမည်သာ ..။

''မေမေကတော့လေ .. အိမ်ပဲပေါင်ရ .. ရောင်းရ .. ဟိုတယ်ကြီးဆောက်ပြချင်သကွယ် .. ခံရချက်ပြင်းထန်လွန်းလို့ပါ သားရယ် .. မခံချင်လွန်းလို့ပါ ..''

ဟု တစ်ချက် စိတ်ထဲခံပြင်းသည့်နယ် အသံလေး မကျယ့်တကျယ်ဖြင့် လွင့်လာသည့်စကားသံ ..။ မိဂျိုး ရင်ထဲပို၍မကောင်း။ အပေါ်ထပ်ရောက်တော့ ကုတင်ထက်မှာထိုင်ရင်း ငိုင်နေမိရပြီ။ ဘာတဲ့ ..။ စောစောက အန့်တီမွှေး ပြောသည့်အထဲမှာ အိမ်ပဲပေါင်ရ .. ရောင်းရစေ .. ဆိုသည့်စကားပါလာသည်။ ဟိုတယ်ဆောက်မည်ဆိုတာက ငွေကြေးအင်အားပုံအောရသည့်ကိစ္စ ..။ ရုတ်ခနဲ ကောက်ဆောက်ဖို့ဆိုတာက ငွေပြည့်ဝနေမှ ဖြစ်ချေမည်လေ ..။

မိဂျိုး တစ်ချက် ခပ်ဆဆတွေးနေသည်။ မီးခံသေတ္တာကိုလည်း ငေးကြည့်နေမိရပါ၏။ မိဂျိုး အတွက် အန့်တီမွှေး တို့ တင်တောင်းရာ လက်ဝတ်လက်စားတွေကမနည်းလှ ..။ ပြောင်ခေါင်းဝါပါသည်။ စိန်ထည်ပါသည်။ ပြောင်ခေါင်းစိမ်းနှင့် နီလာတစ်ဆင်စာလည်းပါသည်။ ပုလဲစိန်ရံ



တစ်ဆင်စာလည်း ရှိနေသေးသည်။ ထို့အတွက် နည်းသည့်တန်ဖိုးမဟုတ် ..။ မိဂျိုး ကို တင့်တောင့်တင့်တယ် တင်တောင်းခဲ့ဖို့ ငွေတွေပုံအောခဲ့ရချေမည်သာ ..။ ဤအချိန်မှာ သူကလည်း အလုပ်လက်မဲ့ဖြစ်ရသည်။ အလုပ်မရှိတာက ကိစ္စမရှိပေမယ့် ..။ သိက္ခာကျတာကိုတော့ ငြိမ်ခံနေဖို့ရာ အန့်တီမွှေး မှ မခံချိမခံသာ ဖြစ်နေရှာချေမည်သာ။ မိဂျိုး မီးခံသေတ္တာသော့ကို ခေါင်းအုံးအောက်မှယူသည်။ ရတနာဘူးတွေကို ထုတ်သည်။ စာကြည့်ခန်းသို့ သွားလိုက်မည်။ လက်ဝတ်ရတနာတွေကို အန့်တီမွှေး လက်ထဲအပ်လိုက်မည်။ ဟိုတယ်အတွက် တစ်ထောင့်တစ်နေရာ အထိတော့ ဤလက်ဝတ်ရတနာများကို ရောင်းချ၍ ရင်းနိုင်သေးသည်လေ ..။ ခရေရိပ်ကို ပေါင်နှံရောင်းချပစ်လိုက်ရသည် အထိတော့ အဖြစ်မခံချင်ပါ ..။

မိဂျိုး ပိုးခေါင်းစည်း ပဝါခပ်ကြီးကြီးတစ်စကို ဘီရိုထဲမှ ထုတ်ကာ ရတနာဘူးပြားတွေကို ထုပ်ပတ်မိရပါ၏။ သေချာလေးထောင့်ကျကျ ခေါက်ထုပ်ပတ်ပြီး ချည်နှောင်လိုက်မိရပြီ။ ကတ္တီပါရတနာဘူးပြားတွေ အထပ်လိုက် ထုပ်ပတ်ထားရာ ခေါင်းစည်းပဝါကို ပိုက်၍ မိဂျိုး အောက်ထပ်သို့ဆင်းလာမိရပါ၏။ ဘာပဲဖြစ်ဖြစ် ..။ ရတနာဘူးတွေကို အမြန်ဆုံး အန့်တီမွှေး လက်ထဲအပ်လိုက်ချင်သည်။ ခရေရိပ် ၏အခက်အခဲတစ်ခုကို .. မိဂျိုး ဘက်ကလည်း တစ်ထောင့်တစ်နေရာမှ ဝင်ကူပေးချင်သည်တည့် ..။ စာကြည့်ခန်းတံခါးကို ညင်သာစွာ မိဂျိုး ဖွင့်ဝင်လိုက်ရပါပြီ။ အဝင်တံခါးဘက်ကို ကျောပေး၍ သားအမိနှစ်ယောက် နှစ်ယောက်ထိုင်ဆိုဖာရှည်ကြီးမှာ ထိုင်နေကြသည်။

''သေချာလို့လား မေမေရာ ..''

''သေချာတာမှ သိပ်ကိုသေချာတာပေါ့ သားရယ် .. မေမေ စိတ်ချလက်ချ နောက်ကျောလုံလုံနဲ့ ကြည့်နိုင်အောင်ဆိုပြီး .. သားတို့ကို .. ခရေရိပ်ကို ပြန်မလာနဲ့ .. ရွှေနှင်းဆီ ကို မေမေတို့ရောက်မှ ဖုန်းဆက်မှ ဟိုကိုလိုက်လာခဲ့ .. ဟိုမှာ ထမင်းစားမယ်လို့ပြောတာတို့က .. စိတ်အေး

www.burmeseclassic.com

www.burmeseclassic.com



လက်အေးနဲ့ .. အဲဒီ မီးခံသေတ္တာကို ဖွင့်ကြည့်နိုင်အောင်လို့ပေါ့ သားရဲ့ .. သူ့ရဲ့ မီးခံသေတ္တာကိုဖွင့်ကြည့်တာမျိုး ငွေကြိုးကြာ မြင်လို့ ဘယ်ကောင်းပါ့မလဲ .. မေမေ့ဆီမှာက သော့ပိုတစ်ချောင်းရှိတာမို့ .. အဲဒါနဲ့ ဖွင့်ကြည့်ဖို့ သွားတာပါပဲ .. ဟိုရောက်တော့ အဲဒီသူငယ်မ ဘယ်လောက်ပေါ့တိပေါ့ရော့ နိုင်သလဲဆိုရင် .. သူ့မီးခံသေတ္တာသော့ကို ခေါင်းအုံးအောက်ထားခဲ့သတဲ့လေ .. ခေါင်းအုံးလေး လှန်ကြည့်လိုက်တာနဲ့ .. သော့ကိုတန်းတွေ့တာ .. လူ့စိတ်ဆိုတာ ပြောလို့ရတာမှမဟုတ်တာပဲကွယ် .. မတော် .. ခိုးသွားရင် ဘယ့်နှယ်လုပ်မလဲ .. ကဲ .."

ဟု ပြောနေသံကြားတော့ မိဂျိုး အံ့သြမင်တက်သွားရပါသည့် အဖြစ်။ မိဂျိုး အတွက် လက်ဝတ်လက်စားထည့်ပါဟု တပြုံးပြုံးဖြင့် မနေ့ကပဲ အန်္ဂါမွေး မီးခံသေတ္တာသော့ကို ပေးခဲ့သည်။ မိဂျိုးတို့ အခန်းမှာလည်း မီးခံသေ တ္တာကြီးက အသင့်ရှိနေခဲ့သည်။ ထိုမီးခံသေတ္တာကို မဂျိုး မသိအောင် ဖွင့်ကြည့်ချင်၍ ညနေ့မှာ အန်တီမွေးက တမင်တကာကြီး အပြင်သို့ မိဂျိုး ကို ပထုတ်ခဲ့သည်တဲ့လား ..။ ထင်ကို ထင်ရက်စရာ မရှိ။ ထိုမျှအထိလောက်တော့ အောက်တန်းကျအံ့ကို မထင်ခဲ့ ..။ ထိုမျှ အပြုံးတဝေဝေ၊ စကားတချိုချိုမြမြဖြင့်နေပြတတ်ပါသည့် အန်တီမွေး ၏ ရင်တွင်းထဲမှာ ကိုမျှသိမ်နုတ်သည့်စာရိတ္တတို့ ခိုအောင်းနေသည်တဲ့လား ..။ ပြီးတော့ ထိုအဖြစ်ကို သားဖြစ်သူထံ ပြောနေသေးသည်ပဲ့။ ဒါဆို .. အမေရော သားပါ .. တစ်သွင်တစ်ရပ်တည်းသော အကျင့်စရိုက်ရှိသည်ဟုပြောရတော့မလို ဖြစ်ကုန်ရပြီကော ..။

"အဲဒါ .. ကြည့်လိုက်တော့ကွယ် .. ရင်ထဲနာလိုက်ချက် သားရယ် .. မေမေတို့ တင်တောင်းရာ လက်ဝတ်ရတနာကတ္တီပါဘူးပြားတွေကလွဲလို့ .. သူတို့ဘက်က .. ဘာ တနာဘူးမှ ဘူးသေးဘူးမွှားလေးတောင် အဲဒီမီးခံသေတ္တာထဲမှာ ရှိမနေဘူး .. ရက်စက်ပုံများဟယ် .. သူတို့ဘက်က .. တကယ့်ကို .. လက်ဗလာနဲ့ ဒီကို အဲဒီ မိဂျိုး ဆိုတဲ့ သူငယ်မ



ကို ခရေရိပ်အရောက် ပို့လိုက်ကြသကိုး .. ခုမှ .. ပုလင်းကွဲရှခံလိုက်ရတာပဲ သားရေ .. မေမေတို့ ရင်းလိုက်ရတဲ့ လက်ဝတ်ရတနာထည်တွေရဲ့ တန်ဖိုးကိုက နည်းတာမှမဟုတ်ဘူး .. ဟိုကပါလာမယ့်ရတနာထည်တွေ အားကိုးပြီး ဒီကရင်းလိုက်မိခဲ့ရတာ .. ခုတော့ .. ကိုယ့်ဘက်က .. ဖဲ့ပါလိုက်ရတာ .. တနင့်တပိုးကြီး ဖြစ်ကုန်ပါရောလား .. အဲဒါ တွေအားလုံးငွေကြိုးကြာ အပိုင်ဟဲ့ .. အပိုင်ဖြစ်ကုန်ပဟဲ့ .. အံမယ်လေးရယ်တဲ့နော် .. ရင်ကိုသာ ထုလိုက်ချင်ပါရဲ့ ဘုန်းမြတ်ချမ်းသာ ရယ် .. ရွှေထည် ရတနာထည်တွေ ပုံအောတင့်တယ် ရောင်းချနေတဲ့ ငွေလရိပ်ရတနာတိုက်ကြီး .. ရွှေတွေရတနာကျောက်တွေ ပုံအောပြီး လုပ်ကိုင်နေတဲ့ ပန်းတိမ်အလုပ်ရုံကြီး .. အဲဒါတွေပိုင်တဲ့ သူဌေးကြီးရဲ့ သမီးကိုမှ အပိုင်ရပြီဆိုပြီး မျှော်လင့်ခဲ့ရလေသမျှ .. ခုကျတော့ .. ရေစုန်မျောသလို ဖြစ်ကုန်ပါရောလား .. အဲဒီ ကိုကံယုံ ဆိုတာ တကယ့်ကိုပဲ သူ့ဥစ္စာတွေ .. လှူပြစ်တော့မယ်ထင်ပါရဲ့ .. အံမယ်လေးလေ .. သူတို့ရဲ့သမီးရင်းမှ ဟုတ်ရဲ့လားမသိ .. မွေးစားသမီးပေလားမသိ .. ကလေးရှုးရှုးပြီး .. အဲဒီ မိန်းကလေးကို ကောက်မွေးခဲ့တာဖြစ်မလားမသိ ..။ တကယ်တမ်းအမွေပေးဟဲ့ ဆိုတော့လည်း မပေးရက်ဖြစ်နေသလားမသိပေါင်ဟယ် .. ခက်တာပဲ .. ခက်တာပဲ .."

ခေါင်းကို စုံကုတ်၍ ညည်းနေသည့် အန်တီမွေး ၏ကျောပြင်ကို မိဂျိုး ငြိမ်ကျငေးကြည့်နေရင်း ရင်ထဲမှာ ကြေပြုန်းကြေမွဖြစ်နေရပြီ။ ဘဝတစ်ခု .. ခြေအချမှားခဲ့ချေပြီကောဟု ယူကျုံးမရဖြစ်ရပြီ။ မိဂျိုး .. လူတစ်ယောက်ကို လက်ထပ်လိုက်မိခြင်းသည် .. မှားယွင်းစွာ ယုံကြည်မိခြင်းကြောင့် ..။ အို .. မိဂျိုး ပင်မက .. ဖေဖေနှင့်မေမေတို့ကပါ ပုံအော၍ အထင်တကြီးဖြင့် တစ်မိသားစုလုံးကို ယုံကြည်မိခြင်းကြောင့် .. ခု .. ခု .. ဘာဆက်လုပ်ရမည်တဲ့လဲ ..။ တစ်နေ့ကမှ လက်ထပ်ခဲ့သည့် မိန်းမသားတစ်ယောက်သည် ..။ မထင်မှတ်အပ်သောစကားများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နားနှင့် ဆတ်ဆတ်ကြားနေရချိန်မှာ ...။ တစ်ဘဝစာအတွက် ယူကျုံးမရဖြစ်နေရတာက သေမတတ်ဖြစ်နေရလောက်အောင် ပြင်းထန်သော ခံစားချက်တွေကို ပိုက်ပွေ့ထားရင်းဖြင့်ပါတကား ...။

"ဒါကြောင့် .. သားကို ဖုန်းချက်ချင်းလှမ်းဆက်ရတာ .. နောက်ထပ် ငွေတွေထပ်ပြီး တသောသော အကုန်ခံ အလိုလိုက်ပြပြီး .. အကုန်အကျများကုန်မှာ စိုးရတယ်လေ .. အခုလည်း ဘယ်က ဧည့်သည်မှ မလာဘူး .. အကြောင်းပြပြီး ခေါ်ရတာ သားရဲ့.. သူကြားအောင်လည်း သားမှာ အလုပ်မရှိတာကို တမင်ပြောလိုက်တာ .. ဒါမှ .. သား ဟိုတယ် ဆောက်ရမယ့်ကိစ္စ သူ သိကိုသိရတော့မှာလေ .. လိုတဲ့ငွေကြေးတွေ သူ့မိဘဆီက လှမ်းတောင်းဖို့ရာအတွက် .. သားက .. သူ့ကို စည်းရုံးဖို့ လိုနေတယ် နားလည်လား .. ကဲ .. ကဲ .. အပေါ်ထပ်တက်တော့ .. ငွေကြီးကြာ ကို .. ဣန္ဒြေမပျက်ဆက်ဆံ .. မျက်နှာပျက်မပြနဲ့ .. ငွေကြေးကိစ္စ .. မနက်ဖန်လောက်မှပြော .. အင်း .. ဒုက္ခ .. ဒုက္ခ .. ငါ့နှယ်နော် .. ယမုန်ဆွေလေး ကို ဘက်ကန်မိတာမှားတာပဲ .. ယမုန် ထက်ချမ်းသာတဲ့ ငွေကြီးကြာ ကို ချွေးမတော်ခွင့်ရပြီဆိုပြီး .. ဘက်ကန်မိတာလေ .. ခုမှ .. ရွှေရုပ်မဟုတ်တဲ့ မြေရုပ်တစ်ခုကို ကောက်ခဲ့ရသလို ဖြစ်ကုန်ပါရောလား .."

ဟု ဟီးချ၍ ညည်းနေပြီးသည့်နောက်မှာ သားအမိနှစ်ယောက် ထရပ်ကြပြီ ...။ ကိုယ်ကို တံခါးဘက်လှည့်လိုက်ကြပြီ ...။ ထိုအခါကျတော့မှ ငြိမ်သက်စွာရပ်နေသည့် မိဂျိုး ကို မြင်ကြချေသတည်း ...။ အန်တီမွေး မျက်နှာ ကွက်ခနဲပျက်၏။ ပြောသမျှတွေ ကြားကုန်ချေပြီလားဟုလည်း လန့်ဖြန့်သွားတာ သိသာနေသည်။ မိဂျိုး ဟန်မပျက် ရှေ့သို့ လျှောက်လာပါ၏။ ရတနာဘူးတွေ ထည့်ထားရာ ခေါင်းစည်းပဝါကို တစ်ချက်ငုံ့ကြည့်မိပြီးမှ စားပွဲပေါ်ချသည်။

"ဒါ ဲ တွေအားလုံးဟာ .. အန်တီမွေးတို့ မိဂျိုး ကိုပေးခဲ့တဲ့ လက်



ဝတ်ရတနာထည်တွေပါ .. အခု မိဂျိုး ကိုယ်ပေါ်မှာရှိတဲ့ ပြောင်ခေါင်းဝါ တစ်ဆင်စာကိုလည်း ပြန်ချွတ်ပြီး သူ့ကတ္တီပါဘူးထဲမှာ ပြန်ထည့်ပါ့မယ် .. အန်တီမွေး လက်ထဲအပ်ပါ့မယ် .. မိဂျိုး မှာ ဝတ်ဖို့ရာအတွက် လက်ဝတ်လက်စားလေး နည်းနည်းပါးပါးကို .. ရွှေထည်တွေအဖြစ် သီးသန့်ယူလာတဲ့ တစ်စုံစာလေး ရှိပါတယ် .. အလှပြင်ခြင်းထဲက မိတ်ကပ်ဘူးလွတ်လေးထဲ ထည့်လာမိခဲ့တာပါ .. လိုလိုမယ်မယ်ယူလာတဲ့ တစ်စုံစာလေးပါ .. အဲဒါကလွဲပြီး မိဂျိုး ဘာမှပါမလာခဲ့ပါဘူး .. ဒီလက်ဝတ်လက်စားတွေအတွက် .. ရတက်မအေးမဖြစ်ရအောင် .. အန်တီမွေး ကို မိဂျိုး ပြန်အပ်ပါတယ် .. တစ်ခုပဲရှိပါတယ် .. ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ .. မိဂျိုး ရဲ့ ဖေဖေနဲ့ မေမေဆီက .. ဘာတစ်ခုမှ လှမ်းတောင်းမပေးနိုင်ပါဘူး .. အားလုံးကိုလည်း မိဂျိုး ကြားပြီးပါပြီ၊ တကယ်က ချောင်းနားထောင်တာမဟုတ်ပါဘူး .. သဘောစိတ်ရင်းမှန်နဲ့ ဒီလက်ဝတ်လက်စားတွေ .. ဟိုတယ်အတွက်သုံးနိုင်ဖို့ လာအပ်တာပါ .. ဒါပေမဲ့ .. ကြားအပ်တဲ့စကားကို ကြားအပ်တဲ့အချိန်မှာ .. မိဂျိုး ကြားလိုက်ရပြီးပါပြီ .."

ဟု ပြောတော့ အန်တီမွေး မျက်နှာ ထိန်းမရအောင် ပျက်သည်။ ဒါပေမယ့် ဟန်ကို ပြန်ဆယ်၏။ မထူးဇာတ်ခင်းသည့်နှယ် ကိုယ်ကိုလည်း အန်တီမွေး မတ်သည်။ မျက်နှာကို မော့၍ ချီထားလိုက်သည်။

"အေးလေ .. ကြားပြီးသပဆိုတော့လည်း .. ပြောရသပလေ .. ကိုဒီပ အပြောနဲ့ ညည်းလေးရဲ့ အန်ကယ်ထက် .. ချမ်းသာတဲ့ ရတနာသိုက်တွေ့ပဟော့ဆိုပြီး .. သူငယ်ချင်းလွှမ်းနေတဲ့သူတစ်ယောက်လို .. ဟန်ကောင်းကောင်းနဲ့ ပြေးသွားခဲ့သလေ .. ငါကလည်း .. အလိုတူအလိုပါ လုပ်မိခဲ့သပေါ့ .. ဒီသားကတော့ မိဘက ဒါ .. ဆိုရင် .. လိုက်နာခံတတ်တဲ့သူငယ်လေးဆိုတော့ .. အားလုံး .. မငြင်းမဆန်နေခဲ့ရာတာပါပဲ .. ယမုန်ဆွေလေး နဲ့ရင်းအောင်နေဆိုတော့လည်း သားက နေလေးတာပါပဲ .. ဘင်းအောင်နေတော့ဆိုပြန်တဲ့အခါမှာလည်း ကင်းခဲ့ရှာတာပါပဲ .. ခုကျ

www.burmeseclassic.com



တော့ .. ညည်းက တကယ့်ကို လက်ဘလာနဲ့လာခဲ့တာကိုး .. ဘာသဘော လည်းဟင် .. ဒီသမီးတစ်ယောက်တည်းရှိတာဆို .. ဖူးဖူးမှုတ်ထားတာဆို .. အိမ်မှာနေရင်းနဲ့တောင် ရတနာတွေညှတ်အောင် ဝတ်ရသဆို .. ခုမှ .. ခုလို .. လက်ချည်းသက်သက် လွှတ်ရတဲ့တုံး .. ဟင် ..''

ဟု မေးလာတော့ မိဂျိုး မျက်လွှာတစ်ချက်ချသည်။ အံ့ခဲသည်။ ဖြေရမည့်အဖြေတစ်ခုအတွက် မကြာမတင်လေးကပဲ အန်တီမွေး ရွေးချယ်သင်ပေးလိုက်သည့်နှယ် ရှိနေရသည်တည့်။ ရင်ထဲမှာမကောင်း ...။ ဖေဖေနှင့်မေမေကိုရည်စူး၍ ကန်တော့တောင်းပန်ရသည်။ လိမ်ညာသည့် အဖြေတစ်ခုသည် ဖေဖေနှင့်မေမေ့မေတ္တာကို စော်ကားရာ မရောက်စေဖို့ ကန်တော့တောင်းပန်နေမိရသည်။ ဒါပေမယ့် .. မိဂျိုး မှာ တာဝန်တစ်ခုရှိနေသည်လေ ...။ ဖေဖေနှင့် မေမေတို့၏ စည်းစိမ်ချမ်းသာကို ခရေရိုပ်မှ လူတွေ မရိုးမသား လှည့်ပတ်၍ယူကြမည့် အန္တရာယ်မှလွတ်အောင် ကာကွယ်ရမည်။ သမီးတစ်ယောက်၏ဘဝကိုတော့ အလိမ်ညာခံလိုက်ရရင်း အဆုံးရှုံးခံလိုက်ရပြီဖြစ်သည့် ဖေဖေနှင့် မေမေ ...။ ရှာဖွေချမ်းသာရာ စည်းစိမ်များကို .. မရိုးမသား သူတို့လက်ထဲ .. မတော်လောဘကြီးလွန်းသူတို့၏လက်ထဲ .. ဩော် .. ပစ္စည်းချမ်းသာရာကို ဟပ်ဟပ်ထိုး မက်မောသူတို့၏လက်ထဲ မိဂျိုး အရောက်မခံနိုင် ...။ ကာကွယ်ရမည့်တာဝန်ရှိကိုရှိနေသည်မို့ ...။ အဖြေစကားတစ်ခုကို .. မမှန်သောလုပ်ကြံစကားတစ်ခုဖြင့် ဖြေရှင်းဖြေချလိုက်ရချေတော့မည်သာ ...။

''ကျွန်မဟာ .. မွေးစားသမီးဖြစ်နေလို့ပါပဲ ..''

ဟု ဖြေပြီးတာနှင့် မိဂျိုး အခန်းထဲမှာ မျက်ရည်ကိုထိန်း၍ ထွက်ရသည်။ ဤအဖြေသည် .. ဖေဖေနှင့် မေမေ့ ရင်ကို .. အထိကြီးထိစေမည့်စကား ...။ သမီးရင်းတစ်ယောက်သည် .. မွေးစားသမီးအဖြစ်ရှိရစ်စေမည့် လုပ်ကြံစကား။ မေမေ့ရင်မှ ဖြစ်တည် ...။ မေမေ့နို့ချိုကို သောက်စို့၍ မြေပေါ်မြတင်ရှိခဲ့ရပါသည့် သမီးရင်နှစ် ...။ ရွှေလင်ပန်းနှင့် အချင်းဆေး



ပေးသည့် ဖေဖေနှင့် မေမေတို့၏ သမီးပေါ်ချစ်သည့် အချစ် ...။

အားလုံးကို .. မွေးစားသမီးပါဟုလိမ်လည်၍ မဂျိုး အန်တီမွေးကို ပြောခဲ့ရပြီ။ ဤသည်ကလည်း .. ဖေဖေ့၏ ချမ်းသာခြင်း ...။ ဖေဖေ၏ ရိုးသားစွာ ရှာဖွေစုဆောင်း ...။ တိုးပွားချမ်းသာအောင်လုပ်ခဲ့သည့် ကြိုးစားမှုများစွာကို .. ကာကွယ်လို၍ပါ ...။

ဤအတွက် .. အညာစကားကို ဆိုမိရပါသည့် သမီးအား ခွင့်လွှတ်ပါလေတော့ ဖေဖေနှင့်မေမေတို့ရယ် .. လေ ...။

''ဟဲ့ .. ကြားလားသား .. သူက .. သူက .. မွေးစားသမီးတဲ့ .. မွေးစားသမီးတဲ့ .. ကလေးမရတော့ .. ကောက်မွေးခဲ့ရတဲ့ကလေးတဲ့လားဟဲ့ .. ဖြစ်ရလေ .. မေမေ ရင်ကျိုးရပြီသားရယ် .. ဟင် .. ဘယ်ကလာမှန်းမသိ .. ဘယ်မျိုးရိုးမှန်းတောင်မသိတဲ့သူကိုမှ .. မေမေတို့ကတော်ဝင်တော်ကောက် လုပ်မိပါရောလား ..'' ဟု ရင်ကို ထုကာ ထုကာ ငိုပြောကျန်ခဲ့သည့်အသံ ...။

''ဖြစ်ခဲ့ပြီပဲ မေမေရယ် .. စိတ်ကိုထိန်းပါဗျာ ..''

ဟု အမေလုပ်သူကို ဖျောင်းဖျနေသည့်သူ့အသံ ...။

နောက်မှာကျန်ခဲ့ပြီ ...။ မိဂျိုး လှည့်၍ မကြည့်မိပါလေတော့ ...။

လောဘခိုးတွေ လိမ်းကျံထားသည့်မျက်နှာတွေကို ကြည့်ရမှာ .. ဝန်လေး၍ ဖြစ်ပါသည်။ ရှက်၍ဖြစ်ပါသည်လေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

နေ့လယ်စာ ထမင်းပွဲကို လင်ပန်းတစ်ခုထက်မှာတင်၍ ဒေါ်ကြီးထား အခန်းထဲဝင်လာချိန်မှာ ပြတင်းအနီးမှာရပ်၍ ပန်းခြံဘက်ကို မိဂျိုး တစ်ယောက်တည်း အငေးကြီးငေး၍ ငြိမ်သက်နေချိန်မှာပဲ ဖြစ်ပါ၏။

ခြေသံကြား၍ လှည့်ကြည့်တော့ ဒေါ်ကြီးထား ဖြစ်နေသည်။ လင်ပန်းထက်မှ ထမင်းပွဲကို မြင်ရခိုက်မှာ အခြေအနေကို မိဂျိုး နားလည်လိုက်ရသည်ပါပဲ ...။ သဘောက .. အပေါ်ထပ်ရှိ မိဂျိုး တို့၏အခန်းထဲမှာပဲ မိဂျိုး တစ်ယောက်တည်း နေ့လယ်စာကို စားရမည့်သဘောဖြစ်နေသည်။

ကိုဘုန်းမြတ် လည်း တူတူစားမှာမဟုတ်။ ဘာကြောင့်ဆို ထမင်းပန်းကန်သည် တစ်ပန်းကန်ပဲ ပါလာချေသည်ကိုးလေ ...။

ဒေါ်ကြီးထား လည်း မျက်နှာမကောင်းရှာ ...။ အိမ်တွင်းရေး ဘာတွေဖြစ်ပျက်ကုန်ပြီဆိုတာကိုတော့ တိတိပပ မသိနိုင်ရှာပေမယ့် ...။ ပြင်းထန်သော ကွဲလွဲမှုတစ်ခုခုသည် ဤမိသားစုနှင့် မိဂျိုး တို့ကြားမှာ မနှစ်မြို့စရာ ဖြစ်တည်ခဲ့ပြီးပြီဟုတော့ နားလည်ရိပ်မိနေပုံတော့ ရပါ၏။ မနက်စာစားတုန်းက သည်းသည်းလှုပ် ဂရုစိုက်ခံရပါသည့် မိဂျိုး သည် ခု နေ့လယ်စာကို တစ်ယောက်တည်းစာ လင်ပန်းတစ်ချပ်ထက်မှာ တင်လာသည့် ထမင်းဟင်းပန်းကန် အနည်းငယ်မျှလောက်ဖြင့် တိတ်ဆိတ်



အဖော်မဲ့စွာ စားရမည့်အခြေသို့ ရောက်နေသည်ကိုးလေ ...။ အပြောင်းအလဲက လုံးဝဆန့်ကျင်ခြားနားလွန်းနေသည်။ အရမ်းကို အရိပ်တကြည့်ကြည့်ရှိနေသည့်အဖြစ်တစ်ခုဆီမှ အရမ်းကို ဥပေက္ခာပြုထားလိုက်သည့် အဖြစ်အပျက်တစ်ခုထဲသို့ နေ့မကူးဘဲ အချိန်တိုအတွင်း သက်ဆင်းရသည့် မိဂျိုး၏ လက်ရှိရင်ဆိုင်ရမှုတစ်ခုကို ...။ တည်တည်ငြိမ်ငြိမ် သဘောပေါက်ပေးလိုက်ရသည်က မိဂျိုး ဖြစ်နေပေမယ့် ...။ ဒေါ်ကြီးထား ကတော့ အားနာအနေခက်ပုံဖြင့် စားပွဲပေါ် လင်ပန်းကို တင်နေရှာပါ၏။ လင်ပန်းထက်မှာတင်လာသည့် ဟင်းခွက်ကိုချသည်။ ထမင်းပန်းကန်ကိုချသည်။ သေးငယ်သော ထမင်းအုပ်လေးထဲမှာ လိုက်ပွဲအဖြစ် ထမင်းအတန်မျှ ပါလာပါ၏။ ဟင်းက နှစ်မယ်ထဲပဲ ဖြစ်နေသည်။ ချဥ်ရည်ဟင်းနှင့် ငါးပိရည်ကြို ...။ တို့စရာအဖြစ် သခွားသီးစိတ် တစ်စိတ်ပါသည့် ကြွေရည်သုတ်ပန်းကန်ပြားလေးတစ်ခုကတော့ အဆစ်အဖြစ်ထည့်ပေးလိုက်ဟန်ရှိ၏။

မိဂျိုး တည်တည်ငြိမ်ငြိမ်ပဲ စားပွဲရှေ့မှာရပ်သည်။ ထိုင်ခုံလေးကို ဆွဲ၍ထိုင်သည်။ ဒေါ်ကြီးထားခမျာ တစ်ခွန်းမျှမပြောရက်ရှာ ...။ ပြောစရာစကားလည်း ရှာတွေ့ဟန်မတူ ...။ မျက်နှာပျက်ပျက်ဖြင့် မိဂျိုးကို ကြည့်၏။ လင်ပန်းထက်မှာ လက်ကျန်တင်ထားရာ သောက်ရေဖန်ခွက်ကို မိဂျိုး ကိုယ်တိုင်ပဲ အဆုံးသပ်အဖြစ် လှမ်းယူသည်။ လင်ပန်းလေးကို ဒေါ်ကြီးထားထံ ကမ်းလိုက်မိရင်းမှ ရေတစ်ဖန်ခွက်ကို သောက်လိုက်မိရပါ၏။ ရင်ထဲမှာ လောင်မြိုက်ပူကျနေသည်ကိုးလေ ...။ ရင်ထဲကအပူ လူမသိအောင် ဟန်ဆယ်၍ ထိန်းရပေမဲ့ ...။ ရင်တွင်းခံစားချက်အပူဆိုတာကိုတော့ နှင်မထုတ်နိုင်စွမ်းသည်မို့ အပူကို ရေအေးတစ်ခွက်ဖြင့် အပူဖျော့အောင် ကြိုးစားရခြင်းပါ ...။ ဒေါ်ကြီးထား ခမျာ ခပ်သုတ်သုတ်ပင် အခန်းတွင်းမှထွက်ရှာသည်။ မျက်နှာ အရမ်းပျက်နေသည်ပါပဲ။ မိဂျိုး သက်ပြင်းတစ်ချက် ရှိုက်လိုက်မိရပါ၏။ လက်ဖဝါး

www.burmeseclassic.com



လေးတွေက စားပွဲစွန်းကို ဖေးတင်ဆုပ်ထားမိရပါ၏။ သက်မဲ့ဖြစ်သည့် စားပွဲထောင့်စွန်းတစ်ခုဆီမှ မျှဝေခံစားဖော် အားအင်တစ်ခုကို ယူမိယူရာ-ရလိုရငြား ဆုပ်ခဲကိုင်ထားမိခြင်းမျိုး ဆန်နေသည်။

မကြာမတင်သော ရက်ပိုင်းလေးက တောင်ကြီးရှိ ပန်းရဂုံမှာ စိန်ရွှေရတနာတွေ ညွတ်ညွတ်ဖူးဖူး ဝတ်ဆင်ကာ အလှဆုံးသောဝတ်စုံ တန်ဖိုးကြီးကြီးကို ဝတ်ဆင် ..။ သတို့သား၏ လက်မောင်းကို ဖွဖွဆုပ်ကိုင်၍ မင်္ဂလာလမ်းမှာ လျှောက်လှမ်းခဲ့ရသော သတို့သမီး ..။ မနေ့က ဤခရေရိပ်မှာ လူအပေါင်း ဧည့်သည်ရှေ့မှာ မင်္ဂလာဧည့်ခံပွဲ၌လည်း လက်ဝတ်ရတနာတွေဝတ်ဆင်၍ အလှဆုံးသော မိန်းမသားတစ်ယောက်အဖြစ် လူအများ၏ စုတ်တသပ်သပ်အားကျမဆုံး ပြောမဆုံးခံ သတို့သမီးဘဝဖြင့် ရှိခဲ့ရပါသည့်သတို့သမီး ..။ ထိုနေ့က ဝတ်ဆင်ထားရာ လက်ဝတ် လက်စားတို့သည် အန်တီမွှေး တင်တောင်းရာ လက်ဝတ်ရတနာများဖြစ်လျက် ..။ ထိုရတနာဘူးများသည်လည်း အန်တီမွှေး ထံပြန်၍ ရောက်ခဲ့ပြီ ..။ မိဂျိုးပိုင်ဆိုင်ရာလက်ဝတ်ပစ္စည်းတစ်ခုမှ မထားရှိတော့သော မီးခံသေတ္တာကြီးရှိရာအခန်းထဲမှာ .. ခုတော့ မိဂျိုး တစ်ယောက်တည်း ချည်ရည်ဟင်းနှင့် ငါးပိရည်ကြို၊ သခွားသီးစိတ်လေးဖြင့် တိတ်ဆိတ်အဖော်မဲ့စွာ ..။ သိမ်ငယ်ညှိုးဖျော့စွာ ထမင်းစားနေရသည် ကောလေ ..။ အပြောင်းအလဲသည် မြန်ဆန်လွန်းစွာ ပြောင်းလဲခဲ့ပြီ။ ဘယ်လိုမှ ဆက်စပ်မရစွာသော ကသောင်းကချာဘဝထဲ ရောက်သွားရသည့်ကာလထဲမှာ ထွက်ပေါက်ပိတ်စွာ ရှိနေရပြီ ..။

"အို .. ဘာလို့ ထွက်ပေါက်မရှိရမှာလဲ .. ငါဟာ .. ပညာတတ်တစ်ယောက်ဖြစ်တယ် .. မျိုးရိုးဂုဏ်တင့်တယ်မွန်မြတ်သူလည်း ဖြစ်တယ် .. ဖေဖေနဲ့ မေမေတို့ သင်ပေးထားတဲ့ စိတ်ကောင်းနှလုံးကောင်းရှိခြင်းဆိုတဲ့အရာကိုလည်း ပိုင်ဆိုင်ထားတယ် .. ငါဟာ ဒီခရေရိပ်က လူတွေရဲ့ ဘဝပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် မလုပ်နိုင်ရက်ဖူး .. အဲဒါ



လူ့စိတ်ပဲ .. ဒါပေမယ့် .. ငါ့ဘဝကိုတော့ လွတ်မြောက်အောင် ကြိုးစားတတ်ရမှာပေါ့ .. အားမငယ်နေစမ်းပါနဲ့ ငွေကြိုးကြာ .. စိတ်ကို ငြိမ်အောင် အရင်မွေးပါ .. နင် .. သူတစ်ပါးကို မစော်ကားတဲ့ ငွေကြိုးကြာဖြစ်ဖို့ လိုအပ်နေသလို .. သူတစ်ပါးကို သတ္တိရှိရှိနဲ့ ရင်ဆိုင်ရဲတဲ့ ငွေကြိုးကြာဖြစ်နေဖို့လည်း လိုနေတယ် .. နင် .. တစ်ယောက်တည်းပဲ ဒီမှာရှိနေတာ ငွေကြိုးကြာ .. နင် သတ္တိနည်းသွားရင် .. ပြာယာခတ်နေရင် .. ကြေကွဲလောင်မြိုက်အားငယ်နေရင် .. နင့်ဘဝ .. စုံးစုံးမြုပ်သွားလိမ့်မယ် .. မြုပ်သွားလိမ့်မယ် .. နင့်ကိုယ်နင် အားကိုးပါ .. အားကိုးနိုင်စွမ်းတဲ့သတ္တိကိုလည်း အားစိုက်မွေးထုတ်လိုက်စမ်းပါ .."

မိဂျိုး ထမင်းကုန်အောင်စားသည်။ ဟင်းရည်ကိုဆမ်း၍ ..။ ငါးပိရည်ကြိုကို ဆမ်း၍ .. တို့စရာသခွားသီးစိတ်လေးကို ဝါး၍ .. ထမင်းတစ်ပန်းကန်လုံးကုန်စင်အောင် စားလိုက်သည်ပါပဲ။ ထိုစဉ်ခိုက် အောက်ထပ်ပေါ်တီကိုအောက်မှာ ကားတစ်စီးရပ်သံကြားရပါပြီ။ အန်ကယ်ထက် ပြန်ရောက်လာတာ ဖြစ်နိုင်သည်။

"ငါ့ကို လက်ထပ်ထားတဲ့သူတစ်ယောက်ကတော့ သူ့အမေနဲ့ အတူ ထမင်းစားခန်းမှာ ထမင်းစားနေသလားမသိဘူး .. ဟင်းအမယ် ဘယ်လောက်နဲ့စားနေတယ်ဆိုတာလည်း ငါ မသိရနိုင်ပေဘူး .. ဒါပေမယ့် သေချာတာတစ်ခုကတော့ .. ငါ့ကို .. သီးခြား ခုလို ထမင်းစားစေတဲ့ကိစ္စကို အန်တီမွှေး စီမံတာဖြစ်တာရယ် .. အဲဒီအစီအမံကို .. သူ .. ဘာတစ်ခုမှ ငါ့ရဲ့ ခင်ပွန်းသည်တစ်ယောက်အနေနဲ့ ငါ့ဘက်က .. ကာကွယ်ပြောဆို ပေးခြင်းမရှိခဲ့တာရယ်ကတော့ သေချာနေတာပါပဲ .."

မိဂျိုး တွေးကာ ရေချိုးခန်းသို့ဝင်၍ ခဇစင်မှ ရေစက်ခေါင်းကိုဖွင့်ကာ ဆပ်ပြာဖြင့် လက်ဆေးနေမိသည်။ ပြန်ထွက်လာကာ ထမင်းပန်းကန်ထက်မှာ ဟင်းရည်ပန်းကန်နှင့် ငါးပိရည်ကြိုပန်းကန်လုံးကို ဆင့်၍ ထပ်တင်သည်။ အပေါ်မှ သခွားသီးစိပ် ကြွေရည်သုတ်ပန်းကန်ငယ်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို ငါးပိရည်ကြိုပန်းကန်လုံးထက်မှာ သေချာထပ်တင်သည်။ အောက်ထပ်သို့ မိဂျိုး ဆင်းလာရပါ၏။ ထမင်းစားခန်းထဲဝင်တော့ အန်ကယ်ထက်က ထမင်းစားပွဲထိပ်နေရာမှာ ထိုင်နေသည်။ ရှေ့မှာ ထမင်းပွဲသည် လုံးဝမစားရသေးသော ပန်းကန်တစ်ချပ်အဖြစ် အငွေ့တထောင်းထောင်းနှင့်ရှိနေ၏။ စားပွဲထက်မှာ ဟင်းအမယ်များစွာသည်လည်း ရှိနေကြသည်ပါပဲ ။ အန်တီမွေး နှင့် မျက်နှာချင်းဆိုင်နေရာမှာ သူထိုင်နေသည်။ သူ့ရှေ့ကမှာ ထမင်းပွဲသည် ကုန်လုလုရှိနေပြီ။ မိဂျိုး တစ်ယောက်တည်း အပေါ်ထပ်မှာ ထမင်းစားနေရချိန်မှာ သူက ဟင်းအမယ်စုံဖြင့် မိခင်နှင့်အတူ ထမင်းတူတူစားဝင်သောက်ဝင် ဖြစ်နေချေသည်တကား ..။

"ဝမ်းမနည်းနဲ့ မိဂျိုး .. ဒေါသမဖြစ်နဲ့ .. ခံပြင်းနေတာကိုလည်း ရင်ထဲမှာ မမွေးထားနဲ့ .. အဲဒါတွေဝင်လာရင် .. နင့်စိတ်ကို မထိန်းနိုင်ဘဲ ပြောမှားဆိုမှား ဖြစ်ကုန်လိမ့်မယ် .. ပေါက်ကွဲကုန်လိမ့်မယ် .. နင် .. သေချာသိထားဖို့က .. ဘယ်လိုမှပြင်လို့မရတော့တဲ့ ဘဝတစ်ခုထဲကို နင်ရောက်ပြီးသွားပြီ .. ဘာတွေဆက်ဖြစ်လာမယ်ဆိုတာ စောင့်ကြည့်နေတတ်တဲ့ မိဂျိုး ဖြစ်နေရမယ် .. နင်ဟာ .. နင့်ခံစားချက်ကို ဘေးဘက်ခဏပို့ထားလိုက်စမ်းပါ .. ငွေကြိုးကြာ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့အဖြစ်ကို ဘေးကရပ်ကြည့်နေတဲ့ မိဂျိုး လိုပဲ ခံစားထားတတ်အောင်ကြိုးစားလိုက်စမ်းပါ .. ဒါမှ .. ဘေးကြည့် .. ဘေးမြင်တဲ့လူတစ်ယောက်ရဲ့အဆုံးအဖြတ် မှန်တစ်ခုကို .. နင် ရလာလိမ့်မယ် .."

ကြပ်ကြပ်သတိပုံနေရသည်။ ဟန်မပျက်ပင် မိဂျိုး အခန်းထဲဝင်လာတော့ ဒေါ်ကြီးထား မနေရက်မကြည့်ရက်သည့်နှယ် ရှေ့တိုးလာကာ မိဂျိုးလက်ထဲမှပန်းကန်ကို လှမ်းယူရှာ၏။

"မယူနဲ့ဒေါ်ထား .. သူ့ပန်းကန်သူ ဆေးလိမ့်မယ် .. မွေးတို့ စားသောက်ပြီးရင်လည်း .. သူ့ကိုပဲဆေးခိုင်းရလိမ့်မယ် .. ထမင်းဟင်း မချက်တတ်ပေမယ့် .. ပန်းကန်တော့ စင်အောင်ဆေးတတ်ရလိမ့်မပေါ့ .. အိမ်ကို



တံမြက်လှဲတတ်ရလိမ့်မပေါ့ .. ကြမ်းတိုက်တာတို့ ဖုန်စုပ်စက်နဲ့ ဖုန်စုပ်တာတို့ လုပ်တတ်ရလိမ့်မပေါ့ .. ပန်းခြံထဲမှာ မာလီဦးဘိုးခနဲ့ ပေါင်းသင်မြေဆွလောက်တော့ လုပ်တတ်ရလိမ့်မပေါ့ .. ခြံနောက်က စိုက်ခင်းတွေကို ရေလောင်းတတ်အောင်လည်း ကြိုးစားရလိမ့်မပေါ့ .. အဲဒါတွေသူ နေ့တိုင်းလုပ်ဖို့အတွက်ကတော့ ဒေါ်ထား စောင့်ပြီး ခိုင်းနေရလိမ့်မယ် .."

ဟု ပြောလာတော့ သူ့ထံမှ ...

"မေမေကလည်း .. သူက .. သား လက်ထပ်ထားတဲ့သူပါဗျာ .."

ဟု ခပ်တိုးတိုး ပြောသံပွင့်ကျလာသည်။ မိဂျိုး ဘာမျှမပြောပါ။ ပန်းကန်ဆေးသည့်နေရာလေးမှာ သွား၍ ပန်းကန်ဆေးသည်။ ရေစစ်စင်လေးမှာ ပန်းကန်ပြားနှင့်ပန်းကန်လုံးလေးတွေကို နေသားတကျထားသည်။ လက်သုတ်ပဝါလေးဖြင့် လက်ကိုသုတ်ပြီး သူ့ကိုကြည့်တော့ မျက်နှာမကောင်းဘဲ ငေးကြည့်နေတာနှင့်ကြုံသည်။ များစွာသော ဟင်းအမယ်တွေကို သေသေချာချာခွဲခြားသိနိုင်အောင်ကို ပန်းကန်တွေအားလုံးကို မိဂျိုး ဆေးရချေဦးမည် ..။ သူ .. ဘယ်လောက်ကောင်းသည့် ဟင်းကောင်းတွေဖြင့် ထမင်းတစ်ပွဲကို ကုန်အောင်စားခဲ့သည်ဆိုတာလိုက်၍ ရပ်ကြည့်နေစရာမလို ..။ ပန်းကန်တွေဆေးလိုက်ရချိန်မှာ မိဂျိုး အလိုလို အဖြေရလိုက်မည်သာ ..။

မိဂျိုး နှင့် ပတ်သက်၍ ကာကွယ်စကားတစ်ခုကို အသံတိုးတိုးဖြင့် အားဖျော့သံဖြင့် အမေလုပ်သူကို ပြောလိုက်ပါသည့်သူ့ကို မိဂျိုး တုံ့ပြန်ငေးကြည့်မိရပါ၏။ ကူကယ်ရာမဲ့နေသည့်သူတစ်ယောက်သည် ငွေကြိုးကြာ ဖြစ်လျက် ..။ ထိုမိန်းမတစ်ယောက်ကို ဘေးကရပ်၍ အားပေးထိန်းကျောင်းနေရသူသည်လည်း မိဂျိုး ပဲ ဖြစ်နေသည်။ တစ်ယောက်ခိုမှ တစ်ယောက်တည်း နေရာစိမ်းတစ်ခုမှာ ရှေ့တိုးဆူးတော ..။ နောက်ဆုတ်ဆူးပင်ဆိုသည့်အဖြစ်နှင့် ကြုံနေရပြီကောလေ ..။ မတတ်နိုင် .. ဆူးတောဆူးပင်ကြားမှ .. လွတ်မြောက်ဖို့ရာအတွက်ဆိုလျှင်ဖြင့် ဆူးခြစ်ရာ ..

www.burmeseclassic.com

www.burmeseclassic.com



ဆူးစူးရာဒဏ်ရာတို့ကိုတော့ ငြင်းဆန်ရှောင်ကြဉ်၍ ရနိုင်မည်မဟုတ်။ ဒဏ်ရာဒဏ်ချက်တွေနှင့်တော့ ရုန်းထွက်မှဖြစ်ချေမည်သာ ...။

"မင်း .. မဟုတ်သေးဘူး မွေး ..."

အန်ကယ်ထက် ရုတ်တရက် ထရပ်သည်။ ထမင်းလည်း မစားသေး...။ မိဂျိုးကို ကြည့်သည်။ မိဂျိုး ဘေးမှာ ရပ်လာသည်။

"လာ .. လာခဲ့ .. သမီး .."

အန်ကယ်ထက် ခေါ်တော့ မိဂျိုး ပထမဆုံးကြည့်မိသည်က သူ့ကိုပါ ...။ ခုလို .. မိဂျိုး ဘေးမှာ အဖေလုပ်သူ ရပ်တည်ပေးလာသည့်နှယ် ရှိနေ၍လားမသိ ...။ သူ့မျက်ဝန်းတွေ အတန်မျှ ရွှန်းတောက်လာကြသည်။ ကျေးဇူးတင်သည့်အကြည့်သည် အားကိုးရာလည်း ရောက်နေသည်။ အဖေလုပ်သူ ကယ်တင်ပါမှ သူ လက်ထပ်ထားရာ မိဂျိုး ဒုက္ခတွင်းတစ်ခုက လွတ်မြောက်ရချေမည်ဟု အသေအကျေသဘောပေါက်ထားပုံရပါသည့် ယောကျ်ားတစ်ယောက်အဖြစ် သူ့ကို လက်တွေ့ကျကျ မြင်နေရပါသည့်အဖြစ် ...။

အန်ကယ်ထက် ခေါ်ရာ စာကြည့်ခန်းသို့ မိဂျိုး ဘာတစ်ခွန်းမျှ မပြောဘဲ တိတ်ဆိတ်စွာ လိုက်လာသည်ပါပဲ ...။

စာကြည့်ခန်းသို့ရောက်တော့ အန်ကယ်ထက် တံခါးရွက်ကို ဆွဲစေ့သည်။ ချက်ထိုးပိတ်လိုက်ပြီးမှ ...

"အမှန်အတိုင်း ပြောရရင် သမီးရယ် .. မွေး ဟာ .. ဒီအခန်းထဲမှာ သားနဲ့ စကားပြောခဲ့တုန်းက .. တံခါး ချက်မချမိခြင်းဆိုတဲ့ အမှားကို ကျူးလွန်ခဲ့မိလို့ .. ဒီအထိ အဖြစ်အပျက်တွေမလိုအပ်ဘဲ ဖြစ်ပျက်ကုန်ရတယ်လို့ အန်ကယ် သဘောပေါက်တယ် .. အကယ်၍သာ .. မွေး .. ဒီတံခါးကို ချက်ချပိတ်ထားခဲ့ရင် .. သမီးလည်း အခန်းထဲအလွယ်တကူ ဝင်လို့ရမှာမဟုတ်သလို .. အထဲက စကားတွေကိုလည်း ကြားရတော့မှာမဟုတ်ဘူးပေါ့ .. သမီးက စိတ်ကောင်းနဲ့ယူလာပေးတဲ့ရတနာဘူးတွေ



ကို .. တံခါးခေါက်ပြီးမှပဲ ပေးလို့ရတော့မှာလေ .. ခုကျတော့ .. အလွယ်တကူဝင်ဖြစ်ခဲ့တယ် .. ပြောသမျှစကားတွေလည်း ကြားခဲ့ရတယ် .. ပြောမိတဲ့မွေးကလည်း ရှက်ရမ်းရမ်းပြီး .. ဆက်မှားတော့တာပါပဲ .. မပြောသင့်တဲ့စကားတွေဆက်ပြော .. သမီးဘက်ကလည်း တုံ့ပြန်တဲ့စကားကိုပြော .. အဲသလို ဖြစ်ကုန်ရတော့တာပေါ့ .."

ဟု ပြောနေသမျှ မိဂျိုး ခြေစုံလေးရပ်၍ ခေါင်းငုံ့နားထောင်နေလိုက်ရပါ၏။ ခုလို စကားပြောနေချိန်မှာ .. မိဂျိုး ဘေးမှာ ရပ်နေသင့်သည့်လူတစ်ယောက်လည်း ရှိနေသည်ပါပဲ။ မိဂျိုး ၏ ခင်ပွန်းသည် ...။ သူ ရှိနေသင့်သည်ပေါ့။ ခုကျတော့ .. အမေနှင့်အတူ သူသည် ကလေးတစ်ယောက် ငြိမ်ထိုင်ကြည့်ကျန်ခဲ့သည့်နှယ် ရှိချေသည်တကား ...။ မျက်နှာလွှဲခဲပစ် .. ထားလိုက်နိုင်ရက်ခြင်းပေပဲဟု တွေးယူလျှင် မမှားသည့်ကိစ္စ ...။

"ဒါပေမယ့် သမီးရယ် .. မွေး ဘက်ကလည်း .. စိတ်ထိခိုက်လွန်းခဲ့တာ ရှိနေတာပါပဲ .. သူ့ချွေးမဟာ .. တကယ့်ကို လက်ဗလာနဲ့ ရောက်လာတယ်ဆိုတော့ .. အံ့သြနေရှာတာလည်း ပါတာပေါ့ .. သူ့ဘက်က .. မလုပ်အပ်ရာတစ်ခုကို လုပ်ခဲ့တယ်ဆိုတာလည်း အန်ကယ်သိပါတယ် .. ဝန်ခံပေးပါတယ် သမီးရယ် .."

ဝန်ခံပေးသည်တဲ့လား ...။ ဖြတ်ခနဲ မိဂျိုး အန်ကယ်ထက် ကို မော့ကြည့်မိရပါ၏။ နောက်တော့ ချက်ချင်း ခေါင်းပြန်ငုံ့ထားမိလိုက်ရသည်ပါပဲ။ ရှေ့ဆက်၍ ဘာတွေဖြစ်လာမည်ဆိုတာ သိနိုင်ဖို့ မိဂျိုး ငြိမ်သက်ရပ်ပေးနေရမည်လေ ...။ စကားတွေကို ဝင်မစွက်ဖက်ဘဲ ...။ မတုံ့ပြန်ဘဲ ...။ ငြိမ်ကျနားထောင်ပေးနေရမည်လေ ...။

"သမီးမသိအောင် .. သမီးရဲ့မိုးခံသေတ္တာကို သူဖွင့်တာမမှန်ကန်ပါဘူး .. ဒါပေမယ့် .. မွေး ပြောပါတယ် .. မိန်းမတို့ရဲ့အကျင့်ကြောင့်ပါတဲ့.. ချွေးမလေးကို .. မိဘများက ဘာတွေများ လက်ဝတ်ရတနာတွေ .. ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



တွေ .. ထည့်ပေးလိုက်သလဲဆိုတာ .. ကြည့်ရရုံသက်သက် .. မြင်ဖူးရုံသက်သက် .. ကြည်နူးရုံသက်သက် ဖြစ်စေဖို့ရာတစ်ခုတည်းအတွက် .. သူ .. ဖွင့်ကြည့်မိတာပါတဲ့ .. အဲဒီမှာကျတော့မှ .. ဘာမှပါမလာတာ သိရတော့.. ပေါက်ကွဲ .. အံ့ဩ .. ကြေကွဲကုန်ရတာပါတဲ့ .. ဖုန်းဆက်ပြီး အန်ကယ့်ကို ငိုပြောတာပါသမီးရယ် ..''

ဟု ဆက်ပြောနေသမျှ မိဂျိုး ငြိမ်ကျနားထောင်နေမြဲ ..။

''ထိုင်ပါသမီးရယ် .. အန်ကယ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ..''

မိဂျိုး မထိုင်လိုပါ။ ဒါပေမယ့် လူကြီးပြောသည့်စကားပေမို့ နီးရာ ဆိုဖာထက်မှာ ငြိမ်ငြိမ်ဝပ်ဝပ် ထိုင်လိုက်မိရပါ၏။ အန်ကယ်ထက် ကို မိဂျိုး မကြည့်ဘဲနေနိုင်ဖို့ ကြိုးစားသည်။ လူတစ်ယောက်၏ နေရထိုင်ရ ကျပ်တည်းမွန်းသိပ်နေသည့်အဖြစ်မျိုးကို မြင်နေရလျှင် မိဂျိုး စိတ်လည်း လိုက်၍ မွန်းကျပ်ရချေလိမ့်မည်။ ပစ္စည်းဥစ္စာရတနာကိစ္စကို ပေါ်ပေါ် တင်တင် ဖွင့်ပြောနေရချိန်မျိုးပေမို့ လူကြီးပေပဲလေ ..။ အန်ကယ်ထက် လည်း မနည်းအားမွေး၍ ပြောရချေမည်ပေါ့ ..။ ပစ္စည်းဥစ္စာကို မက်သည် ရှိစေ ..။ ထိုမက်သည့်ဥစ္စာနေစကားအရာကို ရယူလိုမှုကိစ္စ ခေါင်းတည် ၍ပြောရချေလျှင် ပြောရသူဘက်က နည်းနည်းတော့ နေရထိုင်ရ ကျောမလုံ၊ လိပ်ပြာမလုံ၊ စိတ်မလုံ ဖြစ်ရတတ်ချေသည်ကိုးလေ ..။

''ပြီးခဲ့တာတွေ ပြီးကုန်ကြပြီ သမီးငွေကြိုးကြာ .. သမီးဟာ .. ဘုန်းမြတ်ချမ်းသာ ရဲ့ဇနီးလည်း ဖြစ်ပြီးပြီ .. အန်ကယ်နဲ့ အန်တီမွေး တို့ရဲ့ ချွေးမလည်း ဖြစ်နေရပြီ .. ခရေရိပ်ရဲ့မိသားစုလည်း ဖြစ်နေပြီ .. ဒီတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရမှာက .. ခရေရိပ်မှာ ရှိတဲ့ သူတွေရဲ့ တာဝန်ဖြစ်နေတယ်၊ သမီးဟာ မွေးစားသမီးဖြစ်နေရင်လည်း .. ဘာတတ်နိုင်မလဲ .. ပြန်နောက်ဆုတ်လို့မရတဲ့ အဖြစ်အပျက်တွေ အားလုံး က မကြာမတင်လေးသောရက်တွေအတွင်းက ဖြစ်တည်ခဲ့တဲ့မင်္ဂလာပွဲ



ကြောင့် .. အတည်တကျဖြစ်ကုန်ရပြီးနေပြီ .. ဘာမှ ပြန်ဖျက်ပစ်လို့ မရတော့ဘူး .. အန်ကယ်တို့ရဲ့ ချွေးမ .. ဘုန်းမြတ်ချမ်းသာ ရဲ့ ဇနီး .. အဲဒါ .. လူသိရှင်ကြား ဖြစ်ခဲ့ပြီးပြီ .. မွေးစားသမီးကို သမီးရင်းလို လိမ်ညာပြောလက်ထပ်ပေးရကောင်းလားလို့ လှမ်းပြီး အန်ကယ်တို့က .. ကံယုံတို့ ဘက်ကိုပြောရင်လည်း .. ကိုယ်ညံ့တာကို .. ကံယုံ တို့ရှေ့မှာ ဝန်ခံပြသလိုပဲ ဖြစ်မယ် .. လူသိရှင်ကြားဖွင့်ချလိုက်ရင်လည်း .. ကိုယ့် အရှက်ကိုယ်ခွဲ .. သူများတကာအတင်းပြောရယ်ပွဲဖွဲ့ကြစေဖို့ လမ်းခင်းပေးသလိုပဲဖြစ် မယ် .. ဒီတော့ .. တစ်ခုပဲရွေးချယ်စရာရှိတော့တယ် သမီး .. အကောင်းဆုံး သော နည်းလမ်းဆိုတာက တစ်ခုပဲကျန်တော့တယ် ..''

မိဂျိုး လုံးဝ မော့မကြည့်ဖြစ်သေး ..။ စကားကို လောလောဆယ် မှာ အခင်းအကျင်းဖြင့် တစ်ထစ်ချင်းမြှင့်တက်၍ လိုရာရောက်အောင် ပြောနေခြင်းဆိုတာလောက်ကိုတော့ .. မိဂျိုး တွက်ဆနားလည်ထားပါ၏။ ထိုစကားတို့အဆုံးသတ်ရာသည် .. ခရေရိပ်ရှိ အန်ကယ်ထက် နှင့် အန်တီမွေး တို့၏ အဆုံးအဖြတ်က ဘာဖြစ်သည်ဆိုတာ အဖြေထုတ် လိုက်ရာပဲ ဖြစ်နေချေမည်သာ ..။ သူ့ကိုတော့ မိဂျိုး ထည့်မတွက်လို တော့ပါ။ သူသည် .. မိဘစေရာသွားသည့်သား ..။ မိဘဆုံးဖြတ်ရာကို မငြင်းဆန်သည့်သား ..။ ထိုအဖြစ်ကို သိထားနားလည်ရပြီမို့ .. သူ့ကို ထည့်ကိုထည့်မတွက်ချင်တော့ပါ ..။ မိဂျိုး နှင့်ပတ်သက်၍ သူ့ဘက်က လစ်ဟာပျော့ညံ့နေခြင်းတိုင်းသည် သူ့မိဘအတွက် ရဲရင့်လိမ္မာခြင်းများ အဖြစ်သို့ ပြောင်းလဲတည်မြဲနေကြတာကိုလည်း မိဂျိုး ကောင်းကောင်း သဘောပေါက်ထားခဲ့ရသည်ကိုးလေ ..။

''ဒီအိမ်မှာ အေးချမ်းပြီး အရင်ကလိုပဲ ချစ်ချစ်ကြင်ကြင် .. ယုယုယယ .. ရှိနေကြဖို့ဆိုတာက .. မွေး ရင်ထဲမှာ လောလောဆယ် အငြိုးအခဲ ဒီကြီးကြီးဖြစ်နေတဲ့ ခံပြင်းနာကျင်နေတဲ့စိတ်တွေ အတန်အသင့်ပျော့ပြောင်း လာစေဖို့ပဲဖြစ်တယ် သမီး .. မွေး ဟာ .. ဒီခရေရိပ်ရဲ့ အသက်ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ် .. အလွန်အရေးကြီးတဲ့သူပါ .. မွေး စိတ်မချမ်းမသာဖြစ်ရမှာမျိုးကို .. သားရော .. အန်ကယ်ထက် ရော .. အဖြစ်မခံနိုင်ကြတာအမှန်ပါပဲ .. ဒီတော့ .. သူ .. စိတ်ထဲ နည်းနည်းပြေလာအောင် .. သမီး .. ဖုန်းဆက်လိုက်ပါကွယ် .. သမီး ဖေဖေနဲ့ မေမေ့ဆီကိုပေါ့ .. သားရဲ့ ဟိုတယ်ဆောက်မယ့်ကိစ္စမှာ ငွေကြေးအကူအညီဖြည့်ပေးပါလို့ .. မြေဝယ်ဖို့ကိစ္စ .. အရင်ဆုံး .. ဒီရန်ကုန်မှာပဲ ဝယ်ပြုရမှာမို့ .. ငွေကြေးကူပါလို့ .. ပြောရရင်တော့သမီးရယ် .. မြေကွက်ဝယ်ပေးပါလို့ ပြောချင်တာပါ ..”

ဟု ပြောလာတော့ မိဂျိုး ငြိမ်၍ ထိုင်မြဲထိုင်နေသည်။ အန်ကယ်ကလည်း ငြိမ်၍ အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်နေသည်။ ဖြေသံပွင့်ကျမလာပဲ ငြိမ်မြဲငြိမ်နေသည့် မိဂျိုး ကို နောက်ဆုံး သက်ပြင်းရှိုက်၍ ကြည့်လာပါ၏။ အချိုသပ်၍ ပြောနေခြင်းဟု မိဂျိုး သိနေသည်ဆိုတာ .. အန်ကယ်ထက် လည်း ရိပ်မိနေမည်သာ ..

“ကျွန်မ ဖုန်းဆက်လို့မဖြစ်ပါဘူး အန်ကယ် .. ဖေဖေနဲ့ မေမေတို့ တရားစခန်းဝင်မယ်လို့ ဆုံးဖြတ်ထားကြတာမို့ .. ဟန်းဖုန်းကို စက်ပိတ်ထားကြမယ်ဆိုတာ .. ကျွန်မကို ကြိုတင်ပြောခဲ့ကြပါတယ် .. အိမ်မှာလည်း ရှိတော့မှာမဟုတ်လို့ .. ကြိုးဖုန်းကိုလည်း ဆက်လို့ အလကားဖြစ်မှာပါပဲ .. နောက်ပြီးတော့ .. ကျွန်မကိုယ်တိုင်ကလည်း .. အဲဒီ ဟိုတယ်မြေကွက်ဝယ်ပေးဖို့ရာအတွက် ဖေဖေနဲ့ မေမေကို ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူးရှင် .. ကျွန်မကို တာဝန်ယူတဲ့ ခရေရိပ်မိသားစုဆိုတာ အခုရှိနေပါပြီ .. ကျွန်မအတွက်တောင် ဖေဖေတို့ တာဝန်ယူဖို့ မလိုတော့တာမို့ .. ကျွန်မနဲ့ပတ်သက်တဲ့ ဘယ်သူ့အတွက်မှ .. ဘယ်မိသားစုအတွက်မှ .. ဖေဖေနဲ့မေမေတို့ဘက်က .. တာဝန်ယူစရာ .. ငွေကုန်ခံစရာ .. ပေးဆပ်စရာ .. ပေးအပ်စရာ .. မလိုပါဘူး အန်ကယ် .. ပြီးတော့ ခုလို .. ဒီကိုရောက်တာမှ ရက်ဘာမှမရှိသေးခင်မှာ .. လက်ဖြန့်ပြီး ငွေတောင်းရမှာ .. အဲဒီတောင်းတဲ့ငွေပမာဏဟာလည်း ဟိုတယ်ကြီးတစ်လုံးဆောက်ဖို့ရာ



အတွက် ဝယ်ယူရမယ့်ငွေပမာဏကြီးဖြစ်နေတာကို .. ပြောထွက်ရမှာ ကျွန်မ ဝန်လေးပါတယ် .. ဟိုတယ်အတွက် မြေဝယ်ပြီးရင် .. ဟိုတယ်ဆောက်ဖို့ရာအတွက် ငွေထပ်မှာရဦးမယ်ဆိုတာကိုလည်း ကျွန်မ နားလည်နေပါပြီ .. ‘ကျွန်မ ပန်းရဂုံမှာ နေခဲ့ရစဉ်တုန်းကလည်း မေတ္တာရိပ်မှာ နေခဲ့တာပါ .. အခု .. ခရေရိပ်မှာနေရရင်လည်း .. မေတ္တာရိပ်မှာ နေခွင့်ရဖို့ပဲ ကျွန်မလိုလားပါတယ် .. အကယ်၍ အဲဒီမေတ္တာကို မရနိုင်ရင်လည်း .. ကျွန်မ ဒီနေရာမှာ .. မာလီတစ်ယောက်လို .. ပန်းကန်ဆေးသမတစ်ယောက်လို .. ကြမ်းတိုက်သူတစ်ယောက်လို .. နေပေးလိုက်ပါ့မယ် အန်ကယ် .. ကျွန်မ .. ဝမ်းနည်းတာ တစ်ခုပဲရှိပါတယ် .. ဒီ ခရေရိပ်က လိုချင်နေတဲ့ငွေကြေးတွေ .. လက်ဝတ်ရတနာတွေ .. ဘာတစ်ခုကိုမှ .. ယူမပေးနိုင်တဲ့အတွက်ပါ .. ဝမ်းနည်းရပါတယ် အန်ကယ် ..”

မိဂျိုး ပြောပြီးတာနှင့် အခန်းထဲမှထွက်ဖို့ပြင်ခဲ့သည်။ တံခါးရှေ့မှာ ရပ်သည်။ တံခါးချက်ကိုဖွင့်သည်။ တိတ်ဆိတ်နေသော ထမင်းစားခန်းဘက်ကိုလည်း လှမ်းကြည့်မိသည်။ ခန်းဆီးကာထားသော တံခါးရွက်၏ တစ်ဖက် ထမင်းစားခန်းထဲမှာ သားအမိနှစ်ယောက် တူတူဆက်ရှိနေကြပါသလား ...။ ဒါမှမဟုတ် .. ကိုယ့်အခန်း သူ့အခန်း ပြန်သွားကြချေပြီလား ...။ မသိ ...။ မိဂျိုး မသိ ...။

ဒါပေမယ့် .. မိဂျိုး ကိုယ်တိုင် တိတိကျကျသိထားရသည်က တစ်ခုပဲ ဖြစ်နေသည်။ မိဂျိုး အတွက် .. မေတ္တာခြုံ လုံစရာဟု နေရာတစ်ခုမှ ဤအိမ်ကြီးမှာရှိမလာနိုင်တော့ပြီပဲ .. ဆိုသည့်အသိတရား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

မိုးငွေ့တို့ယှက်သန်းနေသည့် ညနေခင်းတစ်ခု၏ ညနေစာ ထမင်းသည်လည်း ဒေါ်ထား လာပို့သော ချဉ်ရည်ဟင်း၊ ငါးပိရည်ကျိုနှင့် သခွားသီးစိတ် တို့စရာဖြင့် မိဂျိုး စားခဲ့ရပါသည့်အဖြစ် ..။

ဒေါ်ကြီးထား ခမျာ လုံးဝမျက်နှာမကောင်းနိုင်ရှာ ..။

တစ်ချက်မျှ မျက်နှာမညှူရှာဘဲ အေးအေးချမ်းချမ်း မိဂျိုး စားနေသည့်အဖြစ်ကိုလည်း ကြည့်ရက်ဟန်မတူ ..။

"ထမင်းပန်းကန်ထဲ .. ကြက်သားဖတ်လေးတွေ မနက်ဖြန်ကျရင် ဒေါ်ကြီးထား ဖုံးပြီး ထည့်လာမယ်နော် ကလေး .."

ဟု တိုးတိုးပြောရှာ၏။ မိဂျိုး ရင်ထဲ နင့်ခနဲဖြစ်ရပါပြီ ..။ မနေ့တစ်နေ့ကမှ တွေ့ရပါသည့် ဒေါ်ကြီးထား ခမျာ မိဂျိုး အစားအသောက်ပစ်စလက်ခတ်ဆင်းရဲနေတာကို မကြည့်ရက်နိုင်ရှာ ..။ အစေအပါးမေမို့လည်း အိမ်ကြီးရှင်တို့ ငြိုငြင်မည့်ကိစ္စကို ပေါ်ပေါ်ထင်ထင်လည်း မလုပ်ဝံ့ရှာ ..။ ဒါကြောင့်လည်း ထမင်းပန်းကန်ထဲမှာ ကြက်သားဖတ်လေးတွေ မြှုပ်ဖွက်၍ ပို့ဖို့ ကြိုးစားစိတ်ကူးနေရှာသမျှ ..။ မိဂျိုး ကို ဖွင့်လည်း ပြောပြရှာပါ၏။ ဒါပေမဲ့ .. ဩော် .. ဒါပေမယ့် .. မိဂျိုး ကို ချစ်လွန်းလှသည့်



ကဗျာလေးကိုပင် နုနုလှလှရေးဖွဲ့ခဲ့ပါသည်ဟု ဆိုလေသော ကိုဘုန်းမြတ်ချမ်းသာ ဆိုသည့် ခင်ပွန်းသည်ကတော့ဖြင့် ခုထိလည်း အပေါ်ထပ်သို့ မလာနိုင်သေး။ မိဂျိုး ဘယ်လိုစားသောက်နေရသည်ဆို တာမသိဘဲ နေမှာလည်းမဟုတ်။ ဒါပေမယ့် .. ဇနီးသည် မိဂျိုး အတွက် တစ်ခုခုခိုးဝှက်၍ ယူလာဖို့ရာ အစီအစဉ်လည်း ရှိနေပုံမရ ..။ အဲမေဖြစ်သူ၏ ငြိုငြင်ခြင်းဒဏ်ကို ခံရမှာ လန့်နေဟန်တူ၏။

"အဲသလို ခိုးမကျွေးပါနဲ့ ဒေါ်ကြီးထား ရယ် .. သူတို့မသိအောင် မိဂျိုး လည်း မစားချင်ပါဘူး .. အစားဆိုတာ ခိုးစားလို့ဝင်ပေမယ့် .. ပီတိဆိုတာ ခိုးယူလို့မှမရတာရှင် .. ချစ်ကြင်လို့ကျွေးတဲ့အစာကို စားရရင် ပီတိဖြစ်ရတာမှန်ပေမယ့် .. ခိုးစားလို့ ဝါးလိုက်ရတဲ့လျှာပေါ်က အရသာကို ပီတိနဲ့ခံစားရမှာမှမဟုတ်တာ .. ဒေါ်ကြီးထား လည်း အပြစ်ဖြစ်ပါတယ် .. မိဂျိုး လည်း အာဟာရတစ်ခုကို အပြစ်ကင်းကင်းနဲ့ပဲ ဝမ်းထဲပို့ချင်ပါတယ် .. ခိုးစားတယ်ဆိုတာ သိက္ခာကို တိုက်ခိုက်ခံလိုက်ရသလိုပါပဲ ..။ အဲသလို တိုက်ခိုက်တာကလည်း ကိုယ်ကိုယ်တိုင် ဖြစ်နေတယ်လေ .."

ဟုပြောတော့ ဒေါ်ကြီးထား ငေးနေသည်။ ထမင်းကို ကုန်အောင် မိဂျိုး စားသည်။ ဒေါ်ကြီးထားလည်း နေ့လယ်တုန်းကလို ထွက်မသွားခဲ့ ..။ မိဂျိုး စားသောက်ပြီးသည်အထိ စောင့်နေရှာသည်။ ထမင်းပန်းကန်တွေ ဒေါ်ကြီးထား သိမ်းရှာပါ၏။

"ပန်းကန်တွေ အောက်ထပ်သယ်မနေနဲ့တော့နော် .. ဒေါ်ကြီးထား သယ်သွားလိုက်မယ် .. ဒါမှမဟုတ်ရင်ဖြင့် .. ကလေးပန်းကန်ဆေး အိုးဆေးနဲ့ လုပ်နေရပါ့မယ်ကွယ် .." ဟု ပြောလာတော့မှ ..။

"ဩော် .. ဒေါ်ကြီးထား ခမျာ .. ငါ ပန်းကန်တွေ ဆေးနေရမှာကို မကြည့်ရက်လို့ .. တမင်တကာ ဒီပန်းကန်တွေ စောင့်ယူသွားတာပါ

www.burmeseclassic.com



လားနော် ..''

ဟု သိလိုက်ရပါပြီ။ မိဂျိုး ခေါင်းလေးခါ၍ ..

''မိဂျိုး ကိုယ်တိုင်ဆေးရမယ်လို့ အန်တီမွေး ပြောထားတာမို့ .. မိဂျိုး ပန်းကန်တွေ ဆေးရမှာပါပဲ ..''

ဟု ပြောနေခိုက်မှာပင် သူ အခန်းထဲဝင်လာသည်။

''ဒေါ်ထား .. ပန်းကန်တွေသိမ်းမလို့လား .. သိမ်းသွားလိုက်လေ''

ဟု ပြောလာတော့ ဒေါ်ကြီးထား မျက်နှာလေးလန်းသွားသည်။ ပန်းကန်တွေ လင်ပန်းထက် စီထပ်၍ တင်ကာ သုတ်သုတ်ထွက်၏။ မိဂျိုး ပန်းကန်တွေဆေးကြောနေရမှာ မကြည့်ရက်၍ဆိုတာ သိရပါသည့် အဖြစ် ..။

သူ မိဂျိုး ကို လှမ်းကြည့်သည်။ မျက်နှာသိပ်မကောင်း ..။ မိဂျိုး စားသောက်ခဲ့ရရာ ဟင်းအမယ် ဘယ်လောက်ရှိသည်ဆိုတာ သူသိနေမှန်း မိဂျိုး လည်း သိနေသည်။ ဒါပေမယ့် .. သူ့နှုတ်မှ ထိုထမင်းပွဲနှင့် ပတ်သက်၍ ဘာတစ်ခွန်းမှ စိတ်မကောင်းသံလေးတစ်ခွန်းတစ်စမျှ ထွက်ကျမလာတာကိုတော့ ရင်ထဲနာကျင်ချင်၏။

''ဖေဖေလည်း နေ့လယ်စာမစားဘဲ ရွှေနှင်းဆီကို ပြန်သွားတယ် .. ဒီနေ့ညစာကိုလည်း ဟိုမှာပဲ ဖေဖေ စားမယ်လို့ ဖုန်းဆက်လာတာမို့ မေမေနဲ့ မောင်နဲ့ .. အောက်ထပ်မှာ စားခဲ့ကြရပြီ .. မငွေကြိုးကြာ ကို .. နည်းနည်း တောင်းပန်ချင်တယ် .. အားလုံး စိတ်ချမ်းသာအောင် ဘာလို့ မကြိုးစားချင်ရတာလဲ .. ဖေဖေက .. မငွေကြိုးကြာ ဟာ မွေးစားသမီး ဖြစ်ပါစေ .. ချွေးမဖြစ်နေပြီမို့ .. လက်ခံထားရမှာပဲလို့ပြောတဲ့အထိ သဘောထားကြီးခဲ့တာတွေကိုလည်း မေမေနဲ့မောင့်ကို .. ဖေဖေ ပြန်ပြောပြခဲ့တာပါပဲ .. ခက်တယ် မငွေကြိုးကြာ ရယ် .. ဘာလို့ တင်းမာနေရတာလဲ .. တကယ်ဆိုရင် .. မောင်တို့ တမိသားစုလုံး နှုပ်ပစ်ခံလိုက်ရသလို ရှိနေရတာ .. မေမေ



ကလည်း မွေးစားသမီးကို .. ခုလို .. ကိုယ်လွှတ်ရုန်းပြီး ခရေရိပ်ရဲ့ လက်ထဲ ပို့လွှတ်လိုက်တဲ့ အန်ကယ်ကံနဲ့ အန်တီဖွေး တို့ကို စိတ်ကုန်နေသလို .. ကိုယ့်ဘက်ကခံရတာကိုလည်း ရှက်နေတယ် .. အလွန်တရာကိုမှ အရှက်ကြီးရှက်နေရတာမျိုးပါ မငွေကြိုးကြာ .. အဲဒါကိုတော့ စာနာစိတ်လေးနဲ့ နှစ်ဖက်မျှအောင် တွေးပေးစေချင်တယ် .. မောင်ကတော့ ထားလိုက်ပါတော့ .. မောင် လက်ထပ်မိတဲ့ မိန်းကလေးနဲ့ပတ်သက်ပြီး .. ကောင်းကောင်းဆိုးဆိုး .. ရင်စည်းခံရမှာပါပဲလေ .. ဒါပေမယ့် .. အဲသလို ခံစားနေရတဲ့ အထဲမှာ မောင့်မိဘတွေပါ ရင်ကွဲရင်ကျေအောင် အဆစ်ပါခံစားနေရတာကိုတော့ .. မောင် .. ရင်ထဲမခံစားနိုင်တော့ဘူး .. မကြည့်ရက်နိုင်တော့ဘူး မငွေကြိုးကြာ .. မောင်က .. မောင့်မိဘကို ဘယ်တုန်းကမှ စိတ်မချမ်းသာအောင် လုပ်ခဲ့တာ မဟုတ်ဘူး .. ဖေဖေနဲ့ မေမေ စိတ်ချမ်းသာမယ်ဆိုရင် .. ဘာမဆို .. ခေါင်းညိတ်တတ်တဲ့သားအဖြစ် .. ရှင်သန်ကြီးပြင်းလာခဲ့ရတာပါ .. အခု .. မောင် လက်ထပ်မိတဲ့ မိန်းမတစ်ယောက်ကြောင့် .. အိမ်တွင်းမီးလောင်နေတာကို မောင် အရမ်းကြေကွဲတယ် .. ထိခိုက်တယ် ..''

''ကျွန်မကြောင့် အလွန်နစ်နာကုန်ကြရတာပေါ့နော် ..''

ဟု သူ့ကိုကြည့်၍ မိဂျိုး အေးစက်စက် မေးလာတော့ သူ သက်ပြင်းရှိုက်၍ ကြည့်လာသည်။ စိတ်လက်ကုန်သည့်အကြည့်တွေ နည်းနည်းရောထွေးပါလာနေကြပြီ ..။ သူ့ရင်ထဲမှာ မိဂျိုး နှင့်ပတ်သက်၍ စိတ်လက်ကုန်ခန်းနေသည့် စိတ်တွေ အဘယ်မျှထိ မွန်းကျပ်နေသည် မသိ။ အဘယ်မျှထိ ထိန်းချုပ်ဖုံးအုပ်ထားဖို့ ကြိုးစားခဲ့ရသည် မသိ ..။ ခုလို မိဂျိုး တုံ့ပြန်မေးလာလိုက်ချိန်မှာ သူ့ရင်ထဲက ခံစားချက်တွေက ပွင့်အန်လျှံထွက်၍ သူ့မျက်နှာထက်မှာ စွန်းထင်းနေရာယူလာကြခြင်း ..။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ မိဂျိုး ရယ် .. ဟင် .. ထိုင်ပါဦးကွာ .."

သူ ညည်းညည်းညူညူပြောရာမှ ဆိုဖာရှည်ကြီးထက်မှာ ထိုင်တော့ မိဂျိုး မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ရပါပြီ။ ဤနေ့ .. နေ့လယ်ကတည်းက စလိုက်ရသည့် မွန်းကျပ်နာကျင်နေသော ခံစားချက်တွေနှင့် စိတ်မောပင်ပန်းနေသည့် ခံစားချက်တွေက မိဂျိုး အပေါ်မှာ မတန်တဆ ဝန်တွေပိကျနေအောင် ဖိစီးနေကြတာကို အဘယ်သူကမှ တွေးမိပုံမရ။ တွေးရဖို့ပင် သတိရကြဟန်မတူ ..။

ခရေရိပ်မှာ မိဂျိုး နှင့် အရင်းချာဆုံးဆိုတာ မိဂျိုး ၏ အရိပ်ပဲ ပြန်ဖြစ်နေသည်။ ဘယ်သူမှမရှိ။ အဆုံးစွန် ကိုယ်လက်ထပ်ထားရာ ခင်ပွန်းသည်ပင် မရှိ။ ဤအတွက် မိဂျိုး မှာ အထီးကျန်နိုင်လွန်းနေသည်။ ငွေကြိုးကြာဆိုတာ မိဂျိုး ကို အားကိုး၍ အားယူရပ်တည်နေရသည့် ဘဝ ..။

"မောင့်ကို တစ်ဦးတည်းသောသားအဖြစ် ဖေဖေနဲ့ မေမေတို့က အလွန်ချစ်ကြတာ .. အလွန်မျှော်လင့်ထားကြတာ .. မောင့်ကို .. အလိုလိုက်ကြသလို .. မောင့်ကို ပညာတတ်ကြီးဖြစ်အောင်လည်း ဂရုစိုက်ခဲ့ကြတယ် ...မငွေကြိုးကြာ နဲ့ လက်မထပ်ခင်တုန်းကလည်း .. ဖေဖေနဲ့ မေမေတို့ဟာ .. မောင့်အတွက်ပဲ တွေးပေးနေကြတာ .. မောင် ချမ်းချမ်းသာသာ ပို၍ ပို၍ ရှိဖို့ .. လက်ထပ်တဲ့ဇနီးသည်ဟာ .. ချမ်းသာမြင့်မားတဲ့မျိုးရိုးဖြစ်ဖို့ .. အဲဒါကလည်း .. မောင့်ကို လူတို့အလယ်မှာ တခမ်းတနား စိတ်အေးချမ်းသာ .. ဂုဏ်တင့်နေဖို့ဆိုတာတွေကြောင့် .. ဖြစ်နေရတာပါ .. အခု .. မောင့်အတွက် အလွန်တရာကိုမှ သင့်တော်တယ် .. ထိုက်တန်လှချေတယ်လို့ ဝမ်းသာကြည်နူးစိတ်နဲ့ စီမံခဲ့တဲ့ မင်္ဂလာပွဲကြောင့် .. ဇနီးကြောင့် .. ဖေဖေနဲ့ မေမေတို့ ကြေကွဲနေကြရတာ မြင်နေရတဲ့ မောင့်မှာ .. စိတ်မချမ်းမသာဖြစ်နေရတယ် မငွေကြိုးကြာ .. ဒီတော့ ..



မောင် တောင်းပန်ပါတယ် .. ဖေဖေနဲ့မေမေတို့ စိတ်ချမ်းသာအောင် .. လုပ်ပေးနိုင်သူဟာ မငွေကြိုးကြာ ပဲ ဖြစ်နေတာမို့ .. သူတို့ပြောတာကို လိုက်လျောပေးလိုက်ပါကွယ် .."

"ဘာ .. လုပ်ပေးရမှာတဲ့လဲ ကိုဘုန်းမြတ်ချမ်းသာ .."

မိဂျိုး အေးစက်စက် မေးလာတော့ သူ ပို၍ စိတ်မောနေပုံဖြင့် ..

"မြေလေ .. ဟိုတယ်အတွက်မြေ .. အဲဒီအတွက် .. မငွေကြိုးကြာ ရဲ့ ဖေဖေ့ဆီကို ဝယ်ပေးဖို့ရာ ပြောပေးပါ .. မငွေကြိုးကြာ ရဲ့မင်္ဂလာပွဲမှာ .. တောင်ကြီးက ပန်းရဂုံမှာ ဝတ်ဆင်ခဲ့ရာ ညှတ်အိနေတဲ့လက်ဝတ်ရတနာတွေကို အားလုံး .. ပြန်ယူပေးပါ .. မေမေ့လက်ထဲ .. အဲဒီ လက်ဝတ်လက်စားတွေအပ်ဖို့ မဟုတ်ပါဘူး .. ဒီ ခရေရိပ်ရဲ့ မီးခံသေတ္တာ .. ဟောဒီကမင်းရဲ့အခန်းက မီးခံသေတ္တာထဲမှာ လက်ဝတ်လက်စားတွေ ထည့်ထားရုံသက်သက်ပါ .. ဒါပါပဲ .. မငွေကြိုးကြာ ရဲ့ပစ္စည်း .. မငွေကြိုးကြာ ရဲ့မီးခံသေတ္တာထဲမှာ ရှိနေရမှာပါ .. မေမေ့ မီးခံသေတ္တာထဲ ရောက်နေရမှာ မဟုတ်ပါဘူးကွာ .."

ဟု ပြောလာတော့ မိဂျိုး ထိုင်နေရင်း ကိုယ်ကိုမတ်လိုက်သည်။

"အစကတည်းက .. ကိုဘုန်းမြတ်ချမ်းသာ တို့ဘက်က .. ငွေကြိုးကြာနဲ့ ကိုဘုန်းမြတ်ချမ်းသာ တို့လက်ထပ်ရရင် ပြည့်စုံပါပြီဆို .. စိတ်ချကြရပါပြီဆို .. ငွေကြေးဥစ္စာမလိုပါဘူးဆို .. ခုကျတော့မှ .. ဘာကြောင့်အဲသလိုဖြစ်နေရသလဲ .. အဲဒီအဖြေကိုလည်း .. ဒီနေ့ .. နေ့လယ်က .. စာကြည့်ခန်းထဲမှာ ရှင်တို့သားအမိစကားကို ကြားခဲ့ရတာမို့ .. ကျွန်မထပ်ပြီး ဖွင့်ချမနေချင်တော့ပါဘူး .. ဒီတော့ .. ကျွန်မ ဖြေပါ့မယ် .. ကျွန်မဟာ .. ရှင်တို့ရဲ့ကတိစကားတစ်လုံးနဲ့ .. ဒီခရေရိပ် ကို ရောက်လာရတဲ့သူပါ .. ရှင်တို့ဘက်က .. ကိုယ့်စကားကိုယ်တည် .. ကိုယ့်ကတိကိုယ်မြဲကြဖို့လိုတယ်ဆိုတာကိုတော့ မမေ့ကြစေချင်ပါဘူး .. ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အန်တီမွေး စိတ်ဆင်းရဲနေရတာမဟုတ်ပါဘူး .. ရှင်တို့ ကတိမတည်နိုင်ကြတော့လို့ .. စိတ်ဆင်းရဲနေကြတာပါ .. ကျွန်မဆီက အကူအညီမတောင်းကြပါနဲ့ .. ကိုယ့်ကတိ ကိုယ်တည်နိုင်အောင် ကြိုးစားကြဖို့လိုတာပါ .."

ဟု ပြောပြီးတာနှင့် မိဂျိုး ထရပ်လိုက်သည်။

"ရှင် .. ကျွန်မကို .. အလွန်ချစ်ပါတယ်ဆိုတာ .. ကဗျာလေးတောင် ရေးဖွဲ့ပြခဲ့တာပါ ကိုဘုန်းမြတ်ချမ်းသာ .. ရှင် မမေ့နိုင်လောက်ဖူးလို့တော့ ထင်မိတာပါပဲ .. ဒါပေမဲ့ .. ငွေကြေးချမ်းသာမပြည့်စုံရကောင်းလားလို့ ခုမှ ကျွန်မဘက်ကို အပြစ်ဖို့ပြီး တွေးတဲ့အတွေးဟာ ကဗျာစာသားလေးတွေကို ဖျက်ဆီးပစ်လိုက်နိုင်ကြတယ်ဆိုရင်လည်း .. ကျွန်မ .. ကာကွယ်ဖို့မကြိုးစားတော့ပါဘူး .. ရှင်ရေးတဲ့ကဗျာကို .. ရှင်ကိုယ်တိုင် ပြန်ဖျက်လိုက်တာပဲလေ .."

ဟု ပြောတော့ သူ ကမူးရှူးထိုး ထရပ်သည်။ စိတ်လက်ကုန်ခန်းနေသည့်နှယ် ကြည့်လာသည်။

"မောင်က .. ပြေပြေလည်လည် အားလုံးဖြစ်ကုန်အောင် ကြိုးစားတာပါ မငွေကြိုးကြာ .. မေမေ ခံစားနေရတာကို မြင်နေရတဲ့ မောင့်ဘက်ကလည်း ထည့်တွေးပေးဖို့ တာဝန် မငွေကြိုးကြာ မှာ မရှိသင့်ဘူးလား .. နောက်ဆုံး .. မောင်နဲ့ မငွေကြိုးကြာတို့ ပန်းရဂုံကို .. နောက်တစ်လလောက်မှာပဲဖြစ်ဖြစ် အလည်သွားကြမယ် .. ဟိုက မိဘတွေကို သွားတွေ့ .. အလည်နေကြတဲ့သဘောနဲ့နေမယ် .. အပြန်မှာ .. မငွေကြိုးကြာရဲ့မင်္ဂလာနေ့က ဝတ်ခဲ့ရာလက်ဝတ်လက်စားတွေ သယ်လာမယ်ဆိုတာလောက်လေးတော့ တုံ့ပြန်ပြေလည်အောင် ကြိုးစားသင့်တာပေါ့ .. အဲဒီကတိလေးလောက်တော့ .. ပေးလိုက်သင့်တာပေါ့ .. ဒါမှ ပူလောင်ဆူပွက်နေတဲ့ မေမေ့ရင်ထဲက နှပ်ပစ်ခံရလေခြင်းဆိုတဲ့ ခံစားချက် တစ်စိတ်



တစ်ပိုင်း ငြိမ်းအေးချမ်းသာရှိရပေမပေါ့ .. ခုတော့ မငွေကြိုးကြာ ဘက်ကခေါင်းမာလွန်းနေတယ် .."

ဟုပြောတော့ မိဂျိုး ဘာမှ မတုံ့ပြန်ချင်တော့ ...။ ငွေ ...။ လက်ဝတ်ရတနာ ...။ လက်ဝတ်ရတနာ ...။ ငွေ ...။ ဆိုတာတွေချည်း ကြားနေရတာလောက် စိတ်ထဲမွန်းကျပ်ရှုပ်ထွေး ပွေလီလာရတာမရှိ ...။ ရှက်ရမှန်းကိုမသိတော့ပြီလားဟု လက်တွေ့ကျသော အတွေးသည် ဤ ခရေရိပ်ရှိ လှသုံးယောက်အပေါ် ပြိုကျလာနေရပြီ။ ကိုယ်လက်ထပ်ထားရာ ခင်ပွန်းသည် ...။ ကိုယ်၏ယောက္ခမနှစ်ယောက် ...။ ချမ်းသာနေကြပါလျက် .. ငွေကြေးနောက်သို့ ဟပ်ဟပ်ထိုးလိုက်နေသည်။ ရတနာတွေနောက်သို့ ကမူးရှူးထိုးလိုက်နေသည်။ ထိုလိုက်နေသည်ကလည်း ချွေးမထံမှ ...။ ချော် .. ဇနီးသည်ထံမှ ...။ ထိုသို့ဖြစ်နေသည်။

"မင်း ခေါင်းမာနေရင် .. အနာဂတ်ဟာ လှပလာမှာ မဟုတ်ဘူးဆိုတာ နားလည်ထားဖို့လိုနေပြီ မငွေကြိုးကြာ .. မေမေက အရှမ်းကို ခံစားချက်ပြင်းထန်နေတာနော် .. သူတို့ရွေးချယ်ပေးလိုက်တဲ့ မိန်းကလေးကို လက်မထပ်လိုက်တဲ့အတွက် .. မောင် အလုပ်ပြုတ်တဲ့အပြင် အဲဒီသူဌေးသမီးနဲ့ .. ဝေးရတာကိုလည်း .. ရင်ထဲမချိတင်ကဲဖြစ်ရ .. ဒီဘက်ကလည်း .. မွေးစားသမီးကိုမှ ရွှေမင်းသမီးထင်မိသမျှ ယူကျုံးမရဖြစ်ရနဲ့ .. မေမေ .. အရှမ်း စုပြုံခံစားနေရတာကို ထည့်တွေးပေးသင့်တယ် .."

ဟု ပြောလာတော့ မိဂျိုး သိလာရသည်က သူ့လေသံတွေထဲမှာ ခြိမ်းခြောက်သံတွေ ပါလာနေပြီဆိုသည့်အချက်ပါ။

"ဖေဖေနဲ့ မေမေ တရားစခန်းဝင်မယ်ဆိုတာကိုလည်း သိသွားကြတာပဲလေ .. ဖေဖေနဲ့ မေမေကို အနှောက်အယှက်မပေးကြပါနဲ့ .."

"ဟုတ်ပြီလေ .. တရားစခန်းက သူတို့နှစ်ယောက် ပန်းရဂုံကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ကြတဲ့အခါ .. မောင်တို့ အဲဒီကိုသွားကြမယ်လေ .. ပြီးရင်"

"အဲဒါကို မမျှော်လင့်ပါနဲ့တော့လို့ ကျွန်မ စောစောကတည်းက .. ဖြေပြီးပြီပဲ .. ကျွန်မ ထပ်ပြောပါမယ် .. ပန်းရဂုံက .. ဘာတစ်ခုမှ ကျွန်မ ထပ်မတောင်းပေးနိုင်ပါဘူး .. ဒါ .. အသေအချာပါပဲ .."

ဟု ဖြေတော့ သူ ခေါင်းခါနေသည်။

"တရားစခန်းဝင်နေကြမှာမို့ .. ဖေဖေနဲ့မေမေတို့ရဲ့ ဟန်းဖုန်းတွေ စက်ပိတ်ထားကြမှာလည်း ကျွန်မကို ပြောခဲ့ကြတယ် .. အိမ်က ကြိုးဖုန်းကို ဆက်လို့လည်း ဒေါ်ကြီးထူး တို့ပဲ ကျန်ခဲ့မှာမို့ .. သူတို့က .. ဘာမှ ဆုံးဖြတ်ပြောဆိုနိုင်ကြတဲ့သူတွေမှ မဟုတ်တာပဲ .."

ဟု မိဂျိုး ဆက်ပြောနေခိုက်မှာ အခန်းထဲ လူရိပ်ဝင်လာပါ၏။

အန်တီမွေး၏ တောက်ပစူးရှနေသည့် အကြည့်ကလည်း မိဂျိုးထံ သက်ရောက်နေသည်။

"မေမေ အခန်းပြင်မှာ အတော်ကြာအောင် ရပ်နေတာပါ .. သူ့ကို ဒီလောက်ထိ ခဲယဉ်းရှင်းပြနေဖို့ မကောင်းဘူး သား .. သူ့ဘက်က ဒီလောက်ထိ တင်းမာနေတာကို .. မေမေ နားမလည်နိုင်အောင် ဖြစ်နေတယ် .. သူ့မှာ ဘာခက်ခဲနေလို့တဲ့လဲ .. ဟိုကိုပြန်မယ် .. ငွေကြေးအကူအညီတောင်းမယ် .. လက်ဝတ်လက်စားယူမယ် .. ဟိုက မပေးတာပေးတာက ဟိုဘက်အပိုင်းပဲ .. ခုဥစ္စာက .. သူ့ဘက်ကကို .. ဒီလောက်ထိ ခေါင်းခါနေတာခက်နေတာ .. ဘာကြောင့်လဲလို့ အဖြေရှာလိုက်ရင် .. အဖြေက တစ်ခုပဲရှိနေတယ် .. အဲဒါ ဘာလဲဆိုတော့ .. သူငွေတောင်းရင်လည်း ရမှာမဟုတ်တာကို ကြိုတင်သိနေလို့ပဲ ဖြစ်ရမယ် .. လက်ဝတ်လက်စားတွေ ဟိုမှာ ကျန်ခဲ့ရတာကလည်း .. ဟိုက မပေးလိုက်တာကြောင့်ပဲဖြစ်တယ် .. ကဲ .. သား .. မေမေတို့ဘက်က .. မှားခဲ့မိပြီးပြီ .. ဟိုဘက်က ကိုယ်လွတ်ရုန်းပြီး ဒီဘက်ကိုတာဝန်ပေးလိုက်တဲ့ ဒီသက်ရှိ



သတ္တဝါကို .. စေတနာမရှိလည်း မတတ်နိုင် .. စေတနာပျက်လည်း မတတ်နိုင်ဘဲ .. နေ့တိုင်း ဒီမျက်နှာကို ကြည့်နေရတဲ့ဒုက္ခ .. ရှုကြရတော့မှာပါပဲ .. သြော် .. ကံယုံ လို့ပဲ ခေါ်လိုက်ချင်ပါရဲ့ .. ကံယုံ တို့ လင်မယား .. မွေးစားတုန်းကတော့ မွေးစားခဲ့ပြီးမှ .. ခု .. အမွေအနှစ်ရယ်လို့ ပေးရ .. ချန်ခဲ့ရမှာကျတော့ လက်တွန့်နှမြောစိတ် .. ဥမ္မာမက်စိတ်နဲ့ ဒီကောင်မကို ဘာမှမချန်ပေးခဲ့ပဲ .. ငါတို့ဆီ လူလည်ကျလွှတ် လိုက်ကြသကိုးလို့ပဲ ပြောရတော့မှာပဲ .."

ဟု ပြောကာ မိဂျိုး ကို တည်ရူးရူးကြည့်သည်။

"ညည်း ရပ်လေး ရွှေရည်ပန်းဆက်ချောနေလို့ ဘာရမှာမို့လို့လဲ .. ရုပ်က နင့်မျက်နှာမှာကပ်နေတာလေ .. ငါ့မျက်နှာမှာ လာကပ်နေတာမှမဟုတ်ပဲ .. နင့်ဆီက ဘာတစ်ခုမှ ထွက်ကျမလာနိုင်တဲ့တူတူ ညည်း ရုပ်လှတာကို အမြတ်ပဲလို့တော့ ငါက .. ငါးမရ ရေချိုးပြန်ဆိုတာမျိုး မလုပ်နိုင်ဘူး အေရဲ့ .. ငါးရမှ ငါးစားရတာလေ .. ရေချိုးလို့ ဗိုက်ဝတာ မှမဟုတ်ပဲ .."

အသံက စိတ်ပျက်လက်ပျက်နိုင်နေသည်။ စိတ်လက်ကုန်ခမ်းနေသည့် အညှာတာမဲ့အကြည့်ကလည်း မာကျောနေသည်။ ပစ္စည်းဥစ္စာ ဇောတစ္ဆေသည် အန်တီမွေး ၏ နှလုံးသားတိုင်အောင် ပူးကပ်နေသည့် နယ်ရှိ၏။ အန်တီမွေး ၏ အကြည့်က ရုတ်ခနဲ သားဖြစ်သူ၏လက်ဆီမှာ တန့်ခနဲ ဖြစ်သွားပြန်ချေသည်။ မိဂျိုး အပေါ် ကြည့်ခဲ့သည့် အကြည့်ထက် ပို၍ ဆိုးနေသောအကြည့်တစ်ခုအဖြစ်သို့ ပြောင်း၏။ ဒေါသခံပြင်း အကြည့် ..။

"သား .. သားရဲ့ လက်ထပ်လက်စွပ်ကို ချွတ်လိုက်စမ်းကွယ် .."

အံခဲ၍ ပြောလာသံကြောင့် သူ အနေခက်သလို မိဂျိုး ကို မလုံမလဲ ကြည့်သည်။ ဘာကြောင့် ထိုလက်စွပ်ကို မလိုမုန်းထားအကြည့်ကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းပြပြ ကြည့်နေသည်လည်း ဆိုတာ အမေဖြစ်သူ၏ ခံစားချက်ကို ရုတ်ခနဲသူလည်း သဘောပေါက်နိုင်ပုံမရ ..။

"ဘာလုပ်မလို့လဲ မေမေ .."

"ချွတ်မှာ ချွတ်စမ်းပါကွယ် .."

သူ့ လက်ချောင်းမှာရှိနေသည့် လက်ထပ်လက်စွပ် လက်ကြီးပါလာအောင်ဆွဲယူ၍ လက်ဖြင့် ဖတ်ခနဲ ရိုက်ပြရင်း အန်တီမွေး ထပ်ပြောလာတော့ သူ မငြင်းဆန်ရဲစွာပဲ လက်စွပ်ကို ချွတ်၏။ စိန်တစ်လုံး မြှုပ်ထားသည့် လက်ထပ်လက်စွပ်သည် သူ့ထံမှနေ၍ အန်တီမွေး ၏ ဆိုးဆိုးဆတ်ဆတ်နိုင်စွာ ယူလိုက်သည့်လက်ထဲ ပါသွားရသည်ပါပဲ ..။

လည်ပင်းမှာ ဆွဲထားသည့် ဆွဲကြိုးကို အန်တီမွေး ဖြုတ်လိုက်ကာ လက်စွပ်ကိုလျှို၍ ကြိုးမှာ လျှောခနဲလျှိုထည့်၏။ ပြီးတော့ လည်မှာ ပြန်ဆွဲသည်။

"မွေးစားသမီးကို သမီးရင်းလိုလို လိမ်ပြီး .. အုတ်ကြားမြက်ပေါက်ကို ငါတို့လက်ထဲ ယုတ်ယုတ်မာမာ လက်သိပ်ထိုး ထည့်လွှတ်လိုက်တဲ့ ခံရချက်ဆိုးတဲ့ အဲဒီအဖြစ်ကို .. အမြဲမမေ့မလျော့ ခံနေရတဲ့ အထိမ်းအမှတ်တစ်ခုအဖြစ် .. အမှတ်အသားတစ်ခုအဖြစ် .. ဒီလက်စွပ်ကို မေမေ့လည်မှာ ဆွဲထားရလိမ့်မယ် သား .. ရင်ထဲက အမာရွတ်ကို ပိုကြီးလာအောင် နေ့တိုင်း မွေးမြူဖို့အတွက်ဆိုပါတော့ .."

ဟု အန်တီမွေး ပြောလာတော့ မိဂျိုး ရင်ထဲ မျိုသိပ်မထားနိုင်စွာ ပြောမိလိုက်ရပါပြီ။

"ဖေဖေနဲ့မေမေ့ကို .. အဲသလို လူယုတ်မာဆိုတဲ့အဆင့်အထိတော့ မပြောပါနဲ့အန်တီမွေးရယ် .."

ဟု ပြောမိစဉ်မှာ သူ့ကိုလည်း တစ်ချက် မိဂျိုးကြည့်မိရပါ၏။ အနေခက်နေတာတော့ သိသာနေသည့်အဖြစ်။ ဒါပေမယ့် .. ဘာတစ်ခွန်း



မျှ သူ့ထံမှ အမေဖြစ်သူအပေါ် ကန့်ကွက်သံ ..။ ဖျောင်းဖျသံ .. ပွင့်ကျမလာ ..။

"မိဂျိုး ရှေ့မှာ .. သူ့မိဘကို အဲသလောက်မပြောသင့်ပါဘူး .. မေမေ .."

ဆိုသည့် ကန့်ကွက်သံမျိုးလောက်တော့ သူ ပြောသင့်သည်။

ဒါမှမဟုတ်လျှင်လည်း ..

"အဲသလောက်ထိတော့ မပြောပါနဲ့ မေမေရယ် .. ပြီးခဲ့တာလည်း ပြီးကုန်ပါပြီ .. ပြင်လို့မှမရတော့တာ မေမေရယ် .. စိတ်ကိုလျှော့လိုက်ပါတော့ .. မေမေ ပင်ပန်းလှပါတယ် .."

ဆိုတာမျိုးလေးလောက်တော့ အမေ ဖြစ်သူကို နားချဖျောင်းဖျသင့်သည်ပေါ့ ..။

ခုကျတော့ သူသည် အနေခက် အထိုင်ခက်ဖြစ်နေသည့် အားနာကြည့်တစ်ခုကိုသာ မိဂျိုး ထံ တလည်လည်ပို့နေရင်း ပါးစပ်ကတော့ ရေငုံနှုတ်ပိတ်ဖြစ်နေသည်။ အာစေးထည့်ထားသူ ဖြစ်နေသည်။ သျှောင်နောက်ဆံထုံးပါဆိုသည့် စကားပုံရှိသည်ကတော့ အမှန် ..။ တကယ်တော့ မိန်းမသားတစ်ယောက်ဆိုတာ အိမ်ထောင်ကျလိုက်တာနှင့် ဆံထုံးလေးပဲပါသွားရတာမဟုတ် ..။ ဘဝတစ်ခုလုံး ပါသွားရခြင်း။ ခု .. မိဂျိုး ၏ သူ့နောက်ပါခဲ့ရသည့် ဘဝတစ်ခုလုံးအပေါ်မှာ ဘာတစ်ခုမျှ တာဝန်ယူရဲတာမရှိ ..။ အမေရှေ့မှာ ရှိနေရင်း ..။ အမေ၏ပြောစကားကို တစ်ခွန်းမျှ မငြင်းဆန်ရဲသော သားတစ်ယောက်အဖြစ်သာ ရပ်တည်နေသည့်အဖြစ် ..။

"ဒီမယ်သား .. အကယ်၍များ .. ကံဆိုးမိုးမှောင်ကျပြီးတော့ ဒီသူငယ်မရဲ့ဝမ်းထဲမှာများ .. ငါ့မြေးလေးလွယ်များလွယ်သွားခဲ့ရင်ဖြင့် .. အဲဒီကလေးကို .. ငါ ဖျက်ချပစ်မယ်သိရဲ့လား .. အုတ်ကြားမြက်ပေါက်ကလေးကို ငါ့မြေးရယ်လို့ .. မပွေ့ချီနိုင်ဘူးလေ .. ဘယ်ကလာမှန်းမသိ ..

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့သေွးမှန်းမသိ ... မျိုးရိုးညံ့လို့ ... စွန့်ပစ်ခံရတာ သေချာနေတဲ့ ... ဒီကောင်မကို ... သူတို့က မွေးစားပြီးခဲ့ပြီ ... အခု ... ငါတို့က ... ခရေရိုပ်မှာ ... သူ့ကိုတင်ထားရပြီ ... သူ့ဗိုက်ထဲ မင်းရဲ့သွေးများ လွယ်မိပြီဆိုရင်တော့ ... ငါက ... အဲဒီကလေးကို ... ဖျက်ချပစ်ဖို့ စီစဉ်ရမှာပဲဟဲ့ ... သိရဲ့လား ..."

ရှေ့မှာ မိဂျိုး ကိုထား၍ ပေါ်ပေါ်တင်တင် အန်တီမွေး ပြောနေခိုက် ခေါင်းငိုက်ကျသွားရုံပဲ ရှိနေသည်။ သက်ပြင်းရှိုက်ရုံပဲ ရှိနေသည်။ ကဗျာတစ်ဖွဲ့စာတစ်နဲ့ဖြင့် မိဂျိုး ကို မငဲ့မရဲ ချစ်ရပါသည်ဟု သိမ်ငယ်စွာ ပြောခဲ့ဖူးသော သူတစ်ယောက် ...။ ထိုခံစားချက်ကဗျာကို မိဂျိုး ထံ အပ်နှံခဲ့ဖူးသူတစ်ယောက် ...။ ခုကျတော့ ... အားငယ်သူအဖြစ်ရှိမနေ၊ မြင့်မြတ်သူဖြစ်နေသည်။ ဂုဏ်မြင့်ထည်ဝါသူ ဖြစ်နေသည်။ မတူမတန် မိန်းမသားတစ်ယောက်ကို မှားယွင်းမိုက်မဲစွာ လက်ထပ်ခဲ့ရသူတစ်ယောက်ဖြစ်နေသည်။ အမေဖြစ်သူ၏ မိုက်မဲသောရက်စက်သည့် စကားကိုပင် မဟန့်တားရဲသူတစ်ယောက်လည်း ဖြစ်နေသည်။ သြော် ... မမြင်ရသေးသည့် ရင်သွေး ...။ အကယ်၍များ ... ထိုရင်သွေးရှိလာခဲ့လျှင်ဆိုသည့် ... တွေးရုံပဲတွေးယူသည့်ခံစားချက်ထဲမှာ ပေါ်လာရုံလေးပဲ ပေါ်လာရုံရှိနေသေးသည့် ရင်သွေး ...။ ထိုကလေးအပေါ်မှာပင် ... ကာကွယ်မှုတစ်စုံတစ်ရာ ပြုပေးဖို့ မကြိုးစားတတ်သည့် အဖေလောင်းလျာ တစ်ယောက်ဖြစ်နေသည်။ မိဂျိုး ... ရင်ထဲမှာ ကျိုးကြေနေရသည်ပါပဲ။

"ဒီလောက်ထိ ပက်ပက်ရက်ရက် ပြောနေတာတောင် ... ဒီကောင်မလေးရဲ့ပါးစပ်က ... အိမ်ပြန်မယ့်လို့ တစ်ပေါက်တစ်စလေးတောင် ထွက်မလာတာကတော့ဖြင့် ... ဟိုကိုပြန်လို့မရမှန်း ... ဟိုက လက်မခံချင်တော့မှန်း သေချာနေလို့ပေါ့သားရဲ့ ... ဟင် ... ဒီမှာပဲ ... သေခါနီးခွေးမတစ်ကောင် အသေ့တွယ်ထားသလို ... လာဖက်တွယ်နေတာ ဆိုးတယ်ဟဲ့ ..."



ဟု ဆက်တိုက်ပြောနေရာမှ အန်တီမွေး နဖူးကို လက်ဖဝါးဖြင့် ရိုက် ...။ ရင်ကို ဖြန်းခနဲထုနေတော့ သူ မနေသာ ...။ အမေ၏လက်ကို မျက်စိမျက်နှာပျက်လျက် ဆွဲထိန်းသည်။

"မလုပ်ပါနဲ့ မေမေရယ် ... မေမေ သွေးတိုးနေပါ့မယ် ..."

ဟု အသံတွေပါပျက်နေရင်း ပြောလာပါ၏။

"သြော် ... သူက သူ့အမေအတွက်တော့ စိတ်ပူတတ်သားပဲ ... ငါ့ရင်ထဲမှာ ကြေမွနေတာကိုတော့ ... သူ ရပ်တည်ရမှန်းမသိပေမယ့် ... ကာကွယ်နိုင်စွမ်းသမျှလေးလောက်ပဲဖြစ်ဖြစ် ... ကာကွယ်ပေးဖို့ ... သတ္တိမရှိပေမယ့် ... အမေ သွေးတိုးမှာကိုတော့ စိတ်ပူတတ်နေတယ် ... အမေ နဖူးရိုက်၊ ရင်ဘတ်ရိုက် ဖြစ်နေတာကို လိုက်ဆွဲနေ ... မျက်နှာပျက်နေတတ်ပါရောလား ... ငါဟာ ... ဒီ ခရေရိုပ်မှာ သူကလွဲပြီး ဘယ်သူမှမရှိတော့တာကိုတောင် ... သူ့အာရုံထဲမှာ ထည့်ထားဖို့ မေ့လျော့နေပါလား ... ဝန်လေးနေပါလား ... တာဝန်မရှိသလို ဖြစ်နေပါလား ..."

မိဂျိုး လက်တွေ့ကျကျ နားလည်နေရပြီ။ မျက်ဝါးထင်ထင် မြင်နေရပါလျက် ...။ ထိုအမြင်မှပေးလာသော အသိကို လက်ခံဖို့ ငြင်းဆန်နေရမည်တဲ့လား ...။ တစ်နေ့ ... ထိုစိတ်တွေ ပြောင်းလဲလာချေလိမ့်မည်ဟု ကြံဖန်၍ ဖြေသိမ့်တွေးယူနေရမည့်အချိန်လည်း မဟုတ်နေပြီ ...။ ကြာလေ ... ခါးလေဆိုသည့် လူတို့၏စရိုက်ကို ကွင်းကွင်းကွက်ကွက် မြင်လာနေစေသည့် ရင်ဆိုင်ရမှုကြီးတစ်ခုထဲမှာ မိဂျိုး နှုတ်ဆိတ်စွာ ရပ်ကြည့်နေသူ ဖြစ်နေရသည်။ သြော် ... ထိုသို့ ရပ်ကြည့်နေရသူကလည်း ... မိဂျိုး ...။ ရပ်ကြည့်နေရသူ၏ဘဝသည်လည်း မိဂျိုး ...။ ထိုသို့ ဘဝ အဆိုးကြီးကို ကိုယ်ပြန်ကြည့်နေရတာလောက် ဆိုးဝါးခြောက်ခြားနေစေသည့်အရာမရှိ ...။ နှိပ်စက်ခံစားရာမရှိ ...။ အထီးကျန်ရာမရှိ ...။

"သားရဲ့ အဖေလည်း သူ ထွင်တဲ့ဓာတ် ... သူ ဆင်မှတ်သလို ဖြစ်

www.burmeseclassic.com



မလာတော့ ရင်ကွဲနေရပြီ .. ဒီက ကျေးဇူးရှင်မမကိုလည်း သူ ဖျောင်းဖျနားချဖို့ ကြိုးစားခဲ့ပေမဲ့ .. မအောင်မြင်တော့ .. စိတ်ညစ်နေရရှာပြီ .. အဲဒါ .. ရွှေနှင်းဆီရက်တောရင့်က သူ့ရုံးခန်းမှာပဲ အိပ်တော့မယ်ဆိုပြီး မေမေ့ဆီကို ဖုန်းဆက်လာလေရဲ့၊ ဒီတော့ .. သား အဖေ စိတ်လက်ဆင်းရဲအရက်သည်းနေချိန်မှာ .. တစ်ယောက်တည်း လွှတ်ထားရင် .. ဟိုမှာ တစ်ညလုံး အတွေးတွေနစ်နေရင်း အိပ်မရပြုမရနဲ့ .. မျက်စိကြောင်ရှာမယ် .. အတွေးခေါင်ရင်း နှလုံးထိခိုက်ရှာမယ် .. သားရဲ့ ဖေဖေ့ကို .. သား အဖော်လုပ်ပြီး ဟိုမှာ သွားအိပ်ပေတော့ ..''

ဟု ပြောကာ သားလက်ကိုဆွဲ၍ ပေါ်ပေါ်တင်တင် ထွက်သွားတော့လည်း သူသည် မငြင်းဆန်နိုင်သော ခြေလှမ်းတွေဖြင့် ပါသွားသည်ပါပဲ ..။

မိဂျိုး တစ်ယောက်တည်း ကျန်ခဲ့မည်ပေါ့ .. ဆိုသည့် စကားသံလေး တစ်စွန်းတစ်စသော်မျှ သူ့နှုတ်မှပွင့်ကျမလာ ..။



## အခန်း(၉)

တစ်ပတ်ဆိုသည့်အချိန်သည် ရင်ဆိုင်လက်ခံနေရသည့် ခံစားချက်တွေဖြင့် ရင်းနှီးဖြတ်သန်းရခြင်းပေမို့ ရှည်လျားနေသည်ဟု မိဂျိုးမှတ်ယူနေရသည်ပါပဲ။

မနက်တိုင်း ထမင်းကြမ်းကို ပဲပြုတ်ဖြင့် မွှေနှောက်၍ ဆီအနံ့ပါရုံလေး ဆမ်းထားသည့် ပန်းကန်လုံးအသေးစားလေးဖြင့် တစ်ခါစားစာနည်းနည်းလေးမျှဖြင့် စားရသည်ကလည်း မပြောင်းလဲတတ်ခဲ့ ..။ ထမင်းကြမ်းကို နွှေးမထား ..။ အေးစက်စက်ပေမို့ အတန်မျှတော့ မာတာတာလေးရှိနေသည်။ ကော်ဖီကြမ်းတစ်ခွက်ပင် ပါမလာခဲ့။ ရေနွေးကြမ်းတစ်ပန်းကန်လည်း မရှိခဲ့ ..။ ရေတစ်ခွက်ပါလာရုံမျှဖြင့် မနက်စာသည် ထမင်းကြမ်းပဲပြုတ်ဆီဆမ်းဖြင့် ပြီးရသည်ချည်း ..။

နေ့လယ်စာကျတော့လည်း အမြဲမလွဲမသွေပါတတ်သည်က ငပိရည်ကြို၊ ဒါမှမဟုတ် ငပိထောင်းငရုတ်သီးစပ်စပ် ..။ ပြီးတော့ .. ဟင်းရည်သောက်တစ်ခွက် ..။ ချဉ်ပေါင်ဟင်းရည် ဖြစ်ချင်ဖြစ်မည်။ ကန်စွန်းရွက်ဟင်းရည် ဖြစ်ချင်ဖြစ်မည် ..။ တစ်ခါတစ်ခါကျတော့လည်း ဘာကြောင့်ရယ်မသိ ..။ ဟင်းရည်လေးပင် ပါမလာတတ်ခဲ့ ..။ မချက်၍လား ..။ ဒါမှမဟုတ် .. ဟင်းရည်ချက်က ကောင်းလွန်း၍ ထည့်မပေး

www.burmeseclassic.com

www.burmeseclassic.com



ခြင်းများပေလားမသိ ..။ ငါးပိမီးဖုတ် သံပရာဆမ်း ငရုတ်စပ်စပ်လေးဖြင့် ထမင်းတစ်နပ်ပြီးသွားရသည့်ရက်လည်း ရှိတတ်ခဲ့ရပြီ ..။

ဤမနက်လည်း ထမင်းကြမ်းပဲပြုတ်ဆီဆမ်းလေးဖြင့် စားသောက်ပြီးတာနှင့် ရေအေးတစ်ခွက်သောက် ..။ ပန်းကန်လေး လက်ကကိုင်၍ အောက်ထပ်ဆင်း ..။ ပန်းကန်လေးဆေး ..။ ခြံထဲဆင်းရသည်ပါပဲ ..။ ပန်းခြံထဲမှာ ဘဘဦးဘိုးခက် ကတော့ အပင်တွေ မြေဆွနေချိန် ..။

''အင်း .. လာ .. လာ .. ကလေးရေ ..''

ဘာတွေ အိမ်တွင်းရေးဖြစ်နေကြရသည်ဆိုတာ အကြောင်းရင်းခံ မသိရပေမဲ့ ..။ မိဂျိုး ကို မျက်နှာသာပေးဖို့ နေနေသာသာ ..။ ဘယ်လို ကျွေး၍ ဘာတွေခိုင်းနေသည်ဆိုတာကိုတော့ ဘဘဦးဘိုးခ လည်း သိနေရပြီပဲလေ ..။ မျက်နှာမကောင်းရှာ ..။ မိဂျိုး စားရသောက်ရပုံတွေ ဒေါ်ကြီးထား ပြောပြထားချေသည်သာ ..။ ခုလည်း လက်ကိုင်ပါသည့် မြေဆွကော်ပြားလေးကို မိဂျိုး ယူကာ နှင်းဆီပင်လေးတွေ မြေဆွနေတော့ ဘဘ မျက်နှာမကောင်း ..။

''သိပ်ပြီး ဆက်တိုက် အားအင်ပါပါနဲ့ မလုပ်ပါနဲ့ ကလေးရယ် .. ဟန်ပြလေးပဲလုပ်ပါကွယ် .. ကလေးရဲ့ လက်နုနု .. အသားနုနုလေးတွေ မြင်နေရရုံနဲ့ ဘယ်လောက်ထိ နုနုနယ်နယ်နေခဲ့ရတယ်ဆိုတာ ဘဘသိပါတယ် .. ဟန်ပြပဲလုပ်နော် ..''

ဟု ပြောရှာပါ၏။ ဒါပေမယ့် .. မိဂျိုး လက်လေးတွေ နာကျင်နေပေမယ့် မြေဆွသည့်အလုပ်ကို မခိုမကပ်လုပ်ရသည်ပါပဲ။ ခက်သည်က မိဂျိုး မှာရှိသည့် အဝတ်တိုင်းက အရမ်းကို ကောင်းနေခြင်းပဲ ဖြစ်နေသည့်ကိစ္စ..။ ခုလည်း ပိုးဂါဝန်ရှည် နောက်ခါးစည်းချည်လှလှလေးကို မိဂျိုး ဝတ်ထားရသည်။ တခြားဝတ်စရာ အဝတ်ဟောင်းဟူ၍လည်း မရှိ။ တန်တန်သင့်သင့် ဈေးပေး၍ဝယ်ရသည့်အဝတ်မျိုးလည်း မရှိ ..။ ဖေဖေနှင့် မေမေက ကောင်းမှ ဆိုတာကိုပဲ ဆင်ခဲ့တာမို့ ဝတ်ကောင်း စားလှဝတ်၍ ..။ ဖိနပ်ကောင်းစီး



၍ ပန်းခြံထဲ မြေဆွပေါင်းသင်လုပ်နေသလိုကြီး ဖြစ်နေတာက သိပ်တော့ သဟဇာတဖြစ်မနေ ..။

''ငါ .. ငါ .. ဝဋ်ဆိုက်တာ .. ဖေဖေနဲ့ မေမေ ချစ်လွန်းလို့ ဖူးဖူးမှုတ်ပြီး တသသထားတာကို .. အလုပ်ပေးမလုပ်လို့ဆိုပြီး .. ထမင်းချက် ဟင်းချက်ချင်ရတာနဲ့ .. ခြံထဲဆင်း ဥယျာဉ်အလုပ်လုပ်ချင်ရတာနဲ့ .. မလုပ်ဖူးတဲ့အလုပ်ကို .. အလွယ်တကူ ငါလုပ်နိုင်ရဲ့ဆိုပြီး ရှိခဲ့သမျှ .. ဖေဖေနဲ့မေမေ .. မထိရက် .. မတို့ရက် .. အရိပ်တကြည့်ကြည့်နဲ့ .. ရွှေလိုဥ ထားတဲ့ဘဝကိုများ ပျင်းရသလေး .. ဘာလေးနဲ့ .. လုပ်ခဲ့သမျှ .. ခု .. ခု .. ဝဋ်ဆိုက်ပါရောလား .. မေတ္တာစူးစေလို့ ဖေဖေနဲ့မေမေတို့ စိတ်ကူးနဲ့တောင် မရှိခဲ့ကြပေမယ့် .. အခု .. ငါ .. ဖေဖေနဲ့ မေမေ့ မေတ္တာစူးရပါရောလား .. ဟင် .. ဟင် ..''

ဟု တွေးမိရရင်း ရင်ထဲမှာ ကြေမွ၏။ ခုလောက်ဆို .. ဖေဖေနှင့် မေမေတို့ တရားစခန်းမှာ အေးအေးချမ်းချမ်း ရှိနေကြချေလိမ့်မည်။ သမီးတစ်ယောက် .. ပစ္စုပ္ပန်နှင့် အနာဂတ်တို့အတွက် စိတ်ချလက်ချ ရှိရပြီဟု စိတ်အေးချမ်းမြေ့ရှိနေကြချေမည် ..။

မနက်စာကိုခွံ့၍ပင် မေမေက ကျွေးတတ်သည့်အဖြစ် ..။ ခုလို ထမင်းကြမ်းခဲ အေးစက်စက်ကို လက်ဖြင့်ဖွ၍ ပဲပြုတ် ဆားဆမ်း ဆီနည်းနည်းမွှေပါသည့် မနက်စာကို မိဂျိုး စားနေရပြီဆိုတာများ မေမေသိလျှင် ..။ ရင်ကွဲပက်လက်ဖြစ်ချေမည်။ ဖေဖေဆို .. တက်တခေါက်ခေါက် ဖြစ်လေမည်။ မိဂျိုး ကို ဖေဖေနှင့်မေမေ .. လက်ဆွဲ၍ ခေါ်ချသွားကြမှာလည်း သေချာနေသည်။ ဒါပေမယ့် .. ဤနေရာမှအဖြစ်တွေကို မိဂျိုး ဘယ်တော့မှပြောမည်မဟုတ်ပါ ..။ မိဂျိုး ကို ဤအဖြစ်တွေဖြင့် ဖေဖေနှင့် မေမေ မြင်ရချေလျှင် ရင်ကျိုးရမည့်ကိစ္စ ..။ မိဂျိုး ဖွင့်မပြောရက်ပါ။ မမြင်ရက်ပါ ..။ ဤမိသားစုကို အစကတည်းက .. တစ်ခုခု လျှို့ဝှက်ထားကြချေမည်ဟု သံသယ ရှိခဲ့ဖူးပေမယ့် .. ဤမျှအထိတော့ အသည်းမာကြမည်ဟု မိဂျိုး ထင်မထား

www.burmeseclassic.com

www.burmeseclassic.com



မိခဲ့ ...။

"အမယ်လေးလေ .. စနိုးဂိုက်ပုံပြင်ထဲက မင်းသမီးလေးလို .. ဝတ်ကောင်းစားလှနဲ့ ခြံထဲမြေဆွနေပေသကိုး .. ကဲပါ .. ကဲပါ .. လက်ဆေးပါတော့ .. အိမ်ထဲမှာပဲ ကြမ်းတိုက်တော့ .."

ပေါ်တီကိုဆီမှ အသံ ...။ မိဂျိုး ဘာမှုပြန်မပြော .. လှည့်၍လည်း မကြည့် ...။ ကြည့်ရမှာ ဝန်လေးသည်။ မျက်နှာတည်တည်ဖြင့် ရပ်ကြည့်နေသည့် အန်တီမွှေး၏ မာကြောစူးရှနေသည့် အကြည့်တွေကို မြင်ရမှာ စိတ်မသက်သာ ...။ ထ၍ ရေတိုင်မှာ လက်ဆေးခြေဆေးပြီး ဘာဘကို ကြည့်ကာ ...

"မိဂျိုး သွားမယ်နော် ဘာဘ .."

ဟု သွေးသားရင်းချာ အဘတစ်ယောက် အနားမှာရှိနေသည့်နှယ် အားကိုးချစ်ကြင်စိတ်ဖြင့် တိုးတိုးလေး ပြောမိရပါ၏။

"နေ့လယ်ဘက် .. သူတို့အလစ်မှာ .. ဘာဘရဲ့တန်းလျားလေးကို လာခဲ့နော် ကလေး .. ဘာဘ ငါးခြောက်မီးဖုတ်ဆီဆမ်းလေးနဲ့ .. ကုလားပဲဟင်းလေး ချက်ထားတယ် .. ကလေး လာစားနော် .."

ဟု မကြည့်ရက်တော့သည့်အဆုံးမှာ ခပ်တိုးတိုး ပြောလာရှာပါ၏။

"အန်တီမွှေး မြင်ရင် .. ဘာဘ အလုပ်ပြုတ်ပါ့မယ် ဘာဘရယ် .. မိဂျိုး မလာဘူးနော် .. ဘာဘမျှော်နေမှာစိုးလို့ပါ .. တစောင့်စောင့်နဲ့ ရှိနေရတာ ပင်ပန်းမှာစိုးပါတယ် ဘာဘရယ် .."

မိဂျိုး ရင်ထဲမကောင်း ...။ အသံပင် တုန်ခါခါဖြစ်နေပြီ ...။ မျက်ရည်စို့နေတာကို မတားဆီးနိုင်စွမ်း ...။ ဘာဘ ခမျာ .. စွန့်စွန့်စားစား ထမင်းခေါ်ကျွေးခြင်းပေကိုး ...။ အလုပ်ဖြုတ်ခံရလျှင် အသက်ကြီးမှ အဘယ်မှာ အလုပ်သစ်တစ်ခုကို ဘာဘ ရနိုင်မည်တဲ့လဲ ...။ ဤနေရာမှာက .. ဘာဘ နေသားတကျဖြစ်နေသည်။ အေးအေးဆေးဆေး ဥယျာဉ်မှူးလုပ်ရင်း ဘဝကို ရှင်သ[illegible]နေနိုင်သည်။ နေစရာအလုပ်သမား အိမ်တန်းလျားလေး



နောက်ဘက်မှာရှိသည်။ ကိုယ် စားချင်ရာ ချက်စားနိုင်သည်။ ရေမီးအစုံရှိသည်။ သွပ်မိုးအုတ်ကာအိမ်လေးမှာ လေလုံမိုးလုံနေရသည်။ လခမကုန် ...။ ရေမီးဖိုးမကုန် ...။ ဤဘဝထဲမှ ဘာဘကို လွင့်သွားအောင် မိဂျိုး မလုပ်ရက်ပါ ...။

ဒါပေမယ့် .. ရင်ထဲတိုးဝင်လာသည်က .. သူ ...။ သူသည် .. ဇနီးဖြစ်သည့် မိဂျိုး ကို .. ဖုန်းလေးပင် ဤတစ်ပတ်ကျော်မှာ ဆက်မလာခဲ့ ...။ မေးမလာခဲ့ ...။ အဆင်ပြေရဲ့လားဆိုတာကိုပင် လေသံလေးရင်းရုံမျှဖြင့် ရှိလိုက်ရမှာကိုပင် လုပ်မလာခဲ့ ...။ သားအမိသားအဖ သုံးယောက်စလုံးသည် တက်ညီဘက်ညီ မိဂျိုး ကို ထမင်းဝရုံကျွေး၍ .. ထို ထမင်းအတွက် အလုပ်ကိုတော့ လုပ်ပေးနေရသည့် မိဂျိုး အဖြစ် ခရေရိပ်မှာ ထားနေကြသည်ကောလေ ...။

အိမ်ထဲရောက်တော့လည်း မိဂျိုး ဖုန်စုပ်စက်ကို စတိုခန်းမှသွားယူ ...။ ပထမဆုံး ဧည့်ခန်းကျယ်ကြီးရှိ ကော်ဇောကြီးကို ဖုန်စုပ် ...။ စားပွဲနှင့် ဆိုဖာကြီးတွေကို စင်နေအောင်သုတ် ...။ ပြတင်းမှန်တွေကအစ ခုံပုလေး ချ၍ ချ၍ နေရာရွှေ့၍ ရွှေ့၍ ...။ ခြေနိုင်ခိုင်ဖြစ်အောင်ထားပြီး တက်၍ တက်၍ ...။ စင်အောင်သုတ်ရသည်။ တံခါးကျည်းဘောင်တွေကအစ သုတ် ...။ ခန်းဆီးတွေလဲ ...။ ခန်းဆီးစတွေကို အဝတ်လျှော်စက်မှာ လျှော် ...။ ဆက်တိုက်လုပ်ရပါ၏။ ပြတင်းတံခါး ခန်းဆီးတွေကို နှစ်ရက်တစ်ခါ လဲရမည်ဟု တာဝန်ပေးခြင်းကိုက .. မိဂျိုး ကို အလုပ်လက်မပြတ်ဖြစ်အောင် ခပ်နာနာခိုင်းနေခြင်းဆိုတာ သိနေရသည်ပါပဲ ...။ ခန်းဆီးတွေခြောက်လျှင် လျှပ်စစ်မီးပူလေးဖြင့် အပေါ်ထပ် ကိုယ့်အခန်းမှာ စားပွဲပုလေးချ၍ မိဂျိုး မီးပူတိုက်ရဦးမည် ...။

နောက်ဆုံးတော့ .. မီးဖိုခန်းကြမ်းပြင်ကို ရေပတ်ဝတ်ဖြင့် တိုက်နေရသည်တည့် ...။ ရှည်လျားသော ဆံပင်နက်နက်ကော်ခက်ကြီးကို တစ်ချောင်းတည်းကျစ်၍ ခပ်မြင့်မြင့်လေး ကလစ်ဖြင့် ခေါက်၍ ထိန်း

www.burmeseclassic.com

www.burmeseclassic.com



ထားရသည် ...။ ချွေးတဖြိုက်ဖြိုက်က နဖူးမှကြွေ၏။ ခေါင်းဆီမှ လည်ဂုတ်ကို စီး၏။ ကျောပြင်မှာ ချွေးသည် နစ်နေပြီ ...။ နဖူးစပ်ဆီသို့ ကျနေသည့်ဆံနွယ်ခွေခွေလေးတွေကလည်း ချွေးတွေနစ်နေသည့် နဖူးထက်မှာ ကပ်နေ၏။ မိဂျိုး ၏လက်မောင်းရင်းလေးတွေ မခံမရပ်နိုင်အောင် နာနေပြီ ...။ ရေပတ်တိုက်အဝတ်ကို ကြွေဇလုံထဲနှစ်၍ ညှစ်ပြန်တိုက် ...။ ရေတွေညစ်လာလျှင် ရေသန့်ပြန်လဲ ...။ ထပ်၍ ကြမ်းတိုက် ...။ လက်ရွှေ့တိုင်း လက်မောင်းရင်းသည် မခံနိုင် ...။ နာလွန်းနေသည်။ လက်တံတောင်ဆစ်နေရာမှ အဆစ်လေးတွေသည်လည်း ဖျစ်ဖျစ်မြည်အောင် နာနေသည့်အဖြစ် ...။ ရေပတ်ဝတ်ကို ဆုပ်ကိုင်ပွတ်ရလွန်း၍ .. ရေအေးကြောင့်လည်း ပါချေမည် .. လက်ချောင်းလေးတွေ လက်အံ့သေနေကြသည်တည့် ...။

ရေဝတ်ကို ရေဇလုံထဲနှစ်ပြီးလျှင် ကိုယ့်လက်ချောင်းလေးတွေကို ဆွဲ၍ ဆွဲ၍ မနည်းခွာနေရသည်။ လက်ချောင်းလေးတွေက လက်နှစ်ဘက်လုံး ကွေး၍ လက်အံ့သေနေတာမို့ ...။ လက်ကွေးကွေးလက်ချောင်းလေးတွေကို မနည်းအားစိုက်၍ ပြန်ပြန် ဖြန့်ယူရသည်ပါပဲ။ ဒေါ်ကြီးထား ခများလည်း ဝင်၍လည်း ရေပတ်ဝတ်ဖြင့် ကြမ်းတိုက်ကူခွင့် အန်တီမွေး ထံမှမရခဲ့တာမို့ ...။ အန်တီမွေး ၏ တားမြစ်တာပဲရှိနေခဲ့တာမို့ ...။ မကြည့်ရက်၍ ထင့် .. စိုက်ခင်းဘက်ရှောင်သွားရှာပါပြီ ...။ စိုက်ခင်းထဲမှာ ငရုတ်သီးဆွတ်သယောင်ယောင် .. ပဲသီးဆွတ်သယောင်ယောင်ဖြင့် ရှိနေချေမည်သာ ...။

"သမီး .. သမီး .. ရယ် .. ဖြစ်ရလေ .. ဟင် .. ဟင် .."

နောက်ပါးဆီမှအသံ ...။ ဖေဖေ့အသံ ...။ ဆို့ဆို့နစ်နစ်ကြီး ယူကျုံးမရ ခေါ်ငင်လိုက်သံ ...။ မီးဖိုချောင်၏အဝင်တံခါးဘက်ကို ကျောပေး၍ ကြမ်းတိုက်နေရာမှ မိဂျိုး ရုတ်တရက်ကြီး လှည့်လိုက်မိရပါပြီတည်း။ စိုင်စိုင်ကြီးရပ်၍ မျက်တောင်မခတ် စိုက်ကြည့်နေသည့် ဖေဖေ ...။ နှုတ်ခမ်းတွေ



တုန်ခါနေသည်။ အံတင်းတင်းခဲထားသည်။ လည်ချောင်း တနင်နင်ဖြင့်ဖြစ်နေသည်။ မျက်ရည်တွေ ရုတ်ခနဲပြိုကျလာချေသည့် ဖေဖေ။ မြင်ကွင်းကြောင့် ဖေဖေ အဘယ်မျှထိ ရင်တွေကျေကျေပြုန်း နေရပြီဆိုတာ မိဂျိုး သိနေသည်။ ဖေဖေ့ကို သနားလှပြီ ...။ မိဂျိုး ရှင်ဆိုင်နေရသည့် ဒုက္ခထက် ဖေဖေ့ရင်ထဲကဒုက္ခကို မကြည့်ရက်နိုင် ...။ ခံနိုင်ရည်မရှိ ...။ ကျုံး၍ မိဂျိုး ထသည်။

"တစ်မျိုးမထင်နဲ့ ဖေဖေ .. ဒါတွေ .. မိဂျိုး သဘောနဲ့ မိဂျိုး အတင်းလုပ်တာပါ .. အတင်းလုပ်တာပါ .. မိဂျိုး ကို ပင်ပန်းနေပြီဆိုပြီး ဖေဖေ သနားနေတာကိုး .. မိဂျိုး .. မိဂျိုး .. ခုမှ .. ဒီနေ့မှ .. အတင်းပူဆာပြီး .. ကြမ်းတိုက်တာပါ ဖေဖေ .."

ဖေဖေ စိတ်ထိခိုက်ကြီး ထိခိုက်နေတာကို မိဂျိုး ၏နှလုံးအိမ်က မခံစားနိုင် ...။ ဖေဖေ့ကို သနားလှပြီ ...။ ပြုံး၍ပြောရသည်။ လက်ထဲမှာ လက်အံ့သေလက်ချောင်းတွေထဲ ပါလာနေသည့် ရေပတ်ဝတ်ကိုငုံ့၍ မိဂျိုး ကြည့်မိရပါ၏။ ထို ရေစိုဝတ်ကို လက်ထဲမှဖယ်၍လည်း မဖြစ်တော့ပြီ။ ဖေဖေ့လက်ကို ထွေးကိုင်ဖို့ဆိုတာက ဤရေပတ်ဝတ်ကို ဖယ်ရမည်။ လက်လေးပြေးဆေးရမည်။ ပြီးမှ ဖေဖေ့လက်သန့်သန့်ကို မိဂျိုး ကိုင်ရမည်။ လောလောဆယ်မှာက မိဂျိုး လက် ညစ်ပတ်နေသည်လေ ...။ ပထမဆုံး ရေစိုဝတ်ကို လက်အံ့သေနေသည့်လက်ချောင်းတွေထဲမှ ကြိုးစားပမ်းစား လက်ချောင်းလေးကိုဖြည်၍ ဖယ်ရပါပြီ ...။ ဖေဖေ မျက်တောင်မခတ် ငေးကြည့်နေရာမှ ...။ မိဂျိုး လက်ထဲမှ ရေပတ်ဝတ်ကို ဆွဲ၍ ဖယ်ထုတ်ပေးပါ၏။ လက်ချောင်းလေးတွေ အကြောသေနေသလို လက်အံ့သေဆိုင်းကွေးနေသမျှ ဖေဖေ ဆွဲ၍ဆွဲ၍ ဖြန့်ရှာ၏။ ဖေဖေ့ မျက်ရည်စက်သည် မိဂျိုး ၏လက်ပေါ် ပေါက်ပေါက်စက်စက် ဆက်တိုက်ကြွေနေချေသည်တကား ..။ မိဂျိုး ကြည့်ကိုမကြည့်ရက် ...။ ဖေဖေ အဘယ်မျှထိ ရင်ကွဲရင်ကျေအောင် ဆိုးဆိုးဝါးဝါး ခံစားနေရသည်ဆိုတာ သိနေရတာ

www.burmeseclassic.com

www.burmeseclassic.com



လောက် ...။ မိဂျိုး ဆောက်တည်ရာပျောက်မျှ ထိခိုက်နေရတာမရှိ ...။ ဖေဖေ့ကို ရက်ရက်စက်စက် စိတ်အထိခိုက်ကြီး ထိခိုက်အောင် ခံစားစေသည်က မိဂျိုး ကြောင့်ပဲဖြစ်နေသည်ကိုးလေ ...။ မိဂျိုး ပင်ပန်းဆင်းရဲလုပ်နေရလေသမျှ .. ဖေဖေ မြင်ရင်း .. အရမ်း စိတ်ထိ ခိုက်နေရခြင်းဖြစ်နေသည်တည့် ...။

"မ .. မငိုပါနဲ့ .. ဖေ .. ဖေရယ် .. ဒါ .. မိဂျိုး .. တမင် .. ဖွတ် .. လုပ် .. တာပါ .."

မိဂျိုး ကြိုးစားနေမိသည်။ ဖေဖေ့ရင်ထဲမှာ နာကျင်ကြေပြုန်းနေသည့် ရင်တွင်းဝေဒနာကို ဖယ်ရှားလိုက်နိုင်ဖို့ ကြိုးစားကြည့်နေသည်။ ဒါပေမယ့် .. အသံတွေက .. တစ်ဆို့နေ၏။ စကားလုံးတွေ ဆက်တိုက်ပွင့်ကျမလာနိုင်ဘဲ .. ဖြစ်နေသည်။

"ဖြစ်ရလေ သမီးရယ် .. ဖေဖေ့သမီးလေးကို .. ဖေဖေတို့ ဖေဖေတို့ ဒုက္ခတွင်းထဲ .. မညှာမထောက်ပို့မိကြပါရောလား .. ဒီကလေး .. ငြင်းပါရက်ကယ်နဲ့ .. သတိပေးပါရက်ကယ်နဲ့ .. ဒီလူ့စိတ်မရှိတဲ့မိသားစုလက်ထဲ .. အယုံကြီး ယုံပြီး .. ပို့မိခဲ့ပါရောလား .. ဟင် .. ဟင်"

မိဂျိုး ၏ ပဲကြီးရေစိမ်တွန့်နေသည့် လက်ချောင်းလေးတွေကို တနင့်နင့်ကြည့်ရင်း ဖေဖေ နောင်တဖြင့် ပြောနေရှာပြီ ...။ မိဂျိုး ၏ လက်လေးကိုဆုပ်ကိုင်ထားသည်။ လက်ဖဝါးလေးတွေ လက်ချောင်းလေးတွေကို ထွေးဆုပ်နှိပ်နယ်ပေးနေသည်။ ဖေဖေ့ဟန်ကလည်း ကယောင်ကတမ်း ဆန်နေသည်။ သမီးအဖြစ်ကို မမျှော်လင့်ထားနိုင်စွမ်းလောက်သည့် အဖြစ်ဆိုးဖြင့်မြင်ရ၍ ဖေဖေသည်လည်း ခံနိုင်ရည်တွေ ပျောက်ဆုံးနေကြသည်ကောလေ ...။ ဖေဖေ ယူကျုံးမရဖြင့် သမီး၏ လက်ကို ပါးပေါ် ဖေဖေအပ်သည်။

မိဂျိုး မျက်လွှာချ၍ ငြိမ်ကျနေရပါပြီ ...။ ဤမြင်ကွင်းကို .. ဖေဖေ့ရင်ထဲက ဘယ်လိုမှ ဖျောက်နိုင်ရှာတော့မည်မဟုတ် ...။



"ဖေဖေ့ရင်ကို .. ကျေနေအောင် ထုချေလိုက်သလိုပါပဲ သမီးလေးရယ် .. ကြည့်စမ်း .. ငါ့သမီးလေး .. ရွှေရည်ပန်းဆက်ထားရတဲ့ ငါ့သမီးလေး .. ခေါင်းမှာလည်း ချွေးတွေနစ်လို့ .. ကျောမှာလည်း ချွေးတွေချည်းပဲ .. မျက်နှာလေးမှာလည်း .. ချွေးတွေစီးကျလို့ .. စိုလို့ .."

ဖေဖေ တောက်လျှောက်ပြောနေသည်။ နဖူးကိုနမ်းသည်။ ဆံစတွေကို သပ်ပေးနေသည်။ အိပ်ကပ်တွင်းမှ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာထက်မှ ချွေးတွေကိုသုတ်ပေးနေသည်။ ဖေဖေ့လက်တွေ ဆတ်ဆတ်ခါနေချေသည်တကား ...။

မိဂျိုး ငြိမ်သက်၍ ခံနေလိုက်သည်ပါပဲ။ ဤအယူအဆ .. ဤမေတ္တာ ...။ ဤမျှနက်နဲသော နွေးထွေးသည့်လုံခြုံမှု ...။ မိဂျိုး .. မိဂျိုး .. ဆုံးရှုံးခဲ့ရပြီးသည့်နောက်မှာ ...။ အခု .. ပြန်၍ .. ပြန်၍ .. ပိုင်ဆိုင်လာရချေသည်မို့ ...။ မိဂျိုး ငတ်ငတ်မွတ်မွတ် .. ထိုမေတ္တာကို ခံယူနေလိုက်မိရပါချေသည်တည့် ...။

"ဩော် .. ရောက်လာပေါ့ကိုး .. မြန်တော့ အမြန်ကြီးပဲရှင် .. မနေ့ မွန်းလွဲလောက်က ဖုန်းဆက်လိုက်တာ .. ဒီမနက် ရောက်လာတော့သကိုး .. ဒီလောက် လိပ်ခဲတင်းလင်းဖြစ်နေတဲ့ကိစ္စ .. ရင်ထဲမခံသာတော့တာနဲ့ .. ရှင့်ဆီကို ကျွန်မ ဖုန်းဆက်လိုက်မိတာလေ .. တရားစခန်းဝင်နေပေမယ့် .. ဖုန်းလေးတော့ ဖွင့်ထားနိုင်ကောင်းရဲ့ .. မဖွင့်ထားရင်လည်းရှိစေတော့ .. ဆိုပြီး .. ဆက်လိုက်တော့ .. ရှင်ကိုင်တာနဲ့ ကျွန်မ ထီပေါက်သလို ဝမ်းသာမိတာရှင့် .. မွေးစားသမီးကို သမီးရင်းလုပ်ပြီး နှိပ်စက်လိုက်တာ မခံနိုင်လို့ သမီးကို ပြန်လာခေါ်ပါဆိုလိုက်တာနဲ့ .. ဒီနေ့ ရောက်လာတာကိုး .. ထင်တော့မထင်ထားမိတာ အမှန်ပဲရှင်ရေ .. ဒါပေမဲ့ .. ခုလို ထင်မထားတာ တကယ်ဖြစ်လာတော့လည်း ဝမ်းသာသပေါ့ ကိုကံယုံရယ် .. ဒီကိစ္စ .. ဟို သားအဖမသိသေးဘူးရှင့် .. ကျွန်မသဘောနဲ့ ဖုန်းလှမ်းဆက်ခဲ့တာလေ .. သူတို့ကိုလည်း ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်ပါ့မယ် .. ရှင့်မွေးစားသမီးကို ရှင်ပြန်ခေါ်သွားပါပြီလို့ .. ခုမှပဲ .. ဒီအမှိုက်ပုံကြီး ကျွန်မအိမ်က ရွေ့တော့မှာလေ .. အောက်တန်းစား အမှိုက်ထုပ်ကြီး .. မမြင်ရတော့မှာ ..''

နောက်ပါးဆီမှအသံကြောင့် ဖေဖေ လှည့်ကြည့်သည်။ မိဂျိုး ကတော့ မျက်နှာမူရာ တံခါးဘက်ဆီမှ ပြုံးမဲ့မဲ့လုပ်၍ ဝင်လာသည့် အန်တီမွေးကို ငေးကြည့်လိုက်မိရပါပြီ ..။

''အန်တီမွေး ဖေဖေ့ကို ဖုန်းဆက်ခေါ်လိုက်တာကိုး .. ဒါဆို .. ဖေဖေ တကယ် တရားစခန်းမဝင်ဘဲ နေခဲ့လို့ဖြစ်မှာ .. ငါက .. လက်ထပ်ပွဲအပြီးမှာ ဖေဖေနဲ့မေမေ့ကို တရားစခန်းမှာပဲ နေလိုက်ပါဦးလို့ မှာထားခဲ့ပေမယ့် .. ဖေဖေနဲ့ မေမေတို့ .. တကယ် မဝင်ဖြစ်ကြပဲကိုး ..''

ဟု တွေးကာ ရင်ထဲမကောင်း ..။

''တကယ်က .. ကျွန်တော်တို့ဇနီးမောင်နှံက .. ရက်ခနဲ .. ခရေရိပ်ကို မမျှော်မလင့် ပြန်လာလည်ကြတဲ့ ကျွန်တော်တို့ကိုမြင်ရင် .. ဒီက တစ်အိမ်လုံး ဝမ်းသာကြရှာမယ် .. သမီးလေးလည်း ဝမ်းသာမယ်၊ အဲဒီလိုလာလည်လိုက်ပြီးတော့မှ .. တရားစခန်းဝင်ကြမယ်ဆိုပြီး .. စိတ်ကူးခဲ့ကြတာပါ .. တကယ်လည်း ဒီရက်ပိုင်းအတွင်း ကျွန်တော်နဲ့ မွေးတို့ လာလည်ကြမလို့ပါပဲ .. ကျွန်တော်တို့က ယုံကြည်ထားကြတယ်လေ .. သမီးလေးကိုလည်း တယုတယ ဖူးဖူးမှုတ်ချစ်နေကြလိမ့်မယ် .. ရွှေရည်ပန်းဆက်ထားကြလိမ့်မယ် .. ရွှေရည်ပန်းဆက်လှတဲ့ ငါ့သမီးကို ရွှေရည်ပန်းဆက်မထားဘဲ ဘယ်လိုထားပါ့မလဲလို့လည်း တွင်တွင်ကြီး စိတ်ချလက်ချ ရှိမိကြတာကိုးဗျာ .. ခင်ဗျားတို့ သားအမိ သားအဖသုံးယောက်အပေါ် ဒီလောက်ထိ ယုံကြည်မှုလွန်ကဲခဲ့ကြတာ .. ကျွန်တော်တို့ဘက်က .. အမှားကြီးမှားခဲ့တာပါပဲ .. ဟင် .. ကျွန်တော့် သမီးလေးဗျာ .. တကယ့်ကို .. လိမ္မာတဲ့သမီးလေး .. ခု .. ပန်းကောင်း အညွန့်ကျိုးဖြစ်ရှာပြီ .. အဲဒါ .. ကျွန်တော်တို့ယုံမိလို့ .. ခင်ဗျားတို့ကို .. ယုံမိလို့ ..



ကဲ .. သမီးလေး .. ဖေဖေနဲ့လိုက်ခဲ့ .. ဘဝမှာ အိမ်ထောင်ပျက်ရမယ်လို့ ကံအကြောင်းပါလာရင် .. ရှောင်တိမ်းမရလို့ .. ဒီကံထဲ ပါခဲ့ရတယ်လို့ မှတ်လိုက်တော့ .. ဖေဖေတို့ ရင်ခွင်မှာ .. သမီးလေး .. လုံခြုံအေးမြနေရဖို့ရာ .. လိုက်ခဲ့တော့ ..''

ဟု ပြောနေတော့ မိဂျိုး ငိုင်ခနဲဖြစ်၏။ ဖေဖေ့ကို သနားလှပါပြီ ..။ လက်ထပ်သည်မှ တစ်လ မပြည့်သေး ..။ သမီးက အိမ်ထောင်ပျက် ဘဝရောက်ရတော့မည်။ ထိုသမီးကို လက်ဆွဲ၍ ဖေဖေသည် အဘယ် မျက်နှာဖြင့် ဖေဖေ့ရပ်ရွာ .. ဖေဖေ့အဝန်းအဝိုင်း .. ဖေဖေ့ဝန်းကျင်မှာ မျက်နှာပြရရှာမည်တဲ့လဲလေ။

ရွှေရုပ်လေးရထားသလို သမီးလေးကို တသသဖြင့် ထားလည်းထား။ အိမ်သို့ အလည်လာသည့်မိတ်ဆွေတို့ကိုလည်း .. ဤသမီးကို ရတနာတွေညွှတ်အောင်ဆင် .. အလှဆုံးဝတ်စေပြီး .. ရွှေရည်ပန်းဆက် သမီးလေးအဖြစ် .. ဂုဏ်တစ်လုံးလုပ်၍ .. ကြွားခဲ့ရှာပါသည့် ဖေဖေနှင့် မေမေ ..။ ငါတို့မှာ .. ဒီလောက်ချောတဲ့ ရွှေရုပ်လေးလို သမီးလေး ရှိသကွယ့် .. ဟု .. မတင်းတိမ်နိုင်လောက်အောင် ကြည်နူးမဆုံးစိတ်ဖြင့် .. ဤသမီးလေးကို .. ရွှေရုပ်လေးတပြပြနှယ် ရှိခဲ့ကြပါသည့် ဤ မိဘ။

''ဦးကံယုံရဲ့ သမီးလေးလေ .. လင်နဲ့ ကွဲလာသတဲ့ .. ဘာဖြစ်ကြတယ်မသိပေါင် .. သမီးလက်ဆွဲပြီး မျက်နှာပျက်ရင်း .. ပြန်ခေါ်လာရသလေ .. ကြားပြီးကြပလား ..''

ဆိုသည့် ငေါ့ထေ့ထေ့အသံမျိုး ..။

''သနားလိုက်ပါရဲ့ရှင် ..သူတို့ သမီးလေးကို အရိပ်တကြည့်ကြည့် ထားတာ .. ခုတော့ .. ကောင်းသေးရဲ့လား .. ဟိုက .. တစ်လပြည့်အောင် မပေါင်းဘဲ .. ခါလွှတ်လိုက်သတဲ့ ..''

ဟူသော သနားသယောင်ယောင် .. ကဲ့ရဲ့သလိုလို .. ထွေရောတွေးနေသည့်အသံ ..။ စုတ်သပ်သပ်ဖြင့် တကယ့်ကို မချိတင်ကဲ ရှိကြသူတွေ

www.burmeseclassic.com

www.burmeseclassic.com



၏ ကရုဏာသံနှင့် ကရုဏာအကြည့် ...။ ထိုသို့သောအရာများစွာ တို့ ပြည့်သိပ်နေသည့်ဂယက်များကို ဖေဖေနှင့်မေမေ ရင်စည်းခံကြရချေဦး တော့မည် ...။ ထိုသို့ဖြစ်တာတွေကို မိဂျိုး ခံနိုင်ရည်မရှိ ...။

"သမီးက .. မွေးစားသမီးလို့ .. ဘာကြောင့်ပြောရတာလဲဟင်"

ဟု မချိတင်ကဲကြီး ဖေဖေအသံတွေ တစ်ဆို့နေရင်း မေးလာတော့ မိဂျိုး မျက်လွှာချသည်။

"သူ ဖုန်းနဲ့ပြောလာတော့ ဖေဖေ အံ့သြနေတာ .. ဒါပေမယ့် .. ဒီမှာ ဖေဖေ့သမီးလေး အခြေအနေမကောင်းတော့ဘူး .. သူတစ်ပါးအရိပ်မှာ သိမ်ငယ်ကြေကွဲနေရရှာပြီ .. အားကိုးရာမဲ့နေရှာပြီဆိုပြီး .. ဖေဖေ .. အဲဒီကိစ္စ .. မွေးစားသမီးမဟုတ်ဘူးဆိုတာကို .. ရှင်းမပြဘဲ .. ဒီကို ချက်ချင်း လိုက်လာခဲ့တာ .."

ဟု တဆို့တနင့်ခေါင်းကြီးငိုက်၍ အသံတိုးတိုးဖြင့် မေးနေသမျှ မိဂျိုး ပြန်မဖြေသေး ...။ ရှင်းပြရမှာတွေက ရှည်လျားနေသည်ကိုးလေ။

စောစောက စွာကျယ်ကျယ်လုပ်နေသည့် အန်တီမွေး လည်း ကျောဘက်မှာ ရှိမနေ ...။ သားတော်မောင်ကိုများ ဖုန်းလှမ်းဆက်နေ သည်လားမသိ ...။

ဒါပေမယ့် .. ဪ .. ဒါပေမယ့် .. ထင်သလိုမဟုတ်ခဲ့ ...။ ဗီရိုထဲမှ မိဂျိုး ၏အဝတ်တွေကို ပြွတ်သိပ်ထည့်လာဟန်တူသည့် ခရီးဆောင် လက် တွန်းသားရေသေတ္တာကြီးဆီမှလျှံ၍ ဘေးစွန်းထွက်ပုံစံတွေဖြင့် ဗို့ရို့ဖားရား ပါလာနေသည်တည့် ...။ အားလုံး ပြွတ်သိပ်ထိုးထည့်ခဲ့တာ သေချာနေသည်ပါပဲ ...။

ဖေဖေလည်း မိဂျိုး ကြည့်နေရာကို လှည့်ကြည့်သည်။ အဝတ်အစား သေတ္တာကအစ ကိုယ်ဖိရင်ဖိသယ်လာသည့် အန်တီမွေး ...။ အမြန်ဆုံး ဤခရေရိပ်ဆီမှ မိဂျိုး ကို အဘယ်မျှထိ ထွက်သွားစေချင်နေတာ သိသာ နေသည့်အဖြစ် ...။



"အဝတ်အစားတွေ ယူစရာမလိုဘူး သမီး .. ဒီအိမ်ရဲ့အရိပ်တွေ ထိခဲ့ပြီးတဲ့အဝတ်အစားတွေ ချန်ထားရစ်ခဲ့ .. အခု .. ဖေဖေနဲ့လိုက်ခဲ့ တော့ .."

ဟု ပြောလာတော့ မိဂျိုး ခေါင်းခါလိုက်ရပါပြီတည်း ...။

"အဲသလို .. မလိုက်နိုင်ပါဘူး ဖေဖေ .. မိဂျိုး ဟာ လွတ်လပ်သူ မဟုတ်ပါဘူး .. ခင်ပွန်းသည်ရှိတဲ့ မိန်းကလေးတစ်ယောက်ပါ .. အိမ် ထောင်သည်တစ်ယောက်ပါ .. ကိုယ့်ခင်ပွန်းသည်ရဲ့မျက်ကွယ်မှာ .. ကိုယ့်သဘောတစ်ခုတည်းနဲ့ .. မိဂျိုး ဖေဖေ့နောက်ကို ကောက်ကောက် ပါအောင် လိုက်သွားလို့မရပါဘူး .. ကိုဘုန်းမြတ်ချမ်းသာ သိပြီးမှ .. ပြီးတော့ .. သူ .. လက်ခံမှ .. သမီး သွားလို့ရမှာပါ .."

ဟု ပြောလိုက်တော့ အန်တီမွေး လက်တကာကာဖြင့် ..

"လိုက်သွားပါ့ရှင် .. လိုက်သွားပါ့ .. သူကလည်း မတားပေါင် မယ်မင်းကြီးမရယ် .. ငါ့သားက .. ဝမ်းမြောက်ဝမ်းသာ .. ရှိရမယ့် ကိစ္စပါ .. အမယ်လေးလေ .. ဘယ်တားပါ့မလဲသူငယ်မရယ် .. မင်းကို .. ကွာရှင်းလိုက်မယ့် သားပါကွယ် .. ငါ့သားပါကွယ် .. နောက်ဆံငင်ပြ မနေစမ်းပါနဲ့ .. ကျေးဇူးရှင်မမရယ် .. လိုက်သွားပါ့ .. လိုက်သွားပါ့"

ဟု ပြောလာတော့ မိဂျိုး ခပ်သဲ့သဲ့ပြုံးသည်။ ဦးကံယုံ နှင့် ဒေါ်ခင်မွေး တို့၏သမီးကို ခွေးငယ်တစ်ကောင် အိမ်ကထွက်သလို တွန်းထိုး တွန်းတိုက် နှင်၍ .. ခါ၍ .. ထုတ်လိုက်သလိုတော့ အဖြစ်မခံနိုင် ...။ ကွာရှင်းလျှင် သော်မှ .. ဖေဖေ့ရှေ့မှာလည်း အဖြစ်မခံနိုင်။

"ကျွန်မတို့ တရားဝင် .. လူသိရှင်ကြား လက်ထပ်ထားကြတာပါ အန်တီမွေး .. လူသိရှင်ကြားလက်ထပ်ခဲ့ကြသူတွေ ဖြစ်တာမို့ .. လူသိ ရှင်ကြား ပြတ်စဲကြဖို့လည်း လိုပါတယ် .. အထုပ်လေးကောက်ပိုက်ပြီး လူမသိသူမသိ .. အိမ်က ထွက်သွားလိုက်ရတာမျိုး .. မဖြစ်ကောင်းပါ ဘူးရှင် .. ပြီးတော့ .. အန်တီမွေး ရဲ့သားကို .. ကျွန်မနဲ့လက်ထပ်ဖို့ရာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ .. ကျွန်မ .. သိမ်းသွင်းခဲ့တာမရှိပါဘူး .. အန်တီမွှေးရဲ့ သားကိုယ်တိုင်က .. ကဗျာတဖွဲ့စာတဖွဲ့နဲ့ .. ကျွန်မကို မြင်မြင်ချင်း ချစ်ခဲ့ရတာပါလို့ ဝန်ခံခဲ့ရတာပါ ..''

ဟု ပြောလိုက်တော့ အန်တီမွှေး ခပ်ဟက်ဟက် ရယ်သည်။ လှောင်ရိပ်ပါသောအကြည့်ဖြင့် စေ့စေ့ကြည့်သည်။ တော်တော် ခံရခက်စေသည့် အကြည့် ..။ လက်ခုပ်ပင် တီးလိုက်သေးသည့် အန်တီမွှေး ပါ ..

''အမယ်လေး .. ရယ်ရပုံများ .. ခက်ပုံများ ..''

ဟု ရယ်သံစွက်၍ ရင်ကို တဖိဖိလုပ်ရင်းလည်း လှောင်သံတွေ ပြွန်းတီးနေသည့်အသံဖြင့် ပြောလာပြန်သည်။

''အဲဒီကဗျာက .. ငါ့သားရေးတာ မဟုတ်ဘူးကွယ့် .. အဲသလို .. ကဗျာလေးတစ်ပုဒ်ရေးပေးပါလို့ ငါ့မိတ်ဆွေ ကဗျာဆရာမ တစ်ယောက်ကို ငါ အကူအညီတောင်းခဲ့တာလေ .. သူ့ကိုတော့ ငါက လိမ်ပြောခဲ့ရတာပေါ့ မိဂျိုး ရယ် .. ငါ့သူငယ်ချင်း ကဗျာဆရာမရဲ့ နာမည်ကိုတော့ မပြောပြတော့ပါဘူး .. သူကလည်း .. ငါ့ကိုယုံကြည်ပြီး ကူညီခဲ့တာပါ .. ငါက ပြောသလေ .. သူငယ်ချင်းရယ် .. ငါ့သားကတော့ဖြင့် မိန်းကလေး တစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်နေရှာတယ် .. မိန်းကလေးက အရမ်းချမ်း သာတာ .. မင်းသမီးလေးတစ်ပါးလို ချမ်းသာတာဆိုတော့လည်း .. ငါ့သားဘုန်းမြတ် ခမျာ .. အားငယ်စိတ်နဲ့ ချစ်နေရှာတာ .. အဲဒါ .. ကဗျာလေးဖွဲ့ပြီး အဲဒီကလေးမလေးကို .. ရင်ဖွင့်ချင်နေတာပါ .. ကဗျာလေးတစ်ပုဒ်ရေးလို့ ကူစမ်းပါ့ဟယ် .. လို့ပြောတော့ .. အရိုးခံစိတ်နဲ့ ကဗျာလေး ရေးပေးခဲ့ရှာတာပါ .. ဒီ ခရေရိပ်က မင်္ဂလာပွဲကိုတောင် သူ့ဖိတ်ခဲ့သေးသလေ .. သူကတော့ .. သူ ကူညီရေးဖွဲ့ပေးခဲ့တဲ့ ကဗျာလေးကြောင့် ဘုန်းမြတ်ချမ်းသာလေး ခုလို .. ချစ်သူနဲ့ ညားရတယ်လို့ ကြည်နူးနေရှာတာ .. အဟင်းဟင်း ..''

ဟု ပြောနေတော့ မိဂျိုး ရင်ထဲ ကျင်ခနဲဖြစ်ရသည်။ ရှက်စိတ်က



လည်း တစ်ကိုယ်လုံးကို ဆွဲချလိုက်သည့်နှယ် ဖြစ်ကုန်၏။

''ဖြစ်ရလေ .. ငါက .. ငါက .. အဲဒီကဗျာလေးကို .. သူ .. သူ တကယ်ရေးခဲ့တယ်လို့ ယုံမိခဲ့တာ .. ယုံမိခဲ့တာ .. ဖြစ်ရလေ ..''

ဟု ကြေကြေကွဲကွဲ နောင်တဖြင့် သိလိုက်ရပြီ ..။ လူတစ်ယောက်ကို လွှတ်ခနဲ ထိုအချက်လေးတစ်ခုအပေါ်မှာတော့ ယုံကြည်လိုက်မိခဲ့သည့်အမှား ..။ ထိုကဗျာစာသားလေးတွေ၏ ရိုးသားမှုအပေါ် မိဂျိုး ယုံမိသည့်အမှား ..။ ကဗျာလေးကတော့ ရိုးသားနေပါ၏။ ဒါပေမယ့် .. ကဗျာရေးခိုင်းသူက မရိုးသား ..။ ကဗျာလေးကို ပေးလာသူကလည်း မရိုးသား ..။ ကဗျာရေးပေးသူသည်လည်း အသုံးချခံခဲ့ရသည်။ ကဗျာကို လက်ခံခဲ့ရသည့် မိဂျိုး သည်လည်း အသုံးချခံလိုက်ရပြီ ..။

''သူတို့တစ်မိသားစုလုံးဟာ ... သူတို့အကျိုးအတွက်ဆို ... ဘယ်သူ့ကိုမဆို ... အသုံးချတတ်နေကြပါလား ...''

ဟု သိနေရရင်း ဤတစ်ကြိမ်မှာတော့ အရှက်သည်းနေသည့်စိတ်ဖြင့်ပင် ထိုမိသားစု ရွံမုန်းလာမိရပြန်သည်။ ခုလည်း ... သူတို့ မက်မောရာ ငွေကြေးရတနာ ... ရွှေငွေတို့မရနိုင်တော့ပြီဟု သိနေကြရင်း ...။ မိဂျိုးကိုရော ... ဖေဖေတို့ရော ... နှမြောစရာ မကျန်သည့်သူတွေအဖြစ် အိတ်သွန်ဖာမှောက်မျှ အားလုံး ဖွင့်ချဝန်ခံပေးနေကြပါသည့် အန်တီမွှေး ကြောင့် ...။ အရာရာသည် .. ရုပ်လုံးကြွလာသည်။ အဖြစ်မှန်တွေလည်း တန်းစီ၍ ပေါ်လာကုန်ကြရပြီတည့် ...။

''အလွန်အရှက်နည်းကြတာပါလားဗျ .. ဟင် .. ကိုယ်မရေးတဲ့ ကဗျာတစ်ပုဒ်ကို ... ကိုယ်ရေးသလိုပေးလာတာကိုး ... ဟင်''

ဟု ဖေဖေ အံခဲ၍ ပြောလာပါ၏။ ခုမှ ... ဖေဖေသည်လည်း သိရခြင်း ...။ မိဂျိုး ကို ... သူ ... ကဗျာလေးတစ်ပုဒ်ပေးခဲ့တာ ဖေဖေ မသိ ...။ မိဂျိုး ကလည်း ထိုစဉ်တုန်းက ပြောမပြခဲ့ ...။ ရှက်သည်ပေါ့။ သြော် ... ခုကျတော့ ပို၍ပင် မိဂျိုး အရှက်ရနေရချေပြီတကား။ ရင်ထဲမှ

www.burmeseclassic.com



ခံစားရာကို ရေးဖွဲ့ခဲ့ရှာပါသည့် သူ့ကဗျာပဲဟု မိဂျိုး ယုံကြည်မိခဲ့ရလေသမျှ ... အရှက်ကြီးရှက်နေရချေသည်ကောလေ ...။

"ငါ့သားက .. ငါ .. မိဘတွေစီစဉ်သမျှ .. ဘယ်တုန်းကမှ .. လွန်ဆန် .. ငြင်းဆန်တာမရှိခဲ့ဖူးဘူး .. ဆရာဝန်ဖြစ်ချင်တဲ့ သားကို အင်ဂျင်နီယာလုပ်ခိုင်းခဲ့တယ် .. သူ .. စက်မှုတက္ကသိုလ်တက်ခဲ့တာပါပဲ .. သူ .. စိတ်ညွှတ်သလိုလိုဖြစ်နေတဲ့ ယမုန်ဆွေ ကို ကျောခိုင်းပြီး ငါတို့ ရွေးချယ်ရာ ငွေကြိုးကြာ ကို လက်ထပ်ဖို့ပြောတော့လည်း ခေါင်းညိတ်ရှာတာပါပဲ၊ ငါစီမံသလို .. ကဗျာလေး ပေးလိုက်ဆိုတော့လည်း ညည်းကို .. ပေးခဲ့ရှာတာပါပဲ .. လက်ထပ်ဟဲ့ .. လို့ ငါ စီမံတော့လည်း လက်ထပ်ခဲ့ရှာတာပါပဲ .. ခုကျတော့ သူ စိတ်ညွှတ်အောင် အစက ငါတို့ လင်မယား တတွန်းပို့ပို့လုပ်ခဲ့လို့ .. သူလည်း စိတ်တွေဘာတွေ ညွှတ်သလိုလို ဖြစ်နေတဲ့ ကောင်မလေး ယမုန်ဆွေ ကို ငါတို့ဘက်က ပြန်ဖြတ်ချမိခဲ့သမျှ .. အမှားကြီးမှားခဲ့တော့လည်း .. အဲဒီဒဏ် ငါ့သား ခများ ခံရရှာတယ် .. မွေးစားသမီး .. လက်ဗလာနဲ့ အိမ်ပေါ်တက်လာ တဲ့သူကိုမှ မယားတော်မိရတော့ .. မိဘတွေ စိတ်လက်မချမ်းမသာ ဖြစ်သမျှ အရှက်သည်းနေကြရလေသမျှ .. သူလည်း စိတ်ထိခိုက်ရတယ် .. ရှက်ရတယ်၊ ကဲ .. ဒီတော့ .. မယ်မင်းကြီးမရယ် .. ကျေးဇူးပြုပြီး .. ညည်း .. ညည်းရဲ့ ပန်းရက္ခံကို ပြန်လိုက်သွားပါတော့ .. ခေါ်နေတဲ့ ကိုကံယုံ ရဲ့စိတ်တွေ ပြောင်းလဲပြီးတော့ .. မွေးစားသမီးမို့ ချန်ထားခဲ့လိုက်တော့မယ်လို့ .. စိတ်ထားတွေဖြစ်ကုန်ရင် ... ငါတို့ ခရေရိပ်က လူတွေက ခံမူးစေ့ညည်းကို တာဝန်ယူရတဲ့ ဝန်ပိနေပါ့မယ်ဟယ် ..."

ဟု ပြောလာတော့ ဖေဖေ မိဂျိုး လက်ကိုဆွဲသည်။ ဖြေရှင်းစကားတွေ ပြောဖို့လည်း ဖေဖေ စိတ်လက်ကုန်နေတာ သိသာနေသည်။ ငွေကိုအရမ်းမက်မောသည့်မိသားစုကို ရှင်းပြပြီး သမီးကို ချန်ရစ်ခဲ့ရမှာကိုလည်း စိတ်ကူးနိုင်စရာကို မရှိတော့သည်ကိုးလေ။ သမီးရင်းပါဟုလည်း



ဖေဖေရှင်းမပြတော့ ...။ ငွေကြေးတွေ .. ရတနာတွေ .. ချမ်းသာတာတွေ လက်ထဲ .. သမီးကိုထားခြင်းသည် .. အန္တရာယ်ကြီးသည်ဆိုတာကိုလည်း တွက်ဆမိဟန်တူသည်။ ဤသို့ စိတ်ဓာတ်ရှိသူတွေနှင့် မိဂျိုး မထိုက်တန်တာကိုလည်း ဖေဖေသိနေပုံရသည်။ ဤအချိန်မှာ .. မိဂျိုး သမီးရင်းပေမို့ .. ပန်းရက္ခံ၏ ချမ်းသာရာအားလုံးနှင့် ငွေလရိပ်ရတနာတိုက်ကြီးနှင့် ပန်းထိမ်လုပ်ငန်းအားလုံး လက်လွှဲကြည့် ...။ အန်တီမွေး တို့ တစ်အိမ်လုံး .. အရှက်မရှိ .. ပာပ်ဟပ်ထိုး .. ပြန့်၍ လေသံတွေ ပြောင်းကြ ...။ တောင်းပန်ကြ ...။ မိဂျိုး ကို .. ချွေးမအဖြစ်မှ .. ဘယ်လိုမှ လက်မလွှတ်နိုင်တဲ့ ရှိကုန်ကြမှာ ဖေဖေလည်း သိနေပြီ။ မိဂျိုး ကတော့ .. သိကိုသိပြီးသည့်ကိစ္စ ...။

"ကျွန်တော့်သမီးလေး .. အိမ်ထောင်ကွဲဘဝ မရောက်ရဖို့ တစ်ခုတည်းအတွက်ကြောင့်နဲ့ဖြင့် .. ခင်ဗျားတို့လို လူစိတ်ပျောက်နေတဲ့လူတွေ လက်ထဲ ... ချန်မထားခဲ့ရက်နိုင်ပါဘူးဗျာ ...လာ .. သမီး .."

ဟုခေါ်နေသည့် ဖေဖေ့လက်ထဲမှ မိဂျိုး ၏လက်ကို ဆွဲထုတ်လိုက်မိရပါ၏။

"ဖေဖေ့နောက်ကို .. မိဂျိုး မလိုက်နိုင်သေးပါဘူး ဖေဖေ .. ဖေဖေပြန်ပါ၊ မိဂျိုးကို .. ဖေဖေက လာခေါ်သွားလို့ ...သူတို့ဘက်က မိဂျိုး ကို သူတို့သားနဲ့ ကွာရှင်းလိုက်ရတယ်ဆိုတာမျိုး .. ကိုဘုန်းမြတ်ချမ်းသာကလည်း မိဂျိုး ကို ကွာရှင်းလိုက်ရတယ်ဆိုတာမျိုး အဖြစ်မခံနိုင်လို့ပါ၊ နှစ်ဦးသဘောတူ .. ကွာရှင်းကြပြီးတဲ့နောက်မှာမှ .. မိဂျိုး ဟာ .. ကိုဘုန်းမြတ်ချမ်းသာ ရဲ့မယားလည်း မဟုတ် .. ဦးထက်သာအောင် နဲ့ ဒေါ်နုနုမွေး တို့ရဲ့ ချွေးမလည်း မဟုတ်တဲ့ .. ငွေကြိုးကြာ အဖြစ် .. ဒီ ခရေရိပ်က ထွက်ခွာမှာ ဖြစ်မှာပါ ဖေဖေ၊ ပြန်ပါ .. အဲဒီကိစ္စ .. တရားဝင်လုပ်ပြီးချိန်မှာ .. ဖေဖေ့ဆီ .. မိဂျိုး ဖုန်းဆက်ပါ့မယ် .. အခုတော့ .. ဖေဖေ ဘယ်မှာတည်းလဲဟင် .. အဲဒီနေရာကို ပြန်ပါနော်၊ ဟိုတယ်မှာ တည်းတယ်မဟုတ်လားဟင်၊

www.burmeseclassic.com



အဲဒီဟိုတယ်မှာ .. စောင့်ပါဖေဖေ၊ မိဂျိုး ဖုန်းဆက်ပါ့မယ် .. သမီးရဲ့ ကွာရှင်းစာချုပ် ဖြစ်တည်ရာနေရာနဲ့ အချိန်လေးမှာတော့ ဖေဖေ့ကို .. အရှက်သည်း ခံပြင်းနေတဲ့မျက်နှာနဲ့ ဒီနေရာမှာ မရှိစေချင်ပါဘူး ဖေဖေရယ် ..''

ဟု ပြောတော့ ဖေဖေ ငိုင်နေသည်။

''ဖေဖေ .. ဒီကို တန်းလာတာ သမီး .. ခရီးရောက်မဆိုက် .. ဒီကိုပဲ တန်းလာတာ .. အေးလေ .. ဖေဖေ .. ဟိုတယ်တစ်ခုမှာ သွားတည်းလိုက်ပါ့မယ် .. ဒီကကိစ္စပြီးတာနဲ့ ဖေဖေ့ကိုဖုန်းဆက် ..''

ဟု ပြောလာတော့ မိဂျိုး ခေါင်းညိတ်ပါ၏။

''အလကား အရှည်ဆက်နေတယ် မိဂျိုး ရယ် .. ညည်း စိတ်ထဲမှာများ ငါ့သားက ညည်းကို စိတ်မပြတ်နိုင်ဘူးလို့ ထင်နေလို့ အချိန်ဆွဲနေတာများလား အေရယ် .. ငါ့သားက .. ငါတို့ပြောတာနဲ့ .. ခေါင်းညိတ်တတ်တဲ့သားပါအေရယ် .. ဒီမယ် .. ညည်းဖြစ်ချင်တာအားလုံး ငါ စီမံပေးမယ် ..''

ဟု ပြောလာသည်က အန်တီမွေး ပါ ..။

''ကျွန်မတို့ ကွာရှင်းကြတဲ့အခါ .. ရပ်ရွာလူကြီး ပါရပါမယ် .. ရှေ့နေ ပါရပါမယ် .. ဓာတ်ပုံမှတ်တမ်း ပေးရပါမယ် .. ဒါကို .. လိုချင်ပါတယ်၊ ဖြစ်နိုင်ရင်တော့ .. ဗွီဒီယိုကင်မရာလေးနဲ့ ရိုက်ပေးပါ၊ ကင်မရာရော .. တစ်ပါတည်း ကျွန်မ ယူသွားလိုက်ချင်ပါတယ်၊ စီစဉ်ပေးပါ၊ ကုန်ကျစရိတ်ကို ... ကျွန်မတို့ဘက်က ပေးပါ့မယ် ..''

ဟု ပြောလာတော့ ဖေဖေ လွယ်ထားသည့် သားရေကြိုးရှည်အိတ်ထဲမှာ တစ်သောင်းတန်ငွေအုပ်နှစ်အုပ်ကို စားပွဲပေါ်တင်သည်။

''သမီး .. ဖုန်းဆက်ပါ .. ဖေဖေလာခေါ်မယ် ..''

ဟု ပြောပြီးတာနှင့် အန်တီမွေး ကို ဖေဖေ ကြည့်ပါ၏။ နာကျည်းကြည့် ..။



''ဟိုတယ်က နေပြီး ဖေဖေ စောထွက်လာမယ် သမီး .. ဒီလမ်းရဲ့ ညာဘက်ထိပ်မှာ ဖေဖေ ကားနဲ့စောင့်နေမယ် ..''

ဟုပြောပြီးတာနှင့် မျက်ရည်တစ်ချက် လည်သည်က ဖေဖေ။ မိဂျိုး၏ဆံစကိုသပ်ပေးလာသည်။ နဖူးကိုနမ်းသည်။ ပါးလေးကို ဖွဖွလက်ဖဝါးဖြင့်အုပ်သည်။ မိဂျိုး မျက်လွှာချမိရပါ၏။

အန်တီမွေး ကို ဖေဖေ နှုတ်မဆက် ..။ အန်တီမွေး ကလည်း အရေးပင်မလုပ် ..။ ဖုန်းပြောနေသည့် အန်တီမွေး ၏စကားသံတွေထဲမှာ အမြန်ဆုံး ခရေရိပ်သို့ သားအဖနှစ်ယောက် ပြန်လာကြဖို့ ..။ ရှေ့နေခေါ်လာဖို့။ အသိသက်သေလူကြီးအဖြစ် ဆောင်ရွက်နိုင်ရာ လူလေးယောက်လောက်ကိုလည်း ခေါ်လာဖို့ ..။ အသံတွေက ပြတ်သားနေသည်။ တက်ကြွမှုတွေပင် ပါနေသေးသည့်အဖြစ်။

ဖေဖေသည် တည်ငြိမ်နေလျက် မြန်ဆန်သောခြေလှမ်းတွေဖြင့် အန်တီမွေး ၏ဘေးမှ ဖြတ်လျှောက်သွားပါချေ၏။

မိဂျိုး .. ဖေဖေ့ကျောပြင်ကို ငေးကြည့်ကျန်ရစ်ခဲ့ရသည်။

ခွင့်လွှတ်ပေးပါတော့ ဖေဖေ .. ဟု ကြေကြေမွှေမွှေကြီး တောင်းပန်လျက်ဖြင့်ပါတကား။ ဖေဖေ ခွင့်လွှတ်ပါလေတော့ ..။ ဖေဖေနှင့် မေမေ့ကို သနားစိတ်ဖြင့် .. မိဂျိုး ဆုံးဖြတ်ခဲ့ရလေသမျှ .. ဖေဖေနှင့် မေမေတို့ ခွင့်လွှတ်ကြပါလေတော့ ..။ ရင်သည် .. မွမွကြေနေချေသည်တည့် ..။

www.burmeseclassic.com



## အခန်း(၁၀)

"တစ်ခုခုလုပ်တော့မယ်ဆိုရင် တစ်ချက်တော့ ခပ်ဆဆတွေးရင်း ခပ်ဆိုင်းဆိုင်းလေး နေသင့်သေးတာပေါ့ မွေးရာ .. ခု .. ငါ့ကိုအသိမပေးဘဲ .. ပဲ့ဘက်က ကံယံ့ ကို ဖုန်းလှမ်းဆက်တယ် .. မွေးစားသမီးကို ပြန်ခေါ်ဖို့ပြောတယ် .. နှပ်ပစ်ခံရတယ်ဆိုပြီး ရန်ထောင်တယ် .. ခု .. ဟိုက .. တကယ့်ကိုရောက်လာပြီးတော့ .. ခေါ်ပြီ .. ဒီက ငွေကြီးကြာလည်း လိုက်သွားတော့မယ် .. ကဲ .. မင်း မဆင်ခြင်ဘဲ လုပ်ချင်ရာကောက်လုပ်တဲ့အမှားကို .. ဘယ့်နှယ့်လုပ် ဆယ်ထုတ်ကြရပါ့မလဲ .. သူ့သမီးကို ခုလောက်ထိ မြန်မြန်ဆန်ဆန်လာခေါ်တာကိုက .. ဒီကောင်မလေးကို .. တကယ်တမ်းကျတော့လည်း လက်တွေ့ .. နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံချိန်မှာ ပစ်မထားနိုင်ဘဲ ဖြစ်နေတာ အခု ငါသိနေရပြီ .. နည်းနည်းလေးများ အချိန်စောင့်ပေးလိုက်ရင် .. ဒီဘက်က ငွေကြီးကြာ ဒုက္ခဒဏ်မခံနိုင်လို့ ရှိရင် .. ပန်းရဂုံကို ပိုက်ဆံလေးဘာလေး လှမ်းတောင်းပြီး ငါတို့ လက်ထဲ စိတ်လျှော့အပ်လာနိုင်မယ်လို့များ ဘာကြောင့် နည်းနည်းလေးပဲဖြစ်ဖြစ် .. မင်းမတွေးပဲနေရတာလဲ မွေးရာ .. ဟင် .. ငါက .. တမင်တကာ ရှေ့နောင်းဆီမှာ ခဏရှောင်နေတာ .. သား လိုက်လာတော့လည်း အေးလေ .. ငါ့သား ငါနဲ့ရှိနေတော့ .. ကောင်မလေးတစ်ယောက်တည်း အားငယ်လာရင်းနဲ့ ..



သူ့ပန်းရဂုံကို လှမ်းပြီး ငွေလေးဘာလေးတောင်း လက်ဝတ်လက်စားတွေပြန်ယူဖို့လည်း စဉ်းစားလာလိမ့်မယ်လို့ မျှော်လင့်ထားမိတာ .. အခု .. အဲဒါတွေအားလုံး ရေစုန်မျောရပြီကောကွ ဟင် .. မွေးရာ .. စိတ်နောက်ကိုယ်ပါလုပ်လိုက်ပုံက .. မိုက်တွင်းနက်ပုံကြီး ဖြစ်နေပါရောလား .."

တဖျစ်တောက်တောက် ပြောနေသည်က မိဂျိူး ရှေ့တည့်တည့်မှာ ပေါ်ပေါ်တင်တင်နိုင်နေတာလောက် စိတ်ပျက်ဖွယ်ရာမရှိတော့ပြီကောလေ ..။ သားအဖနှစ်ယောက် ဖုတ်ပူမီးတိုက် ကားဖြင့် ပေါက်ချလာကြသည်။ ဘယ်သက်သေမှလည်း မပါ။ ဘယ်ရှေ့နေမှလည်း မရှိ ..။ နှစ်ယောက်တည်း ရောက်လာကြခြင်း ..။ ရောက်တာနှင့် အန်တီမွေးကို အန်ကယ်ထက် စိတ်ပျက်လက်ပျက်ကြည့်သည်။ ဝမ်းသာအားရ တပျော်ပျော်ဖြင့် မြူးတကြွကြွကြို့နေသည့် မျက်နှာလိုအားရ မျက်နှာဖြင့် ရှိနေ ပါချေသော အန်တီမွေး ကို အန်ကယ်ထက် တောက်လျှောက် အပြစ်တင်နေသည်။

ညွှန်ခန်းရှိ ဆိုဖာထက်မှာ ကိုယ်ပစ်လက်ပစ် အန်ကယ်ထက် ထိုင်ပါ၏။ မိဂျိူး ကတော့ အဝတ်အစားသေတ္တာသေးမှာ ခြေစုံရပ်၍ ဧည့်ခန်းထဲမှ လူသုံးယောက်၏မျက်နှာတွေကို တမျက်နှာတွေ ဖွင့်ဖွင့်ဖတ်နေသလို ကြည့်နေမိရပါ၏။ ဩော် .. ရင်ထဲက စိတ်ရင်းခံ အတ္တလောဘကြီးလွှမ်းနေသော စာအုပ် ..။ စာတစ်ရွက်ကို လှန်လိုက်တိုင်း လောဘမီးနှင့် အတ္တမီးတို့၏ မီးခိုးငွေ့တွေ အူတက်လာသည့်နှယ် ရှိနေသည် ပဲဟု မိဂျိူး တွေးနေမိရပါ၏။ ခုထိ စကားတစ်လုံးမှ ပြောလာတာမရှိသေးသည့်သူကိုလည်း မိဂျိူး တစ်ချက်ကြည့်မိသည်။ သူ .. ခပ်ငေးငေးကြည့်နေတာနှင့်ကြုံ၏။ လှပသောကြွေရုပ်လေးတစ်ရုပ်ကို အဆုံးရှုံးခံလိုက်ရမှာ နှမြောနေသည့်အတ္တပါသောအကြည့် ငေး ငေး ..။ ထိုအကြည့် တွေထဲမှာ စာနာရိပ်မရှိ။ အတ္တမှဖြစ်တည်သော စွဲလမ်းမှုတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပဲရှိနေသည်။ ခုလို .. အိမ်ထောင်တစ်ခုအတွက် သေရေးရှင်ရေးတမျှ အရေးပါတန်ဖိုးကြီးလှသည့်အချိန်မျိုးမှာပင် သူသည် နာခံတော်သား တစ်ယောက်အဖြစ် ငြိမ်ကျနေတာကို မိဂျိုး မြင်နေရသည်။ အမှန်တရားတစ်ခုဘက်မှ သတ္တိရှိရှိ ရပ်တည်ပေးရဲသော ယောကျ်ားတစ်ယောက်မဟုတ်။ မိဘဘက်က မှားနေတာကို အမှားတစ်ခုအဖြစ် မြင်တတ်သောစိတ် ..။ ပြောရဲသော စိတ်တို့ ပျောက်ဆုံးနေသည့် သတ္တိနည်းသူတစ်ယောက်ကိုမှ .. မိဂျိုး လက်ထပ်မိခဲ့ရသည့်ကောလေ ..။

"အို .. သူတို့ဘက်က အရှက်တကွဲဖြစ်တော့မှာကို လန့်ပြီးရောက်လာတာပါရှင် .. မွေး ပြောထည့်လိုက်တယ်လေ .. ရှင်တို့ရဲ့အရှက်နည်းတဲ့ အလိမ်အညာဇာတ်ကို .. လူသိရှင်ကြား သတင်းစာထဲထည့်ကြော်ငြာပစ်ရမလား .. ရှင်တို့အမှိုက်ကို လာသိမ်းမလားလို့ကို မေးထည့်လိုက်တာမို့ .. လန့်ပြီး ရောက်လာတာပါ ကိုကိုရယ် .."

ဟု ပြောလိုက်တော့မှ မိဂျိုး ထပ်သိလိုက်ရသည်က အန်တီမွေးသည် ဖေဖေ့ကို ခြိမ်းခြိမ်းခြောက်ခြောက်တွေပင် လုပ်ခဲ့သည်ပဲဆိုသည့်အဖြစ်ကိုပါ ..။

"ဒီမှာ ကိုကို .. မွေး လုပ်တဲ့အရာတိုင်းဟာ ဘယ်တော့မှ မမှားဘူးဆိုတာ စိတ်ချထားစမ်းပါရှင် .. ဒီသူငယ်မနဲ့ မွေးရဲ့သား ကင်းကင်းပြတ်ပြတ်ဖြစ်ပြီးရင် .. မွေးရဲ့သားကို နို့နဲ့ ရေချိုးပစ်ပြီး သူဌေးသမီးတစ်ယောက်နဲ့ညားအောင် .. လူပျိုအဖြစ် ပြန်နေခိုင်းပစ်မယ်သိရဲ့လား၊ သိရဲ့လား .. ကဲ .. ကြာတယ် ကိုကို .. ရှေ့နေနဲ့ သက်သေခေါ်လိုက်စမ်းပါတော့ .."

ဟုပြောလာတော့ အန်ကယ်ထက် တစ်ချက် ခပ်တွေတွေဖြစ်နေသည်။

မိဂျိုး လည်ချောင်းတစ်ချက်ရှင်းမိရပါ၏။ ဤအရပ်မှာ မိဂျိုး ဆက်မနေအပ်တာသိနေရပြီးပေမယ့် .. ပြတ်သားသောအဖြေတစ်ခုကို ရယူပြီးမှ .. ပေါ်ပေါ်ထင်ထင် သိပြီးမှထွက်ခွာသွားသင့်သည်မို့ ..။



"အကြောင်းအရာတစ်ခုကို မြုံထားတာမကောင်းတာမို့ .. မိဂျိုး ရှင့်ကို မေးချင်ပါတယ် ကိုဘုန်းမြတ်ချမ်းသာ .. ရှင် .. ကျွန်မကို ကွာရှင်းနိုင်သလား .."

ဟု မေးလာတော့ သူ ချက်ချင်းမဖြေနိုင်ဘဲဖြစ်နေသည်။ ငြိမ်ကျနေသည်။ ခေါင်းညိတ် ခေါင်းခါတာလေးပင် အဖြေပေးမလာ ..။ မပြတ်မသားလည်း မဟုတ်။ ပြတ်သားနေတာလည်း မဟုတ် ..။ လောင်းရိပ်တစ်ခုအောက်မှ ပိတ်မိနေသူတစ်ယောက်အဖြစ် ငြိမ်သက်နေခြင်း ..။

"ရှင် ဖြေတဲ့အဖြေကို ကျွန်မ ကြားချင်ပါတယ် ကိုဘုန်းမြတ်ချမ်းသာ .. တခြားပါးစပ်တစ်ပေါက်က ပွင့်ပွင့်ကျနေတဲ့ အဆုံးအဖြတ်စကားတွေကို ကျွန်မ လက်မခံနိုင်ပါဘူး ။ ရှင့်နှုတ်က .. ပြတ်သားတဲ့အဖြေတစ်ခုကိုပေးမှ ဖြစ်လိမ့်မယ် ကိုဘုန်းမြတ်ချမ်းသာ .. ရှင်ဟာ ကိုယ်မရေးတဲ့ ကဗျာတစ်ပုဒ်ကို ကိုယ်ရေးသလိုလုပ်ပြီး ကျွန်မကို ပေးခဲ့ဖူးပြီးပြီ .. ဒါပေမယ့် .. ဒီတစ်ကြိမ်မှာတော့ .. ကိုယ်ဖြေတဲ့စကားတစ်ခုကိုပဲ .. ကျွန်မကို ဖြေပေးစေချင်ပါတယ် .. ရှင်ဟာ .. ယောကျ်ားတစ်ယောက်အဖြစ် .. မိဘမှားရင် .. မှားတယ် .. မိန်းမမှားရင် မိန်းမကမှားနေတယ်လို့ .. ခွဲခြားနားလည်ပြီး .. အမှန်တရားဘက်က .. ရပ်တည်ရဲတဲ့သတ္တိပဲလိုတာပါ .. သတ္တိရှိသော ယောကျ်ားတစ်ယောက်အဖြစ် ဆိုပါတော့ .. ရှင် .. ဖြေပါ .."

ဟု ပြောလိုက်တော့ သူငိုင်နေသည်။ အမေကို ကြည့်သည်။ အဖေကိုကြည့်သည်။ မိဂျိုး ကို ကြည့်သည်။ စကားတစ်လုံးသော်မျှ ပွင့်အံမလာသော အုံသြစိတ်ပျက်စရာပင် ဖြစ်နေချေသည်တကား။

"ဒီမှာ .. ညည်း .. ငါ့သားနဲ့ငါတို့ကို သွေးမခွဲချင်စမ်းပါနဲ့ .. ညည်းပြောတဲ့စကားက .. ငါတို့ကပဲ တမင်တကာ မကောင်းတာလုပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သလိုလို ဖြစ်နေတယ် .. ငါတို့ကြောင့် ညည်းနဲ့ ငါ့သား ကွဲရမလိုဖြစ်နေတဲ့စကားမျိုး ပေါ်တင်ပြောနေတာဟဲ့ .. ငါတို့ မိသားစုကြားထဲ သပ်မလျှိုစမ်းပါနဲ့ .. ဒီမှာ .. ငါတို့ရဲ့ သားက .. လိမ္မာတဲ့သား .. မိဘကို စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်တဲ့သား .. ငါတို့က .. ဆုံးဖြတ်တာကို နာခံတဲ့သား .. အခုလည်း .. ငါ့သားဟာ .. ဘာကိုသူ လုပ်သင့်တယ်ဆိုတာ သူ့ဘာသာသူ နားလည်ပြီးပြီ .. ညည်း .. လေသံပျော့လေးနဲ့ .. ငါတို့ကြားထဲ စိတ်ဝမ်းကွဲအောင် ဉာဏ်မများချင်စမ်းပါနဲ့ ..”

ဟု အန်တီမွေး ပြောနေချိန်မှာ မိဂျိုး အန်တီမွေး ကိုမကြည့် ..။ စကားကို အရေးပင်မထားသလို နေပြလိုက်ကာ သူ့ကိုပဲကြည့်နေသည်။ ဤအချိန်မှာ သူ့နှုတ်က ပွင့်ကျလာမည့်စကားကို တရားဝင် .. ပြတ်သားစွာ မိဂျိုး ကြားဖို့လိုသည်။ ဤအချက်ကို တိတိကျကျ ပြတ်သားပြတ်ထင် .. အားလုံးရင်ထဲမှာ သိလိုက်ကြဖို့ အရေးကြီးသည်။ ဤအဖြေ .. ဤအဖြစ်တစ်ခုကို .. မိဂျိုး မမေးမပြောဘဲ .. ချန်ခဲ့၍မဖြစ် ..။ ကျန်ရစ်သူတွေထံမှာလည်း ဤအဖြေကျန်ခဲ့ရမည်။ သွားလိုက်သည့် မိဂျိုး ထံမှာလည်း ပါသွားရမည်။

“ရှင် .. ဖြေကို ဖြေရလိမ့်မယ် ကိုဘုန်းမြတ်ချမ်းသာ ..”

သူ ဤတစ်ကြိမ်မှာတော့ မိဂျိုး ကို စိတ်ညစ်သည့်အကြည့်ဖြင့် ကြည့်လာသည်။ မိဂျိုးကလည်း အေးဆေးတည်ငြိမ်စွာပဲ တုံ့ပြန်ကြည့်လိုက်သည်ပါပဲ။ မိဂျိုး ဆောက်တည်ရာပျောက်နေ၍ မဖြစ် ..။ ကြေကွဲငိုကြွေးနေ၍ မဖြစ်။ အသနားခံကြည့်တွေဖြင့် ခယယနေပြရမည့် အချိန်လည်းမဟုတ် ..။ တစ်ယောက်တည်းရှိနေရပေမယ့် တည်ငြိမ်ရင့်ကျက်ပြနေဖို့တော့ လိုနေသည်။

“မင်း .. ငါ့ကို အကျပ်ကိုင်နေတာလား မငွေကြိုးကြာ .. တကယ်က ဒီလို ငါ့ကို မေးလာမယ့်အစား .. မေမေ့ကို မင်း တောင်းပန်သင့်တဲ့



အချိန်ပဲ .. အိမ်ထောင်တစ်ခု မပြိုကွဲဖို့ဆိုတာက မိန်းမသားတွေဘက်က အသက်တမျှ အရေးကြီးနေတာပါ .. ဒီအိမ်ထောင်တည်မြဲဖို့ မင်းက ကြိုးစားပြရမှာ .. တောင်းပန်နေရမှာ .. ငါ့လို .. ပညာတတ်တစ်ယောက် .. ဒီလိုအဆင့်အတန်းနဲ့ နေထိုင်နေရတဲ့သူတစ်ယောက် .. အဲသလိုလူမျိုးကို မင်း ဒီမေးခွန်းမေးလိုက်တာကိုက .. ငါ့ကို စော်ကားနေတာပဲ မငွေကြိုးကြာ .. မင်းလို ဘယ်ကလာမှန်းမသိတဲ့ မျိုးရိုးဇာတိပျောက်နေတဲ့ မွေးစားသမီးတစ်ယောက်ကို .. ဒီနေ့ထိ ခရေရိပ်မှာ လုံလုံခြုံခြုံနေခွင့်ပေးထားတဲ့ ကျေးဇူးကို မင်းသိတဲ့အနေနဲ့ .. ဖေဖေနဲ့ မေမေ့ကို မင်း တောင်းပန်ရလိမ့်မယ် .. ချွေးမတစ်ယောက်အဖြစ် .. နေခွင့်ပေးဖို့ဆိုပါတော့ .. အဲသလို တောင်းပန်ရင် .. မင်း .. ဒီမှာနေခွင့် ရနိုင်ကောင်းရနိုင်လိမ့်မယ် မငွေကြိုးကြာ .. ငါကတော့ .. မိဘဟာ အဓိကပဲ .. မိဘ အဆုံးအဖြတ်ဟာ အဓိကပဲ .. ငါ့ဆီက အဖြေကို တောင်းနေတာထက် .. ငါ့မိဘကို မင်း တောင်းပန်ပြီး .. သူတို့ဆီက ထွက်ကျလာမယ့် အဖြေကိုတောင်းပါ .. ငါနဲ့ငါ့မိဘကို စိတ်ဝမ်းကွဲအောင်ကြိုးစားနေတဲ့ အမူအကျင့်တွေကို ဖျောက်ပါ .. စိတ်ဓာတ်ကို ပြောင်းလဲပစ်ပါ မငွေကြိုးကြာ ..”

ဟု ပြောလာတော့ မိဂျိုး ကိုယ်ကိုမတ်လိုက်ပြီ ..။

“အကယ်၍ .. ကျွန်မက မတောင်းပန်ဘူးဆိုရင်ကော ..”

ဟု မေးလိုက်ချိန်မှာ သူ စိတ်မောပုံဖြင့် ခေါင်းခါနေပါသတည်း။

“ဒီမှာသား .. ရှေ့နေကို ဖုန်းဆက်လိုက်စမ်း .. သား ကိုယ်တိုင်ဆက်ပြလိုက်စမ်းပါကွယ် .. ဒီ ကွာရှင်းမှုဟာ သားရဲ့ဆန္ဒပါတယ်ဆိုတာ ဒီကောင်မကို အသိပေးလိုက်စမ်းပါ .. သူက .. မေမေ့ကြောင့် .. ဒီကွာရှင်းပြတ်စဲခြင်းဆိုတာ ဖြစ်တည်လာရတယ်လို့ အကြောင်းပြစရာတစ်ခုကို .. ရလိုရငြား .. ဖမ်းဆုပ်နိုင်ဖို့ ကြိုးစားနေတာပေါ့ ..”

ဟု ပြောလိုက်ပါသည့် အန်တီမွေး ကို သူ ကြည့်သည်။ အန်ကယ်ထက်

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကြည့်နေသည်။ အဖေ အမေ၏ ခံပြင်းနေသည့်အကြည့်တွေ စုပြုံကျနေသည့် မိဂျိုး ကိုလည်း ကြည့်သည်။ နောက်တော့ .. သူ ဖုန်းဆက်လိုက်ပါသတည်း။ ရှေ့နေထံသို့ပါတကား ..။ အဖြေတစ်ခုကို .. သူသည် .. အသံဖြင့်မဖြေတော့ပြီ ...။ လက်တွေ့လုပ်ပြလိုက်ခြင်းဖြင့် ဖြေလိုက်ချေသည်တကား ..။ တကယ့်ကိုပဲ .. မကြာမတင်မှာပင် သူ ဆက်သွယ်ထားရာ ရှေ့နေသည် ကားဖြင့်ရောက်လာပါ၏။ အန်ကယ်ထက် ကိုယ်တိုင် ကားဖြင့်သွားခေါ်ရာ သက်သေလူကြီးတို့သည်လည်း ခရေရိပ်သို့ ရောက်လာကြပါ၏။

မိဂျိုး ပြောသည့်အတိုင်း ဗီဒီယိုကင်မရာဖြင့်လည်း အားလုံးကို မှတ်တမ်းတင်သည်က အန်တီမွေး ၏အစီအစဉ်ပါ ..။

စာချုပ်နှစ်စောင်မှာ သူနှင့် မိဂျိုး တို့ လက်မှတ်ထိုးဖြစ်ကြသည်။ သူသည် .. မိဂျိုး အတွက် ဘာတစ်ခုမျှ ထပ်ပြောလာပေးတာ မရှိတော့ပြီ ..။ စိတ်တွေ မွန်းကျပ်နေရာမှ ထွက်ပေါက်တစ်ပေါက်ကို မရွေးချယ်လျှင် မဖြစ်တော့သည့်သူတစ်ယောက်၏ ခံစားချက်တွေ စွန်းထင်းနေသည့်မျက်နှာဖြင့် လက်မှတ်ထိုးနေခြင်း ..။

မိဂျိုး လက်မှတ်ထိုးပြီးတာနှင့် အားလုံးကို ကြည့်လိုက်သည်ပါပဲ။

ရှေ့နေဆိုတာကလည်း နှစ်ဦးသဘောတူကွာရှင်းကြခြင်း ဟုတ်၊ မဟုတ် သေချာအောင်တော့ မေးခဲ့ပြီးမှ စာချုပ်ကို အသိသက်သေရှေ့မှာ ရေးသားပေးခြင်းပါ ..။ ခရေရိပ်၏မိသားစုရှေ့နေဆိုတာကတော့ သိသာနေသည်ပါပဲ ..။ ထိုရှေ့နေကြီးကိုယ်တိုင်ကလည်း လက်မှတ်ထိုးပေးသည့်အထဲမှာပါသည်။ အမည်က .. ဦးကျော်ကျော် ..။

"အားလုံးကို ကျွန်မပြောခဲ့ချင်ပါတယ် .. ဒီအိမ်က ကျွန်မထွက်ခွာချိန်မှာ .. ဒီသေတ္တာကို သူတို့စစ်ဆေးနိုင်ပါတယ်၊ သူတို့ရဲ့ ငွေကြေး .. လက်ဝတ်လက်စား .. လက်ဝတ်ရတနာအားလုံးကို သူတို့ရဲ့အခန်းမှာ စေ့စေ့



စပ်စပ် စစ်ဆေးကြဖို့လည်း အားလုံးရှေ့မှာ ကျွန်မ ပြောချင်ပါတယ် .. နောက်တော့မှ ပစ္စည်းတွေပျောက်ဆုံးတယ် .. ခိုးသွားတယ်ဆိုတာမျိုး ကျွန်မ အပြစ်မခံနိုင်ပါဘူး .. ဒါကြောင့် ဒေါ်မွေး နဲ့ ဦးထက်သာအောင်ရော .. ကိုဘုန်းမြတ်ချမ်းသာရော .. ကိုယ့်ပစ္စည်းတွေကိုယ် စစ်ဆေးကြပါ .. ပစ္စည်းပျောက်ကြတယ်ဆိုရင် .. ကျွန်မ ကိုယ်ခန္ဓာမှာ ရှာဖွေစစ်ဆေးခွင့် ကျွန်မ ပေးပါ့မယ် .. မပျောက်ရှကြဘူးဆိုရင် .. ကျွန်မ ဒီခရေရိပ်က ထွက်ခွာပါ့မယ် .. ကျွန်မ ထွက်ခွာပြီးတဲ့နောက်မှာမှ ဒီက အသိသက်သေနဲ့ ရှေ့နေမင်းတို့ ဒီကထွက်ခွာပေးကြပါလို့လည်း ကျွန်မ မေတ္တာရပ်ခံပါတယ် .. ဘာလို့လဲဆိုတော့ .. ဒီခရေရိပ်က .. အပ်တစ်ချောင်းတောင်မှ ကျွန်မနဲ့ ပါမသွားဘူးဆိုတာ စွပ်စွဲမခံရဖို့ အခွင့်အရေးရှိနေတာကို .. ကျွန်မ .. သိနေလို့ပါ .. အိမ်ထောင်ကွဲရတဲ့ မိန်းမတစ်ယောက်အဖြစ် ကျွန်မ ထွက်ခွာရချိန်မှာ .. နောက်ထပ် သူခိုးမဆိုတဲ့ အစွပ်စွဲခံ .. လုပ်ကြံပေးတဲ့ဒဏ်ကိုတော့ ထပ်မရချင်လို့ပါပဲ .."

ဟုပြောတော့ အန်တီမွေး ဒွေ့ဒွေ့ခါ၏။ မရှာတော့ပါဘူးဟု သူ ပြောပေးဖော်တော့ရသည်။ မိဂျိုး လက်မခံ ..။ ပြတ်ပြတ်သားသားပဲ ကိုယ့်အိမ်ကပစ္စည်း .. ကိုယ်စစ်ကြဖို့ တောက်လျှောက်ပြောတော့ သက်သေလူကြီးတွေကလည်း ထိုအချက်ကို ထောက်ခံကြသည်မို့ ..။ ထို၍ အပေါ်ထပ်တက်ကြ ..။ ပစ္စည်းစစ်ကြ ..။ ပြန်ဆင်းလာကြနှင့် ဖြစ်ကုန်ရပါ၏။ ထိုအခါမှ မိဂျိုး လက်ထဲမှာရှိနေသည့် ကွာရှင်းစာချုပ်ကို အဝတ်အစားသေတ္တာ၏ရှေ့ အပေါ်ဖုံးဇစ်ကိုဖွင့်၍ နေသားတကျဖြန့်၍ ထည့်သည်။ ဘယ်သူ့ဘယ်သူအပြစ်ကိုသော်မှ လူပုံအလယ်မှာ မိဂျိုး ဖွင့်ချမပြ။

မိဂျိုးကို ဘယ်သို့ဘယ့်နှယ် ကျေးမွေးစေခိုင်းကြတာကိုလည်း အရှက်မရစေခဲ့ ..။ ယခင်က .. ခရေရိပ်သည် မိဂျိုး လက်ထပ်ထားရာ

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ အိမ်ဖြစ်နေချေသည်မို့ .. ကိုယ်နေသည့်အိမ်တစ်အိမ်၏ အတွင်းရေးကို ဘယ်သူ့ဘယ်သူကိုမှ မိဂျိုး ပြောရန်မသင့်။ ခုကျတော့လည်း .. ခရေရိပ်သည် မိဂျိုး နှင့်သူစိမ်းတွေ ဖြစ်ကုန်ကြရပြီ။ ပတ်သက်ခြင်းမရှိသည့်နေရာ ဖြစ်ခဲ့ရပြီ။ ဒါကြောင့် .. ကိုယ်နှင့်မပတ်သက်ရာ နေရာတစ်ခုဆီမှ လူတို့အကြောင်း .. မိဂျိုး ဘာတစ်ခွန်းတစ်စမျှ ဘယ်သူ့ကိုမှ ပြောပြနေရန် အကြောင်းမရှိ ..။ လမ်းခရီးက အဆုံးသတ်ကြပြီးပြီ ..။ ကိုယ့်ဘဝကိုယ်ကျောင်း ..။ ကိုယ့်လမ်းကိုယ်လျှောက် ..။ ကိုယ့်ခရီးကိုယ်နှင်ကြရုံပဲ ရှိကြသည်တည့် ..။

မိဂျိုး .. အဝတ်အစားသေတ္တာကို လက်ဆွဲနေရာလေးမှ ဆွဲတွန်း၍ ဧည့်ခန်းမှထွက်သည်။ ဘယ်သူ့ကိုမှ မိဂျိုး မကြည့်ခဲ့ ..။ နှုတ်ဆက်ဖို့ မထိုက်တန်သောသူများပေမို့ .. ခရေရိပ်မှ ထိုသုံးယောက်ကို မိဂျိုး နှုတ်ဆက်ရန်တာဝန်မရှိ ..။ လွမ်းဆွတ်ရန် တာဝန်မရှိ။ နာကျည်းခြင်းတစ်ခုကတော့ ရင်ထဲမှာပါလာသည်။ ဤသည်ကတော့ .. ဖယ်ရှား၍ မရနိုင်သော ခံစားချက်ပေမို့ ..။ နာကျည်းမှုဝေဒနာကိုတော့ မိဂျိုး ၏နှလုံးအိမ်ဆီမှ .. မှတ်ဉာဏ်ဆီမှ .. ဘယ်တော့မှ ဖယ်ရှားဖို့ ကြိုးစားမိမှာမဟုတ်။ မိဂျိုး .. ခြံဝင်းတံခါးသို့အရောက်မှာ ရွက်လှရုံဆီမှ မျက်ရည်ဖြင့် တိတ်ဆိတ်စွာ နှုတ်ဆက်ကြပါသည့် ဘာဘဦးဘိုးခနှင့် ဒေါ်ကြီးထား တို့ကို ပြုံးပြရပါ၏။

ဩော် ... ဘာဘနှင့် ဒေါ်ကြီးထား တို့ခမျာ .. ရင်ထဲမကောင်းကြရှာသည်ကောလေ။

"မိန်းကလေး .."

ဒေါ်ကြီးထား ခပ်တိုးတိုးခေါ်၏။

"မိန်းကလေး အစားဆင်းရဲချိန်မှာ .. ဒေါ်ကြီးထား မကူညီနိုင်ခဲ့တဲ့အတွက် ခွင့်လွှတ်ပါကွယ်" ဟု အသံတွေ တုန်ခါနေရင်း ထိထိခိုက်ခိုက်



ပြောလာတော့ မိဂျိုး ပြုံး၍ ...

"မိဂျိုး အပေါ် မေတ္တာထားကြတဲ့ ဘာဘနဲ့ ဒေါ်ကြီးထား ကို .. မိဂျိုး မမေ့ပါဘူး .. တစ်နေ့မှာ .. ကျေးဇူးဆပ်ခွင့် မိဂျိုး ရရပါစေလို့ ဆုတောင်းပါတယ်ရှင် ..."

ဟု ပြောကာ ခြံတံခါးဆီမှ ထွက်၏။

ခြေအစုံကို ငုံ့မိုးကြည့်မိသည်။ ဖြူနုနုခြေဖမိုးအစုံ ..။ အကြောမျှင်စိမ်းမြမြတို့ ရီးရိပ်ထင်သော ခြေအစုံ ..။

ဩော် .. ခုတော့ .. မိဂျိုး သည် .. ကိုယ့်ဘဝခရီးကို .. တည်ငြိမ်အောင် ကြိုးစားရင်း..။ လျှောက်လှမ်းရချေဦးတော့မည်သာ ..။

တက္ကစီတစ်စီးကိုတွေ့သည်မို့ မိဂျိုး တားသည်။ ဖေဖေက မိဂျိုး ၏ဖုန်းအခေါ်ကို ဤလမ်း၏ ညာဘက်ထိပ်နေရာမှာ ကားရပ်၍ စောင့်နေရှာပါလိမ့်မည် ..။

မိဂျိုးက .. လမ်း၏ ဘယ်ဘက်ထိပ်ဆီသို့ တက္ကစီဖြင့် ထွက်ခွာခဲ့ရပြီ..။

"သမီးမှာ ရင်သွေးလေးများပါလာခဲ့ရင်ဖြင့် .. ဒီကလေးရဲ့တာဝန်ကို မိခင်တစ်ယောက်အနေနဲ့ .. မေတ္တာအပြည့်ထားပြီး .. တာဝန်ယူရမှာပါဖေဖေ .. တစ်လမပြည့်ခင် .. အိမ်ထောင်ကွဲတဲ့အပြစ် .. ကလေးပါရင်မှာလွယ်လာရတယ်ဆိုရင်ဖြင့် .. ဒီသမီးကြောင့် .. ဖေဖေနဲ့မေမေတို့ မျက်နှာပျက်ခြင်းမက ပျက်ရပါတော့မယ် .. သမီး မကြည့်ရက်လို့ပါ ဖေဖေနဲ့မေမေရယ် .. သမီးမှာ .. ရင်သွေးလေး ရှိ,မရှိဆိုတာကို .. အရင်စစ်ဆေးပါဦးမယ် .. ရှိနေရင်တော့ .. သမီး .. ဖေဖေနဲ့မေမေ့ဆီ .. ဗိုက်တစ်လုံးနဲ့ ရောက်လာတဲ့သမီးအဖြစ် .. လူပုံအလယ်မှာ .. ဖေဖေနဲ့မေမေ့ခေါင်းကျင်မှာ .. အရှက်တကွဲမရှိစေချင်တာမို့ .. သမီး .. ဝေးရာမှာ နေရပါလိမ့်မယ် .. ဖေဖေနဲ့ မေမေရယ် .. ခွင့်လွှတ်ကြပါတော့ .. ခွင့်လွှတ်ပေးကြ

www.burmeseclassic.com

www.burmeseclassic.com



ပါတော့ .. သတ္တိမရှိသူရဲ့ ရင်သွေးလေးပေမယ့် .. သမီးရဲ့ ကလေးပေမို့ .. သမီး ချစ်ရပါလိမ့်မယ် .. စောင့်ရှောက်ရပါလိမ့်မယ်၊ ဒါပေမယ့် .. အဲဒီတာဝန်ကို .. ဖေဖေနဲ့ မေမေ့ကို မပေးရက်လို့ပါ .."

ဟု တွေးနေရင်း .. မိဂျိုး မျက်လွှာကို ပိတ်ချလိုက်မိရပါ၏။

ဤတစ်ကြိမ်မှာတော့ .. တင်းခံထားရလေသမျှ .. စိတ်ကို လွှတ်ချလိုက်ရပါပြီ။ တောင့်ခံနိုင်စွမ်းလည်း မရှိတော့ပြီကိုးလေ။

တစ်လမပြည့်ခင်လေးမှာပင် .. မိဂျိုး ဘဝသည် .. လုံးဝဆန့်ကျင်ဘက် တစ်ဆစ်ချိုးကွေ့၍ ပြောင်းလဲခဲ့ရချေပြီတကား ..။



အမေလို့ခေါ်စရာ
ဘေးမှာမရှိတဲ့
ကိုယ့်ရဲ့ရင်သွေးကို
ကြိုဆိုရဲတဲ့စိတ် ...။

အဖအရိပ်မဲ့သားတစ်ယောက်
အမြင့်ထိပ်ရောက်အောင်
ပို့ဆောင်ရဲတဲ့ခွန်အား ...။

နှလုံးသားမှာရော
သွေးကြောမျှင်တွေအထိ
ပျံ့နှံ့စေသည့်သတ္တိတွေ ...
ရှိနေစေနိုင်တဲ့သူဟာ
အမေပါပဲ ...။
ဪ ...
အမေပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ရေမှုန်ဖြန်းထားရာ အင်္ကျီထက်မှာ လျှပ်စစ်မီးပူကိုတင်၍ ပြန့်နေအောင် တိုက်နေခိုက်မှာ အဝတ်ဆီမှ တက်လာသော အငွေ့နှင့်အတူ ရနံ့က ဝေ့ခနဲပြန့်၏။ မီးပူတိုက်ချိန်တိုင်းမှာ ရတတ်ပါသည့် အဝတ်၏ ရနံ့ ...။

အနောက်ဘက်ရှိ မီးဖိုခန်းငယ်လေး၏နံရံတစ်ဘက်မှာ စီရရီရှိနေကြချေသော အဝတ်လျှော်စက်သုံးလုံးဆီမှ ရေမွှေ့သံကိုကြားနေရသည်။ စည်းချက်ညီညီ မွှေနေသည့်အသံ။ ဧည့်ခန်းငယ်လေး၏ ထောင့်နေရာလေးလည်းဖြစ် ...။ မီးပူတိုက်သည့်နေရာလေးလည်းဖြစ် ...။ အဝတ်လျှော်လာအပ်သူတို့ရောက်လာလျှင် ခေါက်သားတကျ မီးပူပါတိုက်ထားပါသည့်အဝတ်အစားကို ရွေးချယ်၍ ကြွပ်ကြွပ်အိတ်ထဲထည့် ...။ ကျသင့်ငွေကိုလည်း ယူရပါသည့် အလုပ်ခန်းလည်းဖြစ်နေသည့် အခန်း ...။

မျက်နှာကျက်ဆီမှ ကြိုးဆိုင်းလေးဆွဲ၍ တွဲရရွဲလေးရှိနေသည့် အိကြာကွေးမီးသီးဆီမှ ကြည်လင်လင်းဖြာသော အရောင်က အခန်းငယ် ပြည့်ပြည့်ဝဝ အလင်းပေး၏။

အခန်းထောင့်ရှိ စာကြည့်စားပွဲဝိုင်းငယ်လေးမှာ စာအုပ်တစ်ထပ်ကို စီစီထပ်ကာ လောလောဆယ်မှာတော့ သချာင်္တွက်နေသည့်သား။



သြော် .. ကြည့်မဝချစ်မဝ ဖြစ်ရပါသည့်သား ...။ သား၏အာရုံက စာထဲမှာပဲ နစ်နေသည်။ တည်တည်ငြိမ်ငြိမ်လေးပင် သချာင်္တွက်နေခြင်း။ သားသည် ဟန်ပန်လေးကိုက အတန်မျှလူကြီးဆန်၏။ ကိုးတန်းကျောင်းသားအရွယ်လေးထက် ပို၍တည်ငြိမ်ခြင်းက မြင့်တက်နေသည်။ စာအရမ်းကြိုးစားသော သား ...။

နဖူးမှချွေးကို ပခုံးပေါ်တင်ထားရာ တဘက်ဖြူလေးဖြင့် မိဂျိုးသုတ်လိုက်ကာ နောက်အင်္ကျီတစ်ထည်ကို မီးပူတိုက်နေမိသည်။ အရပ်အခေါ်ကတော့ မိဂျိုး အလုပ်ကို ပင်မင်းအလုပ်ဟုခေါ်ကြသည်ပါပဲ ...။ ဤလမ်းလေးမှာက ဝန်ထမ်းမိသားစုက ခပ်များများ ...။ ယောကျ်ားရောမိန်းမရော အလုပ်ကိုသွားကြရသည်။ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ စတိုးဆိုင်နှင့် ကုန်တိုက်ဝန်ထမ်း ...။ ဝန်ထမ်းစုံသည်။ သည်တော့လည်း မိဂျိုး ၏ပင်မင်းအလုပ်က အဆင်တပြေရှိ၏။ လူပျိုလူလွတ် အမျိုးသားတွေကှ ပုခိုး။ အင်္ကျီကအစ အိပ်ရာခင်း၊ ခြင်ထောင်အဆုံး .. လာလာအပ်ကြသည်။ အိမ်ထောင်ရှင်အမျိုးသမီး ဝန်ထမ်းတွေကကျတော့လည်း အထည်ကြီးတွေဖြစ်သည့် အိပ်ရာခင်းတို့ ခြင်ထောင်တို့ လာအပ်ကြသည်။

"မေမေ .."

သချာင်္တစ်ပုဒ်တွက်ပြီးသွားပြီထင့် ...။ သား မိဂျိုး ကို လှမ်းကြည့်၍ ခေါ်လာပါ၏။ မိဂျိုး ပြုံးကာ မီးပူတိုက်မပျက် ရှိနေရင်းမှ ..

"ဘာလည်း သား .. ဆာလို့လား .. မေမေ ဂျင်းသုတ်ပေးရမလား၊ မျက်စိညောင်းပြီး အိပ်ချင်လာလို့လား သား .."

ညရှစ်နာရီထိုးနေပြီဆိုတော့ .. ထမင်းစားချိန် ည ငါးနာရီခွဲမှဆိုလျှင်ဖြင့် နည်းနည်းတော့ ဆာလောင်လောင်လေး ဖြစ်လာနိုင်သည်လေ။ ပြီးတော့လည်း .. ငါးနာရီခွဲလောက်က ထမင်းစားပြီးတာနဲ့ စာကြည့်စားပွဲထိုင်ခဲ့သည့် ဤသား ...။ ထမင်းဆိပ်တက်ပြီးများ ငိုက်ချင်လာ၍

www.burmeseclassic.com

www.burmeseclassic.com



များလားဟုလည်း မိဂျိုး တွေးသည်လေ ...။ ဒါကြောင့် ငိုက်ချင်လျှင်လည်း အဆင်တပြေ .. ဆာချေလျှင်လည်း အဆင်ချောစေမည့် ဂျင်းသုတ်လေးသုတ်ပေးဖို့ မိဂျိုး မေးမိရခြင်းပါ ..။ ဂျင်းသုတ်လေးဝါးလိုက်။ သချ်ာလေးတွက်လိုက်၊ စာလေးကျက်လိုက်ဆိုလျှင် အငိုက်လည်း ပြေမည်။ အဆာလည်း ပြေမည်လေ ...။ ဒါပေမယ့် .. သားခေါင်းခါ၍ မိဂျိုး မီးပူတိုက်ရာ စားပွဲဘေးမှာ ထိုင်ခုံလေးဆွဲ၍ လာထိုင်သည်။ မျက်နှာတော့ သိပ်မလန်း ...။

မိဂျိုး လက်ထဲက မီးပူကိုယူ၍ တိုက်မည်ပြုနေသည့် သားကိုလည်း မိဂျိုး ပြုံး၍ ..

"မေမေ တိုက်ပါ့မယ်သားရယ် .. ဒါ .. မေမေလုပ်နေကျ အလုပ်ပါ .. သား မမွေးခင် .. ဟောဒီဗိုက်ထဲ မေမေ့သားလေးရှိနေကတည်းက ဒီအလုပ်ကို မေမေ လုပ်လာတာပါ သားရယ် .. လက်တွေက အကျင့်ပါနေပြီကွယ့် .. ကျင့်သားတကျကိုဖြစ်လို့ ..."

ဟုပြောတော့ သား ငေးကြည့်နေပါ၏။ မျက်ခုံးထူထူနှင့် မျက်တောင်ရှည်ရှည်ထူထူတို့က အဖေလုပ်သူ၏ မျက်ဝန်း မျက်တောင် မျက်ခုံးတွေ ဖြစ်နေသည်။ ဒါပေမယ့် .. နှာတံအကျ၊ နှုတ်ခမ်းလှလှ၊ မျက်နှာ၏မေးရိုးအကျတို့ကျတော့ .. အဖေနှင့်မတူ .. မိဂျိုးနှင့်တူနေတာမို့ ...။ သားလေးသည် ချစ်စရာကောင်းလောက်အောင် လှုချောလေးဖြစ်နေသည်ပါပဲ ...။ ဆံပင်လေးကလည်း ထူထူထဲထဲရှိ၏။ ဘိုကေလေးထူထူအုပ်အုပ်ဖြင့် ရှိသည့်ကလေး ...။ အရပ်ကလည်း ကိုးတန်းသားခိုသည် ...။ မြင့်ချော၏။ ဤသည်ကတော့ အဖေ၏အရပ်ကိုလိုက်သည့်သား ...။ ခြေချောင်းလက်ချောင်းလေးတွေကအစ လှလိုက်ပါသည့်သား။ ဤသည်ကလည်း မိဂျိုး ဘက်ကို လိုက်သည်ပါပဲ ...။

"ဒါပေမယ့် .. ငါ့သားလေးက .. ယောကျ်ားလေးလို .. ရင်အုပ်ကျယ်ကျယ် .. ပုခုံးစွင့်စွင့် .. လက်မောင်းလက်ဖျံမှာ ကြွက်သားတွေ



ဘာတွေနဲ့ .. ခန့်သန့်နေတဲ့ယောကျ်ားတို့ရဲ့ ကိုယ်ဟန်ကိုပိုင်တဲ့ သား၊ ရုပ်လေးကလည်း ယောကျ်ားတွေမှာရခဲတတ်တဲ့ ချောမောလှန်းနေတဲ့ ရုပ်မျိုး .. အင်း .. ငါ့သားလေးဟာ .. စိတ်ရင်းစိတ်ထားလည်း ငါတို့ဘက်ကိုပဲလိုက်နေတာပါပဲ .. သူ့အဖေဘက်ကလို .. လောဘဒေါသနဲ့နှစ်နေတာမဟုတ်ဘူး .. ဘာပဲဖြစ်ဖြစ် .. ငါ့သားလေးကို .. အဲဒီလောဘငွေ့တွေ ပိတ်ဆီးပိကျနေတဲ့ အိမ်ကြီးထဲမှာ လူဖြစ်လာအောင် ငါမထားခဲ့တာကိုက .. အမြတ်ပဲ .. သူတို့စရိုက်တွေ .. အရိုပ်တွေ .. ငါ့သားလေးရဲ့ဖြူစင်တဲ့စိတ်လေးပေါ် .. မထိစေရတော့ဘူးပေါ့ .. မကူးစက်စေရတော့ဘူးပေါ့ .."

ဟု တွေးနေမိရသည်။

"ကျောင်းမှာ ပြောကြတယ် မေမေ .. အဲဒါ .. သား ကြားကြား နေရတာကြာပါပြီ .. မေမေ့ကို မပြောရက်လို့ မပြောဘဲထားရတာပါ .. ဒီအလုပ်ကို မလုပ်ပါနဲ့တော့လား မေမေရယ် .. မေမေလည်း ပင်ပန်းလှပါတယ် .. သားလည်း မကြားချင်တာတွေ ကြားကြားနေရမှာပါပဲ"

ဟု ပြောနေတော့ မိဂျိုး တစ်ချက်အကဲခတ်သလို သားကို ကြည့်မိရပါပြီ ...။ မျက်နှာ အရှမ်းကိုညိုးနေသည့် သား ...။ စိတ်ထိခိုက်နေတာလည်း သိသာလာနေပြီ ...။ တိုက်လက်စမီးပူကို မီးခလုတ်လေးပိတ်၍ ထောင်ထားလိုက်ကာ သားဘက်ကိုလှည့်၍ မိဂျိုး ကြည့်မိရပါ၏။ ရပ်နေတာကြာပြီမို့ ခြေသလုံးတွေကလည်း တောင့်ခဲနေပြီ။ အလုပ်ဖော်ဖြင့် တောက်လျှောက် မီးပူတိုက်နေရပေမယ့် ...။ ခြေသလုံးတွေ တောင့်နေသည့်ဒဏ်ကို ကျိတ်မှိတ်တင်းခံခဲ့ရသည်ပါပဲ ...။ ဤသည်က .. နေ့စဉ်ကြုံနေကျအဖြစ်အပျက်တစ်ခုပဲ ဖြစ်ချေသည်သာ ...။ ဒါပေမယ့် .. အခု လောဆယ်မှာတော့ ထိုင်ခုံလေးဆွဲ၍ ထိုင်လည်းထိုင်လိုက်ရင်း ...။ သားကိုလည်း ကြည့်လိုက်ရသည်က မိဂျိုးပါ ...။ မိဂျိုး ၏ ပြုံး၍ ကြည့်နေသည့်အကြည့်ကို သား ရင်ဆိုင်ရမှာ ဝန်လေးနေပုံရသည်။ မျက်လွှာချ

www.burmeseclassic.com



လိုက်ပါ၏။ အသက်ကလည်း ဆယ့်ငါးနှစ်အရွယ်လေး ...။ ကလေးပေပဲလေ ...။ ဘာတွေများ စိတ်ထိခိုက်အနေခက်စရာအဖြစ် အမေ၏ အလုပ်နှင့်ပတ်သက်၍ ကျောင်းမှ ကြုံကြုံနေရရှာသည်မသိ ...။ ဘယ်လောက်ကြာခဲ့ပြီလည်း မသိ ...။ ဤနေ့မှာမှ သားက ဖွင့်ပြောလာခြင်း။ မိဂျိုး၏ လက်ဖဝါးလေးက သား၏ ဆံစလေးပေါ် သပ်တင်ပေးလိုက်မိရပါပြီ ...။ သား ပို၍ ခေါင်းငုံ့၏။ မျက်တောင် တဖျတ်ဖျတ်ခတ်နေသည်။ သားလေးခမျာ မျက်ရည်ဝိုင်းနေခြင်းပါလားဟု သိလာရချိန်မှတော့ မိဂျိုး မျက်နှာ ပျက်ခနဲဖြစ်၏။ ရင်ထဲမကောင်း ...။

"သားလေး .. သားကို မေမေပေးထားတဲ့ နာမည်လေးကိုက .. တည်ငြိမ်ရဲရင့် နော် .. လူ့ဘဝကို တည်တည်ငြိမ်ငြိမ် .. ရဲရဲရင့်ရင့် ရင်ဆိုင်ဖြတ်သန်းရဲတဲ့သူ .. ဘဝတက်လမ်းကို တည်တည်ငြိမ်ငြိမ် ရဲရဲရင့်ရင့်နဲ့ ရွေးချယ်ရဲတဲ့သူ .. ဆုံးဖြတ်စရာတစ်ခုမှာ .. အမှန်တရားတစ်ခုအတွက် .. တည်တည်ငြိမ်ငြိမ် ရဲရဲရင့်ရင့် ရပ်တည်ပေးရဲတဲ့သူအဖြစ် မေမေ အဲဒီနာမည်လေးကို ပေးခဲ့တာ သား .. စိတ်အားငယ်တဲ့သူ .. ဝမ်းနည်းလွယ်တဲ့သူ .. ဝန်းကျင်ရဲ့ဒဏ်ကို ကြောက်ရွံ့အားကုန် မတုန့်ပြန်နိုင်ရဲတဲ့သူအဖြစ် .. မေမေ မလိုချင်ဘူးသား .. ကဲ .. မေမေ့ကို မော့ကြည့်စမ်း သားရယ် .. ပြောစမ်း .. သားကို ကျောင်းမှာ ဘယ်သူတွေက ဘာပြောကြသလဲ .."

ဟု မေးတော့ သား မော့ကြည့်လာသည်။ မျက်ဝန်းဝယ် မျက်ရည်စွေနေ၏။

"ယောက်တိုင်း ယောက်တိုင်းက ပြောကြတာတော့ မဟုတ်ပါဘူး .. မေမေရယ် .. တချို့တလေက ပြောကြတာပါ .. ဒါပေမယ့် .. အဲဒါကို ကြားရတာ သားစိတ်ညစ်တယ် မေမေ .. ဝမ်းနည်းတယ် .."

ဟု အသံတ်မတိမ်ဖြင့် ပြောလာတော့ မိဂျိုး ပြုံးပြရသည်။ ပုခုံးလေးပေါ် လက်ကိုတင်၍ –



"ကဲ .. ဟုတ်ပါပြီတဲ့ကွယ် .. အဲဒီ တချို့တလေက ဘာပြောကြသတဲ့လဲ .. ဟောဒီက မေမေ့သားကိုလေ .."

ဟု မေးလိုက်တော့ သား အားယူ၍ –

"မေမေက ခဝါသည်တဲ့ .. အဝတ်လျှော်သည်တဲ့ .. ယောက်ျားတွေဆီက ပိုက်ဆံကို .. အဝတ်လျှော်ခ၊ မီးပူတိုက်ခဆိုပြီး မှန်မှန်ယူနေတာတဲ့ .. မေမေက လှတော့ ယောက်ျားတွေက အကြောင်းပြုပြုပြီး အဲဒီအဝတ်တွေကို လာလာအပ်ကြတာတဲ့ .. တကယ်က မေမေ့ကို လာလာပိုးကြတာတဲ့ .. မေမေကလည်း အဲဒါတွေသိရက်နဲ့ .. ဒီအလုပ်ကိုပဲဆက်လုပ်ပြီး .. ပိုက်ဆံတွေယူယူနေတာတဲ့ .. ခဝါသည်လုပ်တယ်တဲ့ .. တခြားအလုပ်လုပ်ပါလားတဲ့ .. မုန့်ဟင်းခါးရောင်းလည်း ရတာပဲတဲ့ .."

ဟု ပြောလာတော့ မိဂျိုး မျက်နှာမပျက်အောင် ထိန်းသည်။ ထိုစကားမျိုး ကြားလိုက်တာနှင့် မိဂျိုး မျက်စိမျက်နှာပျက်ပြီး မနေတတ်မထိုင်တတ်ဖြစ်သွားလျှင် သား မြင်နေရင်း သူငယ်ချင်းတွေ၏စကားက မှန်နေ၍ ဤသို့ အမေလုပ်သူ မှုပျက်သည်ဟု ထင်ချေမည်။ ထိုစကားလောက်တော့ မိဂျိုး က အမှုမထားဆိုသည့် ဟန်ပန်မျိုးဖြစ်အောင် လုပ်ရမည်။ မိဂျိုး ရယ်၍ သား၏ကိုယ်လေးကို ပွေ့လိုက်ကာ နဖူးကိုနမ်းသည်။

"အမယ်လေးလေ .. ဂရုစိုက်စရာလုပ်လို့ သားရယ် .. အဲဒါကို ဘာခေါ်သလဲသိလား .. သူတစ်ပါးရဲ့အိမ်ကို မီးရှို့လိုသူတွေရဲ့စကားလို့ ခေါ်တယ် .. ဘယ်လိုအိမ်လည်း သိလား သား .. နှလုံးသားအိမ်၊ ချစ်ခြင်းအိမ် .. အေးချမ်းညီညွတ်ခြင်းအိမ် .. အဲသလိုအိမ်ကို ရှို့တာ .. အခုကြည့်စမ်း .. မေမေတို့ရဲ့ အေးချမ်းနေတဲ့ကမ္ဘာလေး .. အေးချမ်းနေတဲ့ နှလုံးအိမ်လေးကို .. သူတို့စကားတွေနဲ့ဖျက်ဆီးဖို့ လုပ်နေကြတာကွယ် .. အဲဒါကို သံယောင်လိုက်ပြီး .. ကိုယ့်ခံစားချက်တွေရောပါသွားရင် .. မေမေတို့သားအမိ .. ဒုက္ခရောက်ကြရပြီပေါ့ .."

ဟုပြောတော့ သား မော့၍ ငေးကြည့်၏။ သားထိုင်နေသည့် ထိုင်ခုံ

www.burmeseclassic.com



လေးက မိဂျိုး ၏ထိုင်ခုံထက် နိမ့်သည်လေ ..။ မိဂျိုး ကြမ်းပေါ်ပြောင်း၍ သားကိုပါ အတူဆွဲထိုင်ခိုင်းမိရသည်။ သား၏ပခုံးကို ပိုက်ဆွဲ၍ သား အမိနှစ်ယောက် ပခုံးချင်းထိ၍ထိုင်ဖြစ်၏။

"မေမေ အခုလုပ်တဲ့အလုပ်က .. အဝတ်လျှော်စက်သုံးလုံးနဲ့ .. လျှော်တဲ့အလုပ် .. ခြင်ထောင်တို့ အိပ်ရာခင်းတို့ .. ခေါင်းအုံးစွပ်တို့ .. ခြုံစောင်အလတ်စားတို့လောက်ကို .. အဝတ်လျှော်စက်တစ်လုံးနဲ့ လျှော်တယ် .. အမျိုးသမီးဝတ်အင်္ကျီတွေကို .. အဝတ်လျှော်စက်တစ်လုံး .. အမျိုးသားဝတ်ပုဆိုး၊ ဘောင်းဘီနဲ့ အင်္ကျီတွေကိုကျတော့ တစ်လုံး .. အဲသလို သပ်သပ်ခပ်ခပ်လေးလျှော်တာမို့ .. စိတ်သန့် ကိုယ်သန့်နဲ့ .. အဝတ်လျှော်လာအပ်ကြတာကွယ့် .. မေမေကိုယ်တိုင် လျှော်နေလို့လား သားရယ် .. ဟော .. မီးပူတိုက်တော့လည်း ရေဖြန်းဘူးလေးနဲ့ဖြန်း .. သီးသန့်သုံးလုံးထားတဲ့ မီးပူနဲ့တိုက် .. အဲသလိုရှိခဲ့တာပဲ .. လျှပ်စစ်မီးပူလေးနဲ့ သက်သောင့်သက်သာတိုက်ရတာပါကွယ် .. ဟော .. လုပ်အားခအနေနဲ့ကျတော့လည်း ပုဆိုးတစ်ထည်ဆို သုံးရာရတယ် .. အိမ်ရာခင်းဆို .. ခြင်ထောင်ဆို အခြေအနေကြည့်ပြီး သူ့အရွယ်အလိုက် နှစ်ထောင်သုံးထောင်ကနေ သုံးထောင့်ငါးရာထိတောင်ရတယ် .. ယောကျ်ားဝတ် အင်္ကျီဆိုရင်လည်း ကုတ်အင်္ကျီဆိုရင် နှစ်ထောင် .. တစ်ထောင့်ငါးရာ .. တစ်ထောင် .. အစားစားရတယ် .. ရှပ်အင်္ကျီဆို .. သုံးရာရတယ် .. အမျိုးသမီးဝတ် ကုတ်တို့ .. ဆွယ်တာတို့ဆို .. သုံးရာ .. သုံးရာ့ငါးဆယ် .. အဲသလိုရတယ် .. အဲဒီတော့ မေမေ့ဝင်ငွေဟာ နည်းသလား သား .. လျှပ်စစ်မီတာခနုတ်လိုက်ရင် .. မေမေတို့ မိသားစု စားလောက်တယ် .. ပိုလျှံတယ် .. စုဆောင်းနိုင်တယ် .. သားကို ပညာသင်နိုင်တယ် .. ဘယ်လောက် သင့်မြတ်နေတဲ့အလုပ်လဲ၊ အဲသလို အေးအေးချမ်းချမ်းနဲ့ .. အစစ ချောမွေ့ချောင်လည်နေတဲ့ မေမေတို့ အိမ်လေးမှာ .. တခြား ဘာအလုပ်ပြောင်းစရာလိုမလဲ သားရယ် .."

ဟုပြောတော့ သား ငိုင်နေသည်။ မိဂျိုး သား၏လက်လေးကိုဆွဲယူ



၍ ဆုပ်ကိုင်ထားပါ၏။ သား နားလည်အောင် ပြောရမည်လေ ..။

"မေမေက ပညာမတတ်ဘူး .."

ဟု ပြောရပြီ။ မိဂျိုး ဘွဲ့ရပညာတတ်ဖြစ်သည်ဆိုတာ သားလည်း မသိစေခဲ့ရ ..။ ဝန်းကျင်ကိုလည်း မသိစေခဲ့ရ ..။ ပညာတန်ရုံလေးပဲ တတ်သည့် မိန်းမတစ်ယောက်အဖြစ်ပဲ ရှိနေခဲ့ခြင်းပါ ..။ ဘဝတစ်ခုကို ဖာတ်မြှုပ်ရာမှာ ပညာတတ်ဘဝကိုလည်း အတူရောချ၍ မြှုပ်နှံထားရသည်ပါပဲ ..။

"ပြီးတော့ .. မေမေက အချက်အပြုတ်ကောင်းတစ်ယောက် မဟုတ်ဘူး သား .. မုန့်ဟင်းခါးဆိုင်လေး ဖွင့်တယ်ဆိုတာ .. ကျွမ်းကျင်မှုလိုတယ် .. အတူတွဲလုပ်ရတဲ့ အကြော် ကြော်တဲ့အလုပ်ကိုလည်း လုပ်ရမယ် .. ဒါမှ အမြတ်ပိုကျန်မှာပေါ့ .. တစ်နေ့ .. တစ်နေ့ .. မီးဖိုထဲမှာ ဟင်းရည်အိုးချက်ပြုတ် .. အကြော်မီးဖိုမှာ ဆီဒယ်အိုးကြီးတည်ပြီး အကြော်စုံကြော် .. ဟော .. မုန့်ဟင်းခါးရောင်းနေရင်းနဲ့လည်း ပန်းကန်ဆေးကြောရမယ် .. အခု .. မေမေ လုပ်နေတာက .. အရိပ်ထဲမှာ နေရတယ် .. မီးဖိုကြီးထဲမှာ ဆီဒယ်ညှော်နံ့နဲ့အတူ လုပ်နေရတာမျိုး မဟုတ်ဘူး .. မေမေ သက်သာစွာနဲ့ .. အိမ်အတွက်လည်း ဝင်ငွေဖူလုံ .. လူလည်း အရမ်းမပင်ပန်းဘဲ .. ဘဝလုံခြုံအောင် .. ဒီအလုပ်ကို လုပ်ရတာပါ သားရယ် .."

ဟု ပြောတော့ သား ငြိမ်သက်နားထောင်နေသည်။ အချက်အလက်ဖြင့် ပြော၍လားမသိ။ နားလည်လာနေပုံလည်း ရသည်။ မျက်နှာလေး အတန်ညှိုးရိပ်ဖျော့လာ၏။

"ပြတင်းဘက်ကို ကြည့်စမ်း သား .. အဲဒီ ပြတင်းရှိရာ နံရံကနေပြီး အဖိဆွဲချ .. ကြိုးတန်းတွေနဲ့လှမ်းထားတဲ့ အဝတ်တွေကိုကြည့် .. အဲဒါ .. အဝတ်လျှော်စက်က လျှော်တဲ့အဝတ်တွေပါ သားရယ် .. အဲဒီအဝတ်တွေကို မေမေ မီးပူတိုက်ရုံပါ .. ရတဲ့ဝင်ငွေနဲ့ မေမေတို့ အနေလုံခြုံ .. အစား

www.burmeseclassic.com



ဖူလုံနေပြီပဲသား .. ဒီအလုပ်ကို .. ဘာလို့ လူအထင်သေးစရာ အလုပ်ဆိုပြီး မေမေတို့က ကျေးဇူးကန်းကြရမှာလဲ .. ဒါ .. မေမေတို့ ရဲ့ ထမင်းရှင် အလုပ်ပါ .. တခြားလူတွေက ဘယ်လိုပုတ်ခတ်ပြောပြော .. အဲဒါကို နား မယောင်ဖို့လိုတယ် .. မေမေတို့သားအမိ .. အစစ .. အဆင်ပြေနေကြဖို့.. ဖူလုံနေကြဖို့ လိုတာပါကွယ် .."

ဟု ပြောတော့ သား၏ကိုယ်လေးက မိဂျိုး ကို မှီလာသည်။ စိတ် လက်ပြေလျော့ အေးချမ်းလာပုံလည်း ရသည်။ မွန်းကျပ်နေသည့် စိတ်တွေ လွင့်ကုန်သည့်နှယ် ရှိ၏။

"မေမေက ရှပ်ချော်တယ်တဲ့လား .. မေမေ ဒီအလုပ်လုပ်နေရင် လည်း ဒီမျက်နှာပါပဲ .. အကြော်ကြော်နေရင်လည်း ဒီမျက်နှာပါပဲ .. မုန့်ဟင်းခါး ရောင်းရင်လည်း ဒီရုပ်ပါပဲ .. အဲဒီအခါကျတော့လည်း ယောက်ျားတွေ လည်း လာစားကြတာရှိမှာပဲ .. အဲဒီလိုလာကြတဲ့အတွက် .. ခုလိုပဲ ဝန်းကျင် ကပြောချင်တဲ့သူက ပြောမှာပဲ .. ပြောချင်တဲ့ကလေးကလည်း သားကို ပြောမှာပဲ .. ဘာလဲသိလား .. အကြော်သည်မ .. မုန့်ဟင်းခါးသည်မရဲ့ သားပေါ့ .. ရုပ်လေးပြပြပြီး ယောက်ျားတွေကို မုန့်ဟင်းခါးရောင်း၊ အကြော်ရောင်းပြီး .. ပိုက်ဆံယူနေတယ်ပေါ့ .. အပြောလွတ်မယ်များ ထင်သလား သား .. မေမေ့ကို သားနည်းနည်းလေး ပုံဖော်ကြည့် .. ဆီပွက်တွေထဲ အကြော်တွေထည့်နေတဲ့ အမေ .. ခေါင်းမွေးပေါ် ပြာမှုန် တွေတင်နေတဲ့ အမေ .. ပါးပြင်ပေါ် ဆီပူစိုးရိုက်လို့ နီနေမယ့် အမေ .. သူများတွေလာစားချိန် မုန့်ပွဲပြင် .. စားပြီးသမျှ ပန်းကန်တွေဆေး .. အဲသလိုရှိနေရမယ့် အမေ .. မုန့်ဟင်းခါးအိုးကြီး ချက်နေရတဲ့ အမေ .. အဲဒါကိုမြင်ကြည့် .. အခု .. စက်နဲ့လျှော်တဲ့အဝတ်ကို .. မီးပူတိုက်ရုံရှိရတဲ့ အလုပ်က အများကြီးသက်သာနေပါတယ် သားရယ် .. ပညာမတတ်တဲ့ အမေ့အတွက် .. ရုံးမှာလည်း အလုပ်မရနိုင် .. ကုမ္ပဏီမှာဆိုရင်လည်း အလုပ်မလွယ် .. ရရင်လည်း သန့်ရှင်းရေးအလုပ်လောက်ပဲရ .. အဲသလိုရှိ



နေမယ့်အစား .. အခုအလုပ်ဟာ .. မေမေတို့ သားအမိအတွက် .. အသင့်ဆုံး လို့ပြောနေယ်သား .. သား နားလည်လာပြီလား .. သူများတွေ ဘာပြော ပြော .. ခဝါသည်ပြောပြော .. မီးပူတိုက်သမလို့ ပြောပြော .. အဲဒါအရေး မကြီးဘူး .. မေမေတို့ သက်သောင့်သက်သာ .. အရိပ်လေးထဲမှာနေရင်း .. မိသားစု ဖူလုံ .. အေးချမ်းကြဖို့လိုတာပါ .. သား ပညာဆုံးခန်းတိုင်ဖို့ လိုတာပါ .. ဘယ်တော့မှ .. မရှက်ဘဲ ရှိနေရမယ့် တာဝန်တစ်ခုရှိတယ် .. အဲဒါက .. ကိုယ်လုပ်ကိုင်ရတဲ့အလုပ် .. ကိုယ့်ကိုထမင်းကျွေးတဲ့အလုပ် .. အဲဒါက ဖြူစင်ရိုးသားဖို့ တစ်ခုပဲ လိုတယ် .. အဲဒီ အလုပ်ကရတဲ့ငွေကြေး နဲ့ စားသောက်နေထိုင် .. လုံခြုံနေရတဲ့အတွက် .. အဲဒီအလုပ်ဟာ .. ကျေးဇူးရှင် .. ထမင်းရှင်ဖြစ်တဲ့အတွက် .. အဲဒီအလုပ်ကြောင့် အရှက်ရ တယ်လို့ ဘယ်တော့မှ ကျေးဇူးကန်းတဲ့စိတ် မမွေးဖို့အရေးကြီးတယ် သား .. ကျေးဇူးရှင်ဆိုတာ လူဖြစ်နေမှမဟုတ်ဘူး .. ကိုယ့်အလုပ်က လည်း .. ကျေးဇူးရှင်ဖြစ်တယ်သား .."

စကားရှည်ကြီးကိုပြောနေရင်း သား၏ဆံစလေးကို သပ်ပေးနေမိ သည်။ ကျောလေးကို ပုတ်ပေးနေမိသည်။ နဖူးလေးကို နမ်းလိုက်မိရ သည်။ သား ငြိမ်နေ၏။

"ကဲ .. မေမေတို့သားအမိနှစ်ယောက် ဒီညတော့ ကော်ဖီ တစ်ယောက် တစ်ခွက်လောက် သောက်လိုက်ကြရအောင် .. မုန့်ပုံးလေးလည်း ယူလိုက် ပါဦး သားရယ် .."

ဟုပြောတော့ သား ထ၍ မီးဖိုခန်းရှိ ကြောင်အိမ်ပေါ်မှာတင်ထား သည့် မုန့်ပုံးကို ယူသည်။ မိဂျိုး လည်း မီးဖိုခန်းထဲဝင်ကာ ဓာတ်ဘူးထဲ မှ ရေနွေးဖြင့် ကော်ဖီနှစ်ခွက်ဖျော်သည်။ သားအမိနှစ်ယောက် ဧည့်ခန်း သို့ ပြန်လာကြကာ ဆက်တီထိုင်ခုံထက်မှာ တူတူထိုင်ကြပါ၏။ စားပွဲ ပေါ် ကော်ဖီခွက်နှင့် မုန့်ပုံးကိုတင်သည်။

ထိုစဉ်ခိုက် မျက်နှာချင်းဆိုင်မှ ရုံးစာရေးကြီးလည်း ဖြစ် [illegible]

www.burmeseclassic.com



လည်းဖြစ်သည့် ကိုမြဆောင် ခြံတွင်းဝင်လာသည်။ အဝတ်လာယူခြင်း ...။ မိဂျိုး ထရပ်လိုက်ကာ ..

"လာပါ ကိုမြဆောင် .."

ဟုခေါ်ပြီးတာနှင့် မီးပူတိုက်ပြီးသားတွေ စီထပ်ထားရာမှ အကန့်လိုက် မှတ်သားထားရာအဝတ်ကို ရွေးသည်။ မိဂျိုး မှာက စာရင်းရှိသည်လေ ...။ ဘယ်သူ ဘယ်အဝတ်အစားကိုအပ်သည်ဆိုတာကအစ ဗလာစာအုပ် ကတ်ထူလေးဖြင့် စာရင်းအင်းနှင့် သေသေသပ်သပ် မှတ်သားလက်ခံခြင်းပါ ...။ အလုပ်လုပ်လာသည့် ဤသက်တမ်းကာလအတွင်းမှာ အဝတ်အထည် အမှားအယွင်း အပျောက်အဆုံး မရှိခြင်းကလည်း မိဂျိုး၏ အလုပ်ဂုဏ်သတင်းတစ်ခုပဲ ဖြစ်လေသည်။

"အံမယ် .. သားအမိနှစ်ယောက်တူတူ ကော်ဖီသောက် ..မုန့်စားရင်း ဟန်ကျနေကြတာကိုး .. ကျွန်တော် ရောက်လာတာနဲ့ အစားပျက်ကုန်ကြတယ်ထင်ပါရဲ့ .. ကဲပါ .. ကဲပါ .. သောက်ကြပါ .."

ဟု အလိုက်တသိပြုံး၍လည်း ပြော ...။ ကျသင့်ငွေလည်းရှင်း ...။ မိဂျိုး ကြွပ်ကြွပ်အိတ်ဖြင့် သပ်သပ်ခပ်ခပ်ခေါက်သားတကျ ထည့်ပေးလိုက်သည့် ပုဆိုးနှင့် အင်္ကျီ ...။ တိုက်ပုံတို့ကိုယူ အိမ်ပေါ်မှဆင်းသည်။

မိဂျိုး သားကိုကြည့်၍ ပြုံးကာ နှစ်ယောက်ထိုင်ဆက်တီမှာ စောစောကနယ်ပင် ပူးကပ်၍ ထိုင်လိုက်ရပါ၏။

"သားကို မေမေ ပြောပြထားပြီးပြီပဲကွယ် .. သား ကိုယ်ဝန်နဲ့ပဲ - မေမေ အိမ်ထောင်ကွဲခဲ့တယ် .. ဒီနေရာလေးကို ဝယ်ပြီး မေမေ .. ဒီအိမ်လေးမှာ .. ဒီအလုပ်ကိုလုပ်ခဲ့တယ် .. အဖေ မရှိပေမယ့် .. မေမေ့ သားကို - အမေ တာဝန်၊ အဖေ တာဝန် .. မေမေ ကြေအောင်နေခဲ့တယ် .. သားဟာ .. မေမေ့ဘဝပဲပါ .. ဟောဒီအိမ်လေးမှာ သားရှိနေခြင်းဟာ .. မေမေ တစ်ယောက်တည်းရှိနေတာ မဟုတ်ဘူးဆိုတာကို .. အမြဲ .. ရင်ထဲမှာ အားအင်ရှိနေစေခဲ့တာပါပဲ .. သားအမိနှစ်ယောက် တူတူနေတယ်ဆိုတဲ့ ဒီ



အိမ်လေးဟာလည်း .. မိန်းမသားတစ်ယောက်တည်း နေနေတဲ့အိမ်အဖြစ် ရှိနေတာမဟုတ်တော့တဲ့အတွက် .. မေမေ့ ဘဝဟာလည်း လုံခြုံနေရတာပါပဲ သား .. ဒီတော့ .. မေမေ့အတွက် .. သားလေး ရှိနေခြင်းဟာ .. ဘဝလုံခြုံရာ တစ်စိတ်တစ်ပိုင်းဖြစ်နေသလို .. ဟောဒီ သားလေးအတွက် .. မေမေ ရှိနေခြင်းဟာ .. သားလေးရဲ့ ဘဝလုံခြုံရာ အလုံးစုံဖြစ်နေတယ်ဆိုတာ သား နားလည်ထားဖို့ပဲလို တယ် .. စာကြိုးစားဖို့ပဲ လိုတယ် .."

ဟု ပြောကာ အေးချမ်းစွာပြုံး၍ သားကို ကြည့်မိရပါ၏။ ရင်ထဲမှာဖြင့် သားကို ချစ်သည့် ချစ်ခြင်းတွေဖြင့် ပြည့်ဝနေသည်ပါပဲ ...။

အဖေဟုခေါ်စရာ ဤသားလေး၏ဘေးမှာ ဖခင်မရှိ ...။ ဒါပေမယ့် .. ဤသားလေးကို လူ့ဘဝထဲသို့ ကြိုဆို၍ ချစ်သောစိတ်ဖြင့် .. တာဝန်ယူရဲသောစိတ်ဖြင့် .. မိဂျိုး မွေးခဲ့သည်။

ဤအဖ အရိပ်မဲ့နေသည့်သားလေးကို အမြင့်ထိရောက်အောင် ပို့ဆောင်ဝံ့သည့် ခွန်အားများ .. အလုပ်ကို ပင်ပန်းစွာလုပ်ကိုင်နိုင်သည့် အားအင်များကို .. မိဂျိုး ပိုင်ဆိုင်နိုင်ခဲ့သည်။ ဤချစ်ခြင်းများသည် မိဂျိုး၏ နှလုံးသားမှာလည်း ရှိသည်။ တစ်ကိုယ်လုံးအနှံ့ .. သွေးကြောမျှင်များအထိ ဖြန့်ကျက်နိုင်သည်။ ဤသားလေးကြောင့် .. မိဂျိုး မှာ မျှော်လင့်ချက်ဆိုတာ ရှိနေသည်။ ပန်းတိုင်ဆိုတာ ရှိနေသည်။ ဘဝဆိုတာရှိနေသည်။ ဤသည်ကလည်း .. မိဂျိုး သည် .. အမေတစ်ယောက်ဖြစ်နေ၍ပဲ ဖြစ်လေသည်။ အမေ၏ အင်အားတွေရှိနေ၍ပဲဖြစ်လေသည်။ အမေတစ်ယောက်၏ သတ္တိတွေရှိနေ၍ပဲ ဖြစ်ချေသည်။ သြော် .. အမေ တစ်ယောက်၏ချစ်ခြင်းတွေကြောင့်ပဲ ဖြစ်ချေသည်တကား ...။

"မေမေ .. တစ်နေ့မှာ ဒီအလုပ်ကို မလုပ်ဘဲနေမှာပါကွယ် .. သားလေး ဆယ်တန်းအောင်ရမယ် .. အဲဒီနောက်မှာ .. ဘွဲ့တစ်ခု ရရမယ် .. အဲဒီ ညာတတ်ဘဝနဲ့ .. သား အလုပ်အကိုင်ရလာတဲ့အခါ .. သားရဲ့လစာနဲ့ .. သားရဲ့ အစောင့်အရှောက်နဲ့ .. သားရဲ့ မေတ္တာရိပ်အောက်မှာ .. မေမေ -

www.burmeseclassic.com

www.burmeseclassic.com



လိုခြုံအေးမြနေပါ့မယ် သားရယ် .. အဲဒီအခါမှာ .. သား မွေးမွေးငှ မသိနိုင်ခဲ့သေးတဲ့အရာ .. မသိနိုင်တဲ့ဘဝ .. အဲဒါတွေကို မေမေ .. ပြောပြပါဦးမယ် ..''

ဟု ပြောတော့ သား မော့ကြည့်၏။ မိဂျိုး လည်း ပြုံးပြလိုက်ရသည် ပါပဲ ..။ ဩော် .. ထိုအခါ .. ထိုကာလရောက်လျှင် ..။ သားလေး ဘွဲ့ရ ပညာတတ်ဖြစ်လျှင် .. မိဂျိုး ဆိုသည့် ငွေကြေးကြာ ၏ဘဝရင်းမှန် အားလုံး ကို မိဂျိုး .. သားလေးကို ပြောပြရပါလိမ့်မည် ..။ ပန်းရဂုံသို့ လည်း သားကို ခေါ်သွားရပါလိမ့်မည်။ မြေးကို .. ဖေဖေနှင့် မေမေတို့လည်း မြင်ကြရပါလိမ့်မည် ..။ ထိုအခါ .. ပန်းရဂုံသည် .. မိသားတစ်စု ရှိနေရာ နေရာ ဖြစ်ရချေလိမ့်မည် ..။ အမှားအမှန်ကို ပြတ်သားစွာ နားလည် ပိုင်းခြားတတ်ပြီဖြစ်သည့် ပညာတတ်ဘွဲ့ရအရွယ်ရောက်သည်အထိ .. အသက်အရွယ်အရာ .. ပညာအရာမှာ .. ပြည့်စုံအောင် မိဂျိုး သားကို အရင်ပေးအပ်ရမည် ..။ ခုလောလောဆယ်မှာ .. အဖြစ်မှန်တွေကို .. သား၏အသက်အရွယ် .. နုနယ်သည့်ပညာ .. နုနယ်သည့်အသက်လေး ဖြင့် ရင်ဆိုင်သိနိုင်ဖို့မလွယ် ..။ ခရေရိပ်ရှိ ပါးနပ်လွန်းသောသူများ ..။ လောဘဇောကြီးလွန်းသောသူများ ..။ ငွေရဖို့ဆို .. ဘာမဆို .. လုပ်ရဲသည့် အရှက်နည်းသောစိတ်များကို သိနေရသည်မို့ ..။ မိဂျိုး .. သားလေးရှိနေတာကို ခရေရိပ်မှမသိအောင် ဤအရပ်မှာ ဇာတ်မြုပ်ရ ပါသည်။ ဤအလုပ်ဖြင့်ဇာတ်မြုပ်ရင်း .. ဘဝကို ရပ်တည်ရပါသည်။ သားကို ပန်းရဂုံမှာ မွေးကြည့် ..။

သတင်းက မရောက်ဘဲရှိမှာမဟုတ် ..။ ခရေရိပ်မှ ဘိုးအေဘွားအေ နှင့် အဖေဆိုတာက ဤသားလေးကို ပတ်သက်နိုင်အောင် ကြိုးစားကြ မည် ..။ ရအောင်တွေ့ကြမည်။ သူတို့ ခရေရိပ်သို့ အရောက်ပါသွား အောင် သားလေးကို စည်းရုံးသွေးဆောင်ကြမည်။ ဖျားယောင်းကြမည်။ ပြီးလျှင် .. ဤကလေးမှရထိုက်သည့် ငွေကြေးကို ရအောင်ယူကြမည်။



မိဂျိုးက .. ခရေရိပ်နှင့် ကင်းနေသည့်သူဖြစ်နေပေမယ့် ..။

သွေးသားတော်စပ်မှုအရတော့ဖြင့် သားလေးကို ဦးထက်သာအောင် နှင့် ဒေါ်နုနုမွေး တို့၏မြေးအဖြစ်ကတော့ ဖယ်ပစ်၍မရ ..။ သွေးသား တော်စပ်မှုသည် တည်မြဲနေသည်သာ ..။ ပြီးတော့ .. မိဂျိုး သည် ဘုန်းမြတ်ချမ်းသာ ၏မယားဘဝမှ လွတ်မြောက်ခဲ့ရပေမယ့် ..။ သားလေးသည် ဘုန်းမြတ်ချမ်းသာ ၏ သားမဟုတ်ပါဟုတော့ သွေးခန်း ဖြတ်ပစ်၍မရ ..။

ဒါကြောင့် .. ထိုခရေရိပ်မှ ဘိုးဘွားနှင့် အဖေတို့အပေါ် ဘယ်လို တုံ့ပြန်ဆုံးဖြတ်ရမည်ဆိုတာ ထိုက်သင့်ရာအရွယ် ..။ တတ်သင့်ရာ ပညာကိုတတ်မှ .. သားသည် .. မှန်ကန်သော အဆုံးအဖြတ်တစ်ခုကို .. ပြတ်သားရဲရင့်စွာ ဆုံးဖြတ်နိုင်ပါချေလိမ့်မည် ..။ ထိုအခါကျလျှင် .. ပန်းရဂုံ မှာရှိနေသည့် သားကို .. ခရေရိပ်မှ ဘယ်လိုသိ၍ ဆက်သွယ်ပတ်သက် လာစေ ..။ သားသည် .. မှန်ကန်ရာကို ဆုံးဖြတ်ပါချေလိမ့်မည်။

ခရေရိပ်သို့ လိုက်ပါမည်လား ..။ ပန်းရဂုံမှာ .. နေမည်လား ..။ သား .. အမှားအယွင်းမရှိ .. ဆုံးဖြတ်တတ်နေပါလိမ့်မည် ..။

ဒါကြောင့် ထိုနေ့အထိရောက်နိုင်အောင် .. မိဂျိုး .. လောလော ဆယ်မှာ .. ဤရပ်ကွက်လေးမှာ ..။ ဇာတ်မြှုပ်နေရခြင်းပါ ..။ မိဂျိုး ကို လူတွေ သိပ်မမြင်ကြစေရ ..။ မိဂျိုး ၏ဝန်းကျင်လေးသည် ခရေရိပ် နှင့်ပတ်သက်နေသော အရပ်မျိုးလည်းမဟုတ်။ ဒါကြောင့် .. နားအေး ပါးအေး .. အိမ်မကွာအိုးမကွာ .. ဤအလုပ်လေးဖြင့် မိဂျိုး ဤသားလေး နှင့်အတူ ရပ်တည်နေနိုင်ခြင်းပါ ..။

"ဒါဆို .. သားဆယ်တန်းအောင်ဖို့ အရေးကြီးတာပေါ့နော် မေမေ - သားဘွဲ့ရဖို့လိုတာပေါ့ .. အဲဒီအခါကျရင်.. သားအလုပ်ရှာမယ် မေမေ - မေမေ့ကို .. ဘာမှမလုပ်ဘဲ အေးအေးနေရအောင် .. သား တရိုတသေ ထားမယ် မေမေ .."

ဟု သားပြောတော့ မိဂျိုး မျက်ရည်လည်နေသည်။ သား၏ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



လေးကို လက်ဖဝါးဖြင့် ဖွဖွသပ်ပေးနေမိသည်။ မျက်ရည်လည်ရင်း ပြုံးသည့်အပြုံး ...။ မျက်ရည်ကျလာတော့ မျက်ရည်စီးကြောင်းသည် ပါးချိုင့်လေးထင်ရာ ပါးပြင်ထက်မှာ စီး၏။

"မေမေက ပါးချိုင့်လေးနဲ့ သိပ်လှတာ မေမေရယ် .. အခုလို .. အလုပ်တွေလှုပ်နေရတာတောင် .. မေမေက .. ဖြူနုပြီး သိပ်လှတာ .. သား အလုပ်ရရင်လေ .. အဝတ်ကောင်းကောင်းလှလှတွေ မေမေ့ကို ဝတ်နိုင်းမှာ .. ရွှေတွေဝတ်ခိုင်းမှာ .. မေမေက ပိုလှလာမှာသိလား .."

ဟု ပြောနေရင်းမှ သား .. မိဂျိုး၏ ရင်ခွင်ထဲ တိုးဝင်သည်။ မိဂျိုးကို ဖက်သည်။ မိဂျိုးကလည်း တုံ့ပြန်၍ ဖက်ထားမိရပါ၏။

"မေမေ့ကို သိပ်သနားတာပဲ မေမေရယ် .. သိပ်ချစ်တာပဲ .."

ဟု ငိုသံဖြင့် သားပြောနေသည်။ သား၏မျက်နှာက မိဂျိုး ၏ ရင်ခွင်မှာကပ်နေ၏။ မိဂျိုး ခေါင်းကို ငိုက်ချကာ သား၏ခေါင်းလေးကို နမ်းသည်။ ဆံစတို့သည် မိဂျိုး ၏နှုတ်ခမ်း .. မိဂျိုး ၏နှာဖျား ...။ နောက်တော့ မိဂျိုး ၏ မျက်နှာမှာ ထိနေ၏။

"မေမေလည်း .. သားကို သိပ်ချစ်ပါတယ်သားရယ် .."

ဟု ပြောလိုက်သံက ရင်ကိုနှစ်၍ ပွင့်ကျလာသည့် စကားသစ္စာပဲ ဖြစ်ချေသည်တကား ...။



## အခန်း(၁၂)

သားလေးပြန်ရောက်လာလျှင် ရေမိုးချိုးပြီးတာနှင့် ညစာစားဖို့ရာ အတွက် ခရမ်းချဉ်သီးသုပ်လေး သုပ်နေမိရပါသည့် မိဂျိုး ...။

ငါးခေါင်းချဉ်ရေဟင်း ...။ ငါးပိကောင်ချက် ...။ ခရမ်းချဉ်သီးသုပ် ငရုတ်သီးစိမ်းလေး စပ်စပ်မွှေးမွှေးဖြင့် သားလေး စားမြိန်ချေမည်သာ ...။ ငရုတ်သီးစိမ်းဆိုတာကလည်း အိမ်နောက်ဘက် မြေကွက်လပ်ကျဉ်းကျဉ်း လေးထဲမှာ စိုက်ထားရာ စိုက်ခင်းလေးဆီမှ ဆွတ်လိုက်ရုံသာ ...။ ရှင်သန် လွယ်သော ချဉ်ပေါင်ခင်းလေးလည်း ရှိသည်။ ပင်စိမ်းနှင့် နံနံပင်အခင်း လေးသည် ခပ်သေးသေးရှိ၏။ ပြီးတော့ ပူစီနံခင်းငယ်ငယ် ...။

စိတ်အစဉ်က ပန်းရဂုံသို့ရောက်၏။ ဒေါ်ကြီးထွေး ၏ ချက်ပြုတ်ရာ မီးဖိုဆောင်မှာ မိဂျိုး ဝင်မလုပ်ရပေမယ့် ...။ ဘေးကထိုင်ထိုင်ကြည့်ခွင့် လေး ရခဲ့ရတာမို့လည်း ထမင်းဟင်းချက်ခြင်းဆိုတာက မိဂျိုး အတွက် အစိမ်းသက်သက်မဟုတ်ခဲ့ ...။ ဒါကြောင့်လည်း ခရေရိပ်မှ မိဂျိုး ၏အိမ် လေးမှာနေရတော့ ထမင်းဟင်းလေး ချက်တတ်ပြုတ်ခဲ့ရသည်ပါပဲ ...။ အစပိုင်းကတော့ အစပ်အဟပ်မှာ သိပ်အဆင်မပြေ ...။ နောက်တော့လည်း ချက်ရင်းချက်ရင်း ဟင်းကို ကောင်းကောင်း ချက်ပြုတ်တတ်ခဲ့ပြီးပါ ...။

ဒါပေမယ့် .. မိဂျိုး .. လွမ်းရပါသည်။ မေမေ့လက်ရာ ဟင်းခွက်

www.burmeseclassic.com

www.burmeseclassic.com



ခလေးတွေ ..။ ခေါက်ကြီးထူး လက်ရာ ဟင်းအမယ်လေးတွေကို မိဂျိုး မ အောင်မချက်နိုင်သေးဟု နားလည်ထားသည်။ ထိုဟင်းခွက်လေးတွေ မှ ဟင်းလေးတွေကို တစ်နေ့မှာ သားနှင့်အတူ မိဂျိုး စားခွင့်ရလာချေ လိမ့်မည်။ ဖေဖေနှင့် မေမေတို့ကို ခွဲခဲ့ရသည့် ကာလများစွာအတွက် အတိုးချ၍ တလွမ်းဆွတ်ဆွတ် မဝနိုင်စတမ်း တငေးငေးကြည့်ရင်း စား ခွင့်ရချေမည့် ထိုနေ့ရက်ကို မိဂျိုး မွတ်မွတ်သိပ်သိပ် တောင့်တနေမိရသည် ပါပဲ ..။

"အို .. သိပ်မကြာတော့ပါဘူးလေ .. သားလေး အခု ကိုးတန်းရော ရတော့မှာပဲဥစ္စာ .. ဆယ်တန်းအောင်ပြီးတဲ့အခါ .. သားလေး ဝါသနာ ပါရာ တက္ကသိုလ်ကိုတက် .. ငါက ပညာအမွေပေး .. သားလေးဘွဲ့ရတဲ့ အခါ .. ပန်းရဂုံကို ငါခေါ်သွားရမှာပဲလေ .. ပန်းရဂုံမှာ မိသားစုတစ်စု နေခွင့်ရတော့မယ့်အချိန်ဟာ .. နီးလာပါပြီလေ .."

ဟုတွေးနေရင်းမှ ငရုတ်သီးစိမ်းလှီးထားရာကို ခရမ်းချဉ်သီးသုပ် မှာ ထည့် ..။ အပေါ်မှ မြေပဲဆံထောင်းထားတာကို ဖြူးဖြန့်၍ထည့် .. ဆီ ကျက်လေးနည်းနည်းထည့် ..။ ကြက်သွန်နီခပ်ပါးပါး အကွင်းလိုက် လေး လှီးထည့်ထားရာဖြင့် .. အသုပ်ပန်းကန်ပြားလေးသည် စားသည့် အခါမှာ နယ်ဖတ်ရုံပဲကျန်သည်။ နယ်ခါနီးမှ ဆားလေးသင့်ရုံထည့်ရ မည် တည့် ..။

ပြီးတာနှင့် လက်ဆေးကာ အိမ်ရှေ့ခန်းသို့ ထွက်လာမိရပါ၏။ မီးပူတိုက်စရာ အတန်ကျန်နေသေးသည်။ လှမ်းထား၍ မခြောက်သေး သည့် အဝတ်တချို့ကလည်း ကြိုးတန်းမှာချိတ်တွေအစီအရီဖြင့် ဖွေးဖွေး သန့်သန့်ရှိ၏။

မိဂျိုး အိပ်ခန်းလေးထဲ ဝင်လာမိရပါပြီ။ စိတ်က ဤနေ့မှာ ဖေဖေ နှင့် မေမေ့ကို ပို၍ တတမ်းတတဖြစ်နေမိရသည်။ လွမ်းတဆွတ်ဆွတ် ဖြစ်နေရသည်။ ရင်ထဲမှာ ကြေကြေမွမွမွရှိ၏။ သံသေတ္တာသော့ခတ်



ထားရာကို မိဂျိုး ဖွင့်မိရပါပြီ ..။ အကျီအောက်ဆုံးနေရာမှာရှိသည့် ဒိုင် ယာရီစာအုပ်လေးကို ယူမိသည်။ စာအုပ်အောက်မှာက မိဂျိုး ၏ငွေစု စာအုပ်လေးသည် လက်ကိုင်ပုဝါလေးဖြင့် ပတ်လျက်ရှိနေသည့်အဖြစ်။

"ပန်းရဂုံက ငါထွက်ခွာခဲ့ချိန်မှာ လက်ဝတ်ရတနာတွေ ဘာတစ်ခု မှ မိဘပစ္စည်းအဖြစ်နဲ့ ငါမယူခဲ့ပေမယ့် .. ငါ လိုလိုမယ်မယ် ခြေစောင့် လက်စောင့်အဖြစ် အားကိုးရာတစ်ခုရအောင် .. ဒီငွေစုစာအုပ်လေးကို ယူလာမိခဲ့တာဟာ .. မှန်ကန်လွန်းနေခဲ့တာပါပဲလေ .. ခရေရိပ်ကို သွား ရခါနီးမှာ ပန်းရဂုံမှာကတည်းက .. ငါ့ရဲ့အဲတွင်းခံအကျီမှာ အဝတ်စ ကပ်ပြီး အိတ်ပိုလေးတစ်ခုအတွင်းဘက်ကချုပ် .. အဲဒီအထဲ ဒီငွေစုစာအုပ် လေးကို ကိုယ်နဲ့မကွာ အမြဲ ငါထားဖို့ရာ ကြိုတင်ပြင်ဆင်ခဲ့မိတာဟာလည်း မှန်နေခဲ့တာပါပဲ .. ဒါကြောင့်လည်း ငါ .. ကုန်တိုက်ကို .. သူနဲ့တူတူပါ သွားချိန်တုန်းက .. အဲဒီ အန်တီမွှေး ငါ့မီးခံသေတ္တာ ကို သူ့ဆီကသော့နဲ့ ဖွင့်ရှာခဲ့စဉ်က .. ဒီငွေစုစာအုပ်ကို မမြင်ခဲ့ရတာပေါ့ .. ဒါမှမဟုတ်ရင် .. အန်တီမွှေး လက်ထဲ ဒီစာအုပ်လေးရောက်သွားမှာ.."

ဟု တွေးကာ စိတ်သည် အတိတ်ဆီသို့ ရောက်၏။

ခရေရိပ်ဆီမှ မိဂျိုး တက္ကစီဖြင့် ထွက်ခဲ့ရချေသောရက် ..။ ဩော် .. ကွာရှင်းစာချုပ်တစ်စောင် အတူပါလာပါသည့် အဝတ်အစားသေတ္တာ ကို တက္ကစီပေါ်ဘေးမှာထား၍ ထွက်ခဲ့ရလေသောရက် ..။ ထိုနေ့ရက်ကို မိဂျိုး ဘယ်သောအခါတွင်မှ မေ့နိုင်စွမ်းမှာလည်း မဟုတ် ..။ စကားလုံး ကို အထောက်အညာမဲ့ပြောရချေလျှင် တစ်ခုလပ် တစ်လင်ကွာ မိန်းမ တစ်ယောက်အဖြစ် သိမ်ငယ်စွာ ရင်ဆိုင်ရချေမည့် အနာဂတ်တစ်ခုဆီ သို့ ကူးရသည့်ကာလ ..။ ပစ္စုပ္ပန်မှာလည်း လတ်လတ်ဆတ်ဆတ် တစ် လင်ကွာမိန်းမအဖြစ် ရှိနေရသည့်ကာလ ..။ ထိုကာလကို မိဂျိုး ဤတစ် သက်မမေ့နိုင် ..။ မိဂျိုး ၏ ပန်းကောင်းအညွန့်ချိုးခံရသည့် ကျိန်စာသင့် ကာလတစ်ခုအဖြစ် ရင်ထဲမှာ တမြေ့မြေ့နာကျင်ခံစားရသည့်လေ ..။ ပြီး

www.burmeseclassic.com



တော့ .. ခြော် .. ပြီးတော့ .. ဖေဖေ့ရင်ကိုခွဲ၍ ထွက်ရသည့်နေ့တစ်နေ့လည်း ဖြစ်နေခဲ့ချေသည်တကား ..။ ဖေဖေကား ရပ်၍ စောင့်ဆိုင်းနေရာ လမ်းထိပ်နှင့် ဆန့်ကျင်ဘက်လမ်းထိပ်ကို ထိုနေ့က မိဂျိုး ရွေးချယ်ထွက်ခွာခဲ့ရသည့်နေ့ ..။ ထိုနေ့ကအဖြစ်အပျက်များကို .. မိဂျိုး ဒိုင်ယာရီထဲမှာ ရေးထားသည်။ ထိုဒိုင်ယာရီလေးသည် မိဂျိုး လက်ထဲမှာ ရှိနေချေပြီ ..။ ဤစာအုပ်လေးကို သားလေးမမြင်ရ မဖတ်ရလေအောင် ဤသေတ္တာထဲမှာ အောက်ဆုံးထား၍ သော့ခတ်ထားခဲ့ရသည် ..။

စာအုပ်လေးကို မိဂျိုး ဖွင့်လိုက်မိရပါ၏။ ထိုစာအုပ်လေးကို မိဂျိုး တည်းခိုရာ တည်းခိုခန်းဆီမှထွက်၍ ..။ ထိုနေ့ကပင်လျှင် စတိုးဆိုင်တစ်ခုဆီမှာဝယ်ခဲ့ခြင်း ..။

ဤဒိုင်ယာရီလေးမှာ ရေးသားထားသည်ကလည်း .. ထိုခရေရိပ်မှ ထွက်ခွာခဲ့ရာ နေ့တစ်နေ့၏မျက်နှာထက်မှာပဲ ရှိသည်။ နောက်ထပ်လည်း ဘာမျှရေးမထားတော့ပါ ..။ မိဂျိုးဘဝမှာ .. ထိုနှစ် .. ထိုရက် .. ထိုအချိန်တစ်ခုကိုသာ .. ရေးဖွဲ့ရာအဖြစ် ရှိစေခဲ့ခြင်း ..။

စာမျက်နှာကို စာအုပ်ပါ ပိုးကြိုးပြာလေးဖြင့် ဖေးခေါက်သွင်းထားသည်မို့ ..။ စာမျက်နှာကို လှန်လိုက်မိရပါပြီ။

ဖေဖေနဲ့ မေမေရေ ...

ဒီနေ့ဟာ မိဂျိုး ရဲ့ ဘဝအကူးအပြောင်းကြီးတစ်ခုပါ။ ဖေဖေရှိနေပါရက်ကယ်နဲ့ ..။ ဖေဖေ စောင့်နေပါရက်ကယ်နဲ့ ..။ မိဂျိုး ဖေဖေ့ နောက်မလိုက်ဖြစ်ခဲ့တာဟာ ဘာကြောင့်လဲဆိုတာ ဒီနေ့မှာပဲ မိဂျိုး ဖေဖေ့ကို ဖုန်းဆက်ပြီး တက္ကစီပေါ်ကနေ ပြောပြခဲ့ရတယ်နော် ..။ ခရေရိပ်မှာ မိဂျိုး မရှိတော့ဘူးဆိုတာကိုလည်း ဖေဖေသိဖို့ လိုအပ်နေသလို .. အမြန်ဆုံး ချက်ချင်းအသိပေးမှလည်း ဖြစ်မယ်ဆိုတာ မိဂျိုး နားလည်ထားလို့ပါ။ ဒါမှမဟုတ်ရင်ဖြင့် .. မိဂျိုး ကို ဖုန်းနဲ့ လှမ်းခေါ်လာနိုးနိုး စောင့်နေရာက .. ကြာလာရင်ဖြင့် .. ခရေရိပ်ကို ဖေဖေလိုက်လာမှာ သေချာနေတယ်လေ ..



အဲဒီအခါ .. မိဂျိုး မရှိတော့တဲ့ ခရေရိပ်မှာ ဖေဖေ သူတို့အားလုံးကို မသက်သာဖြစ်မယ် ..။ မိဂျိုး ကိုများ ရန်ရှာလိုက်ကြသလား ..။ မိဂျိုး ကို .. အဲဒါတွေကြောင့် ဗိုက်ထားသလားဆိုတာတွေနဲ့ ဖေဖေ မှန်ထုပြီး စွပ်စွဲစကားတွေတောင် ပြောလာနိုင်တယ်လေ ..။

ဒါကြောင့်လည်း တက္ကစီပေါ်ရောက်ပြီး ကားလေးထွက်ခွာလိုက်တာနဲ့ ဖေဖေ့ဆီကို မိဂျိုး ဖုန်းဆက်ခဲ့ရတာပါ ..။

မိဂျိုး ဖေဖေ့ နောက်ကို မလိုက်ဖြစ်တာ နားလည်ခွင့်လွှတ်ပေးပါ ဖေဖေရယ် .. မိဂျိုး မှာ ကိုယ်လေးလက်ဝန်များ ဖြစ်လာခဲ့ရင် .. ပန်းရဂုံအတွက် .. အန္တရာယ်ကြီးလို့ပါ .. သွေးသားအရ .. မျိုးဆက်သဘောအရ .. ဦးထက်သာအောင် နဲ့ ဒေါ်နုနုမွေး ဟာ အဲဒီကလေးရဲ့ ဘိုးဘွား .. ဘုန်းမြတ်ချမ်းသာ ရဲ့သားသမီးဖြစ်နေမှာကို ဘယ်လိုမှ မိဂျိုး တို့ တားဆီးနိုင်မှာမှမဟုတ်တာ ..။ မိဂျိုး .. ဘုန်းမြတ်ချမ်းသာ နဲ့ ကွာရှင်းလိုက်ပါပြီ ဖေဖေ ..။ ဒါပေမယ့် .. သူနဲ့ မိဂျိုး သာ မပတ်သက်တော့မှာပါ ..။ ကလေးရှိလာရင် ကလေးကိုတော့ သူတို့မြေး .. သူ့ရဲ့သားအဖြစ်က မဖယ်ထုတ်နိုင်တာမို့ .. ကလေးနဲ့ပတ်သက်ပြီး သူတို့ဘက်က .. ဆက်သွယ်တာတွေ .. ပတ်သက်တာတွေ လုပ်ကြဖို့ ကြိုးစားကြမှာ မိဂျိုး သိတယ် ..။ ဘာလို့လဲဆိုတော့ .. သူတို့ရဲ့အတ္တနဲ့ လောဘဟာ အရှက်တရားဆိုတာကို ဖယ်ရှားလိုက်နိုင်ကြတာကို မိဂျိုး သိထားလို့ပါပဲ .. မိဂျိုးရဲ့ ရင်သွေးဟာ ဖေဖေ မေမေတို့ရဲ့ မြေး ..။ မိဂျိုး ရဲ့ ကလေးဖြစ်တာမို့ ပန်းရဂုံရဲ့ ကြွယ်ဝချမ်းသာခြင်းများကို .. ပိုင်ဆိုင်ဆက်ခံရမယ့် တစ်ဦးတည်း အဆုံးသတ် ပိုင်ဆိုင်ရမယ့်သူအဖြစ် .. သူတို့ သိကိုသိကြမှာလေ ..။ ဒါကြောင့် .. ဒီကလေးကို .. ရအောင်တွေ့ကြမယ် .. စည်းရုံးသွေးဆောင်ကြမယ် .. စကားချိုချိုကိုလည်း ပြောကြမယ် .. မျက်ရည်တွေလည်း ပြုံအောင်ဖြိုချပြကြမယ် .. ကလေးဆီက ကရုဏာကို ရအောင်ယူနိုင်ကြလိမ့်မယ် .. သူတို့ရဲ့ ခရေရိပ်ကိုရောက်အောင် .. သွေးဆောင်နိုင်ကြလိမ့်မယ် ..။ မိဂျိုး

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြစ်ကို အရောက်မခံနိုင်ဘူး .. ဖေဖေ ..။ ဖေဖေနဲ့ မေမေတို့ရဲ့ ချမ်းသာရာတွေကို ဘယ်လိုနည်းနဲ့မှ ဘယ်လမ်းကြောင်းနဲ့မှ .. သူတို့ လက်ထဲ အရောက်မခံနိုင်ဘူး .. ဖေဖေ။ အရောက်ခံလိုက်ရင် .. မိဂျိုး တို့ဘက်က .. သားနဲ့မြေးလည်း သူတို့လူဖြစ် ..။ ပစ္စည်းချမ်းသာရာတွေ လည်း တစ်နေ့ သူတို့လက်ထဲပြန် ရောက်လိုက်သလို ဖြစ်ကုန်ရမှာမို့ပါ ..။ မိဂျိုး .. အရှုံးမပေးနိုင်ဘူး ဖေဖေ။ လူစိတ်ကင်းနေတဲ့ သူတို့လက်ထဲ သားသမီးကိုလည်း အရောက်မခံနိုင်ဘူး ..။ ပစ္စည်းချမ်းသာကိုလည်း အရောက်မပေးနိုင်ဘူး ..။ ဒါကြောင့် .. မိဂျိုး မှာ ရင်သွေးလေး ရှိ,မရှိ ဆိုတာကို ဆေးခန်းမှာ အရင်ဆုံး စမ်းသပ်ပါရစေ ..။ ကလေးမရှိဘူး ဆိုရင်ဖြင့် .. မိဂျိုး သိပ်မကြာခင် ပန်းရဂုံကို ပြန်လာပါ့မယ် ..။ အိမ်ထောင် ကျလို့မှ ရက်ပိုင်းပဲရှိသေးတယ် ..။ လင်ပစ်မတစ်ယောက်အဖြစ် ပန်းရဂုံ ကို သမီး မလာရဲစရာ မရှိပါဘူး။ ဝန်းကျင်ကို ရင်မဆိုင်ရဲစရာမရှိပါဘူး ..။ ဒါပေမယ့် .. အဲဒီ သမီးရဲ့မိဘတွေအဖြစ် ရှက်ရ .. ဝန်းကျင်မှာ မျက်နှာ ပျက်ရမှာကိုတော့ မိဂျိုး ရင်မဆိုင်နိုင်လွန်းလို့ပါ ..။ ဒါကြောင့် .. မိဂျိုး အခိုက်အတန့်တစ်ခုအထိတော့ တစ်နေရာရာမှာ ခဏနေခွင့်ပေးကြပါ ဖေဖေနဲ့ မေမေရယ် .. အကယ်၍များ .. ရင်သွေးလေးရှိနေတယ်ဆိုရင် တော့ .. အဲဒီကလေး .. အရွယ်ရောက်တဲ့အထိ .. အမှားအမှန်ကို ပိုင်းခြား နားလည်တတ်တဲ့အရွယ်ရောက်တဲ့အထိ ..။ ခရေရိပ် နဲ့ ပန်းရဂုံ .. ဘယ်သူ့ ကို ရွေးမလဲဆိုတာကို .. မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်တဲ့အထိ .. မိဂျိုး .. အဲဒီရင်သွေးလေးနဲ့အတူ .. ခတ်မြုပ်နေရခွင့်ရှိပါရစေ ..။ ဘွဲ့ရပြီ ဆိုရင်ဖြင့် .. အဖြစ်စုံကိုလည်း ပြောပြလိုက်ပါ့မယ် .. ပန်းရဂုံကိုလည်း ခေါ်လာပါ့မယ် ..။ ဖေဖေ မေမေတို့နဲ့အတူလည်းနေပါ့မယ် ..။ အရေး ကြီးတာက .. ဖေဖေနဲ့မေမေ ကျန်းမာ အသက်ရှည်ကြဖို့ပါ ..။ ကျန်း မာရေးကို ဂရုစိုက်ပေးကြပါ ဖေဖေနဲ့ မေမေရယ် ..။

မိဂျိုး ဟာ ဖေဖေနဲ့မေမေ့သမီးပါ ..။ ဖေဖေတို့ သင်ပေးရာ ပညာ တတ်ဘွဲ့ရတစ်ယောက်လည်း ဖြစ်ပါတယ်။ ဘဝကို .. ဘယ်လို ရင်ဆိုင် ဖြေရှင်းရမယ်ဆိုတာ နားလည်ရွေးချယ်တတ်သူပါ ..။ မိဂျိုး မှာ လောကခံ တရားကို ရင်ဆိုင်နိုင်တဲ့အရည်အသွေးတွေ ရှိနေတယ်လို့ ယုံကြည်ပေး ကြပါ ဖေဖေနဲ့မေမေ ..။



မိဂျိုး မှာ .. ဖေဖေနဲ့ မေမေတို့ စုဆောင်းပေးထားရာ ငွေစုစာအုပ် လေး အတူတကွရှိနေပါတယ် ..။ မိဂျိုး ဘဝကို .. လုံခြုံအောင် ဖေဖေနဲ့ မေမေတို့ရဲ့ ငွေကြေးက လုံလုံလောက်လောက် ပိုပိုလျှံလျှံ ထောက်ပံ့ နေကြမှာပါ ..။ စိတ်မပူကြပါနဲ့နော် ..။

ထိုနေ့က ဖေဖေ့ကို မိဂျိုး ပြောခဲ့သောစကားများ .. မိဂျိုး ဖတ် လက်စ စာမျက်နှာဆီမှအကြည့်က ပြတင်းဆီသို့ ရောက်၏။ ရင်သည် ဆို့နေသည်။ ဖေဖေ့စကားသံတွေ နားစည်တွင်းဝယ် ရှိုက်သံဖြင့် ဝင်လာ နေကြသည်။ စိုးရိမ်သံဖြင့် တိုးဖော့နေကြသည်။ ထိုအသံတွေကို .. မိဂျိုး ခုထိ ထုတ်မပစ်နိုင် ..။

"မဟုတ်တာ သမီးရယ် .. ဖေဖေ့ကိုပြောစမ်းပါ .. အခု .. သမီး ဘယ်မှာလဲ .. ဖေဖေ အခု ချက်ချင်းလာခေါ်မယ် .. အကယ်၍ ကလေးရှိ နေရင်လည်း ဖေဖေတို့ရဲ့ မြေးပေမို့ ထွေးပိုက်ချစ်ခွင့်တောင်ရကြဦးမှာ မဟုတ်လား .. မြေးချီကြရမှာမဟုတ်လား .. ဝန်းကျင်ဆိုတာကို ဖေဖေ က ဂရုမစိုက်ဘူးသမီး .. ဖေဖေ့သမီးကိုပဲ ဖေဖေ အရေးတကြီးထား တယ် .. မြေးရှိရင်လည်း ဖေဖေ့မြေးကို .. ဖေဖေ .. အားလုံးတာဝန်ယူတဲ့ ဘိုးအေဘွားအေတွေရဲ့အလယ်မှာ တခမ်းတနားထားမယ် .."

ဟု ဖေဖေပြောနေခဲ့သည်ပဲ ..။ ထိုသို့ တခမ်းတနားထားလိုက်တာ ကို သတင်းကြားတာနှင့် လောဘ၏နောက်လိုက်တွေ ဤကလေးကို ရအောင် ပတ်သက်ကြတော့မှာကို ဖေဖေ ထည့်မတွက်နိုင်ဘဲ ပြောနေ ခြင်းပေမို့ ..။ ထိုအချိန်ကလည်း မိဂျိုး ဖေဖေ၏ဖျောင်းဖျနားချမှုများကို ဖွတ်မိုတ်၍ ငြင်းခဲ့ရခြင်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်သမျှတွေကိုဆက်၍ မိဂျိုး ရေးထားပေမယ့် ဆက်မဖတ်ဖြစ်တော့ဘဲ စာအုပ်ကို ပိတ်၍ ပြန်သိမ်းလိုက်မိရပါပြီ ..။

ဒိုင်ယာရီထဲမှာ ထိုတစ်ခုတည်းသာ ရေးဖွဲ့ရာအဖြစ် ရှိနေပါလေသော စာတစ်အုပ် ..။ စိတ်အစဉ်မှာ အားလုံးကို ခုထိ .. မမေ့နိုင်ဘဲ ရှိနေရဆဲ ..။

မိဂျိုး တည်းခိုခန်းတစ်ခုမှာ လတစ်ဝက်လောက်နေခဲ့သည်။ အဝတ်အစားတွေကို ထမီ၊ ဘလောက်(စ်)အင်္ကျီ၊ ရယ်ဒီမိတ်တွေ ဝယ်ခဲ့သည်။ ပါခဲ့ရာအဝတ်အစားတွေက အဖိုးတန်ပိုးဖဲနှင့် ပိုးဇာနှစ်ထပ် ဂါဝန်ရှည်တွေများနေသည်မို့ ..။ သာမန်အဝတ်အစားတွေ ဝယ်ရ ဝတ်ရသည်။ ပြီးတော့ အိမ်ခြံမြေအကျိုးဆောင်ရုံးခန်းတစ်ခုကို သတင်းစာထဲမှ ရွေးချယ်၍ တွေ့ဆုံခဲ့သည်။ နောက်တော့ .. လက်ရှိ ခြံဝန်းငယ်လေးနှင့် အိမ်ငယ်လေးကိုဝယ်ခဲ့ကာ .. သိုသိပ်စွာနေခဲ့ပါ၏။ ပင်မင်းအလုပ်ကို လုပ်ဖို့ ရွေးချယ်ခဲ့သည်ကလည်း မိဂျိုး ပါ ..။ မိဂျိုး မှာ အလုပ်အကိုင်တစ်ခုကို ဝန်းကျင်မှာ ပြထားစရာလိုသည်။ ဘာအလုပ်မှမလုပ်ဘဲ မိန်းမသားတစ်ယောက်သည် မကြောင့်မကြ နေနေသည်ဆိုတာမျိုးက ဘေးဝန်းကျင်အမြင်မှာ ကာလကြာလာလျှင် ဇဝေဇဝါ .. ယုန်ထင်ကြောင်ထင် .. ထင်စရာဖြစ်လာတတ်မှန်း မိဂျိုး သိသည်လေ ..။ မိဂျိုး အတွက် အရိပ်ထဲမှာလည်းနေရ ..။ သက်သောင့်သက်သာအရှိဆုံးသော အလုပ်တစ်ခုလည်းဖြစ်ရဖို့ ဤအလုပ်ကို မိဂျိုး ရွေးချယ်ခဲ့ရခြင်းပါ ..။ အိမ်မကွာ အိုးမကွာ လုပ်ရသည်မို့လည်း လူသူကြားထဲသွားလာနေစရာ သိပ်မလို ..။ ဇာတ်မြုပ်နေရသူအဖို့ သင့်မြတ်ရာအလုပ်တစ်ခုဖြစ်နေသည်လေ ..။ ဒါကြောင့်လည်း ငွေစုစာအုပ်လေးထဲမှ ငွေကြေးဖြင့် .. ပင်မင်းအလုပ်ကို လုပ်ခဲ့ရခြင်းပါတည့် ..။

ဖေဖေနှင့် မေမေတို့ထံ မိဂျိုး တစ်လတစ်ခါ ဖုန်းဆက်စကားပြောသည်။ မိဂျိုး ဘယ်မှာရှိသည်ဆိုတာကိုလည်း အသိမပေးခဲ့ ..။ ဖေဖေနှင့်



မေမေတို့ ဘယ်လိုခေါ်ခေါ် .. မိဂျိုး မပြန်ခဲ့ ..။

"တစ်ချိန်က ဖေဖေနဲ့ မေမေ့စကားကို မိဂျိုး နားထောင်ခဲ့ပါ တယ်၊ ဖေဖေနဲ့မေမေ .. အခု .. မိဂျိုး .. ဘဝကို .. မိဂျိုး ဆုံးဖြတ်ခွင့်ရပါစေ .. ခရေရိပ်ကလူတွေအကြောင်း မိဂျိုး လောက် ဖေဖေနဲ့ မေမေတို့ မသိကြပါဘူး ဖေဖေရယ် .."

ဟု မတတ်သာသည့်အဆုံးမှာ မိဂျိုး ငို၍ ပြောလိုက်တော့မှ .. ဖေဖေ စိတ်လျှော့လိုက်ရှာခြင်းပါ ..။ ဘုန်းမြတ်ချမ်းသာ နှင့် ရအောင် လက်ထပ်ပေးခဲ့ပါသည့် ဖေဖေနှင့် မေမေကို အပြစ်တင်လို၍ ထိုသို့ မိဂျိုး ပြောခြင်းမဟုတ်ပါ။ ဒါပေမယ့် .. ထိုသို့ပြောမှ .. မိဂျိုး ဤလက်ရှိဘဝကို ရွေးချယ်ခွင့်ရမှာ သိရသည်မို့ ဖွတ်မိုက်ပြောခဲ့ရခြင်းပါ။ ရင်ထဲမှာတော့ ထိုသို့ ပြောခဲ့ရ၍မချိ ..။ ဖေဖေနှင့် မေမေ့ကို အပြစ်ငွေ့ငွေ့တင်လိုက်သယောင် ရှိခဲ့ရသည့် ထိုစကားအတွက် ..။ တစ်နေ့မှာ ပန်းရဂုံရောက်စဉ် .. နေရစဉ်မှာ .. ဦးချကန်တော့ တောင်းပန်ရပါချေလိမ့်မည် ..။

အတွေးဖြင့် မိဂျိုး မျက်ရည်ပြိုကျလာရပါပြီတည်း ..။ မိဂျိုး ၏ လက်ကိုင်ဖုန်းလေးကိုလည်း အမြဲပိတ်ထားသည်ပါပဲ။ ဖေဖေနှင့် မေမေ့ထံ ဖုန်းဆက်ချိန်လေးတစ်ခုပဲ မိဂျိုး ဖုန်းလေးကိုပြန်ဖွင့်၍ ပြောခဲ့ခြင်းပါ ..။

မိဂျိုး သံသေတ္တာကို ပြန်ပိတ် ..။ သော့ခတ် ..။ တစ်ချက် ခုတင်ထက်မှာလှဲလိုက်ကာ စိတ်ကိုလျှော့၍ ငိုချလိုက်မိရချေသည်တကား ..။

"သမီး ပင်ပန်းလှပါပြီ ဖေဖေနဲ့ မေမေရယ် .. အဝတ်တွေ တိုက်ရလွန်းလို့ .. လက်မောင်းလက်ဖျံတွေ အောင့်လှပါပြီ .. မိဘအရိပ်မှာ ဖူးဖူး မှုတ်ခံဘဝနဲ့ နေခဲ့ရတာကို .. ကျေးဇူးမသိသလိုရှိခဲ့တာ သမီးပါ .. ဟိုဟာ လုပ်ချင်ရတာနဲ့ .. ဒီဟာလုပ်ခွင့်မပေးလို့ စိတ်ကောက်ရတာနဲ့ .. ခုကျတော့ .. မိဂျိုး လူတကာရဲ့အဝတ်တွေကို လျှော် .. မီးပူတိုက် ..

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဘဝ .. ဝဋ်ကျွေပြီး ရောက်ရတာပါပဲ .. ရောက်ရတာပါပဲ ..''

မချိတင်ကဲတွေးရင်း မျက်ရည်သည် ဆည်မရ ...။ မိဘရှေ့ ရပ်နေရသည့်နှယ် ရှိ၏။ လက်မောင်းလက်ဖျံတွေကို မိဂျိုးဘာသာ ပွတ်သပ်နှိပ်နယ်ပြုနေရသည့်နှယ် ရှိ၏။ ဖေဖေနှင့် မေမေတို့၏ ရင်ကွဲရင်ကျေအကြည့်ကို ကြုံနေရသည့်နှယ်ရှိ၏။ ရင်သည်ဆို့၏။ လှိုက်၏။ တင်းခံခဲ့ရလေသမျှမှာ ဤတစ်ကြိမ် စိတ်တစ်ချက်လွတ်၍ မျက်ရည်က သောသောဖြိုင်ဖြိုင် ပြို၍ ပြို၍ ကျနေရချေသည်တကား ...။

ရှိုက်သံသည် ရင်ကိုခွဲ၍ ပွင့်၏။ နှလုံးကိုချေ၍ ပွင့်၏။ လည်ချောင်းကို ဆောင့်၍ထွက်၏။ ကိုယ့်အသံကိုယ်ကြားနေရသည်က ဆိုးနေသည်။ ရင်ကွဲနာကျ၍ ငိုနေသံမျိုး ဖြစ်နေသည်။

''ဒေါ်မိဂျိုး .. ဒေါ်မိဂျိုး .. မမိဂျိုး ..''

ခေါ်သံ ...။ မိဂျိုး မှတ်မိသည်။ အိမ်ရှေ့က လူပျိုကြီးကိုမြဆောင် ၏အသံ ...။ လူရိုးကြီးပီပီ ...။ ဒေါ်မိဂျိုး ဟုလည်း ခေါ်တတ်သည်။ တစ်ခါတစ်ခါကျတော့လည်း မမိဂျိုး ဟု ခေါ်ပြန်၏။ မိဂျိုး ကမန်းကတန်းလူးလဲ၍ထသည်။ မျက်ရည်ကို စင်အောင်သုတ်ရသည်။ အဝတ်အစားကို ဆွဲဆန့်ပြီးမှ အခန်းထဲမှထွက်လာမိရပါ၏။ ဟန်ဆယ်၍ ပြုံးကာ..

''သြော် .. ကိုမြဆောင် .. အကျိုးနဲ့ ပုဆိုးလာယူတာလား .. တိုက်ပုံလည်းပါတယ်နော် .. မိဂျိုး အခန်းထဲအလုပ်များနေတာနဲ့ အပြင်မှာမရှိဘဲ ဖြစ်သွားရတာ ..''

ဟု ဟန်မပျက်ပြောကာ ကျွတ်ကျွတ်အိတ်ထဲ မီးပူတိုက်ထားရာအဝတ်သုံးစုံကို သေသေသပ်သပ် ထည့်နေရပါ၏။ မိဂျိုး ကြွပ်ကြွပ်အိတ်ကို ကမ်းပေးတော့ ချက်ချင်း ကိုမြဆောင် မယူ ...။ မော့ကြည့်တော့ငေး၍ ငုံ့မိုးကြည့်နေတာနှင့် ကြုံ၏။

''ငိုနေတာလားဟင် .. ဘာဖြစ်တာလဲဗျာ .. မျက်နှာလေးကို နီအင့်နေတာပဲ .. စိတ်မကောင်းလိုက်တာ မမိဂျိုး ရယ် .. ဘာများ အခက်အခဲ



ရှိလဲဟင် .. ကျွန်တော် သိခွင့်ရရင် သိပါရစေ .. ကူညီနိုင်သမျှ ကူညီပါရစေ .. ဒီလို .. ငိုထားတဲ့မျက်နှာလေးမျိုး ကျွန်တော် တစ်ခါမှ မကြုံဖူးတော့ ရင်ထဲမကောင်းလွန်းလို့ပါဗျာ ..''

ဟုမေးလာတော့ မိဂျိုး ဟန်ဆယ်၍ ရယ်လိုက်ရပါ၏။

''ကျွန်မမှာလည်း .. လွမ်းစရာ .. သတိရစရာဆိုတာ ရှိတာပါပဲ ကိုမြဆောင်ရယ် .. မိဘတွေသတိရလို့ပါရှင် .. ကဲပါလေ .. အဝတ်တွေယူလိုက်ပါတော့ .. ကျွန်မမှာ ဘာအခက်အခဲမှ မရှိတာယုံပါ .. ခုလို .. မေးလာတဲ့အတွက် .. ကျေးဇူးတင်ပါတယ် .. ဒါပေမယ့် .. နောက်ကိုတော့ .. မေးမလာပါနဲ့တော့ .. ကျွန်မဘဝကို .. ကျွန်မ နိုင်အောင် ကျောင်းတတ်လို့ပါ .. ဘယ်သူ့အကူအညီမှမပါဘဲ .. ကျွန်မ ရပ်တည်နိုင်လို့ပါ ..''

ဟုပြောတော့ ကိုမြဆောင် မျက်နှာပျက်၏။ သူတစ်ပါး၏ အတွင်းရေးကို စွက်ဖက်ရာရောက်သည်ဟု အနေခက်ဟန်လည်း ပြောင်းသွားသည်။

''ဆောရီးဗျာ .. မမိဂျိုး က မာနခဲလေးဆိုတာ ကျွန်တော်သိပါတယ် .. သိရက်နဲ့မေးမိတာက .. စေတနာကြောင့်ပါ .. နောက် မမေးတော့ပါဘူးဗျာ ..''

ဟု အသံတိမ်တိမ်ဖြင့်ပြောကာ အခန်းထဲမှအထွက် ...။ သားကတံခါးအဝင် .. ဆုံ၏။ မျက်နှာပျက်နေသော ကိုမြဆောင် ...။ ငိုထားတာတွေက မျက်နှာလေးမို့အစ်နီအမ်းနေသည်အထိ ရှိနေသည့် အမေ ...။ သား .. ခပ်စူးစူး ကိုမြဆောင်ကို ကြည့်၏။ နောက်တော့ .. မိဂျိုး ကိုကြည့်၏။

''ဘာတွေဖြစ်နေကြတာလဲဗျ .. ခင်ဗျားတို့က .. ဟင် ..''

မာကျောကျောမေးသံ ...။ မိဂျိုး ပင် ထင်မထားမိ ...။ မယုံသင်္ကာကြည့်ဖြင့် ကိုမြဆောင် နှင့် မိဂျိုး ကိုကြည့်နေသည့် အကြည့်သည် ဒေါသသံပြင်းရိပ်ပင် ပါနေသေးသည်တကား ...။ ကိုမြဆောင် မသက်မသာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရမ်းကာ ခြေလှမ်းသုတ်သုတ်ဖြင့် အိမ်ပေါ်မှဆင်းသွားတော့ သား ခပ်မြန်မြန် မိဂျိုး ရှေ့မှာ လာရပ်သည်။ ကြည့်သည့်အကြည့်က အထင်လွဲ ကြည့် ..။

“နှစ်ယောက်တည်းပဲ ရှိနေကြတယ် .. မေမေက ငိုထားတယ် .. သူက မျက်နှာပျက်နေတယ် .. ဘာတွေဖြစ်နေကြတာလဲ မေမေ .. သူနဲ့ မေမေ ကြိုက်နေကြတာလား .. အဲခန်းထဲမှာ နှစ်ယောက်ရှိနေခဲ့ကြ သလား .. ဘာတွေဖြစ်ကုန်ကြလို့ .. မေမေက ငိုငိုယိုယို သူ့ကို လုပ်ပြနေ ရတာတဲ့လဲ .. မေမေ .. ရှုပ်ရှုပ်ယှက်ယှက်မလုပ်ပါနဲ့ .. သား .. အရှက် မကွဲပါရစေနဲ့ .. ဒါကြောင့် .. မေမေက ခဝါသည်အလုပ်ကို လုပ်နေတာ ပေါ့လေ .. ယောကျ်ားတွေနဲ့ ပတ်သက်တဲ့အလုပ် ..”

မိဂျိုး တွေခနဲ သားကိုကြည့်သည်။ အာရုံထဲ နစ်ဝင်လာသည်က အန်တီမွေး၏ စရိုက် ..။ အသံ ..။ ဩဇာ အဆင်ခြင်မဲ့ .. အထောက် အထားမဲ့ .. မထောက်မညှာပြောရက်သော ဘွားအေ၏ စရိုက်သည် ဤကလေးထံမှာ ကိန်းအောင်းနေချေသည်တကား ..။ ရှေ့မှာရပ်နေသူ သည် .. တစ်ယောက်တည်းသောအားဖြင့် သားကို ရအောင် .. လူလား မြောက်အောင် .. ကြိုးစားနေသည့်မိန်းမသားတစ်ယောက် .. အမေတစ် ယောက်ဆိုတာကိုပင် ဤသား ခေတ္တသတိမေ့ပျောက်နေချေသည်ကောလေ..။

“တော်သေးတာပေါ့ .. တခြားလူတစ်ယောက်ယောက် ဒီကိစ္စကို မမြင်လို့ပေါ့ .. မြင်ရင် ဘယ့်နှယ်လုပ်မလဲ .. မေမေတို့ အနေမတတ်တာ ကိစ္စမရှိဘူး .. သား ရှက်တယ်ဗျ ..”

ဟု ထပ်ပြောနေသည့် သားကို မိဂျိုး ကြည့်သည်။ မီးပူတိုက် စားပွဲခုံဘေးမှာရှိနေသည့် ထိုင်ခုံကိုဆွဲ၍ မိဂျိုး ထိုင်သည်။ ခုမှ .. မိဂျိုး အားကုန်ကြိုးပြတ်ဖြစ်လာရပါပြီ ..။ သားဇောဖြင့် တင်း၍ ကုန်းရုန်း လုပ်ခဲ့လေသမျှ .. ဤနေ့ကျတော့မှ .. အားလည်းကုန်ရပြီ ..။ ဇောတင် သည့်ကြိုးလည်း ပြတ်ရပြီ ..။ အားလည်းမကျန် ..။ ဇောလည်းမကျန်။



“အမေ .. ဘာလို့ ငိုနေရှာပါလိမ့် .. ငိုခဲ့ရှာပါလိမ့်လို့ သားမတွေး ပေးနိုင်ပါလား .. အမေ့မျက်ရည်ကို သုတ်ပေးဖို့ထက် .. အမေ့ကို ရင်ကွဲ အောင်ပြောတတ်နေပါလား .. မေမေ့သား .. တိုးတက်လာနေပြီပေါ့ နော် .. ဟင် ..”

ဟုမေးတော့ သားတစ်ချက် ငိုင်၏။ အနေခက်သလိုဟန် ပြောင်း သွားသည်။

“မေမေ့မှာ ခံစားချက်ဆိုတာရှိတယ် သား .. ဘာလို့လဲဆိုတော့ လူဖြစ်နေလို့ပါပဲ .. လူဆိုတာ ဝမ်းနည်းတတ်တယ် .. ငိုတတ်တယ် .. ငိုစရာရှိရင် ငိုခွင့်ရှိရမယ် .. မေမေဟာ .. ခဝါသည်မဖြစ်လို့ .. လင်ပစ် မတစ်ယောက်ဖြစ်လို့ .. မငိုရတော့ဘူးလား .. အဲသလို မိန်းမတစ်ယောက် မှာ ငိုခွင့်မရှိရတော့ဘူးလား .. မေမေ့ ကျန်ခဲ့ရာအတိတ်ကြောင့် မေမေ မခံစားရတော့ဘူးလား .. မေမေ့အိပ်ခန်းထဲမှာ မေမေ ငိုခွင့်ရှိပါတယ် သား .. အဲဒီအချိန်မှာ .. အိမ်တံခါးဝရောက်လာတဲ့လူတစ်ယောက်ရဲ့ အဝတ်ကို .. မေမေ ထွက်ပြီး ပေးခွင့်ရှိပါတယ် သား .. ခဝါသည်မ တစ်ယောက်ဟာ .. သူ့လုပ်အားခကို .. ဘယ်သူ့ဆီကမဆို .. လိပ်ပြာ သန့်သန့်နဲ့ လက်ခံခွင့်ရှိတယ် .. အခု .. တခြားလူက မဟုတ်ဘူး .. သား အရင်းက .. မေမေ့ကို အထင်တသေးပြောနေပြီ .. သူစိမ်းတစ်ယောက်ဖြစ် တဲ့ ကိုမြဆောင်ရဲ့ရှေ့မှာတောင် .. မေမေ့သိက္ခာကို .. ကြမ်းပေါ်ချချေ မွပစ်တဲ့အထိ .. ပြောထွက်ရက်နေပြီ .. ဒါပေမယ့် .. မေမေ့သားကို မွေးရ ကျိုးမနပ်လိုက်တာလို့ ခုထိ မေမေ မပြောထွက်ဖူးသား .. မပြောရက်ဘူး .. ဘာလို့လဲဆိုတော့ .. သားဟာ .. မေမေ့ကိုချစ်တဲ့ သားတစ်ယောက် ဖြစ်နေလို့ပါပဲ .. သားဟာ မေမေ့ကိုချစ်တဲ့ သားတစ်ယောက်ဖြစ်နေ တယ်ဆိုရင် .. အမေတစ်ယောက်ကို .. ခုလောက်အထိ အဆင်ခြင်မဲ့ ပြောထွက်ရက်မယ် မဟုတ်ဘူးလို့တော့ .. မေမေ တွေးပြီး .. ရင်ကွဲနာကျ ရတယ် .. ဒါတစ်ခုပါပဲ .. ဒါတစ်ခုပါပဲ ..”

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ သား ခေါင်းငိုက်ချနေသည်။

"ငါ့အမေဟာ .. အရှက်နဲ့သိက္ခာကို တန်ဖိုးထားတဲ့သူတစ်ယောက်ဖြစ်တယ်လို့ .. ငါ့သား .. မစဉ်းစားပေးတာကိုတော့ .. မေမေ ဝမ်းနည်းတယ် သားရယ် .. ဟောဒီလက်တွေကို ကြည့်စမ်း .. မီးပူတိုက်ရလွန်းလို့ အသားမာလေးတွေရှိနေတဲ့ လက်ဖဝါးတွေကိုကြည့်စမ်း .. ဒါ - မေမေ့ တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေနေရတာကြောင့် မဟုတ်ပါဘူး - သားအတွက်လည်း ပါပါတယ် .. ဒီလက်တွေနဲ့ မေမေ့သားကို ပွေ့ချီခဲ့တယ် .. ချေးသေးကအစ .. သန့်စင်ခဲ့တယ် .. နို့ချိုတိုက်ကျွေးခဲ့တယ် - အဖအရိပ်မဲ့နေရပေမယ့် .. အမိရဲ့အရိပ်တစ်ခုနဲ့ လုံခြုံအေးမြစေခဲ့တယ် - လင်ပစ်ခံမိန်းမတစ်ယောက်အဖြစ်နဲ့ .. ဝန်းကျင်မှာ တည်တည်ငြိမ်ငြိမ်ရပ်တည်ပြနိုင်ခဲ့တယ် .. ဒါတွေဟာ ဘာကြောင့် လည်းသိလား .. သားကိုချစ်လို့ပေါ့ .. အခုလည်း သားကို မေမေ ရှာဖွေကျွေးမွေးနေဦးမှာပါပဲ - ပညာသင်ပေးနေဦးမှာပါပဲ .. တစ်ခုတော့ နားလည်ပေးပါ သားရယ် - မေမေဟာ သိက္ခာကိုရောင်းစားတဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာ နားလည်ပေးပါ .. ဒီအလုပ်ကို သား အထင်သေးနေပေမယ့် .. မေမေ ဆက်လုပ်ရမှာပဲ သား .. ဘာလို့လဲဆိုတော့ .. မေမေ မှန်ကန်တယ်လို့ သတ်မှတ်ရွေးချယ်ရာအလုပ်တစ်ခုကို မေမေ ဆက်လုပ်ကိုလုပ်ရမှာမို့ပါပဲ .. ဒီအလုပ်နဲ့ မေမေ ထမင်းစားခဲ့တာ .. သားတစ်သက်ပဲ .. ကျေးဇူးမကန်းနိုင်ဘူး သား .."

ဟု ပြောကာ မိဂျိုး သား၏ လွယ်အိတ်ကို ယူသည်။ စာကြည့်စားပွဲငယ်လေးထက်မှာ တင်သည်။ ကျလာသည့်မျက်ရည်ကို မိဂျိုး သုတ်နေမိရပေမယ့် ...။ ဆည်၍မနိုင်ဘဲ ဖြစ်နေသည်။ မိဂျိုး တစ်သက်မှာ သားရှေ့ မျက်ရည်မဆည်နိုင်အောင်ကျနေတာ ဒါ ပထမဆုံးပဲ ဖြစ်ချေ၏။ ဒါပေမယ့် .. သားကို တစ်ခွန်းမျှဆူပူကြိမ်းမောင်းခြင်း မိဂျိုး မလုပ်ပါ ...။ ရင်ကို အကြေခံ၍ မျက်ရည်သာ ဖြိုင်ဖြိုင်ပြိုကျနေခြင်း ...။



"ရေသွားချိုးတော့ သား .. ပြီးရင် .. ထမင်းစားကြမယ် .. သားကြိုက်တဲ့ .. ချဉ်ရည်ဟင်းနဲ့ ငါးပိကောင်ဆီပြန်ချက် .. ချက်ထားတယ် .. ခရမ်းချဉ်သီးသုပ်စပ်စပ်လေးလည်း ရှိတယ် .. စားကြတာပေါ့ .."

ဟု ပြောစဉ်ခိုက်မှာ သား ခေါင်းမော့လာသည်။ မျက်ရည်တွေပြည့်နေသည့်မျက်ဝန်းဖြင့် ခဲယယကြည့်နေသည်။ ယူကျုံးမရတောင်းပန်ကြည့် ...။ သား .. ပြေးလာတော့ မိဂျိုး အလိုက်တသင့် လက်နှစ်ဖက်ကို ဖြန့်၍ကြို၏။ ရင်ခွင်ထဲ သားဝင်လာတော့ ပွေ့ပိုက်ထားမိရသည်ပါပဲ။ သား ငိုနေသည်။ အသံထွက်၍ ငိုနေခြင်း ...။ နောင်တဖြင့် ငိုနေခြင်း။

"သား .. သား .. မှားပါတယ် မေမေရဲ့ .. နောက်ကို .. သား .. ခုလို မဖြစ်စေရပါဘူး .. မဖြစ်စေရပါဘူး မေမေ .. ဒီလောက်ထိ သား မိုက်နေတာတောင် .. မေမေက .. ရေချိုးခိုင်းနေတယ် .. ထမင်းစားဖို့ ပြောနေတယ် .. သားကို မငေါက်ဘူး .. မရိုက်ဘူး .. သား မှားပြီ မေမေ .. သား .. မိုက်ခဲ့ပါပြီမေမေရဲ့ .. စကားတွေလွန်ကုန်တာ ရှက်လိုက်တာ မေမေရဲ့ .. သားကို ရိုက်ပါ ရိုက်လိုက်ပါ .. ဒီလောက်ထိ ရှာဖွေကျွေးမွေးနေတဲ့ မေမေ့ကိုမှ .. ရက်ရက်စက်စက် .. ပြောရဲတဲ့ ဒီသားကို ရိုက်လိုက်ပါဗျ .. ရိုက်လိုက်ပါဗျ .."

ဟု ပြောကာ ပြောကာ မိဂျိုး ၏လက်ဖဝါးကို ဆွဲယူ၍ ခေါင်းကို ရိုက်ခိုင်းသည်။ ပါးတွေ ရိုက်ခိုင်းနေသည်။ မိဂျိုး မျက်ရည်ဈေးလာရပါပြီတည်း ...။ သား၏ ခေါင်းလေးကို ရင်မှာကပ်ထားရပါ၏။ ပါးလေးကို နမ်းရပါ၏။

"အမေဆိုတာ .. သားသမီးကို .. အမြဲ ခွင့်လွှတ်ပေးတတ်ပါတယ် သားရယ် .. အမေ ခွင့်မလွှတ်နိုင်လောက်တဲ့အမှားမျိုးကိုသာ သား မကျူးလွန်မိစေနဲ့နော် .. မေမေ့သားလေးဟာ အဲသလောက်ထိ နက်နဲကြီးမားယွင်းတဲ့အဆင့်ထိရောက်အောင်တော့ .. အမှားမကျူးလွန်ဘူးဆိုတာ

www.burmeseclassic.com



မေမေ ယုံကြည်ပါတယ် .. မေမေ့သားကို မေမေ ယုံကြည်ပါတယ် ကွယ် ..''

ဟု ပြောခိုက်မှာ သား ငိုယိုနေရင်း ကြမ်းပေါ်ဒူးတုတ်၍ ထိုင်သည်။ လက်အုပ်ချီ၍ ကန်တော့သည်။ သား၏နဖူးသည် မိဂျိုး၏ ခြေဖမိုးထက်မှာတင်၏။

သား၏ရှိုက်သံက စကားလုံးများစွာကို ပြောနေသည်။ ယူကျုံးမရဖြစ်မှု ..။ နောင်တကြီးစွာရမှု ..။ ရှိုက်သံသာ ဆက်တိုက်ပွင့်ကျရင်း ခေါင်းကို အမေ့ခြေပေါ်တင်၍ နဖူးဖြင့် လူးလွန့်ငိုကြွေးနေသည့်သား။

မိဂျိုး ကိုယ်ကိုငိုက်၍ .. ဆွဲထူပေးလိုက်ရပါချေသည်တကား ..။



အနာဂတ်ကမ္ဘာအတွက်
အားအင်ပေးတဲ့ရက်တွေကို
မျှော်လင့်ချက်ဆိုတဲ့အရာက
အဦးအစဖြစ်စေတတ်တာပါပဲ ...။

မျှော်လင့်ချက်အတွက်
ရင်းနှီးပေးဆက်ရတဲ့အရာတွေထဲမှာ
စွန့်စားခြင်းဆိုတာလည်းပါရဲ့
စွန့်လွှတ်လိုက်ရတဲ့ ရပိုင်ခွင့်တွေနဲ့
ပန်းလျှနေတဲ့ ရုန်းကန်မှုများဟာ ...
တောက်ပလာမယ့်အနာဂတ်တစ်ခုအတွက်
မြှုပ်နှံရာရက်များ .. နှစ်များစွာမှာ ..
ထင်ကျန်ရာ .. ခြေရာများပါပဲ ...။

နုနယ်သေးငယ်တဲ့ ခြေရာရဲ့အရှင်
သားတစ်ယောက်မိခင်ရဲ့အဝေမှာ
ကျုံးရုန်းကာ ပန်းတိုင်မပျောက်အောင်
စိတ်စောဆောင်လို့ အားမာန်တင်းတာတိုရှို
နလုံးသားကို ပို့ဆောင်ပေးနိုင်စွမ်းတာပဲမှာ
မိခင်ရဲ့မေတ္တာများပါပဲ ...။
ဪ ...
မိခင်ရဲ့မေတ္တာများပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ရုပ်အင်္ကျီလက်ရှည်အပြာနုကို ပခုံးတစ်ဘက်စီမှာ လက်ဖြင့်ကိုင်ဖြန့်၍ ဖြန့်ခနဲပါအောင် ခါ ...။ အဝတ်ချိတ်မှာချိတ် ...။ ကြိုးတန်းမှာ လှမ်းနေရင်း လမ်းမဘက်ကို တစ်ချက် မိဂျိုး မျှော်ကြည့်မိရပါ၏။ သားလေး ပြန်အလာကို မျှော်ရခြင်း ...။

သားလေး ...။ ရင်ထဲက ခေါ်ကြည့်မိသည်။ မိဂျိုး အတွက် သားသည် ဘယ်တော့မှ ကလေးရုပ်လေး မပျောက်နိုင်သေးသည့် သားလေး အဖြစ်ပဲ ရှိနေရဆဲ ...။ ဒါပေမယ့် .. ဤသားလေးသည် ခုကျတော့ .. အင်္ဂလိပ်စာ ဒုတိယနှစ်ကျောင်းသားလေး ဖြစ်နေပြီ ...။ ခဝါသည်မ၏ သား ...။ သပ်ခပ်ကျနေအောင် မီးပူကျအဝတ်ဖြင့် ရှိုးအပြည့်လေး ကျောင်းတက်ရသည့်သား ...။ မိဂျိုး ဆင်ထားရာ ရွှေဆွဲကြိုး၊ ရွှေလက်ပတ်ကြိုးလေးဖြင့် အများတကာမှာ ရုပ်လေးကလည်း ထင်း ...။ ရွှေလေးကလည်း ဝင်းရပါသည့် သား ...။ လက်မှာလည်း မြလက်စွပ်လေး ဆင်ထားရသည်လေ ...။ ယောကျ်ားလေးပေမို့ .. ရတနာဆင်ရတာ သိပ်တော့ အဆာမကျယ်လှ ...။ ကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ အများထက်ထူးအောင် ခန့်အောင် ရွှေလက်ပတ်ကြိုးလေး ဆင်လိုက်ရတာပဲရှိသည်။ ရုပ်လေးချောသည့် သား ...။ ဘိုကေလေး တသသဖြင့် ရှိ



သည့် သား ...။ ပညာတတ်လေးဖြစ်ဖြစ်လာနေသမျှ ...။ ရုပ်လေးကလည်း အရုပ်လေးမြင့်မြင့်၊ အသားလေးဖြူဝင်းဝင်း၊ နှုတ်ခမ်းရဲရဲ၊ နှာတံထင်းထင်းဖြင့် ပါးမြိုင်းမွေးလေးတွေ ရိပ်သင်ထားသမျှ စိမ်းဖန့်ဖန့်ထင်သည့် သား ...။

"ငါ့သားလေးက .. ရုပ်လေးကိုထင်းနေတဲ့ သား .. သန့်နေတဲ့ သား .. စာတတ်ပေတတ်လေးလည်း ဖြစ်နေပြီ .. ဘွဲ့ရတဲ့အခါ .. ဒီလောက်ချောခန့်နေတဲ့ သားလက်ကိုဆွဲပြီး ပန်းရဂုံကို ငါတက်တဲ့အခါ .. ဘေးဝန်းကျင်အမြင်မှာ ကဲ့ရဲ့စရာမရှိဘဲ ဖြစ်နေရတော့မှာပါ .. ဖေဖေနဲ့မေမေ့ကို စကားတင်းဖွဲ့စရာ ဝန်းကျင်ဆိုတာလည်း ထိုက်တန်သလောက်တော့ လျော့ကျသွားရမှာပါလေ .. အဲဒီနေ့ကို ငါစောင့်နေတာ .. ဖေဖေ မေမေတို့နဲ့အတူ ငါ နေချင်လှပါပြီ .. အဘိုးအဘွားနဲ့အတူ သားလေးကိုလည်း ထားချင်လှပါပြီ .."

အတွေးသည် ကြည်နူးခြင်းများဘက်ဆီသို့ ရောက်၏။ သားလေးကို တင့်တောင့်တင့်တယ်ရှိစေဖို့ ...။ ပညာတတ်စေဖို့ ...။ ထိုမျှော်လင့်ချက်များသည် .. မိဂျိုး ၏ ရုန်းကန်ရာ ဘဝအဦးအစပဲ ဖြစ်ချေ၏။ ခင်ပွန်းသည်၏ အရိပ် ဆိတ်သုဉ်းသွားပြီဖြစ်သည့် အိမ်ထောင်ကွဲ မိန်းမသားတစ်ယောက်၏ ဘဝအဆစ်အချိုးသည် သား ကိုယ်ဝန်ရှိနေပြီဆိုတာ သိရချိန်မှာ ပို၍ ရုန်းကန်ရခြင်းများဖြင့် ပြည့်နှက်နေခဲ့ရသည်ပါပဲ။ သားအတွက် ထားရှိရလေသော မျှော်လင့်ချက်များအတွက် .. ပန်းရဂုံနှင့် ဖေဖေ မေမေတို့၏အရိပ်ကို စွန့်လွှတ်ခဲ့ရသည်။ ပန်းရဂုံမှာရှိနေလျှင် မိဂျိုး အေးချမ်းစွာ အကြောင်းကျမဲ့နေရမည့် ရပိုင်ခွင့်များကိုလည်း စွန့်လွှတ်ခဲ့ရသည်။ သားအတွက် တောက်ပလာမည့် အနာဂတ်သစ်ခုအတွက် .. မိဂျိုး ၏ရုန်းကန်ရသည့် ခြေရာများစွာသည် ဘဝအမောမှာ ထင်ကျန်ခဲ့ရပါ၏။

သားလေး ခရေရိပ်၏သွေးဆောင်ရာ ပယောဂတစ်ခုမှ ကင်းဝေး

www.burmeseclassic.com

www.burmeseclassic.com



နေစေဖို့သည့် မိဂျိုး အတွက် အမိကကျရာအချက်တစ်ခုလည်း ပါဝင်နေပါ၏။ ပြီးတော့ .. ဖေဖေနှင့်မေမေတို့ ဂုဏ်သရေတင့်စေဖို့ရာ အတွက်လည်း ဤသားလေးကို ဘွဲ့ရသည့်အထိ .. ပန်းရုံ၏ဝန်းကျင်မှ ကင်းနေစေဖို့ရာကလည်း မိဂျိုး ၏ တာဝန်တစ်ရပ်ဖြစ်နေသည်။ ဒါကြောင့်လည်း နုနယ်သေးငယ်သော မိဂျိုး ၏ ဘဝခြေရာများမှာ ရုန်းကန်ရမှုများ ကြီးမားခဲ့ရပါ၏။ ပန်းတိုင်မပျောက်အောင် အားခဲရပါ၏။ သားအတွက်ဆိုသည့် ဇောသည် ရင်မှာ မြင့်မိုရ်ဦးနှယ် မြင့်၏။ ထိုသို့ရှိစေဖို့ရာအတွက် .. မိဂျိုး ၏နှလုံးအိမ်ဆီသို့ အားမာန်များကို ပို့ဆောင်ပေးသည်ကား .. မိခင်၏မေတ္တာမှတစ်ပါး အခြားဘာများရှိလာနေနိုင်ပါ့မည်တဲ့လဲလေ ..။

"အခု .. သားလေး ဒုတိယနှစ်ရောက်ပြီ .. နောက်နှစ်နှစ် .. နှစ်နှစ်လေးပဲ ငါ .. ဖြတ်သန်းဖို့ကျန်တော့တယ် .. အဲဒီနှစ်ကာလလေး လွန်မြောက်တဲ့အခါ .. ပန်းရုံမှာ .. ငါတို့မိသားတစ်စု အတူနေကြရပြီ .. နေကြရပြီ .."

ရင်သည် .. မျှော်လင့်ချက်ဖြင့် ပို၍ အားမာန်ဝင်သည်။ မျက်ဝန်းတွေ ရွှန်းတောက်လာကြရသည် ..။

အဝတ်တွေလှမ်းပြီး မိဂျိုး မီးဖိုခန်းလေးထဲဝင်သည်။ ဟင်းတွေပြန်၍ ပူအောင် မီးဖိုပေါ်တင်သည်။ သားလေးပြန်ရောက်လာလျှင် ရေမိုးချိုးပြီးတာနှင့် သားအမိနှစ်ယောက် ထမင်းတူတူစားကြမည်လေ ..။ ငါးအိုးကပ်ကို ငရုတ်သီးစိမ်းတောင့်လေးတွေ အညှာဖြုတ်၍ အတောင့်လိုက် ထည့်ချက်ထားရာဟင်း ..။

ကုလားပဲဟင်းရည်ချို ..။ သခွားသီးတို့စရာဖြင့် ညစာထမင်းပွဲအတွက် ချိုမြိန်ရာရန့်ကလည်း မီးဖိုလေးဝယ် သင်းပျံ့ပျံ့ ..။

ဒါပေမယ့် .. ခါတိုင်းထက် အချိန်များစွာ နောက်ကျနေသည့်အထိ သားပြန်ရောက်မလာ ..။ မှောင်ရိပ်ပင်သန်းနေပြီ ..။ မိဂျိုး ရင်ထဲ



လေးလာ၏။ သား .. တစ်ခုခုများ ဖြစ်နေသည်လား ..။ တက္ကသိုလ်မှ အပြန် .. ဘတ်စ်ကားပေါ်မှ အဆင်း အတက် ပြုတ်များကျနေလေသလား ..။ ရင်သည် ထိတ်ပူလာ၏။ ခြံဝလေးအထိ မိဂျိုး ထွက်၍ထွက်၍ မျှော်နေမိရပြီ ..။ ရင်သည် ဆောက်တည်ရာမဲ့လာ၏။ ယောက်ယက်ခတ်လာ၏။ သားလေး တက္ကသိုလ်တက်သည်ဆိုတာနှင့် လက်ကိုင်ဖုန်းလေးတစ်လုံး မိဂျိုး ဝယ်ပေးထားသည်။ မိဂျိုး လည်း ဖုန်းသစ်တစ်လုံး ဝယ်ထားသည်။ ဖေဖေတို့နှင့် ဆက်သွယ်ရာ မူလဖုန်းလေးကတော့ ပန်းရုံသို့ ဖုန်းပြောချိန်လေးလောက်မှာပဲ ဆက်ဖြစ်ခဲ့ရတာ ..။ ပြောပြီးတာနှင့် စက်ကို ပိတ်ပိတ်ထားရတာမို့ ..။ ထိုဖုန်းလေးကို မိဂျိုး အမြဲသုံး၍မရနိုင် ..။ ဒါကြောင့် .. မိဂျိုး ဖုန်းသစ်လေးတစ်လုံး ဝယ်ထားရခြင်းပါ ..။ ဤသည်ကလည်း .. သားနှင့် ဆက်သွယ်ပြောဆိုနိုင်ဖို့ရာပဲဖြစ်ပါ၏။ ခုကျတော့ .. သားထံကို မိဂျိုး ဖုန်းဆက်၍လည်းမရဘဲဖြစ်နေသည်။ စက်ပိတ်ထားသည့်ချည်း ကြားနေရသည်လေ ..။ မိဂျိုး ညွှိခန်းမှာ ငူငူကြီး ထိုင်နေမိရပြီ ..။

"ငါဝဋ်ဆိုက်တာ .. ဝဋ်ဆိုက်တာ .. ဖေဖေနဲ့ မေမေ့ကို .. ငါကပဲ ဖုန်းဆက်တယ် .. ပြီးတာနဲ့ ဖုန်းပိတ်ထားလိုက်ခဲ့တာချည်းပဲ .. အခု .. ငါ့သားကို ငါဆက်တော့ .. ဖုန်းပိတ်ထားတာနဲ့ ကြုံရချိန်မှာ .. ငါ .. ယောက်ယက်ခတ်နေပါလား .. အဲဒီခံစားချက်မျိုးကို ဖေဖေနဲ့ မေမေတို့ နှစ်နဲ့ချီပြီး ခံစားလက်ခံခဲ့ရတာပါလား .. မိဂျိုး ကို ခွင့်လွှတ်ပေးကြပါ ဖေဖေနဲ့ မေမေရယ် .. မိဂျိုး မှာ .. ရွေးချယ်စရာလမ်းမရှိလို့ .. အဲသလို လုပ်ခဲ့ရတာပါ .."

မိဂျိုး မျက်ရည်ကျလာသည်။ အခန်းထဲဝင်၍ ရှိုက်ငိုလိုက်မိရှာ၏။ ကြာကြာလည်း မငိုနေနိုင် ..။ သားပြန်လာလျှင် မိခင်လုပ်သူ ငိုတာမြင်၍ မဖြစ် ..။ စိတ်မကောင်းဖြစ်ရှာလိမ့်မည် ..။ ဘယ်တုန်းကမှ ခုလိုလည်း သားလေးနောက်မကျစဖူး ..။ ဟင်းရည်အိုးကို မီးဖိုပေါ်တင်

www.burmeseclassic.com



၍ မီးခလုတ်လေးနှိပ်ကာ ထပ်၍ အပူပေးရပြန်၏။

ထိုစဉ်ခိုက် မိဂျိုး ၏လက်ကိုင်ဖုန်းလေး မြည်လာတာမို့ ပြေး၍ ကိုင်ရ ...။ ခေါ်သည့်ဖုန်းနံပါတ်ကို ကြည့်မိရပါ၏။ သား၏ဖုန်းခေါ်သံ ပါလားလေ...။ ရင်ထဲ ခုမှ အပူတွေ တစ်ထစ်လျော့၏။

"သား .. မေမေ စိတ်ပူနေတာကွယ့် .. အပြန်နောက်ကျလို့လေ .. ခုမှ စိတ်နည်းနည်းအေးရတော့တယ် သားရယ် .."

ဟု အလောတကော ပြောမိသည်။

"မေမေ .."

သား၏ခေါ်သံ ...။ တစ်ခုခုကို အပြစ်မကင်းသည့်နှယ် ခပ်ရှုံ့ရှုံ့ လေးခေါ်သံ ...။ သား၏အသံကို ကောင်းကောင်း ခွဲခြားနားလည်တတ် သည့် မိဂျိုး စိတ်ထဲပူတတ်သွားရပါပြီ ...။ ဘုရားရေ ...။ သားလေး တစ်ခုခုများ ဖြစ်နေသည်လား ...။ အမေ စိတ်ပူရတော့မည်ဆိုတာကို ကြိုတင်၍ သိနေရင်း မဝံ့မရဲ ရှုံ့ရှုံ့ရှိန်ရှိန် ခေါ်သံဖြစ်နေသည်ကိုးလေ ...။

"သား .. သား ဘာဖြစ်နေလဲဟင် .. ဘာများ .. ဖြစ်နေသလဲ .. မေမေ့ကိုပြောစမ်း သား .. အခု .. သား ဘယ်မှာလဲ .. ဘယ်မှာလဲ .. ဘယ်ကဆက်တာလဲ သား .. သားဆီကို မေမေ အခု လိုက်လာလို့ရ မလား .."

ဟု စိတ်ဆောင်ရာအတိုင်း တောက်လျှောက်မေးနေမိရပြီ ...။ ချက် ချင်း ရင်ထဲတိုးဝင်လာသည်က ဖေဖေ့အသံ ...။ ဩော် .. တစ်ချိန်က .. ဖေဖေသည်လည်း .. မိဂျိုး ဘယ်ကဖုန်းဆက်သလဲဆိုတာကို အလော တကြီး ပူပန်သလဲ မေးခဲ့ရှာသည်ပဲ ...။ ခရေရိုပ်မှ မိဂျိုး ထွက်ခွာ ဖုန်း ဆက်သောနေ့ကအဖြစ် ...။ ထိုနေ့က ဖေဖေ့ခံစားချက်တွေ ပြည့်သိပ်နေ သည့်အသံ ...။ အားလုံးသည် .. မိဂျိုး ၏ရင်ကို ထိုးနှက်နေ၏။ ဝဋ်ဆိုက် ခြင်းပါလားဟု ကိုယ့်အဖြစ်ကို .. ကိုယ်ပြန်၍ မှတ်ယူ .. နောင်တလည်း ဖြစ်နေရပါချေသည်တကား ...။



"သား .. ဘာမှမဖြစ်ပါဘူး မေမေ .. ဒါ .. ဒါပေမယ့် .. သား .. အခု .. အိမ်ကို .. ပြန်လာလို့ .. မဖြစ်ဘူးမေမေ .."

ဟု သား ခပ်တိုးတိုးပြောလာတော့ မိဂျိုး နားမလည်နိုင် ...။

"သား ပြန်လာလို့မဖြစ်ဘူး .. ဟုတ်လား .. ဘာကြောင့်လဲ .. သားရယ် .. ဘာကြောင့် ပြန်မလာနိုင်ရမှာလဲ .. သား ပြောတော့လည်း သားက ဘာမှမဖြစ်ဘူးဆို .. ဒါဆို .. ဘာလို့ ပြန်မလာဘဲ နေရမှာလဲ သားရဲ့ .. လာနိုင်ရမှာပေါ့ .."

မိဂျိုး ရင်ထဲ ပို၍ ပူပန်လာရသည်။ သားလေး တစ်ခုခုများ ဖြစ်ပြီး ဒုက္ခတွေ့နေပြီလားဟုလည်း လန့်လာသည်။

"မဟုတ်ဘူး မေမေ .. သား .. သား .. မိန်းမခိုးလိုက်ရလို့ပါ .."

မထင်မှတ်သောစကား ...။ မိဂျိုး အငြိမ်ကြီးငြိမ်ကျသွားသည်။ မင်တက်ခြင်းမက မင်တက်နေရပြီ ...။ ဘယ်လိုမှထင်မထားမိ ...။ မိဂျိုး ၏သား ...။ ခုထိ ကလေးမျက်နှာလေးပဲ မြင်မြင်နေရပါသည့် သား ...။ ချစ်မဝနိုင်ပါသည့် သား ...။ ပညာသင်၍ပင် မပြီးဆုံးသေးသည့်သား ...။ မိန်းမခိုးသည်တဲ့လား ...။ မိန်းမခိုးပြီတဲ့လား ...။ ဒူးသည် ညွတ်ခနဲကျ၏။ မှီတွယ်စရာမရှိသည့် ဧည့်ခန်းလယ်ပေမို့ ကိုယ်သည်ယိုင်၍ ကျတာမို့ လက်တံတောင်ဖြင့် ကြမ်းပြင်ကိုထောက်၍ ထိန်းရသည်။ တယ်လီဖုန်း ကိုင်ထားရာလက်တို့ ဆတ်ဆတ်တုန်နေ၏။ လွှတ်မကျအောင် မနည်း ဆုပ်ခဲကိုင်ထားရခြင်း ...။ မျက်ရည်သည် အသံမထွက်ဘဲ အထိန်း အကျောင်းမဲ့ ကျနေသည်။ ထိန်းမရနိုင်အောင် ကျနေသည်။ အသံတစ် ချက်မျှ ထွက်ကျမလာနိုင်ဘဲ ရင်သည် ဆို့ခဲမွန်းကျပ်နေ၏။ လည်ချောင်း သည် ကြီးမားသောအရာတစ်ခုအလယ်ဆီမှ ဆို့နင့်နေသည်သို့ ရှိ၏။

"သားမှာ .. ချစ်သူရှိနေတာပါ မေမေ .. မေမေ့ကို ပြောက်လို့ ဖွင့်မပြောရဲလို့ မပြောပြခဲ့တာပါ .. ပန်းမြကျော့ကျော့ က အရမ်းချမ်း သာတယ် မေမေ .. သားနဲ့ ပန်းမြ တို့ ချစ်နေကြတာ သုံးလရှိပါပြီ ..

www.burmeseclassic.com



ပန်းမြ ရဲ့ မိဘတွေက အဲဒါကို ဘယ်လိုသိသွားတယ်မသိဘူး မေမေ .. ပန်းမြ နဲ့ သားကို သဘောမတူဘူးဖြစ်နေကြတယ် .. သားနဲ့ပတ်သက်ပြီး ပန်းမြ ရဲ့မိဘက စုံစမ်းကြည့်တယ်တဲ့ .. မေမေ ခ၀ါသည်လုပ်နေတာ သိရတာမို့ .. သဘောမမျှနိုင်ဘူးတဲ့ .. အဲသလိုပြောတယ်တဲ့ မေမေ .."

ဟု ပြောနေသည့်သား၏ စကားကို တိတ်ဆိတ်စွာ မိဂျိုး နားထောင်နေသည်။ မျက်ရည်တွေတွေကျနေရင်း ရင်ဆို့နေရင်း နားထောင်နေခြင်း ..။ သြော် .. ခ၀ါသည်မ၏ သားပေမို့ မျက်နှာမွဲရသည်တဲ့လား သားရယ် .. ဟု ကြေကြေမွမွ တွေး၏။

"တကယ်က .. သားကို ပန်းမြ ကလည်း သူဌေးသားလို့ထင်နေတာ မေမေရဲ့ .. ရွှေကြိုးနဲ့ မြလက်စွပ်နဲ့ .. ရွှေလက်ပတ်ကြိုးနဲ့လည်း ဖြစ်နေတယ် .. မေမေ အရမ်းချစ်တဲ့သားပေမို့ နုနုနယ်နယ်နဲ့လည်း ရှိနေတာမို့ .. အရမ်းကို ချမ်းသာသလားလို့ ပန်းမြ ကထင်နေတာတဲ့ မေမေ .. တကယ်က .. သားကို .. သူက .. စမြတ်နိုးရှာတာပါ မေမေရယ် .. လာပြီး တခင်တမင်ရှိဖို့ကို အတင်းကြိုးစားခဲ့တာပေါ့ .. အဲသလောက် ချစ်ရှာတာပါ .."

ငါ့သားက လူချောလေးကိုးကွယ့် .. ဟုတွေး၏။ ပြီးတော့ ဆက်၍ ရင်ထဲတိုးဝင်သည်က .. အဲသလောက်ကို ချစ်ရရှာသည်တဲ့လားလေ။ သဘောက .. ဆင်းရဲသော သား .. ခ၀ါသည်မ၏ သားပေမို့ ..။ ချမ်းသာသူက ချစ်ခဲ့ရခြင်းသည်ပင်လျှင် ဂုဏ်ငယ်နေသည့် လေသံဖြစ်နေသည်။ သနားစရာကောင်းနေသည့် ပန်းမြကျော့ကျော့ အဖြစ် သားကိုယ်တိုင်က နားလည်ထားပုံရနေသည်။ သားထံမှာ အရည်အချင်းတွေရှိနေသည်ဆိုတာကို ထည့်တွေးဖို့စိတ်ကူးမရှိ ..။ ချမ်းသာသူက မြင့်မြတ်သည်။ ဆင်းရဲသူက နိမ့်ကျသည်ဆိုသည့် ပေတံဖြင့်တိုင်းတာ၍ ကိုယ့်ကိုယ်ကိုယ်.. သိမ်ငယ်ရာအဖြစ် ခုကတည်းက သားက သတ်မှတ်ထားချေသည့် တကား ..။



"အဲဒါ .. ပန်းမြ ခမျာ .. ဒီနေ့ညနေမှာ မျက်ရည်စက်လက်နဲ့ .. သူ့ကို ခိုးပြေးဖို့ တောင်းပန်နေတာပါမေမေ .. သားလည်း .. ဘယ်ခိုးပြေး ရမှန်းမသိဖြစ်နေခဲ့တာပါ .. အဲဒါ .. ပန်းမြ ကပဲ .. သူယူလာတဲ့ငွေတွေ နဲ့ .. သားကို .. ခိုးပြေးရရှာတာပါ .. တခြားသူတစ်ယောက်နဲ့ အမြန်ဆုံး လက်ထပ်ပေးဖို့ စီမံနေကြတဲ့မိဘတွေဆီက သားနဲ့အတူ ထွက်မပြေးလို့ မဖြစ်တာမို့ .. သူ .. ထွက်ပြေးရတာပါတဲ့ .. အဲဒါ .. အခု .. သား .. ဟိုတယ်တစ်ခုကဆက်တာပါ မေမေ .. တစ်ရက်နှစ်ရက်လောက်နေပြီးမှ .. သား .. မေမေ့ဆီလာမယ်နော် .."

ဟုပြောပြီးတာနှင့် မိဂျိုး ဘာမှမပြောရသေးခင်မှာပင် .. သားဘက်က အလောတကြီး ဖုန်းချသွားပါ၏။ မိဂျိုး နောက်ဆုံး ကြားလိုက်ရသည့်အသံ ..။

"မောင်ရေ .."

ဆိုသည့်မိန်းကလေးတစ်ယောက်၏အသံ ..။ ဖုန်းပြောနေသည့် သားသည် .. ထိုခေါ်သံကြားလိုက်တာနှင့် ချက်ချင်း ဖုန်းကိုပိတ်လိုက်သည်တကား ..။ မိဂျိုး ဘာတွေပြောဖို့ရှိနေသည်ဆိုတာကို စောင့်ဆိုင်း နားထောင်ပေးဖို့ရာ အခွင့်အလမ်းလေးပင် သား ပေးမလာခဲ့ ..။

မိဂျိုး ဖုန်းလေးကို ခလုတ်လေးနှိပ်လိုက်ကာ အတန်ကြာ တစ်ယောက်တည်း ငြိမ်သက်နေမိရပါ၏။ နောက်တော့မှ အားတင်း၍ ကျိုးရန်းထသည်။ မီးဖိုဆောင်လေးထဲဝင်သည်။ ပွက်နေသည့်ဟင်းရည်အိုး ကို ချ၍ ဟင်းပန်းကန်လုံးထဲခပ်ထည့်၏။ ငါးအိုးကပ်ချက်ကိုလည်း ခူးခပ်ထည့် ..။ ထမင်းပွဲနှစ်ပွဲပြင် ..။ တစ်ပွဲရှေ့မှာထိုင်ကာ စတင်၍ ထမင်းစားသည်။ မျက်ရည်သည် တန့်မရ ..။ ရှေ့မှာရှိနေသည့် ထမင်း ပန်းကန်ပြင်ထားတာကို ကြည့်သည်။ ဟင်းတွေ ခူးခပ်ထည့်ပေးနေ သည်။ လက်သည် ဆတ်ဆတ်ခါ၏။

"စားလိုက်စမ်းပါ သားရဲ့ .. ငါးအိုးကပ်ချက်ကို .. သားက ..

www.burmeseclassic.com



ကြိုက်က ကြိုက်နဲ့ ..''

ဟု ငိုသံတွေ ပလုံးပထွေးဖြင့် မိဂျိုး ပြောနေသည်။ နှုတ်ခမ်းဆီသို့ ထည့်ရာ ထမင်းလုတ်သည် မငြိမ်မသက် ..။ ပါးစပ်ထဲဝင်တာချို့ .. ဖိတ်စင်တာချို့ရှိ၏။ ထမင်းကို ဝါးနေရင်း မိဂျိုး ငိုနေသည်။ ငိုညည်းသံက နှုတ်ခမ်းဆီမှ ..။ လည်ချောင်းဆီမှ မရိုမဆုံ ပွင့်ပွင့်ကျနေသည်။ စားတစ်ဝက် ဖိတ်တစ်ဝက်ဖြင့် ထမင်းပန်းကန်ဝက်ပင် မကျိုးနိုင် ..။ ထမင်းပွဲကို တစ်ယောက်တည်း မိဂျိုး သိမ်းနေရင်း ရင်သည် ဆို့ကျပ်နေရပါ၏။

''သားရဲ့ မိန်းမကို မေမေ့ဆီခေါ်လာပါ .. လို့တောင် မေမေ ပြောခွင့်မရလိုက်ပါလား သားရယ် .. ခဝါသည်မရဲ့အိမ်ပေမို့ မယားလုပ်သူကို ခေါ်လာရမှာ ဝန်လေးနေသလား သားရယ် ..''

မိဂျိုး အတွေးဖြင့် မျက်ရည်မဆည်နိုင် ..။ ပန်းကန်တွေဆေးကြော ..။ သိမ်းဆည်းပြီး တစ်ယောက်တည်း ဧည့်ခန်းမှာ ငူငူကြီးထိုင်နေမိရပါ၏။ အဝတ်လျှော်အပ်ထားရာ ဒေါ်ဆွေ ရောက်လာ၏။ အဝတ်တွေ ပေးလိုက်ရ ..။ ပိုက်ဆံလေးသိမ်းယူလိုက်ရဖြင့် ဟန်ဆယ်၊ နေရပေမယ့် ရင်သည် ဗလောင်ဆူနေသည်။ တော်သေးသည် ..။ အဝတ်လာယူကြသည့်သူတွေ သားကို မေးမလာကြ ..။ အခန်းထဲမှာ သား စာကျက်နေသည်ဟုပဲ ထင်သွားကြပုံရပါ၏။

ညဘက်ကျတော့ အခန်းပြတင်းတံခါးတွေပိတ် ..။ မီးတွေ ပိတ်ချလိုက်ကာ တစ်ယောက်တည်း ဧည့်ခန်းအလယ်မှာ ထိုင်နေမိရပါသည့်အဖြစ် ..။ စိတ်သည် ချုံးချုံးကျနေသည်။ ဘေးမှာ သားမရှိတော့ပြီကောဆိုသည့် အမှန်တရားတစ်ခုကို ဖြိုဖျက်ပစ်၍လည်း မရနိုင်တော့ပြီ။ သားကို လက်လွှတ်ဆုံးရှုံးရတော့မည်ဟုလည်း ကြိုတင်နားလည် တွက်ဆထားမိရတာကလည်း ရင်ဆိုင်ရမည့် အနာဂတ်ကာလရှည်ကြီးတစ်ခု၏ ပထမဆုံးသော အစက်ချရာအချိန် အဦးအစအဖြစ် ဤညကို မိဂျိုး သတ်မှတ်နားလည်လိုက်ရပြီးပြီ ..။ ဤအစက်မှသည် .. မျဉ်းကြောင်း



ရှည်ကြီးတစ်ခုသည် .. သံသရာတစ်ဆုံးမျှ ရှိသွားရချေတော့မည်သာ ..။ ဤသားသည် .. မိဂျိုး ၏မျှော်လင့်ရာ ..။ မိဂျိုး ၏အနာဂတ်အတွက် ရောင်ခြည်တစ်ပွင့် ..။ နေမင်းတစ်ဆူ ..။ လမင်းတစ်စင်း ဖြစ်နေရပေမယ့် .. ခုကျတော့ .. အားလုံးသည် .. စုန်းစုန်းမြုပ်မျှ ပျောက်ဆုံးကုန်ကြရပြီ ..။

''သားရယ် .. မေမေ့ကိုသား ချစ်တယ်မဟုတ်လား .. အဲဒီ အချစ်တစ်ခုပဲ မေမေ့ကိုပေးလိုက်ပါ သားရယ် .. ပေးရဲတဲ့သတ္တိလေး မွေးလိုက်စမ်းပါ ..''

ဟုပြောနေမိသည်။

အပြင်မှာ မပီတပီ လရောင်မှုန်သည် တိမ်အုပ်ကြားဆီမှ ဖျပ်ဖျပ်ဖြာတိုးသည်မို့ ..။ အိမ်မှန်ပြတင်းဆီမှ အားယျော့ဖျော့ တိုးဝင်ကျနေ၏။ အလင်းရောင်သည် အားအင်မရှိလှ ..။ မှိန်ပျပျနိုင်နေသည်။ ဧည့်ခန်းအလယ်မှာ မိဂျိုးသည် .. အငြိမ်ကြီးငြိမ်သက်၍ .. ထိုင်နေ၏။ နောက်တော့ .. ကိုယ်သည် ကြမ်းပေါ်ပြိုကျသည်။ လက်မောင်းက ကွေး၍ခံ၏။ မျက်နှာကို လက်မောင်းထက်မှာအပ်မိသည်။ ဩော် .. ဤ လက်မောင်းအိုးလေးသည်သာ မိဂျိုး ၏ သောကမျက်ရည်တွေ ခြွေကြနေသမျှကို ဖေးခံနှစ်သိမ့်ရာ ဖြစ်နေချေသည်တကား ..။ မျက်ရည်သည် အတောမသတ် ..။ မျက်ဝန်းထောင့်ဆီမှ နားထင်စွန်း။ ထိုမှ .. လက်မောင်းအိုးဆီသို့ကျ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

တစ်ပတ်ကြာပြီ ...။ သား ဘက်မှ ဆက်သွယ်လာတာမရှိသည်မို့ မိဂျိုး ရင်ဆို့နေရသည်ပါပဲ။ မိဂျိုး ဘက်ကလည်း သားကို ဖုန်းမဆက်တော့ပါ ...။ မိဂျိုး ဆိုတာ မှန်သည်ထင်ရာကို ရင်ကွဲခံပြီး ရင်ဆိုင်တတ်သည့်သူပေပဲလေ ...။ ခရေရိပ်ဆီမှ ထွက်ခွာခဲ့သည်။ ပန်းရဂုံသို့လည်း မသွားခဲ့ ...။ ဤသားနှင့် ဤအိမ်လေးမှာ ကိုယ့်ဆုံးဖြတ်ချက်ဖြင့်ကိုယ် မှန်ရာထင်သည်ကို လုပ်ခဲ့ပြီးပြီ ...။ အခု .. သားဖြစ်သူက မထင်မမှတ်၍ပဲ လက်ထပ်လိုက်ရသည်ရှိစေ ...။ အမိထံမှာ ခွင့်မပန်ဘဲ လက်ထပ်ခဲ့ခြင်းပေပဲလေ ...။ မိဂျိုး လိုက်မရှာတော့ပါ။ မဆက်သွယ်တော့ပါ ...။ သားကို စောင့်ကြည့်ရမည်။ သား၏အဆုံးအဖြတ်ကို ငြိမ်သက်စွာ စောင့်ဆိုင်းနေရမည်။ ဤသို့ ရင်ကိုတင်းခံ၍ ဆုံးဖြတ်ရပေမယ့် ...။ နှလုံးအိမ်ဆိုတာကတော့ ခံစားတတ်သည့်အရာပေမို့ .. ထမင်းလည်း ဖြောင့်အောင် မစားနိုင် ...။ အိပ်လည်း အိပ်၍မရ။ လူက .. တစ်ပတ်အတွင်း ယူပစ်သလို ပိန်ကျသွားသည်ကတော့အမှန် ...။

နေ့စဉ် အဝတ်လျှော်လာအပ်ကြသည့်သူတွေပင် ဖွင့်မေးကြသည်။

မိဂျိုး နေမကောင်းဘူးလား .. ဆိုသည့်အမေး ...။ မိဂျိုး ပြုံး၍ နေကောင်းသည်ဟုပဲ ဖြေခဲ့သည်ချည်း ...။ မိဂျိုး မွေးသည့်သားက အမေ



နေကောင်းပါရဲ့လားဟု မေးဖို့ မေ့လျော့နေချိန်မှာ ...။ သူစိမ်းတွေက သိသာစွာ ပိန်ကျလာနေသည့် မိဂျိုး ကို စိတ်ပူလက်ပူမေးနေကြသည့်အဖြစ် ...။

ခုလည်း .. မိဂျိုး မီးပူတိုက်နေရင်း စိတ်သည် သားထံသို့လွင့်၏။

သားကို မမြင်၍လည်း အဝတ်လျှော်အပ်သူတို့က မေးစပြုလာနေကြပြီ ...။ မိဂျိုး မလိမ်ချင်ပါ ...။

"ကိစ္စလေးတစ်ခုကြောင့် .. အပြင်ရောက်နေတယ်ကွယ် .."

ဟုသာ ဟန်မပျက်ဖြေရသည်ချည်း ...။

သားအမိကြားမှာ တစ်ခုခုတော့ ဖြစ်နေလောက်ပြီဟု ထင်သူတချို့ ရှိနေပြီဆိုတာကိုလည်း ကွက်ကြည့်ကွက်ကြည့် လုပ်ကြသည့်သူတချို့ ကြောင့် မိဂျိုး လည်း ရိပ်မိနေသည်ပါပဲ ...။

ဒါပေမယ့် .. ဤသား ဤအမေနှစ်ယောက်တည်းသာရှိသည့် အိမ်မှာ ...။ အမေက ပိန်ကျ၍ တစ်ယောက်တည်းရှိနေတာကို မြင်ကြရ၍လားမသိ ...။ ပေါ်ပေါ်တင်တင်တော့ ဖွင့်မေးရမှာ အားနာကြ၍ ဖြစ်ချေမည်။ မေးမလာကြ ...။ ဤအတွက်လည်း မိဂျိုး ကျေးဇူးတင်ရပါသည်။

ညနေဘက် မိဂျိုး မီးပူအစသပ်တိုက်နေချိန်မှ တစ်အိမ်ကျော်မှ ဒေါ်ခင်ထား ရောက်လာပါ၏။ အဝတ်လျှော်အပ်ထားသော မရှိသည့် ဒေါ်ခင်ထား ...။ အကြောင်းကိစ္စတစ်ခုကြောင့် ရောက်လာခြင်းများပေလားလေ ...။ လက်ထဲမှာလည်း ဘာမျှအဝတ်ယူ၍ ပါလာတာလည်း မရှိ ...။ အရင်ရက်ကလည်း အပ်မထား ...။ ခုလည်း ယူမလာဘဲ ဤ အဝတ်လျှော်သည်၏အိမ်သို့ ဒေါ်ခင်ထား အချိန်အားယူ၍လာဖို့မလွယ်။ ဒေါ်ခင်ထားက အိမ်လည်တတ်သူမဟုတ် ...။ ဒါကို မိဂျိုး သိသည်လေ။

"လာပါ .. ထိုင်ပါ ဒေါ်ခင်ထား .."

ဟု မိဂျိုး ပြုံး၍ ခရီးကြိုစကား ပြောရပါ၏။ တိုက်လက်စ မီးပူကို မီးခလုတ်ပိတ် ...။ ပလပ်ပဲလေးပါဖြုတ်၍ ထောင်ထားခဲ့ပြီး ဆက်ဆီရှိရာသို့ လျှောက်လာမိရသည်။ ဒေါ်ခင်ထား မျက်နှာသိပ်မကောင်းလှ ...။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာပါလာတာကတော့ သတင်းစာတစ်စောင်ပဲ ဖြစ်နေသည်။ သတင်းစာကို ဆက်တီစားပွဲပေါ် ဒေါ်ခင်ထားတင်သည်။ မိဂျိုး ကိုလည်း ကြင်နာသည့်အကြည့်ဖြင့် ကြည့်၏။ စာနာရိပ်ထင်နေသောအကြည့်ထဲမှာ စိတ်ထိခိုက်ခြင်းတွေလည်း ငွေ့ငွေ့သန်းနေသည်ဟု မိဂျိုး ထင်လာနေမိရပြီ ..။

"ခင်ထား .. ဒီနေ့ ကုမ္ပဏီမှာ အလုပ်ဆင်းတော့ .. ထမင်းစားနားချိန်လေးမှာ သတင်းစာလေး ယူဖတ်မိတယ်ကွယ် .. အဲဒီမှာ သတင်းဓာတ်ပုံလေးတွေ့တာနဲ့ .. မိဂျိုး ကို လာပြဖို့လိုတယ်လို့လည်း ထင်တာနဲ့ .. ဒီသတင်းစာလေး ယူလာတယ်၊ မိဂျိုး .. ဒီသား ဒီအမိနှစ်ယောက်တည်းနဲ့နေနေကြ .. ရပ်တည်ကြတဲ့အိမ်လေးပေမို့ .. ခင်ထား ခင်လည်း ခင်ပါတယ် .. မိဂျိုး တို့ရဲ့အတွင်းရေးပေမို့ .. ခင်ထား ဘာမှတော့ ဖွင့်မမေးရက်ပါဘူး မိဂျိုး ရယ် .. သတင်းစာကို ဖတ်ကြည့်နော် .. ဒီမှာ ခင်ထား စာမျက်နှာလေး ခေါက်ထားတယ် .."

ဟု ပြောကာ သတင်းစာကို ရှေ့သို့ တိုးပေးသည်။

"မိန်းမသားချင်းပေမို့ .. ခင်ထား မိဂျိုး ကို စာနာစိတ်ဖြစ်ရပါတယ် .. အဲနေအထိုင်မှန်ပြီး အလွန်တော်တဲ့ အမေတစ်ယောက် ဖြစ်တဲ့ မိဂျိုး ကို ခင်ထား လေးလည်း လေးစားပါတယ် .. တန်ဖိုးလည်း ထားပါတယ်ကွယ် .. ညီအစ်မရင်းလိုသဘောထားပြီး .. မမခင်ထား ကို .. ဘာအကူအညီလိုလို .. ခေါ်ပါနော် .. မိဂျိုးက တစ်ယောက်တည်း ဖြစ်နေရတာကိုးလေ .."

ဟုပြောကာ ဒေါ်ခင်ထား ချက်ချင်းပင် နှုတ်ဆက်ပြန်သွားတော့ မိဂျိုး ငြိမ်ကျန်ခဲ့ရပါပြီ။ သတင်းစာကိုလည်း မမှိတ်မသုန် ငေးစိုက်ကြည့်နေမိသည်။ ဤသတင်းစာထဲမှာ ပါလာသည်ဆိုသည့် သတင်းဓာတ်ပုံတစ်ခုသည် မိဂျိုး ထံသို့ ဒေါ်ခင်ထား ရောက်လာရစေခြင်း၏ အဓိကအချက်တစ်ခုဟုလည်း နားလည်လာနေမိရသည်။



"ဘာအကူအညီလိုလို ခေါ်ပါ .. မိဂျိုးတစ်ယောက်တည်း ဖြစ်နေရတာကိုး .."

ဆိုသည့် စောစောက ဒေါ်ခင်ထားပြောခဲ့သည့်စကား ..။ အဓိပ္ပာယ်အတော်ပါသည့်စကား ..။

မိဂျိုး သတင်းစာကိုယူ၍ ဖြန့်ဖတ်လိုက်ရပါပြီ ..။ ခေါက်ထားသောနေရာကို ကြည့်မိရပြီ ..။ အကြည့်သည် .. ရင်ကို ကျင်ခနဲဖြစ်စေ၏။

သား ..။ ဪ .. မိဂျိုး ၏သား ။ ရပ်ရည်သန့်အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတို့ခြံရံကာ ..။ အလွန်လှပသော မိန်းကလေးနှင့်အတူ ရှိနေရင်း .. ဘိုးဘွားရိပ်သာမှာ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် အလှူငွေ သိန်းငါးဆယ် ပေးအပ်လှူဒါန်းသော သတင်းပါတကား ..။

သားသည် ပြုံးနေ၏။ သတို့သား၏အမည်နှင့် သတို့သမီး၏အမည်လည်း သတင်းမှာပါသည်။ သတို့သား မောင်တည်ငြိမ်ရဲရင့် နှင့် သတို့သမီး ပန်းမြကျော့ကျော့ ..။

မိဂျိုး သတင်းစာကိုပြန်၍ နေသားတကျခေါက်နေမိသည်။ စိတ်သည် ကစဉ့်ကရဲပြေးချင်ရာပြေးဖို့ လူးလွန့်ရုန်းကြွစ ပြုလာနေချေ၏။ ဪ .. ပန်းမြပြည့်စုံ အိမ်ဆောက်ပစ္စည်းစက်ရုံကို ပိုင်သူ၏သားမက်သူဌေးသားမက်ဖြစ်နေသော သားပါတကား ..။

"ငါ့သား .. ငါ့သား .. ဒီအမေတစ်ယောက်မှာ ဒီသားတစ်ယောက်ပဲ ပုံချစ်ရာရှိနေတာပါလားလို့ သူသိပါရက်ကယ်နဲ့ .. ငါ့ကို .. ငါ့ကို .. သူ့အလှူအတမ်းပြုတဲ့နေရာကို ခေါ်ရမှာ ရှက်တဲ့စိတ်နဲ့ .. ခုလို .. လုပ်ရက်တဲ့သတ္တိရှိလာနေပါရောလား .. ရှိလာနေပါရောလား .. ငါ့သား ရင်ထဲမှာ တည်ရှိစေချင်တဲ့သတ္တိမျိုး မဟုတ်ဘဲ ..ဆန့်ကျင်ရာသတ္တိတွေပဲ ငါ့သား ဆီရောက်ကုန်ပါရောလား .. အမေက ခဝါသည်ဆိုတော့ .. သူ့မယား အဝန်းအဝိုင်းမှာ မတင့်တယ်ရာ အဝတ်စုတ်ပဝါလိုပဲ သတ်မှတ်ချေတော့မပေါ့လေ .. သတ်မှတ်ချေတော့မပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးရင်း ရင်သည် သွေးစိမ်းရှင်ရှင် ပွက်ကျသယောင် စစ်ခနဲ စစ်ခနဲ မြည်နေသည်သို့ ခံစားနေရသည်။

ဤသတင်းကို ဤလမ်းမှာ ဝန်ထမ်းတွေ ဘယ်လောက်ထိ .. တွေ့ခဲ့ကြရပြီမသိ။ ဤနေ့ညနေမှာ ခါတိုင်းနေ့များလို အဝတ်လာယူသည့်သူတွေ ကျဲပါးနေတာ ခုမှ သတိပြုမိလာသည်။ ခါတိုင်းဆို .. ညနေဘက်လာယူနေကျ ..။ ခုကျတော့ .. မိဂျိုး ခံစားနေရတာတွေ သဘောပေါက်လာကြ၍ .. ရိပ်မိလာကြ၍ .. အားနာစိတ်ဖြင့် တမင်မလာကြဘဲ ရှိနေကြတာ ဖြစ်နိုင်သည်။ သား၏စွန့်ပစ်ခံ မိခင်တစ်ယောက်၏ ခံစားရာကို နားလည်သွားကြစေဖို့ သတင်းစာပါ ခတ်ပုံသတင်းတိုလေးတစ်ခုက ဖြစ်တည်လာစေခဲ့သည်ကိုးလေ ..။

မိဂျိုး သတင်းစာကို တုန်ခါနေသည့်လက်ဖြင့် ကိုင်သည်။ ထ,ရပ်ကာ အိပ်ခန်းထဲဝင်သည်။ သံသေတ္တာသော့ကိုဖွင့်၍ သတင်းစာကို အင်္ကျီတွေထည့်ထားရာ၏အောက်ဆုံးမှာ ပြန့်အောင်ဖြန့်၍ သိမ်းထားလိုက်မိရပါပြီ ..။

သားကိုချစ်စိတ်ဖြင့် အမေတစ်ယောက်၏နှလုံးအိမ်ဖြင့် ကြေကွဲဝမ်းနည်းနေရသည်က သပ်သပ် ..။ အဖြစ်မှန်ကို .. သိမ်းဆည်းထားရမည့် တာဝန်က သပ်သပ် ..။ ဤသတင်းစာလေးကို မိဂျိုး တစ်သက်တာသိမ်းကို သိမ်းထားရမည်သာ ..။

ထိုစဉ်ခိုက် အိမ်ခြံတံခါးရှေ့မှာ ကားရပ်သံပေါ်လာ၏။ မိဂျိုး အပြင်ထွက်လာမိရပါ၏။ အလွန်တောက်ပသော ကားနက်နက် ..။ မာစီးဒီးကားကြီး ဖြစ်နေသည်။ ကားပေါ်မှ သား ဆင်းလာသည်။ နောက် ခန်းမှာ ဖြူဥဥပုံရိပ်လေးတစ်ခုက လိုက်ဆင်းလာတာမရှိ ..။ ကားထဲမှာ ကျန်ရစ်၏။ ပန်းမြကျော့ကျော့ပဲ ဖြစ်ချေမည်သာ ..။ မိဂျိုး ကိုယ်ကိုမတ်လိုက်သည်။ ဟန်ကိုဆယ်ရသည်။ ခြေလှမ်းမှန်မှန်ဖြင့် ဧည့်ခန်းအလယ်သို့ လျှောက်လာမိကာ ..။ ထောင့်စွန်းမှာရှိသည့် မီးပူစားပွဲဘေး ရောက်မှ



ခြေလှမ်းသည်တန့်ရပ်၏။

သား အိမ်ထဲဝင်လာပြီ ..။ အမေ့ကို မဝံ့မရဲကြည့်လျက် လက်အုပ်ချီ၏။ မိဂျိုး ဘာမှမပြော။ အပြုံးလည်းမဆို ..။ ခရီးကြိုလည်းမပြော ..။ ဤအိမ်သည် သား၏အိမ်ပေပဲလေ ..။ ကိုယ့်အိမ်ကိုလာသည့်လူ တစ်ယောက်ကို ကြိုဆိုစကားပြောရန်မလို ..။

“ထိုင်ပါ အမေရယ် .. ထိုင်ပါ .. သား ပြောပြစရာတွေ ရှိနေလို့ပါ .. ခဏပါ မေမေရယ် .. နော် ..”

ခယယပြောနေသည့် သား ..။ ခဏပါ မေမေရယ်တဲ့လားလေ။ ဒါဆို .. ကြာကြာနေမှာ မဟုတ်သည့်သဘော ..။ ပြန်မည့်သဘော ..။ ဪ .. ဤအိမ်သည် နေထိုင်ရမည့်အိမ်တစ်ခု မဟုတ်တော့ပြီဟု သားဘက်က သတ်မှတ်ထားချေပြီတကား ..။ မိဂျိုး ဘာမျှမပြောပဲ ထိုင်လိုက်သည်ပါပဲ ..။ မီးပူတိုက်စားပွဲဘေးမှ ထိုင်ခုံကိုဆွဲယူထိုင်တော့ သားလည်း ဘေးမှာ ခုံတစ်လုံးဆွဲထိုင်သည်။

မိဂျိုး ၏လက်ကို ဆွဲယူတွေးဆုပ်ထားသည်။ မိဂျိုး မရုန်းပါ ..။ ငြိမ်နေသည်ပါပဲ ..။

“သား .. တကယ့်ကို မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့ရတာပါ မေမေ.. ယုံပါဗျာ ..”

ပြောပြီး မိဂျိုးကို သား အပြစ်မကင်းသည့် ခံစားချက်တွေဖြင့် ကြည့်၏။ မိဂျိုး ငြိမ်၍ကြည့်နေမိရသည်။ ပြောလာမည့်စကားတွေကို ကန့်ကွက်ခြင်းမရှိစွာ နားထောင်မည့်သူတစ်ယောက်အဖြစ် မိဂျိုး အသင့်ရှိနေသည်ပါပဲ ..။

“အဲဒါ .. ဖုန်းထဲမှာ သား ရှင်းပြသလိုပါပဲ ..။ ပန်းမြ နဲ့ သား ခိုးပြေးရမည့်ကိစ္စပေါ်လာတော့ .. ဟိုတယ်ကို သွားတည်းခိုရင်း နေတော့ တစ်နေ့မှာ တရားရုံးမှာ လက်ထပ်ဖြစ်ကြတယ် မေမေ .. ပန်းမြ ပြောသလိုပါပဲ .. ပန်းမြ ရဲ့မိဘတွေက .. တကယ်တမ်း သမီးလုပ်တဲ့သူက ..

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်ပြီဆိုတော့လည်း .. လိုက်လာကြတာပါပဲ .. ဟိုတယ်မှာတည်းနေတာကို ပန်းမြ ကိုယ်တိုင်ပဲ သူ့ဖေဖေနဲ့ မေမေ့ဆီကို ဖုန်းဆက်ပြောတာနဲ့ .. လိုက်လာကြတာပါ .. ချက်ချင်း သားကိုရော .. ပန်းမြကိုရော .. သူတို့ရဲ့ .. ရွှေဝတ်မှုံဆိုတဲ့အိမ်ကြီးကို ခေါ်သွားကြတာပါ .. သားကို တကယ်တမ်းတော့ မကြည်ဖြူခဲ့ပေမယ့် ခုလို သားမက်ဖြစ်ပြီဆိုတော့လည်း စိတ်ကိုလျှော့ပြီး .. သူတို့နဲ့အတူနေဖို့ .. သူတို့ပဲ ပညာကို ဆက်သင်ပေးမှာတို့ .. ပြောပါတယ် .. အဝတ်အစားတွေကအစ .. ချက်ချင်း ရယ်ဒီမိတ်တွေ ဝယ်ဆင်ကြတာပါ .. ကျန်ခဲ့ရာဘဝကို မေ့ပစ်လိုက်ပါတဲ့ .. သူတို့ဆီရောက်ပြီမို့ .. မင်းသားတစ်ပါးလိုနေဖို့ပဲ ရှိပါတယ်တဲ့ .. အဲသလိုပြောကြပါတယ် မေမေ ..''

ဟု ပြောနေတော့ မိဂျိုး သဲ့သဲ့ပြုံးသည်။ လက်ဖဝါးကို ဖြန့်ကြည့်မိသည်။ လက်ဖဝါးတချို့နေရာတွေမှာ မီးပူတိုက်ရသည့်ဒဏ်အဖြစ် အသားမာတွေဖြစ်နေသည့် လက်ဖဝါး ..။ ဤလက်ဖဝါး၏ အရှင်သခင် .. မိခင်၏ အိမ်နေရာ .. မိခင် .. ဤဘဝတို့သည် ကျန်ခဲ့ရာဘဝအဖြစ် သားအတွက် ရှိရစ်သွားရလေပြီလား ..။

"အခုတော့ .. ပန်းမြ ရော .. သားရော အတန်းပြန်တက်နေကြပါပြီ မေမေ .. ပညာရေး ဆုံးခန်းမတိုင်မှာကို မေမေ စိတ်မပူပါနဲ့တော့ .. ပြီးတော့ .. ပန်းမြ နဲ့သားကို ရွှေဝတ်မှုံက ကားနဲ့ကျောင်းကို ပို့ပေးတာပါ မေမေ .. သွားရေးလာရေးလည်း အဆင်တပြေရှိလှပါတယ် ..''

ဘတ်စ်ကားမစီးရတော့ဘူး မေမေ .. ဟု ဖွင့်မပြောတာကိုပဲ မိဂျိုး ရင်ကွဲနာရတာ သက်သာရမလို ဖြစ်နေသည်တည့် ..။

"အဲဒါ .. သားကို မျှော်နေမှာစိုးလို့ .. မေမေ့ဆီကို သား လာတွေ့တာပါမေမေ .. သား ရွှေဝတ်မှုံမှာနေမှဖြစ်မှာမို့လို့ပါ .. ပန်းမြ ကလည်း ဒီမှာ လိုက်နေနိုင်တာမှမဟုတ်ဘဲ မေမေရယ် .. ပန်းမြက အရမ်း ချမ်းသောင့်ချမ်းသာ နေရတဲ့သူဆိုတော့ .. ဒီအိမ်လေးမှာ သူနေတတ်မှာလည်း



မဟုတ်သလို .. နေလို့လည်း အဆင်ပြေမှာမှမဟုတ်တာ .. နေတာ .. အိပ်တာ .. စားသောက်တာကအစ .. ဟိုမှာက အရမ်းအဆင့်မြင့်မြင့် နေရတာဆိုတော့ .. ပန်းမြ .. ဘယ်လိုမှ နေလို့မဖြစ်တာမို့ပါ .. နေမဖြစ်တာကိုလည်း ပန်းမြ ကလည်း သိနေတယ် .. သူ့ရဲ့ ဖေဖေနဲ့ မေမေ .. တို့ကလည်း သဘောပေါက်နေတယ် .. ဒါကြောင့် .. သားကို .. ရွှေဝတ်မှုံမှာ နေဖို့ တိုက်တွန်းကြ .. ပြောကြတာပါမေမေ .. သားမှာ ရွေးချယ်စရာမရှိတဲ့အတွက် လက်ခံရတာပါ မေမေရယ် ..''

မိဂျိုး တစ်ခွန်းမှမပြောသေး ..။ စွန်ကြိုးကို အဆုံးစွန်လွှတ်သည့်နှယ် ရစ်ဘီးမှ လျှော့ပေးနေခြင်းမျိုးဆန်နေသော စောင့်ဆိုင်းမှုဖြင့် ငြိမ်သက်နေမြဲ ..။ သားမျက်နှာကိုသာ မမှိတ်မသုန်ကြည့်၍ နားထောင်နေတော့လည်း သား အနေခက်ပုံရလာ၏။ မနေတတ်သလို ဖြစ်လာ၏။ သက်ပြင်းရှိုက်သည်က သားပဲ ဖြစ်နေသည်။ အိမ်ရှေ့မှာရပ်ထားသည့် ကားဘက်ကိုလည်း နောက်ဆံတငင်ငင်ဖြင့် ကြည့်၏။ ကြာကြာနေရမှာ ခက်ခဲနေသည့် ခံစားချက်တွေကလည်း သား၏မျက်နှာထက်မှာ အထင်းသား စွန်းထင်းနေကြသည်ပါပဲ ..။

"ဒါကြောင့် .. သား လာတွေ့တာပါ မေမေ .. မေမေ မျှော်နေရင်းနဲ့ .. စိတ်ထဲ မထိန်းနိုင်ဖြစ်လာရင်း .. သား ကိုစုံစမ်းမှာ .. ရွှေဝတ်မှုံဆိုတာ သိသွားရင် .. လိုက်လာရမှာ .. အဲဒါတွေအတွက် မေမေ ပင်ပန်းမှာစိုးလို့ .. သား လာပြောတာပါ .. သား အားတဲ့အခါတွေမှာ လာပါ့မယ်မေမေ .. နော် ..''

ဟု စကားကိုဖြတ်ဖို့ ကြိုးစားသည့်သား ..။ မိဂျိုး သား၏လက်ကို ကိုင်လိုက်ကာ ..

"သား သိန်းငါးဆယ်လျှုတုန်းက .. မေမေ့ကို သတိမရဘူးလား ကွယ် .. ခေါ်ဖို့လေ ..''

ဟု တည်ငြိမ်စွာ မေးလာတော့ သား မျက်နှာ ပျက်ခနဲ ဖြစ်၏။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း မပြောမဖြစ်သည့်ဟန်ဖြင့် ဖွတ်နှစ်၍ ပြောချလိုက်သည့် သား၏ ဟန်ပန်က .. ထင်းထင်းရှင်းရှင်း ရှိလာရသည်ပါပဲ ...။

"ဒယ်ဒီနဲ့ မာမီတို့က .. အိမ်ဆောက်ပစ္စည်းစက်ရုံကြီးကို ပိုင်ကြတာ မေမေ .. သူတို့ရဲ့အဝန်းအဝိုင်းကလည်း ဆွေကြီးမျိုးကြီးတွေပါပဲ .. အဲဒါ .. မင်္ဂလာဖိတ်စာရိုက်ရင် .. သား ဘက်က .. မိဘအလုပ်အကိုင်က ဂုဏ်မတင့်တယ် .. အဖေက မရှိ .. အမေကလည်း .. ခဝါသည်ဆိုပြီး .. မင်္ဂလာအခမ်းအနားကို မကျင်းပတော့ဘဲ .. အလှူငွေပေးတဲ့ သတင်းတစ်ခုကို ဂုဏ်ဆယ်သလို .. လုပ်ခဲ့ရတာပါတဲ့ မေမေရယ် .. သားလည်း ကြားထဲကခက်တယ် မေမေရာ .. သူတို့ ချမ်းသာကြတာကိုလည်း သား အမြင်ဖြစ်နေတယ် .. သားကိုတောင်မှ .. သူတို့ဘက်က လိုက်လျောလက်ခံပေးတာတောင် ကျေးဇူးကြီးလှပါပြီ .. အစက သဘောမတူရှိခဲ့ပေမယ့် .. ခုကျတော့လည်း အလွန် ဂရုတစိုက်နဲ့ .. သားကို နေရာပေးကြတာပါ မေမေရယ် .. သူတို့ဘက်က .. အစစ စိတ်လျှော့လိုက်လျောပေးနေကြတော့လည်း .. သားမှာ ခက်တယ် မေမေရယ် .. မေမေ့ကို သား ခေါ်ချင်တယ်လို့ပြောရမှာ .. အားနာလာရတယ် .."

အားနာလာရသည်တဲ့လားလေ ...။ မိဂျိုး ပြုံးသည်။ ခဝါသည်မ၏ သားဖြစ်ရတာကို သား ကိုယ်တိုင်ကလည်း ဂုဏ်ငယ်တတ်နေချေပြီကိုးလေ ...။

"မေမေက တစ်ယောက်တည်းပါ သားရယ် .. မေမေ နေမကောင်းဖြစ်ရင် .. ဘယ်သူကြည့်မှာလဲ .. ဟင် .."

ဟု မေးလာတော့ သား သက်ပြင်းရှိုက်သည်။

"ယောင်နောက်ဆံထုံးပါတဲ့ သား .. စကားပုံတောင်ရှိတာပဲ .. ချွေးမလေးကို ဒီခေါ်လာဖို့ သား မကြိုးစားတော့ဘူးလား .. သမီးလေး တစ်ယောက်လို .. မေမေချစ်မှာ သား သိပါတယ် .."

ဟု ပြောတော့ သား ငိုင်နေ၏။ အိမ်တံခါးမှာ လူရိပ်ထင်လာသည်



မို့ ကြည့်လိုက်တော့ ပိုးသားခရမ်းနုရောင် ဂါဝန်ရှည်လေးနှင့် မိန်းကလေး ...။ ဆံပင်တွေ တစ်ဆင်စာဝတ်ထားသည့် လှပချောမွေ့နေသည့် မိန်းကလေး ...။ ထို မိန်းကလေးသည် မိဂျိုး ၏ ချွေးမလေး ပန်းမြကျော့ကျော့ ဆိုတာ သိလိုက်ရသည်ပါပဲ ...။

"မောင့်ကလည်း ကြာလိုက်တာ .. မြန်မြန် ပြန်ဆင်းလာပါလို့ ပန်းမြ ပြောထားရက်နဲ့ .. ဒီမှာ အချိန်ကုန်နေလိုက်တာ .. ကားထဲမှာ ထိုင်စောင့်ရတာ ခြင်ကိုက်တယ် မောင် .. ဒီနေရာက ခြင်ပေါတဲ့နေရာပဲ မောင်ရဲ့ .. ခက်တာပဲ .."

ဟု ပြောကာ မိဂျိုး ကို တစ်ချက်တော့လှမ်းကြည့်လာသည်။ သား ထရပ်လိုက်တာ မိဂျိုး မြင်ရတော့ ရင်သည် ဗြန်းခနဲကွဲသည်သို့ ခံစားလာရပြီ ...။ မယားရှေ့မှာ နာခံတော်ဘာဝဖြင့် ချက်ချင်း ရပ်တည်သောသား ...။ အမေအတွက် ပေးပေးရမည့် စိတ်အတွေးတစ်ခုကိုပင် မွေးယူဖို့သတ္တိတွေ ရှိမလာနိုင်လောက်အောင် ပျော့ညံ့နေသည့်သား ...။

"ပန်းမြ ကြားလိုက်ပါတယ် .. အန်တီရဲ့ အိမ်တံခါးအရောက်မှာ ကြားလိုက်ရတာပါ .. လာချောင်းနားထောင်တာ မဟုတ်ပါဘူး .."

ဟုပြောရင်း ပန်းမြကျော့ကျော့ ညှော်ခန်းထဲဝင်လာသည်။ အိမ်ငယ်လေးကို ငေးကြည့်သည့်အကြည့်က စိတ်ပျက်လက်ပျက်နိုင်နေသော အကြည့် ...။

"သား လုပ်သူက ခုမှ ပြန်ရောက်လာရုံ ရှိသေးတယ် .. ဒီအိမ်လေးမှာနေဖို့ စည်းရုံးသွေးဆောင်နေပါရောလား အန်တီရယ် .. အန်တီ သိထားဖို့က .. အန်တီ့သား လက်ထပ်ထားတဲ့ ပန်းမြ ဟာ .. ဒီအိမ်မျိုးမှာ နေလို့မရနိုင်တဲ့ အဆင့်အတန်းထဲက ဆိုတာပါပဲ ...၊ အဲယားကွန်းမရှိ .. ခြင်လုံခန်းကာမရှိ .. ပန်ကာမရှိ .. ယပ်တောင်ယောင်းလေးပဲ ရှိတဲ့နေရာ .. ခြင်ပေါတဲ့နေရာ .. ထမင်းစားတဲ့နေရာနဲ့ ချက်ပြုတ်တဲ့နေရာဟာ တစ်ခုတည်းပဲ ဖြစ်နေတဲ့အိမ် .. ထမင်းစားခန်းမရှိ၊ ရေချိုးခန်းမရှိ၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဖေးမှာ ရေတိုင်ကီချပြီး တဗွမ်းဗွမ်းလောင်းချိုးရတဲ့ နေရာမျိုးမှာ .. ပန်းမြ ဘယ်လိုနေနိုင်ပါ့မလဲ .. ပန်းမြ .. မောင့်ကိုချစ်လွန်းလို့သာ .. မခွဲနိုင်လွန်းလို့သာ .. လက်ထပ်ခဲ့တာပါ အန်တီ .. ခုလို .. ပန်းမြ မျက်ကွယ်မှာ .. သားကို လေ်ပျော့လေးနဲ့ .. ဒီဘက်ပါလာအောင် ဖျော့ဆောင်တာတော့ မကောင်းပါဘူး .."

ဟု ပြောလာတော့ သား မျက်စိမျက်နှာပျက်ကာ အမေကိုကြည့်၏။ မယားကို ကြည့်၏။ စိတ်ညစ်နေတာလည်း သိသာနေသည်။ ဒါပေမယ့် မယားကို တားမြစ်သံတစ်ခွန်းမှ ပွင့်ကျမလာနိုင် ..။ ငြိမ်နေသည်။

"နေမကောင်းရင် .. ဆေးခန်းရှိပါတယ် အန်တီ .. သွားပြလို့ရတာပါပဲ .. ချက်ပြုတ်မစားနိုင်ရင် .. ထမင်းဆိုင်က မှာစားပါ .. ပို့ခကအစ .. ပန်းမြ တို့က အဲဒီထမင်းဆိုင်ကို ပေးချေပါ့မယ် .. ဆေးခန်းပြရတဲ့ ဆေးဖိုးဝါးခကအစ .. ပန်းမြ တို့ ပေးချေပါမယ် .. ဆေးခန်းသွားတဲ့ ဆိုက်ကားခကအစ .. မကျန်စေရပါဘူး .. အဓိကကဖြင့် .. ဆေးကုဖို့ပဲ မဟုတ်လား .. ပြန်ကျန်းမာလာဖို့ပဲမဟုတ်လား .. သား ရှိနေမှ မဟုတ်ပါဘူး .. အို .. သိပ်ပြီး အသည်းအသန်ဆိုရင်လည်း .. ရွှေဝတ်မှုံက အိမ်ဖော် .. ဒီကို ခဏလွှတ်ထားပေးပါ့မယ် .. ဒီလောက် တာဝန်ကျေပေးတဲ့ ပန်းမြ တို့ဘက်ကိုတော့ ထောက်ထားစေ့ချင်ပါတယ် .."

ဟု ပြောလာတော့ သား မျက်နှာမကောင်းဘဲ ...

"ပန်းမြ .. ဘာလို့ လိုက်တက်လာရတာလဲ .. နေခဲ့မယ်ဆိုပြီး ကျန်နေခဲ့တဲ့ဥစ္စာ .. ခုလို .. တက်လာတော့ .. ခက်ကုန်တာပါပဲကွယ် .. ပန်းမြ .. ကားမှာ ခဏပြန်စောင့်နေနော် .. မောင် .. ဆင်းလာခဲ့မယ် .. မေမေ့ကို ခဏတော့ ပြောပါရစေကွယ်နော် .. ပန်းမြ .."

ဟု ပြောနေတော့ ပန်းမြကျော့ကျော့ အိမ်ပေါ်မှဆင်းသွားသည်။

မယားဖြစ်သူကို တူတူကန်တော့ဖို့ရာ အမေ့ရှေ့မှာပြောဖို့ မေ့လျော့ ၂ တာမဟုတ်မှန်း မိဂျိုး သိနေသည်။ မကန်တော့ချင်သည့် ပန်းမြ



ကျော့ကျော့ကို .. မိဂျိုး ကို ကန်တော့ဖို့ရာ ဤသား .. မပြောရဲခြင်းဆိုတာကိုလည်း သဘောပေါက်နေရသည်။ ချွေးမဖြစ်သူက .. အိမ်ပေါ်တက်လာသည်။ အန်တီဟုခေါ်၍ ပြောချင်တာပြောပြီး ပြန်ဆင်းသွားပြီ။ အမေကို လုပ်ကျွေးမည်ဟု ပြောခဲ့သော သားက အမေနှင့်အတူပင် မနေနိုင်တော့သည့် သားအဖြစ်သို့ ရုတ်ခနဲ ကောက်ကာင်ကာ မြန်ဆန်စွာ ပြောင်းလဲခဲ့ပြီ။

"ခက်တယ် အမေရယ် .. သားလည်း စိတ်ညစ်တယ်ဗျာ .."

ညည်းနေသည့် သားကိုကြည့်ကာ မိဂျိုး ငြိမ်နေသည်ပါပဲ။ ငြိမ်နေသည့်အမေကိုကြည့်ရင်း သား ကျွတ်ခနဲ စုတ်သပ်၍ စိတ်ပျက်လက်ပျက်ဖြစ်နေပြန်သည်။

"မေမေက ငြိမ်နေရင်းနဲ့ ခေါင်းမာချင်မာနေတာ .. အခုလည်း မေမေ့အနားမှာ သား မရှိနိုင်တာကို နားလည်သင့်နေပါရက်နဲ့ .. သားကို ပန်းမြ နဲ့အတူ ဒီမှာလာနေဖို့ ခေါ်နေတာကိုက .. လက်ရှိ အမှန်တရားကို .. ဖြစ်သင့်တာကို .. မသိချင်ယောင်ဆောင်နေသလို ဖြစ်နေတယ် မေမေ .. သားလည်း မေမေ့ကို .. ဘယ်ခွဲချင်ပါ့မလဲ .. ဒါပေမယ့် .. ပန်းမြ .. ဒီအိမ်လေးမှာ ဘယ့်နှယ်လုပ်ပြီး နေလို့ဖြစ်မှာလဲ မေမေရယ် .. သူ .. နေဖူးတာမှမဟုတ်တာ .. ဒီအဆင့်အတန်းကို .."

ဟုပြောလာတော့ မိဂျိုး သားကို ကြည့်မိရပါ၏။ ဤသားနှင့် အတူနေဖို့ သတ္တိတွေ .. ဤအိမ်လေးမှာ နေတတ်နေသည့် ကျင့်သားရ ခွန်အားတွေ မိဂျိုး ထံမှာရှိခဲ့တာတွေ ဖွင့်ပြောပြဖို့လည်း အချိန်မတန်သေး ..။ ပန်းရုံ၏ ချမ်းသာမှုများစွာကို .. မိဂျိုး ဤနေရာလေးမှာ နေရင်း .. ဇာတ်မြုပ်ရှောင်တိမ်းနေခဲ့ရသည့် အဖြစ်တွေကိုလည်း မိဂျိုး မပြောချင်သေး ..။

"သားက .. သား မွေးဖွားကြီးပြင်းလာရတဲ့ ဒီအိမ်လေးကိုဘောင် .. နိမ့်ကျတဲ့အိမ် .. အဆင့်အတန်းမရှိတဲ့အိမ်လို့ ပြောထွက်နေသလားကွယ် .. ပြောတတ်နေသလား .."

www.burmeseclassic.com



ဟု မေးမိသည်ကတော့ ရင်ထဲ ဆို့နင့်နေစိတ်ဖြင့်ပါ ...။ ကိုယ်မွေးသည့် သားတစ်ယောက်ကို ဖွင့်မမေးရဲသည့် အမေတစ်ယောက်အဖြစ်တော့ မဂျိုး အရောက်မခံနိုင်တော့ပါ ...။

"ခက်တယ် မေမေရာ .. ခုထိ .. သား ပြောချင်တဲ့အဓိပ္ပာယ်ကို .. မေမေ သဘောမပေါက်သေးဘဲ ခေါင်းမာနေတာ ခက်တယ် .. သား ပြောချင်တာက .. ပန်းမြ ဘက်ကို နားလည်ပေးဖို့ ပြောချင်နေတာပါ မေမေ .. မေမေက အဲသလို ဖြစ်မလာဘဲ လိုရာဆွဲပြောနေတာ ခက်တယ် .. ဘယ်လို ညှိယူလို့ရနိုင်တော့မလဲဗျာ .. ဒီအခက်အခဲကြီးကို .. ပြေလည်အောင်လည်း လုပ်လို့ခက်နေတော့မှာပါပဲ .."

သား စိတ်ညစ်လက်ညစ်ထိုင်ချကာ ညည်းတော့ မိဂျိုး ငြိမ်ကြည့်နေသည်ပါပဲ ...။

"ဖွင့်ပြောတော့မယ် မေမေရာ .. သူတို့ဘက်က .. မေမေနဲ့ပတ်သက်ပြီး .. သူတို့အဝန်းအဝိုင်းမှာ ရောက်လာမှာ .. မျက်နှာ လာပြနေမှာကို စိတ်ပျက် စိတ်ညစ်နေကြတာ .. သူတို့က ဆွေမျိုးဂုဏ်မျိုး ဂုဏ်ကြီးတဲ့သူတွေ .. ချမ်းသာတဲ့သူတွေ .. မေမေကျတော့ .. အိမ်ထောင်ကွဲခဲ့တဲ့သူ .. မင်္ဂလာပွဲမှာ အိမ်ထောင်ကွဲတက်ရင် .. ကျက်သရေမရှိဘူးလို့ သူတို့ဘက်က သတ်မှတ်ထားကြတာ မေမေ .. ဒယ်ဒီနဲ့ မာမီတို့ကလည်း ငယ်လင်ငယ်မယားတွေ .. သူတို့နဲ့ မေမေက နေရာတကာမှာ ကွာခြားလွန်းနေတာ အခက်ဆုံးပဲ .. လူတကာအဝတ်ကို လျှော်တဲ့ ခဝါသည်ဆိုတာကိုလည်း သူတို့ဘက်က ရှက်ကြတာပေါ့ .. မေမေ့ကို .. ဒါကြောင့် .. သူတို့အဝန်းအဝိုင်းထဲ အဝင်မခံနိုင်ကြတာ .. မျက်နှာ အမြင်မခံနိုင်ကြတာပါ မေမေရယ် .."

ဟု ပြောလာတော့ မိဂျိုး မျက်လွှာချလိုက်မိရပြီ .. ပြီးမှ သားကို ကြည့်၍ ...

"မေမေက .. သားကို .. မေမေနဲ့အတူ လာနေဖို့ခေါ်တာပါ သားရယ်



မေမေ့မှာ သားပဲရှိတာကို မမေ့ပါနဲ့ .. မေမေ့အတွက် ဆေးဝါးခ .. ဆေးခန်းသွားဖို့ ဆိုက်ကားခ .. ထမင်းဆိုင်က ထမင်းဖိုးတွေ .. ပန်းမြကျော့ကျော့က ရှင်းပေးဖို့ရာအတွက် တောင်းဆိုနေတာမှ မဟုတ်တာ .. မေမေ့ မတောင်းဆိုတဲ့အရာကို .. ဘယ်သူကမှလည်း ပေးဖို့မလိုပါဘူး.. တောင်းဆိုတဲ့အရာကိုလည်း .. မေမေက ဘယ်တော့မှ ရပ်သိမ်းမှာ မဟုတ်ဘူး သား .. မိဂျိုး ဆိုတာ .. မှန်တယ်လို့ မှတ်ယူရာကို .. ပြတ်သားရင်ဆိုင်တတ်တဲ့သူဆိုတာ သား သိပါတယ် .."

ဟု ပြောတော့ စိတ်မောလက်မောဖြင့် သက်ပြင်းရှိုက်သည်။ အိမ်ရှေ့မှာ ရပ်ထားသော ကားဘက်ကိုလည်း စိတ်မဖြောင့်နိုင်ဘဲ တကြည့်ကြည့် ဖြစ်နေပြီ ...။ ရပ်ထားသည့်ကားဆီမှ ရှည်လျားသောကားဟွန်းသံကလည်း ပေါ်လာနေပြီ ...။ သား ထရပ်တော့ မိဂျိုး လိုက်၍ရပ်သည်။

"ရပ်လိုက်စမ်း သား .. မေမေပြောနေတယ် .. ရပ်လိုက်စမ်းလို့"

ဟု ပြောတော့လည်း အမေဆိုသည့် အရှိန်ကြောင့် သား အိမ်ပေါ်မှ မဆင်းဝံ့ ...။ ရပ်တန့်သွားသည်ပါပဲ ...။

"သား သိတယ်နော် .. မေမေ့မှာ အသိုင်းအဝိုင်းမရှိဘူး .. ဆွေမျိုးမရှိဘူး .. သား တစ်ယောက်ပဲ ဒီအရပ်မှာရှိတာ .. မေမေ့ကို တစ်ယောက်တည်းထားခဲ့လို့ဖြစ်မလား .."

ဟု မေးလိုက်တော့ သား ခေါင်းခါသည်။ နောက်တော့ မထင်မှတ်သော လွတ်လမ်းစကားတစ်ခုကို ကိုယ်လွတ်ရုန်း၍ ပြောချလိုက်သံ ကြားလိုက်ရသည်က မိဂျိုး ပါ ...။

"မေမေ .. အိမ်ထောင်ပြုလိုက်ပါလား မေမေ .. ဦးမြဆောင် ကလည်း အမေ့ကို သဘောကျနေတာပါ .. စောင့်ရှောက်ချင်နေတာပါ .. သား ရှိလို့သာ .. မေမေ ကလည်း .."

"တည်ငြိမ်ရဲရင့် .. ရပ်လိုက်စမ်း အဲဒီစကားကို .. မင်း .. မင်း ဆော်ကား လုချေလားကွယ် .. ဟင် .. ဒီလောက်ထိ မိုက်ရိုင်းရမှာမယ်လို့ ငါမထင်

www.burmeseclassic.com



မိခဲ့ဘူး .. ရင်ထဲနာလိုက်တာကွယ် .. ကဲ ..”

တစ်ကြိမ်မှ မရိုက်ခဲ့ဖူးသော သား ...။ ရင်ကွဲနာကျသည့် အမေ၏ လက်ဝါး ...။ သား၏ပါးပေါ် ဖြောင်းခနဲရောက်၏။ မိဂျိုး လက်ဖဝါးကို ငုံ့ကြည့်မိသည်။ စပ်ဖျဉ်းဖျဉ်း နာကျင်ခြင်းက လက်ဖဝါးမှာရှိနေ၏။ ဤလက်ဝါးဖြင့် ဤသားကို ရိုက်မိသည့်အတွက် မိဂျိုး နောင်တမရပါ။ ရင်သည် လှိုက်နေ၏။ ခါနေ၏။

မနေ့တစ်နေ့ကမှ တွေ့သည့် အချစ်တစ်ခုအတွက် .. ဤအမေကို လင်ပေးစားရက်သည့် ဤသားကိုတော့ မိဂျိုး ပြတ်သားစွာ ဆုံးဖြတ်လိုက်ရမည့်အချိန် တန်ပြီဟု မှတ်ယူလိုက်ရပြီ။

“ဟင် .. ဟင် .. ရှင် .. ဘယ့်နှယ်လုပ်လိုက်တာလဲ .. မောင့်ကို .. ရိုက်လိုက်တာများ .. ပါးလည်ထွက်သွားတာပါလား .. လာပါ မောင် ရယ် .. ပြန်ကြရအောင် .. ကြာလွန်းလို့ ပန်းမြ ပြန်တက်လာတာ .. ပါးကိုရိုက်တာနဲ့ တိုးပါရောလား .. ဒါကြောင့် ပြောတာပေါ့ .. ခဝါ သည်မ အလုပ်ကိုလုပ်တာ .. ဒီလိုပဲ .. စရိုက်ကြမ်းမှာပေါ့လို့ ..”

ဟု ပြောတော့ သား ငိုင်ကျနေသည်။ အမေကိုလည်း တကြည့် ကြည့် ဖြစ်နေ၏။ မိဂျိုး ကိုယ်ကို မတ်လိုက်သည်။ ခရေရိပ်မှပင်လျှင် သတ္တိရှိစွာ .. အမှန်တရားတစ်ခုအတွက် ဆုံးဖြတ်ရဲရမည့် အဆုံးအဖြတ် တစ်ခုကို ချမှတ်ခဲ့ဖူးသည့် ငွေကြိုးကြာ ပဲလေ ...။ တစ်ယောက်တည်း သောအားဖြင့် ခရေရိပ်မှာ အားလုံးကို ရင်ဆိုင်ခဲ့သည့် ငွေကြိုးကြာသည် .. ပြန်၍ ဤအိမ်ငယ်လေးမှာ အသက်ဝင်လာသည်။ ထို မိဂျိုး သည်လည်း ဘေးမှာရပ်လာသည်။

“နေစမ်းပါ့ကွယ် .. မင်းက .. မနေ့တစ်နေ့ကမှ .. ငါ့သားကို လက်ထပ်ထားတာပါ ကလေးမရယ် .. ငါက .. ဟောဒီဝမ်းနဲ့လွယ်ပြီး ခဝါသည်မလုပ်ပြီး ရှာကျွေးခဲ့တဲ့အမေပါ .. မင်း .. ပိုင်တယ်လို့ ကြွေး ကြော်နေတဲ့ ငါ့သားကို .. ငါက အမေ တစ်ယောက်အနေနဲ့ .. ပိုင်လည်း



ပိုင်တယ် .. ဆိုင်လည်း ဆိုင်တယ် .. ရိုက်လည်း ရိုက်နိုင်တယ် .. အဲဒါ ကို နားလည်ထားဖို့တော့လိုနေသကွယ့် .. မင်းတို့ချမ်းသာငယ်ဆိုပြီး .. ငါ့ကို .. မင်းတို့ အဆုံးအဖြတ်အောက်မှာ နေပြပေးရမယ်လို့ မသတ်မှတ် ချင်စမ်းပါနဲ့ .. ငါက .. ဆုံးဖြတ်ရမှာ .. ဆုံးဖြတ်ရမယ့် နေရာမှာ .. ဟောဒီ သားတစ်ယောက်အပေါ် ငါက ရှိနေတာ .. အဲဒါကို သဘောပေါက်ပါ .. မင်းကိုယ်တိုင်ကလည်း .. ငါ့ချွေးမနေရာမှာပဲ ရှိနေတယ် .. ငါ့ကို ဘယ် လိုနေပါ .. ဘာလုပ်ပါ .. ဘာကိုမလုပ်ပါနဲ့လို့ လာပြောခွင့်မရှိဘူး .. နားလည် လား ..”

ပြောတော့ သား ကိုယ်ကြီး လှုပ်ရှားရှား ဖြစ်လာသည်။ ပန်းမြ ကျော့ကျော့ကလည်း ရှိုက်ကြီးတငင် ငိုနေပြီ ...။

“အဲဒါကြောင့် ပြောတာ .. မောင့်အမေဆီကို ဖုန်းလေးပဲ ဆက် ပြောလိုက်ပါ .. မောင် ပြန်မလာနိုင်တာကိုရော .. ရွှေဝတ်မှုံကို လိုက် မလာဖို့ရော .. ပြောပါဆိုတာကို .. မောင်က .. အမေ့ကို ကိုယ်တိုင်ပဲ ပြောချင်တယ်ဆိုလို့ .. မောင့်ကို စိတ်ချမ်းသာပါစေတော့ဆိုပြီး .. လိုက် ပို့ခဲ့မိတာ .. ခု .. ကောင်းသေးရဲ့လား .. မောင်လည်း ပါးရိုက်ခံရတယ် .. ပန်းမြ လည်း တင်စီးကျော့စီး အပြောခံရတယ် ..”

ပြောပြောငိုနေသည့် မယားကိုကြည့်၍ မိဂျိုး ကို ကြည့်လာသည့် သား၏မျက်ဝန်းတွေမှာ အပြစ်တင်ရိပ်တွေ ပြည့်သိပ်လာနေကြပါ၏။

“မေမေက .. အရမ်း .. စရိုက်ကြမ်း .. စကားကြမ်းနေတာကိုး .. ခေါင်းမာလိုက်တာလည်း အလွန်ပဲ .. ဒါကြောင့် .. ဖေဖေနဲ့ကွဲရတာ ဖြစ်မှာ .. ခက်တယ်ဗျာ .. မေမေက ..”

ပ ေပြာချလာတော့ မိဂျိုး ခေါင်းကိုမော့လိုက်ပြီ ...။ မျက်ဝန်းများ စူးရှလက်တောက်လာကြပြီ ...။

“မေမေနဲ့ နေမလား .. မနေဘူးလားသား .. ဒါကို .. ဆုံးဖြတ်ပါ .. မေမေ ဘယ်လိုရုန်းကန်ကျွေးမွေးလာတယ် .. သားကို ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတာ သား အသိပါ .. ဝါသည်မ ဖြစ်တာနဲ့ .. ဆင်းရဲတာနဲ့ .. အဲဒီအချက်ကို လျှော့မတွက်ပါနဲ့ .. အမေဆိုတာ .. သားသမီးကို ချစ်ကြရာမှာ .. ချမ်းသာဆင်းရဲမဆိုင်ဘူး သား .. သားရဲ့ဘဝကို .. မေမေ ဘယ်အထိ ပြုစုပျိုးထောင်ခဲ့တယ်ဆိုတာ သား အသိဆုံးပါ .. ကဲ .. မေမေ .. မေးမယ် .. သား .. မေမေနဲ့နေမလား .. ဒါမှမဟုတ်ရင် သား ရှိရာကို ခေါ်သွားမလား .. အရေးကြီးတာက .. မေမေဟာ .. သားနဲ့ မခွဲနိုင်တဲ့ အမေဆိုတာ ဖြစ်နေတဲ့အချက်ပဲ .."

ဟုပြောတော့ ပန်းမြကျော့ကျော့ ခါးလေးထောက်ပစ်ရင်းမှ ..

"အို .. အို .. မခေါ်နိုင်ဘူးနော် .. ဒါကို .. မောင် အသိ .. မနေနိုင်ဘူး .. ဒီလောက် စရိုက်ဆိုးတာကြီးနဲ့ .."

ဟု ပြောနေတော့ သား ခေါင်းခါနေသည်။ ရင်ကို တစ်ချက်ထုသည်။

"စိတ်ညစ်တယ်ကွာ .. ပန်းရာ .. ဟင် .."

ဟု ညည်းသည်။ အမေကိုလည်း ကြည့်သည်။

"မေမေကလည်း နားလည်ပေးဖို့လိုတယ် မေမေ .. မေမေက ဒီမှာ နေသားကျနေပြီ .. ပန်းမြက ဘယ်လိုနေလို့ဖြစ်မှာလဲ .. သားကလည်း အိမ်ထောင်သည်ဖြစ်ပြီ .. ပန်းမြ နဲ့အတူ သွားမနေလို့ဖြစ်မှာလား .. ဟိုက သားကို .. ရွှေပေါ်မြတင်ထားတာ မေမေရ .. မေမေ ဘာမှတာဝန်ယူစရာကို မလိုတော့ဘူး .. ပညာရေးကအစ .. နေရေးထိုင်ရေးအဆုံး ပန်းမြရဲ့ ဒက်ဒီနဲ့ မာမီတို့က တာဝန်ယူပေးကြမှာ .. မေမေ့ တာဝန်တောင် ပေါ့ကုန်ရသေးတယ်လေ .."

ဟု ပြောနေတော့ မိကျိုး မျက်တောင်မခတ် သားကို စိုက်ကြည့်နေသည်။ အကြည့်သည် .. တည်ငြိမ်ရင့်ကျက်လွန်းနေပြီ ..။

"တခြား မဖြေနဲ့ သား .. မင်း .. နေမလား .. ခေါ်မလား .. ဖြေ .. ဒါပဲဖြေ .. ဟခြား ဝေ့လည်ကြောင်ပတ်တွေ မလုပ်နဲ့ .. ဒါ .. သားနဲ့ အမေ နှစ်ယောက်ရဲ့ကိစ္စ .. တခြားလူ ဝင်ဆုံးဖြတ်တာကိုလည်း မေမေ



လက်မခံဘူး .."

ဟု ပြောတော့ ပန်းမြကျော့ကျော့ ဖွေ့ဖွေ့ခုန်နေ၏။

"ဖြေလိုက်လေ .. မောင် ဖြေလိုက်လေ .. ဒက်ဒီနဲ့မာမီ မျက်နှာကို မကြည့်ရဲအောင် ပန်းမြကို လုပ်ရက်သလား .. ဟင် .."

ဟု ငို၍ မေးနေတော့ သား စိတ်မောလာသည်။ နောက်ဆုံးတော့ အမေကို ကြည့်၏။

"မေမေ နားလည်ပေးပါလို့ပဲ ပြောချင်တယ် .. သား .. ဒီမှာလည်း မနေနိုင်ဘူး မေမေ ..၊ မေမေ့ကိုလည်း .. ရွှေဝတ်မှုံကို ခေါ်မသွားနိုင်ဘူး .. သူတို့က လက်မခံချင်နေတဲ့ဥစ္စာ .. ဘယ်လိုခေါ်သွားလို့ရမလဲ မေမေ .. သားကို .. အကျပ်မကိုင်ပါနဲ့ မေမေရာ .."

ဟု ပြောကာ ဆုံးဖြတ်ပုံဖြင့် မယားလက်ကို ဆွဲသည်က သားပဲ ဖြစ်လေသည်။ မိကျိုး မျက်ဝန်းကို ပိတ်ချလိုက်ရပြီ။ ပြတ်သားသော အဖြေတစ်ခုကို .. မိကျိုး ၏နှလုံးအိမ်ကို ချေမွ၍ ထုတ်လိုက်ရသည်ကော လေ ..။

"ရပ်လိုက်စမ်း တည်ငြိမ်ရဲရင့် .. မင်းနဲ့မေမေ .. ဒီနေ့ .. ဆုံးခန်းတိုင်အောင် ပြတ်သားကြဖို့လိုကြပြီ .. ခဏရပ်လိုက်စမ်းပါကွယ် .. မင်း ထပ်ဖြေစမ်းပါ .. တကယ်ပဲ မင်းရဲ့ အဆုံးအဖြတ် မပြောင်းလဲတော့ဘူးလား .."

ဟု မေးတော့ သား ခေါင်းငုံ့သည်။

"သားမှာ ရွေးချယ်စရာ .. အဲဒီလမ်းပဲ ရှိတယ် မေမေ .."

ဟုဖြေတော့ မိကျိုး ပြုံး၏။

"ဒါဆို .. မင်းကို .. မေမေ အမွေပြတ် .. သားအဖြစ်က .. စွန့်လွှတ်ရလိမ့်မယ် သား .. အမေကို အဆုံးရှုံးခံမလား .. မယားလက်ကို ဆွဲသွားမလား .. ဆုံးဖြတ်ပေတော့ .. ဒါ .. ပေါ့ပြက်ပြက်မဟုတ်ဘူးနော် သား .. လေးလေးနက်နက်ရှိတဲ့ကိစ္စ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့ သား လက်မခံနိုင်သလို ခေါင်းတွင်တွင်ယမ်း၏။

"ဟာ .. မဟုတ်တာ မေမေရာ .. အဓိပ္ပာယ်မရှိတာတွေ မေမေ .. သွေးရူးသွေးတန်းဆန်ဆန် မလုပ်ချင်ပါနဲ့ .. မေမေ အခု ပြောနေတာတွေဟာ .. လုံးဝ အကြောင်းမဲ့တွေဖြစ်နေတယ် မေမေ .. အကြောင်းမဲ့ အကျုပ်ကိုင်နေတာ .."

ဟု ပြောနေခိုက် ပန်းမြကျော့ကျော့၏ ရယ်သံလွင့်ခနဲ ရှိ၏။

"သူက .. အမွေပြတ်ရအောင် .. ဘယ်လောက်များ မက်စရာရှိတဲ့ ချမ်းသာပုံကြီး ပိုင်ဆိုင်ထားလို့လဲ မောင်ရယ် .. ပြတ်စမ်းပါစေ .. ပန်းမြက တစ်ဦးတည်းသောသမီးပါ .. ဒယ်ဒီ မာမီတို့ ချမ်းသာသမျှ .. ပန်းမြတို့ပဲ အမွေရကြမှာပါ .. သူ့ဘက်က .. အမွေပြတ်မှာကို လန့်မနေစမ်းပါနဲ့ မောင်ရယ် .. လက်ခံလိုက်စမ်းပါ .. အခုလို .. ပြတ်သွားသွားတာလည်း ကောင်းပါတယ် .."

ဟု ပြောတော့ သား ငိုင်နေသည်။ ပန်းမြကျော့ကျော့ ကတော့ အိမ်ငယ်လေးကို အထင်တသေး ရှုံ့မဲ့မဲ့လေးဝေ့၍ ဝေ့၍ကြည့်ကာ ခေါင်းလေးတစ်ခါခါဖြင့် လှောင်ရယ်နေသည်ပါပဲ။

"သား စဉ်းစားရမှာက .. အမွေတစ်ခုတည်း မဟုတ်ဘူးနော် .. အမေလည်း ပါတယ် .. အမေကိုပါ ဆုံးရှုံးရမှာ .. အဲဒါကို မမေ့ပါနဲ့ .. သားရဲ့ ပန်းမြကျော့ကျော့ နဲ့ ခွဲပါလို့ မေမေ တစ်ခွန်းမပြောဘူးနော် .. တစ်ခုပဲ မေမေ တောင်းဆိုတယ် .. သားနဲ့အတူနေခွင့် .. အဲဒါကို မေမေ တောင်းဆိုတယ် .. သား .. ဒီမှာနေနိုင်တယ် .. ဒါမှမဟုတ်ရင် ရွှေဝတ်မှုံကို .. မေမေ့ကို ခေါ်သွားရလိမ့်မယ် .. မေမေက .. သားနဲ့ အတူနေချင်တာ .."

ဟု ပြောတော့ သား ခေါင်းတွေကုတ်ဖွ၍ ...

"ခုထိ ခေါင်းမာနေသလား မေမေရာ .. ရွှေဝတ်မှုံကို သား မပိုင်ဘူး မေမေ .. သူတို့ လက်ခံမှ မေမေ့ကို ကြည်ဖြူမှ .. သား ခေါ်လို့ရမှာ"

"ကိုယ့်အမေတစ်ယောက်လုံးကို မကြည်ဖြူကြ .. မခေါ်ကြတာ



ကို .. သား .. လက်ခံနိုင်သလား .. ဟင် .."

သားအမိနှစ်ယောက်၏စကားက ပန်းမြကျော့ကျော့ အတွက်ကျတော့ စိတ်မရှည်ချင်စရာ ဖြစ်လာနေပြီ ..။

"ခဝါသည်တစ်ယောက်ရဲ့ ချွေးမအဖြစ် .. လူမသိသူမသိ ရောက်ရုံပဲ ရှိခွင့်ပေးပါ .. အိမ်ပေါ်မှာ .. လူမြင်သူမြင် .. ခေါ်တင်မထားပါရစေနဲ့ .."

ဟု ပြောလာတော့ သားလှည့်၍ ...

"ခဏ ငြိမ်ပါ ပန်းမြ .. ခဏငြိမ်ပါ .."

ဟု စိတ်မောသံဖြင့် ပြောသည်။

"သူ့ကို သား လက်ထပ်ပြီးပြီ မေမေ .. သူ့အပေါ်မှာ သား တာဝန်ရှိတယ် .. တာဝန်ဆိုတာက .. သူနဲ့ .. ခွဲလို့မဖြစ်ဘူး .. သူကလည်း ဒီမှာ နေလို့မဖြစ်သလို .. မေမေကလည်း သူနဲ့နေလို့ မဖြစ်ဘူး .. ဒါကို ဘာလို့ နားမလည်နိုင်ဘဲ ဖြစ်နေရတာလဲ .. မေမေ .."

ခုထိ သားဘက်က အဖြေရဲရဲမပေးနိုင်ဘဲ ဖြစ်နေသည်။ ဝေ့လည်လည်ဖြင့် မုန့်လုံးစက္ကူကပ် .. ဂျာအေးသူ့အမေရိုက် ဇာတ်ခင်းနေသည်။

"ဒါဆို .. သား .. အရှင်းဆုံး ဖြေပါ .."

ဟု ထပ်၍ ပြတ်သားပြတ်ထင် မိဂျိုး မေးတော့ သား ခေါင်းကို ငိုက်၍ ...

"သား .. ပန်းမြ နဲ့လိုက်သွားမယ် မေမေ .. မေမေ့ အမွေဖြတ်ချင်လည်း ဖြတ်တော့ .. အဲဒီအမွေလည်း သား မမက်ပါဘူး မေမေ .. မေမေကမှ .. သားကို သားအဖြစ်က စွန့်လွှတ်မယ်ဆိုရင်လည်း သဘောပါပဲ .. သား လက်ခံပါတယ် .."

ဟု ဇွတ်မှိတ်၍ ဖြေချလိုက်သံက အက်နေသည်။ မိဂျိုး ရင်သည် ကြေသည်မှ ဝေါခနဲ ဝေါခနဲ ပြိုကျပြိုဆင်းကြေမွနေသည်သို့ ရှိ၏။

ထပ်၍ မိဂျိုး ဘာမျှမပြောတော့ ..။ ရင်လည်း မမှုတော့ ..။ စကား

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြေမြွေခံစားမပြောနေချင်တော့ ..။ ခဏ .. ဟု လက်ပြ၍ အိမ်မျက်စောင်းထိုးမှ ရပ်ရွာလူကြီးကို ကိုယ်တိုင်သွားခေါ်သည်။ ထိုအိမ်မှာပင် အဖြစ်စုံလည်း ပြောပြသည်။ လူကြီးတွေစိတ်မကောင်းကြ ..။ မိဂျိုး နှင့် လိုက်လာကြတော့ မျက်နှာမကောင်း ..။

"စဉ်းစားပါဦးတို့ ဘာတို့ .. ကျွန်မရဲ့ယောက်ျားကို မပြောကြပါနဲ့တော့ .. သူ ဆုံးဖြတ်ပြီးပါပြီ .. အမွေပြတ်ခံမယ် .. သားအဖြစ်က စွန့်လွှတ်မှာကို သဘောတူတယ် .. ဒါပါပဲ .. ရေးစရာရှိ ရေးကြပါ .."

ဟု ပြောတော့ လူကြီးတွေလည်း ပန်းမြအခြေအနေကို သိကြပြီ။ ဒါပေမယ့် .. လူကြီးတို့ဝတ္တရားအရ .. ဖျောင်းဖျကြပါသေး၏။

"လူလေး .. မင်းကို .. ဒီက အမေလုပ်သူ .. ဘယ်လို ရုန်းကန်ကျွေးမွေးခဲ့တယ် .. ပညာသင်ပေးခဲ့တယ်ဆိုတာ သိတယ်နော် .. အမေကို ဒီလောက်တော့ .. မပစ်ထားသင့်ဘူးပေါ့ .. စဉ်းစားပါဦး .. ကိုယ့်အမေပဲကွယ် .. တူတူနေရင်လည်း ဖြစ် .. ခေါ်သွားရင်လည်း ဖြစ်တာပဲ .."

ဟု ပြောပေမယ့် ပန်းမြကျော့ကျော့ ၏ ...

"မောင် .. အချိန်မရှိဘူး .. ပန်းမြ ကားထဲက စောင့်မယ် .."

ဟု ပြောကာ ဆင်းသွားတော့ သား ဆုံးဖြတ်လိုက်ပုံဖြင့် ...

"စာချုပ်ရေးကြပါဗျာ .. ကျွန်တော် .. လက်မှတ်ထိုးပါ့မယ် .."

ဟု ဖြေချသံပေါ်လာတော့ မိဂျိုး ၏ လက်ချောင်းလေးတွေမှာ ဤဖြစ်တည်လာမည့်စာချုပ်နှစ်စောင်အတွက် .. စာချုပ်နှစ်စောင်ထက်မှာ — လက်မှတ်ထိုးရမည့်အားအင်တွေကို စုစည်းထားလိုက်ရပါချေသည် တကား၊ ..။



မြားတစ်စင်းနဲ့ လေးညို့ကြားက
လောကဓံတရားရဲ့ပစ်လွှတ်မှု
ဒဏ်ရာပြင်းပြင်းတစ်ခုအဖြစ်
ရင်ထဲရှုံးနှစ်အောင်ခံစားရတဲ့
သတ္တိမရှိသူရဲ့မယားဘဝ ..။

တစ်နေ့ချင်းစီအတွက်
လက်မောင်းလက်ဖျံက ခွန်အားတွေ
ပြုကျုကုန်စေဦးတော့
ကိုယ်မော့ထားတဲ့ဦးခေါင်း
မတိမ်းစောင်းစေရ
ဦးညွှတ်မကျ ဒူးညွှတ်မချ
ဤဘဝ ရှည်လှပေမယ့်
ရုန်းကန်ရတဲ့နှစ်များ
ဤသားအတွက်ဖြစ်နေ
ဤသို့သောအမေအတွက်
ရပ်တည်ရဲဖို့ ခက်သောသားနှင့်ကြုံရ
သတ္တိမရှိသောသား၏ အမေဘဝ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ပန်းရဂုံ ....။

မပြောင်းလဲချေသော အလှအပများဖြင့် ထုံမွှမ်းနေရာ နေရာတစ်ခု။

ယခင်ကနှယ်ပင် အသွေးစုံသော အမယ်စုံပန်းတို့ ပွင့်ဝေရာ ဥယျာဉ်ရှက်လှပင်တို့ စီတန်းစိုက်ထားရာကား အဝင်လမ်း၏ ရောင်စုံ အုတ်ခင်းကွက်တို့၏ ချစ်စရာ့ပုံရိပ် ..။

မြသားရောင် ကော်ဇောရှည်ကြီး ဖြန့်ချထားသည့်နှယ် နုဖန့်စိမ်းမြနေသည့် မြက်ခင်းပြင် ..။

ပန်းစံကားဖြူနီပင်တို့ စီတန်းပွင့်ဝေရာ မြက်ခင်းအစပ် ..။

ဩော် .. ပေါ်တီကိုတိုင်ကြီးများဖြင့် လှခန့်ထည်ဝါစွာ ရှိနေပါသည့် နှစ်ထပ်အဆောက်အအုံ ဖြူဖြူနှင့် အမိုးနီနီ၊ မှန်ပြတင်းရောင်စုံကွက်တွေဖြင့် ရှိပါလေသော ပန်းရဂုံ ..။ ရေကန်၏အလှနှင့် ကြာပွင့်တို့၏ ရနံ့တို့ လေပြည်နှင့်အတူ ခိုစီးရာ အုတ်ကန်ငယ်နှင့် ရေပန်းဖွားဖွား ..။

အားလုံးသည် .. အေးမြမြ .. မွှေးတမြမြ .. ရှိနေမြဲ ..။ ရှိနေဆဲ။

တက္ကစီပေါ်မှ ဆင်းလာပါသည့် သခင်မကို ခြံဝန်းကျယ်ကြီးကလည်း လွမ်းဆွတ်စွာကြည့်နေသည်သို့ ရှိ၏။ အိမ်ကြီးကလည်း လွမ်း



သမျှ အတိုးချ၍ ငေးကြည့်နေသည့်နှယ်လည်း ရှိ၏။ ကျေးငှက်လေးတွေက အမောတကော အလျင်စလိုပျံသန်း၍ ကြိုလင့်သည့်နှယ်လည်း မိဂျိုး ခံစားရ၏။ ခြံဝင်းတံခါး အုတ်တိုင်နေရာမှ လူခေါ်ခေါင်းလောင်းခလုတ်ကိုနှိပ်လိုက်စဉ်မှ မိဂျိုး သည်လည်း ရင်တွေ အဆမတန် ခုန်နေသည်ပါပဲ ..။

ခပ်သုတ်သုတ် လျှောက်လာနေသည်က ဘဘစံ ..။ ခေါင်းပေါင်းကြီးပေါင်းထားပါလေသော ဘဘစံ သည် နေရှိရာဘက်ကို ကျောပေးရပ်နေရင်း ငြိမ်သက်ကြည့်နေသည့် မိဂျိုး ကိုမြင်တော့ ..။ လက်ဖျှိုးကို နဖူးထက်မှာ နေရောင်ကာသလိုအုပ်၍ ကြည့်ရှုသည်။ မိဂျိုး အေးချမ်းစွာပြုံး၍ ကြည့်နေခိုက်မှာ ဘဘစံ ၏လက်ဖဝါးသည် ဘေးသို့ ရုတ်ခနဲကျ၏။ ခပ်မြန်မြန် ပြေးလာသည်က အရွယ်နှင့်ပင်မမျှ ..။ ဇောတင်၍ ပြေးလာခြင်း ..။

"ဘုရားရေ .. ဘုရားရေ .. ဒါ .. တကယ်လား .. တကယ်လား .. မျက်စိ မမှားပါရစေနဲ့ .. မမှားပါရစေနဲ့ .."

ဘဘစံ ၏ကတုန်ကယင် ရေရွတ်နေသံသည် မျက်ရည်ကျနေသော မျက်ဝန်း၏ အကြည့်တွေဖြင့် အတူယှဉ်၍ ရှိနေဆဲ ..။ တုန်ခါနေသော လက်ဖြင့် ခြံဝန်းတံခါးသော့ကို ဖွင့်နေသည်။ အနှစ်နှစ်ဆယ် လျော့ရုံမျှလေးသာရှိသည့် ကာလရှည်တစ်ခုဝယ် ပျောက်ကွယ်နေသည့် မိဂျိုး ကို ခုလိုပြန်၍ မမျှော်မလင့်ဆုံရချိန်မှာ ဘဘစံ မျက်ရည်လည်းကျနေသည်။ ဝမ်းလည်းသာနေသည်။ ခြံတံခါးကို ဖွင့်လိုက်သည်မှ အားမာန်ပါ၏။ ချက်ချင်း မိဂျိုး ၏လက်ကို ဘဘစံ ကိုင်လာချေသည်တည့်။

"ကြည့်ပါဦးကွယ် .. ဘဘရဲ့ မိဂျိုး လေး .. ရင့်ကျက်နေလိုက်တာ .. ငယ်ရုပ်လေးလည်း မပျောက်သေးပါဘူးကွယ် .. ဆံပင်နှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကျစ်လေးနဲ့ရှိနေတဲ့ မိဂျိုး ဟာ .. ဆံထုံးလေး ထုံးထားတာပဲ ကွဲပြားသွားရုံလေးရှိတာပါ .."

ဘဘစံ တတွတ်တွတ်ပြောနေသည်။ မိဂျိုး ၏သားရေ လက်တွန်းသေတ္တာကို တွန်း၍ ခြံထဲဝင်တော့ မိဂျိုး ခေါင်းလေးခါ၍ ဘဘစံ လက်ထဲမှ လက်တွန်းသေတ္တာကို ယူရပါ၏။

"ဘဘစံ ပြောထားတယ်လေ .. မိဂျိုး က ရင့်ကျက်နေပြီဆို .. ဒီသေတ္တာလေးလောက်တော့ .. မိဂျိုး တွန်းဆွဲယူလာလို့ရပါတယ် .. ဘဘစံရဲ့ .."

ဟုပြောကာ ရောင်စုံ ကွန်ကရစ်တုံးလေးတွေ ကျနစွာခင်းထားရာ လမ်းပေါ် လျှောက်၏။ ခြံကျယ်ကြီးကို ဝေ့ကြည့်မိသည်။

သြော် .. မိဂျိုး ၏ အမှန်တကယ် ခေါင်းချ၍နေရမည့် နေရာတစ်ခု ..။ တစ်သက်တာ .. နှားခိုရမည့်နေရာတစ်ခု ..။ အေးချမ်းစွာမှီခိုရမည့် နေရာတစ်ခု ..။ ဤအရပ်ကို .. ဤနေရာကို .. မိဂျိုး .. တစ်ကျော့ပြန်၍ ရောက်လာရချေပြီတကား ..။

"ဖေဖေနဲ့မေမေရော ဘဘစံ .. နေကောင်းကြတယ် မဟုတ်လား"

ဟု မေးတော့ ဘဘစံ မျက်ရည်သုတ်နေရင်း ခေါင်းညိတ်ပြ၏။ မိဂျိုး ကိုမြင်၍ ဘဘစံ ရင်ထဲ လှိုက်နေပုံရသည်။

"အစ်ကိုကြီးနဲ့ မမလေးတို့ .. မိဂျိုးလေး ကို တွေ့ရင် .. ဝမ်းသာကြမှာ .. အမြဲမျှော်နေကြရှာတာကွယ့် .."

ဟု တတွတ်တွတ်ပြောနေသည်။ မိဂျိုး အိမ်ကြီး၏ ပေါ်တီကိုအောက်မှာ တစ်ချက်တန့်၏။ လက်ထဲမှ သားရေသေတ္တာ၏ တွန်းဆွဲယူရာ လက်တံကို လွှတ်လိုက်မိသည်။

ဧည့်ခန်းသို့ မိဂျိုး ဝင်လာမိရပါပြီ ..။ ဘဘစံ အေးမှ တောက်လျှောက်



လိုက်လာရှာပါ၏။ ဧည့်ခန်းမှာ ဘယ်သူမှမရှိ ..။

"အစ်ကိုကြီးနဲ့ မမလေးတို့ ဘုရားဆောင်ဝင်နေကြတယ် .." ဟု ဘဘစံ ပြောလာတော့ မိဂျိုး ခေါင်းလေးညိတ်ပြရသည်။ ဘုရားဆောင်မှာ အာရုံပြုနေသည့် မိဘတွေကို အနှောင့်အယှက် မပေးလိုသည်မို့ ဆိုဖာထက်မှာ ထိုင်လိုက်မိရပါပြီ ..။ ထိုစဉ်ခိုက် ..။ သြော် .. ထိုစဉ်ခိုက် .. အပေါ်ထပ်ဆီမှ လှေကားထိပ်နေရာမှာ ရပ်လာကြသည်က ဖေဖေနှင့် မေမေ ပါတကား ..။

ဖေဖေသည်လည်း မပြောင်းလဲလှ ..။ မေမေသည်လည်း မပြောင်းလဲ ..။ အသက်အရွယ် ပိုကြီးလာပေမယ့် .. အရမ်း ရုပ်အဆင်း အိုမသွား ..။ ဆံပင်တို့ နက်မှောင်နေကြဆဲ ..။ အရွယ်တင်နေကြဆဲ ..။

ဖေဖေနှင့် မေမေ့အကြည့်သည် အံ့သြမင်တက်ခြင်းဘက်ကို ပိုကဲနေသည်။ ကြည်နူးစိတ်သည် အံ့သြခြင်းဆိုသည့် ခံစားချက်၏ နောက်ပါးဆီမှကပ်၍ တိုးဝင်လိုက်ခြင်း ..။ မိဂျိုး ထရပ်လိုက်ချိန်မှာ ဖေဖေနှင့် မေမေ .. ကသောကမျော ဆင်းလာကြတာမို့ ...

"ခြေချော်ပါ့မယ် ဖေဖေနဲ့ မေမေ .. ရပ်နေကြပါ .. ရပ်နေကြပါ .. မိဂျိုး လာတွဲပါ့မယ် .."

ပြောပေမယ့်မရ ..။ ဖေဖေက ရှေ့မှဆင်းလာသည်။ မေမေက နောက်မှ လှေကားနှစ်ထစ်စာလောက် ကျန်ခဲ့ရှာ၏။ ဖေဖေ ရောက်လာတာနှင့် မိဂျိုး ၏ မျက်နှာလေးကို လက်ဖဝါးဖြင့် အုပ်မိုးထားရှာပါ၏။ ပါးပြင်ကို နမ်းသည်မှ ဆက်တိုက် ..။ လှေကားရင်းမှာ သားအဖဆုံကြချိန် ..။ မိဂျိုး ရင်ထဲမှာဆို့နေသည် ..။ တင်းခံထားသမျှစိတ်တို့သည် ယိုင်ပြုလုလု ရှိ၏။ ကလေးတုံးကနယ် ဖေဖေ့ရင်ခွင်မှာ ခေါင်းဝင်ထိုးလိုက်ချင် သည်။ မေမေ့ရင်ဘတ်ထဲ ခိုဝင်လိုက်ချင်သည်။ ကြုံရလေသမျှ အမေတွေကို

www.burmeseclassic.com

www.burmeseclassic.com



သွန်ချ၍ ပြောရင်း အော်ဟစ်၍ ငိုချလိုက်ချင်သည်။

ဒါပေမယ့် .. မိဂျိုး မလုပ်ရက် ..။ ရောက်လာတာနှင့် ဖေဖေနှင့် မေမေ တို့ .. ထိတ်လန့်ကြေကွဲအောင် မငိုချပြရက် ..။ မိဂျိုး ရင်ထဲမှ ကြေကွဲမီးတောက်တွေ၏အပူကို မကူးစေရက် ..။

"ဖေဖေ့သမီးလေး .. ဘယ်လောက် ဝမ်းနည်းနေရှာပါလိမ့် .. ခံစားနေရရှာပါလိမ့် .. ဖေဖေ သိနေတယ် သမီးရယ် .. သမီး ရင်ထဲမှာ .. ငိုနေတယ် .. ဖေဖေ သိနေတယ် .. လာ .. လာ .."

ဟု တွဲ၍ခေါ်သည်။ မိဂျိုး မျက်ရည်ကိုမကျအောင် ထိန်းနေရဆဲ။ သြော် .. မိဘဟူသည် .. သားသမီး၏ရင်ထဲမှ ခံစားချက်တွေကို .. မျက်နှာလေးမြင်တာနှင့် ရင်ကိုဖောက်၍ သိနေတတ်ကြချေသည် တကား..။

မေမေသည်လည်း မိဂျိုး ကို ဖက်လာပါ၏။ မိဘနှစ်ပါး၏ လက်မောင်းတွေကြားထဲမှာ မိဂျိုး ကလေးတစ်ယောက်နှယ် ငြိမ်ကျနေမိရပါပြီ ..။ ဤရင်ခွင်နှင့် ဝေးခဲ့ရသည့်နှစ်တွေသည် မနည်းလှ ..။ ခုမှ .. ပြန်၍ နားခိုခွင့်ရသည့်နေ့တစ်နေ့၏ အဦးအစ ..။ မိဂျိုး စိတ်ကို လျှော့သည်။ ဖေဖေနှင့်မေမေ့ကို လက်တစ်ဖက်စီဖြင့် အားကိုးတကြီး ဖက်တွယ်ထားမိသည်။ အားအင်ပါနေသော ဖက်တွယ်မှု ..။

"ကလေး .. ရော့ .. အအေးသောက်နော် .."

ဒေါ်ကြီးထူး ၏အသံ ..။ ကြည့်လိုက်တော့ ဖျော်ရည်အေးအေး တစ်ဖန်ခွက်နှင့် မျက်ရည်ကျရင်း မျက်တောင်မခတ် ပြုံးကြည့်နေသည့် ဒေါ်ကြီးထူး ..။ ဘေးမှာက ဘဘစံ ..။ မီးဖိုဆောင်မှာ ချက်ပြုတ်နေသည့် ဒေါ်ကြီးထူး ကို ဘဘစံ ပြေးခေါ်လာတာ သေချာနေသည်လေ ..။

မိဂျိုး ရပ်နေရင်းဖြင့်ပင် အအေးကို သောက်လိုက်မိရပါ၏။ ရင်ထဲမှ အပူသည် အတန်မျှ လျော့သည်သို့ရှိ၏။



"ထိုင်ကြရအောင် သမီးရယ် .. သမီးရယ် .."

မေမေ ငိုနေရင်း ပြောနေသည်။ မိဂျိုး ၏လက်လေးတွေကို မေမေ နမ်းနေ၏။ ပါးကို နမ်းနေ၏။ ဖေဖေကလည်း ဆံစကို သပ်ပေးနေသည်။ မိဂျိုး ကိုတွဲ၍ ဖေဖေနှင့် မေမေ ခေါ်လာတော့ အလိုက်သင့် မိဂျိုး လိုက်ပါလာရသည်ပါပဲ။ ဒေါ်ကြီးထူး က လေအေးပေးစက်ကို ပြေးဖွင့်ရှာသည်။ မိဂျိုး ၏နဖူးမှာ စို့နေသည့် ချွေးတွေကို သုတ်ဖို့ရာ တဘက်ငယ်လေး ပြေးတက်၍ ယူလာပေးရှာသည်။ မိဂျိုး ကို ချွေးသုတ်ပေးနေသည်က မေမေ ..။

"နောက်တော့မှ စကားပြောကြတာပေါ့ သမီးရယ် .. အပေါ်ထပ်က သမီးအခန်းမှာ ခဏလှဲနေ .. ရေမိုးချိုးလိုက်နော် .. ထမင်းစားချိန်လည်း လိုသေးတာမို့ .. အဆာပြေတစ်ခုခု .. နောက်တော့မှ ဖေဖေတို့ သားအမိ၊ သားအဖတွေ စားကြတာပေါ့ .. မယ်ထူး .. ခေါက်ဆွဲလေး ဖြစ်ဖြစ် .. လုပ်ပါကွယ် .. လာ .. ဖေဖေတို့နဲ့တူတူ အပေါ်တက်ကြရအောင် .. ဖွေးရေ .. သမီးကို ဘေးကတွဲပါကွယ် .."

မိဂျိုး အဘယ်မျှထိ ရင်ထဲမှာ ခံစားနေရသည်ဆိုတာ ဖေဖေ သိနေသည်။ ဟန်ဆယ်၍ ကိုယ်ကိုမတ်ကာ ..။ ခြေလှမ်းတွေကို ထိန်းကျောင်းနိုင်နေဖို့ မိဂျိုး ကြိုးစားနေတာကိုလည်း ဖေဖေ သိနေသည်။ ဒါကြောင့်လည်း မိဂျိုး ကိုဖက်၍ ဖေဖေ အပေါ်ထပ်သို့ မေမေနှင့်အတူ ခေါ်လာခြင်းပါတကား ..။

အခန်းထဲရောက်တော့ မိဂျိုး ဤတစ်ကြိမ်မှာ ရင်ထဲဟန်ဆယ်၍ပင် မရနိုင်တော့ပြီကောလေ ..။ အခန်းကျယ်သည် ယခင်နှယ်ပင် ရှိ၏။ အိပ်ရာသည် လူရှိသည့်အခန်းတစ်ခုနှယ် ခင်းခင်းကျင်းကျင်းရှိ၏။ စာကြည့်စားပွဲထက်မှာ ဇာနားကွပ်ပန်းပွင့်ထိုး ချည်စားပွဲခင်းခင်းသည် ..

www.burmeseclassic.com

www.burmeseclassic.com



အလှတင်ပန်းစိုက်ထားရာ ပန်းအိုးလေးနှင့်အတူ ရှိနေ၏။ အခန်းပြတင်းမှာ တပ်ထားသော ခန်းဆီးတို့သည် မီးပူကျသန့်သန့်တွေပဲ ဖြစ်နေသည်။ အခန်းသည် မိဂျိုး ချန်ခဲ့ရာအတိုင်း သူ့နေရာနှင့်သူ .. ဘာမျှမပြောင်းလဲစွာ လှပသပ်ရပ်စွာ နေချင့်စဖွယ်ရှိနေဆဲပါတကား ..။

မိဂျိုး မျက်ရည်ကျလာသည်။ ဖေဖေ့ကို ဖက်တွယ်ထားမိရာမှ ရင်ခွင်ထဲ ခေါင်းပစ်ကာ ဤတစ်ကြိမ်မှာတော့ စိတ်ကိုလွှတ်၍ မျက်ရည်တွေကို သွန်ချခွင့်ပြုလိုက်ရပါသည်တည့် ..။

မေမေက မိဂျိုး ၏ကျောပြင်မှာ မျက်နှာကိုကပ်ထားကာ ..။ မေမေ့လက်ဖဝါးနုနုလေးတွေက .. မိဂျိုး ၏ကျောပြင်ကို ဖွဖွသပ်ပေးနေသည်။

"ထိုင် .. ထိုင်လိုက်နော် သမီး .. ထိုင်လိုက် .."

ခုတင်ထက်မှာ မိဂျိုး ကို ဖေဖေ ထိုင်ခိုင်းသည်။ ဘေးမှာ ဖေဖေနှင့်မေမေတို့ကကပ်၍ တစ်ဖက်စီမှာ ထိုင်ကြပါ၏။ မိဂျိုး ကိုလည်း သိုင်းငင်ဖက်တွယ်ထားကြသည်။

"မိဂျိုး .. နောက်မှ ရေချိုးမယ် ဖေဖေ .. အခု လောလောဆယ်မှာမိဂျိုး .. ပြောပြစရာတွေရှိနေတယ် .. ပြောပြမှလည်း ဖြစ်တော့မယ် ..နောင်လည်း ပြောပြရမယ့်အတူတူ .. အခု .. ပြောပြလိုက်ရတာ .. မိဂျိုးလည်း အလုပ်တာဝန်တစ်ခု ပြီးပြတ်တယ် .. ဖေဖေနဲ့ မေမေတို့လည်းသိသင့်ရာကို သိလိုက်ရတော့မယ် .."

ဟု ပြောလာတော့ ဖေဖေ တစ်ချက်တွေ၍ကြည့်သည်။ မေမေ ခေါင်းလေးခါ၍ ...

"မေမေ့သမီးလေး ငိုနေတာ မြင်နေရရုံနဲ့ မေမေ ရင်ထဲမချိဘူး သမီးရယ် .. လောလောဆယ်မှာ .. မပြောပါနဲ့တော့ .. မေမေ့သမီးလေး ရင်ပိုနာရတော့မယ် .. ကြေကွဲရတော့မယ် .. မေမေ မကြားပါရစေနဲ့ .. မကြည့်ပါရ



စေနဲ့ .."

ဟုပြောကာ ရင်ထဲဆို့တက်လာရင်း မျက်ရည်ကျလာတော့ ဖေဖေ မေမေ့ကို ကြည့်ပါ၏။

"မတားနဲ့ဖွေး .. သမီးလေးပြောတာ မှန်တယ် .. အခု ဖွင့်ပြောပြချင်နေတာကို ခွင့်ပြုလိုက်ပါ .. မပြောနဲ့လို့ တားလိုက်ရင်-သမီး မျိုသိပ်နေရဦးမယ် .. ပိုပင်ပန်းလိမ့်မယ် .. ဖွေး .. အခု သမီးလေးပြောတာကို ကိုယ်တို့ နားထောင်လိုက်ကြတာပေါ့ .. ပြီးရင် .. အားလုံးကို .. မေ့ဖျောက်ထားလိုက်ကြရလိမ့်မယ် .. ကြေကွဲရာတွေကို မေ့ဖျောက်ရာ အကန့်တစ်ခုထဲမှာ ချန်ထားလိုက်ကြရအောင် .. အဲဒီ အဖြစ်တွေကို ပြန်ပြောင်းပြောနေကြတာမျိုး ကိုယ်တို့ ဘယ်တော့မှ သမီးရှေ့မှာ မလုပ်မိဖို့လိုသလို .. သမီးလေးကလည်း .. ငွေကြိုးကြာ ငယ်တုန်းကလို .. ပြန်ပြီး .. ဒီပန်းရုံမှာ .. ပေါ့ပါးကြည်စင် .. နေလိမ့်ရလိမ့်မယ် သမီး .. ကဲ .. မျက်ရည်ကိုသုတ် .. ဖေဖေတို့ နားထောင်ကြမယ် .."

ဟုပြောလည်းပြော ..။ တကယ်လည်း မိဂျိုး ၏မျက်ရည်ကို ဖေဖေသုတ်ပေးသည်။ မိဂျိုး ကိုယ်ကို မတ်လိုက်ရပါပြီ ..။ ဤလမ်း ဤစခန်းဤခြေလှမ်းဖြင့် သွားမှရောက်မည့်ကိစ္စ ..။ မပြောပြ၍လည်း မဖြစ်။ လမ်းကို ဆုံးခန်းတိုင်အောင်တော့ လျှောက်ရချေမည်သာ ..။ ရပ်နေ၍မှ မဖြစ်ချေသည်ပဲလေ ..။

မိဂျိုး အဖြစ်စုံကို အားလုံး တစ်ခုချင်းပြောနိုင်ဖို့ ခေါင်းထဲမှာ အသွားတကျရှိအောင် စဉ်းစားနေရသည်။

ဖေဖေ အရင်ဆုံး သိချင်မည့်အရာ ..။ ထိုအရာကို ပထမဆုံး ပြောပြသင့်သည်ဟု မိဂျိုး ဆုံးဖြတ်သည်။ သား ..။ မိဂျိုး မှာ သားရှိတာ ဖေဖေတို့ကို ဖုန်းဆက်စဉ်က ပြောပြထားသည်လေ ..။ သားမပါဘဲ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည့် မိဂျိုး ကို .. ခုထိ .. ဖေဖေနှင့်မေမေတို့ တစ်ခွန်းတစ်စသော်မျှ မေးမလာကြ ..။ အကဲခပ်နေကြရင်း ငြိမ်နေကြသည်။

မေးလိုက်လျှင် မိဂျိုး စိတ်ပိုထိခိုက်ကုန်မှာ စိုးရိမ်၍ဆိုတာကိုလည်း မိဂျိုး သိနေသည်ပါပဲ။

"မိဂျိုး .. တည်ငြိမ်ရဲရင့်ကို .. ဒီ ပန်းရုံမှာလာပြီး မမွေးဖွားခဲ့တာ .. မကြီးပြင်းစေခဲ့တာ .. မှန်နေပါတယ် ဖေဖေနဲ့ မေမေ .. တကယ်က .. မိဂျိုး ရဲ့ မွေးခဲ့ရတဲ့ သားဟာ ခရေရိပ်က မိသားစုရဲ့ ဗီဇသွေးတွေပဲ ပြည့်ဝနေတယ်ဆိုတာ မိဂျိုး ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကပဲ စိတ်တုံးတုံးချ သိခဲ့ရတာပါပဲ .. မိဂျိုး စီစဉ်စိတ်ကူးယဉ်ခဲ့မိတဲ့ အနာဂတ်ဟာ ပျောက်ဆုံးသွားပြီ ဖေဖေ .. ဘွဲ့ရပညာတတ် .. အမှားအမှန်ကို ပိုင်းခြားတတ်တဲ့ အရွယ်ရောက် သားကို .. ပန်းရုံခေါ်လာနိုင်တော့မယ်လို့ မိဂျိုး ထင်တစ်လုံးနဲ့ရှိခဲ့ရပေမယ့် .. တစ်ကိုယ်ကောင်းစိတ်နဲ့ အတ္တတွေ ပိတ်ဖုံးနေတဲ့ သားတစ်ယောက်ကိုပဲ မိဂျိုး မြင်ခဲ့ရတယ် မေမေ .. သူ့ကို .. မိဂျိုး ချန်ခဲ့ပါပြီ .. အမေမှန်ရင် အမေဘက်က ရပ်ရဲတဲ့သတ္တိမရှိတဲ့ သားတစ်ယောက်ရဲ့ အမေဘဝကို .. မိဂျိုး အဆုံးသတ်ခဲ့ပါပြီ .. အမေ မှားမှား .. အမေမှန်မှန် .. အမေဘက်က ရပ်ရမယ်လို့ အတ္တစိတ်မျိုး မိဂျိုး သားအပေါ်မှာ မမွေးခဲ့ပါဘူး .. အမေမှန်ရင် ရပ်တည်ပြရဲတဲ့ သားကိုသာ မိဂျိုး တောင့်တခဲ့တာပါ .. လိုချင်ခဲ့တာပါ .. သတ္တိမရှိသူရဲ့ မယားဘဝကို မိဂျိုး ရောက်ခဲ့ရပြီးပါပြီ .. မိဂျိုး ရင်ဆိုင်နိုင်ခဲ့ပါတယ် .. ဘဝမှာ ကြံ့ကြံ့ခံရပ်တည်ပြရဲခဲ့ပါတယ် .."

မိဂျိုး ပြောနေရင်းမှ မေမေ့ ပခုံးပေါ် ခေါင်းလေးကို တင်လိုက်မိသည်။ လည်တိုင်အနွဲ့သည် မေမေ့ပခုံးဘက်ကို ယိုင်၍။

"သတ္တိမရှိတဲ့သူရဲ့မယား ဘဝကိုတောင်မှ မိဂျိုး ကျော်ဖြတ်နိုင်ရင်..



သတ္တိမရှိတဲ့ သားတစ်ယောက်ရဲ့ အမေဘဝကို .. ကြုံရတဲ့အခါမှာ ဘာကြောင့် .. ရင်မဆိုင်ရဲရမှာလဲ ဖေဖေရယ် .. ကိုယ့်ရင်ကမွေးတဲ့ ကိုယ့်သား .. ကိုယ့်ရင်ကို စုံကန်ရက်ချိန်မှာ .. အမေပေမို့ .. ရင်ဆိုင်ရပေမယ့် .. ဒီသားနဲ့ .. ဒီဘဝမှာ .. ဒီတခဏနဲ့ လမ်းစဖြတ်လိုက်ရဖို့ အတွက် .. မိဂျိုး ဆုံးဖြတ်ရဲနိုင်ခဲ့ပါတယ် .. မိဂျိုး မှန်ရာကို လုပ်ကိုင်နိုင်ခဲ့ပါတယ် .."

မိဂျိုး ပြောနေရင်း အသံတစ်ချက်တိမ်၏။ ရင်ခွင်ဝယ် ပွေ့ခဲ့ရလသော သား ..။ ခင်းနှီးတုပ်ဖွေးဖွေးလေးနှင့် ရှိခဲ့ရာ သား ..။ နို့ချိုတိုက်ကျွေး ..။ အရွယ်လေးရလာသမျှမှာ .. လိမ္မာရေးချားရှိအောင် သွန်သင်ခဲ့ရပါလေသော သား ..။ သားကို .. ခဝါသည်ဘဝဖြင့် လုပ်ကျွေးခဲ့ရပါသည့် မိဂျိုးဘဝ ..။ အားလုံးကို .. မိဂျိုး ပြောပြနေမိသည်။

"သတ္တိမရှိတဲ့အဖေတစ်ယောက်ရဲ့ သားပေမို့ .. ဘက်လိုက်ပြီး ဆုံးဖြတ်တတ်တာဟာ မဆန်းပါဘူး ဖေဖေနဲ့ မေမေရယ် .. သူ့အဖေက .. သူ့မိဘဘက်က .. မှားမှားမှန်မှန် ရပ်တည်တဲ့ သူ .. သူလက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝကို .. ထည့်မတွေးပေးရဲတဲ့ သူ .. ကြက်ငှက်လေး ခြံပြင်လွှတ်လိုက်သလို .. ကွာရှင်းစာချုပ်တစ်စောင်နဲ့ စွန့်လွှတ်ရဲတဲ့သူ ဖြစ်နေတယ် .."

မိဂျိုး မျက်ရည်မကျအောင် ထိန်းထားနိုင်စွမ်းရှိလာနေပြီ ..။ စစ်စစ်ခါအောင် မြည်နေသည့် နှလုံးအိမ်မှ ဝေဒနာသည် နည်းနည်း အရှိန်တန့်စပြုလာပြီ ..။

"အဲဒီလို သတ္တိမရှိသူရဲ့ သားကျတော့လည်း .. သူယူတဲ့မယား မှားနေပေမယ့် .. မှားသူဘက်က ရပ်တည်ရဲတဲ့သူ ဖြစ်နေပြန်တယ် မေမေ .. အမေမှန်နေပေမယ့် .. အမေဘက် ရပ်တည်ရဲတဲ့ သတ္တိကင်းမဲ့နေရုံမက .. အမေကို .. လင်ပေးစားတဲ့စကား ပိုယ်လွှတ်ရန်း ပြော

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာချိန်မှာ .. မိဂျိုး .. သူ့ကို .. ကင်းပြတ်ရာ .. မပတ်သက်ရာ .. စွန့်လွှတ်လိုက်ရာ တည်ငြိမ်ရဲရင့်အဖြစ် မှတ်ယူခဲ့ပါတယ် .. အဲဒီလို ဖြစ်ဖို့ ဆုံးဖြတ်ချိန်မှာ ခံစားရတာ .. အသက်ပါမတတ်ပါ ဖေဖေ .. အသက်ပါမတတ်ပါ .. မိဂျိုး ရဲ့ဘဝ မျှော်လင့်ရာအနာဂတ်တစ်ခုလုံး .. မိဂျိုး မွေးခဲ့ရတဲ့ သားကြောင့် .. ပျက်သုဉ်းရပေမယ့် .. အဲဒီ သားကို .. မိဂျိုး ရင်ထဲက ထုတ်လိုက်ဖို့ဆိုတာ .. အသက်ပါမတတ် ခံစားရင်း ဆုံးဖြတ်ရတာပါ .. စာချုပ်မှာ အစွန့်လွှတ်ခံသားအဖြစ် .. ကျေနပ်သဘောတူ လက်မှတ်ရေးထိုးရဲတဲ့ သား .. ဘယ်လို သားမျိုး ဖြစ်နေသလဲဆိုတာ ဖေဖေတို့ မှန်းဆနိုင်လောက်ကြပါပြီ .."

ဟု ပြောနေရင်း မိဂျိုး နာကျင်ကြေမွနေသည့် မျက်ရည်စက်က .. ခံစားရာ ရင်ကို ဖောက်ထွက်၍ကျလာ၏။ ခပ်ကြမ်းကြမ်း မိဂျိုး သုတ်ပစ်သည်။ အံကိုခဲ၏။ မျက်ဝန်းလေးတွေ စူးရှလက်တောက်လာကြသည်။

"အမေကို တောင်းပန်ခွင့် .. သားမှာရှိခဲ့တယ် .. လက်မှတ်မထိုးမီ အထိ ရှိနေခဲ့တယ် .. တစ်ချက်လေး အမေဘက်ကို ငဲ့ပြီး .. အမှန်တရား ဘက်ကို ရပ်တည်ရဲတဲ့ သတ္တိလေးရှိခဲ့ရင် .. အမေ့ကို ခဝါသည် ဖြစ်ဖြစ် .. ဘာဖြစ်ဖြစ် .. အမေပေမို့ .. မထားခဲ့ရစ်နိုင်ဘူး .. ခေါ်သွားမယ်လို့ ပြောရဲတဲ့စိတ်သတ္တိ .. ဒါမှမဟုတ် .. မယားကို အမေနဲ့ နေရမယ်လို့ ပြောရဲတဲ့သတ္တိ ရှိလာခွင့် .. သားမှာ အခွင့်အရေးရှိနေသေးတယ် .. ဒါပေမယ့် .. သူ .. မိဂျိုး ကို ထားခဲ့တယ် ဖေဖေ .. ထားခဲ့တယ် .. မိဂျိုး ခဝါသည်မကို ထားခဲ့တယ် .. အိမ်ငယ်လေးမှာ အဖော်မဲ့ရင်း အထီးကျန် နေမယ့်အမေကို .. တစ်ချက်မငဲ့ဘဲ ထားခဲ့တယ် .. အဲဒီစိတ် .. အဲဒီ အဆုံး အဖြတ်နဲ့ .. အမွေပြတ်စာချုပ်မှာ .. သူ .. လက်မှတ်ထိုးခဲ့တယ် ဖေဖေ .. မေမေ့ကို သားမခွဲနိုင်ဘူး .. ဒီစာချုပ်မှာလည်း သား လက်မှတ်မထိုးတော့ ဘူးလို့ ဆုံးဖြတ်လိုက်ပြီ မေမေ .. လို့ .. တစ်ခွန်းလေးပြောကြည့် .. မိဂျိုး ..



မိဂျိုး သားကို ခွင့်လွှတ်နိုင်မှာပါ .. သူ့နောက်ကိုလည်း မိဂျိုး တကယ် မလိုက်ရက်ပါဘူး .. နေခဲ့မှာပါ .. နေခဲ့မှာပါ ဖေဖေရဲ့ .. ခုကျတော့ .. ခုကျတော့ .. သားက .. သားက .. အမေကို .. ချန်ရက်တဲ့သား ဖြစ်မြဲ ဖြစ်နေခဲ့တယ် မေမေရဲ့"

မိဂျိုး၏ တည်ငြိမ်စစိတ်သည် လွင့်၏။ ကယောက်ကယက် ဆန်၏။ သွေးပျက်နေသည့်နှယ်လည်း ငို၏။ ဒါပေမယ့် .. ထို မျက်ရည်တို့သည် .. နောင်တမျက်ရည်မဟုတ် ..။ ဆုံးဖြတ်ခဲ့ရာတစ်ခုကို ပြန်ပြင်နောက်ဆုတ်မည့် မျက်ရည်မဟုတ်။

"မိဂျိုး လေ .. ခဝါသည်မအဖြစ်လည်း လုပ်ခဲ့တယ် .. မီးပူလည်း တိုက်ခဲ့တယ် .. သားလေး အရွယ်ရောက် ပညာတတ် ဘွဲ့ရဖြစ်ရင် .. ပန်းရဂုံကို .. ခေါ်လာမယ်လို့လည်း စိတ်ကူးဆုံးဖြတ်ခဲ့တယ် .. အနာဂတ်ဟာ လှပနေခဲ့တယ် ဖေဖေ .. ဒါပေမယ့် .. မိဂျိုး မျှော်လင့်ခဲ့ရာ ရဲတိုက်ကြီး တစ်ခုဟာ .. ဖယောင်းနဲ့တည်တဲ့ ရဲတိုက်ရပ်ငယ်ငယ်လေးပဲ ဖြစ်ကုန်ရတယ် .. သတ္တိမရှိတဲ့ သားကြောင့် .. အပူဟပ်ပြီး ပျော်ကျကုန်ရတဲ့ ရဲတိုက် ပြို .. ရဲတိုက်ပျက်ဖြစ်ကုန်ရတယ် ..၊ အဲဒီအတွက် မိဂျိုး .. ဖေဖေနဲ့ မေမေ့ ကို တောင်းပန်ပါရစေ .. ဖေဖေနဲ့ မေမေ့အတွက် မြေးလိမ္မာတစ်ယောက် ကို .. ခေါ်မလာနိုင်တဲ့အတွက် .. အဲသလို .. အဖြစ်ကိုရောက်အောင် .. တာဝန်မကျေနိုင်ခဲ့တဲ့အတွက် .. မိဂျိုး ကို ခွင့်လွှတ်ပေးကြပါ .. မိဂျိုး သူ့ကို သံယောဇဉ်ဖြတ်သလို .. ချန်ခဲ့ပြီဖြစ်သလို .. ဖေဖေနဲ့ မေမေ ကလည်း သံယောဇဉ်မတွယ်ကြပါနဲ့ .. ချန်ရစ်လိုက်ကြပါ .. အမေကို ပစ်ရက်တဲ့သားဟာ .. အမေပစ် သားဘဝနဲ့ပဲ .. သူ့ဘဝ .. သူကျောင်းပါ စေ .. သူမှန်တယ်ထင်ရာ .. သူ့အိမ် မိသားစုနဲ့နေပါစေ .. သူ့ကို .. မိဂျိုး .. စာချုပ်တစ်စောင်နဲ့ ဖြတ်ခဲ့တာ မဟုတ်ဘူး ဖေဖေ၊ တကယ့်ကို .. တစ်ဘဝစာအတွက် ဖြတ်ခဲ့တာပါ ..၊ ချန်ခဲ့တာပါ ..၊ အမေတစ်ယောက်

www.burmeseclassic.com



ရဲ့မေတ္တာဟာ .. ခွင့်လွှတ်နိုင်စွမ်းတဲ့အင်အား မြင့်မားတာ မှန်ပါတယ် ..၊ ဒါပေမယ့် .. အစော်ကားခံ မိခင်ဘဝရောက်ရတဲ့ အထိတော့ .. အဲဒီမေတ္တာဟာ .. မမိုက်မဲနိုင်ဘူး ဖေဖေ .. သူက .. သူက .. မိဂျိုးကို .. လင်ပေးစားတဲ့ သားအဖြစ် .. တစ်ကိုယ်ကောင်းဆန် ကိုယ်လွတ်ရုန်းစော်ကားရဲတဲ့ သားဖြစ်နေတာ အဆိုးဆုံးပါပဲ .. သူ့ကို .. ဟောဒီလက်တွေနဲ့ မိဂျိုး ပြုစုခဲ့တယ် .. ချေးသေးသုတ်သင်ခဲ့တယ် .. ကျွေးမွေးခဲ့တယ် .. ဒုက္ခသုက္ခနဲ့ ရှာဖွေစောင့်ရှောက်ခဲ့တယ် .. အဲသလိုရှိတဲ့ ဒီအမေရဲ့ လက်ကို .. သူ .. သူ .. ပုတ်ချရက်ခဲ့တာပါ ဖေဖေနဲ့ မေမေ ရဲ့ .. ပုတ်ချခဲ့တာပါ ..”

မိဂျိုး မေမေ့ရင်ခွင်မှာ ခေါင်းတင်မိသည်။ မျက်ရည်ကျလာမိသည်။ ရင်သည် .. ခါနေ၏။ ဟာနဲ့ဆယ်နေရင်း ကြေမွနေသည့်ရင် ..။ ဖြန်းဖြန်းမြည်အောင်ကွဲနေသည့်ရင် ..။ သွေးကြောမျှင်တို့ ထောက်ခနဲ ထောက်ခနဲ ပြတ်ကုန်သည့်နှယ် ရှိနေရသည့် ကြေကွဲနှလုံးအိမ် ..။ အားလုံးကို .. ဤတစ်ကြိမ်မှာ မိဂျိုး .. မေမေ့ရင်ခွင်မှာ ခေါင်းဝင်၍ ယိုဖိတ်စီးကျစေပစ်လိုက်ပြီ ..။ မျက်ရည်တို့စီးစေ ..။ သွေးစိမ်းရှင်ရှင်တို့ ရင်မှပန်းသည့်နှယ် ဖျစ်ဖျစ်မြည်ကြစေ ..။ အဆုံးစွန် .. အနိုင်းမဲ့ .. ကြေမွနေသမျှ .. သွန်ကျကြစေ ..။ ဤသည့်နောက်မှာ .. တည်ငြိမ်ရင့်ကျက်ခြင်းတို့ကို .. ပြန်၍ .. မိဂျိုး စုစည်းယူပါ့မည်။ သစ္စာမရှိသူ၏ မယားဘဝလည်း မိဂျိုး ရောက်ခဲ့ရပြီ ..။ သစ္စာမရှိသောသား၏ အမေလည်း မိဂျိုး ဖြစ်ခဲ့ရပြီ ..။ ထိုဘဝကို ကြုံရသည့်နောက်မှာ ..။ မိဂျိုး ၏ ဘဝသည် .. တန့်ရပ်နေရမည်တဲ့လား ..။ မရပ်နိုင် ..။ ရပ်ခွင့်မပြုနိုင်။ မိဂျိုးသည် .. ရှင်သန်အောင်မြင်နေသော မိဂျိုး ဖြစ်နေရမည်။ အရှုံးပေးသော မိဂျိုး ဆိုတာကို မကျန်ရစ်စေရ ..။

“မိဂျိုး မောလိုက်တာ မေမေရယ် .. လောလောဆယ်မှာ .. မိဂျိုးလေ .. မေမေ့ရင်ခွင်မှာ .. အရင်တုန်းက မိဂျိုးလေးလို နေချင်လိုက်တာ ..”

ဟုခံစားချက်ကတော့ ရင်ထဲကျန်နေသည်။ မေမေ့ရင်မှာ မိဂျိုးခေါင်းလေးအပ်ထားမိသည်။ ကိုယ်လေးကို အတန်မျှ ကွေးညွတ်ချလိုက်မိကာ မေမေ့ရင်ခွင်ထဲ တစ်ကိုယ်လုံး ပိကျမှီချလိုက်မိရပါ၏။



မိဂျိုး ၏ ခဝါသည်အိမ်ငယ်လေးကို သော့ပိတ်၍ ချန်ခဲ့ပြီ ..။

မိဂျိုး ၏ ပန်းရဂုံခရီးအစသည်လည်း ဤနေ့မှာ .. အစပြုပြီ ..။

မိဂျိုး မှာ ရင်ခွင်နှစ်ခု အခိုင်အမာရှိနေသည်။ ဖေဖေနှင့် မေမေ့ ရင်ခွင်ပါတကား ..။

သစ္စာမရှိသူ၏မယား
သစ္စာမရှိသောသား၏အမေ
ရောက်ခဲ့ဖူးလေပြီကော
ငါ၏ကျန်သောနေ့ရက်များ
ငါ့အတွက်ပဲထားရင်း
ခွန်အားနှင့်ချစ်ခြင်းတွေ
ခြွေကြွေကာချနေရင်း
ပေးဆပ်ခြင်းဖြင့်ကုန်ဆုံးမည် ..။
ဤသည်ကား ..
သစ္စာမရှိသူ၏မယား
သစ္စာမရှိသောသား၏အမေဘဝ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ရေပူရေအေးရသည့် ရေချိုးခန်း ...။

ရေချိုးခန်းသုံးပစ္စည်းများ သူ့နေရာနှင့်သူ စင်လေးတွေထက်မှာ ရှိနေသည့် ရေချိုးခန်း ...။

ရေနွေးဖြင့် မိဂျိုး ရေချိုးခေါင်းလျှော်သည်။ ရှည်လျားသော ဆံနွယ် နက်နက်ခက်ခက်ကြီးကို ရှန်ပူမွှေးမွှေးဖြင့်လျှော် ...။ ကြွေကန်ဇလားမှာ ရေနွေးဖြင့် စိမ်၍ချိုး ...။ မွှေးမြမြဆပ်ပြာဖြင့်သန့်စင် ...။

"ငါ့ဘဝဟာ .. ဒီနေ့မှာ .. အသစ်ပြန်စတာပဲ .. အသစ်ပြန်စတာပဲ .. ရဲရင့်ပြတ်သားပြီး ထက်မြက်တဲ့ ငွေကြိုးကြာ ကို ရယူပိုင်ဆိုင်တဲ့နေ့ပဲ .. အေးမြတဲ့ဘဝ .. လုံခြုံတဲ့ဘဝ .. ချမ်းသာပြီးတော့ .. အောင်မြင်ရာ ဘဝခရီး စီးပွားကြီးတစ်ခုကို ထူထောင်နိုင်တော့မယ့် ငွေကြိုးကြာ ဘဝ .. မိဘရင်ခွင်မှာ အကြောင့်ကြမဲ့ နေခွင့်ရလိုက်တဲ့ မိဂျိုး ဘဝ .. အားလုံးကို .. ငါ .. ပြန်ရပြီ .. ပြန်ရောက်ပြီ .."

မိဂျိုး တကယ့်ကို နှုတ်မှ တတွတ်တွတ်ပြောနေခြင်း ...။ စကားလုံး တိုင်းကို အားမာန်ဖြင့် တစ်ကိုယ်လုံးအနှံ့ ပို့လွှတ်နေခြင်း ...။ သွေးကြော အနှံ့ ...။ နှလုံးအိမ်အနှံ့ ...။ ဦးနှောက်အနှံ့ ...။ အားလုံးရောက်စေရမည့် စကားလုံးများ ...။ မိဂျိုး ရေချိုးခန်းမှထွက်ကာ ရေစိုဆံနွယ်တို့ကို တဘက် ဖြင့် ဖွဖွသုတ်သည်။ ဟဲဒရိုင်ယာဖြင့် ဆံနွယ်တွေကို ခြောက်အောင်လုပ်



သည်။ ပြီးတော့ သနပ်ခါးလေးကို စိန်ပြေနပြေလူး၏။ အခန်းကျယ်ထဲမှ နှင်းဆီရနံ့က သင်းတမြမြလွင့်နေ၏။ ပန်းအိုးဆီမှ နှင်းဆီခက်ရောင်စုံ တို့က ပွင့်သည့်အခက်ကပွင့် ...။ ပွင့်လုလု ငုံသည့်ပန်းကငုံ ...။ ရနံ့လေး တလွှမ်းခြုံခြုံဖြင့် အခန်းကျယ်မှာ ပန်းတို့၏ ရနံ့ကို ဖြန့်ကျက်နေစေသည် တည့် ...။ ခြောက်သွားပြီဖြစ်သည့် ဆံနွယ်ကို ဆီမွှေးဖြင့် လူးလိုက်တော့ နက်မှောင်၍ ပျောင်းနွဲ့သည့် ဆံပင်တို့သည် စိုစိုလဲ့လဲ့ရှိလာ၏။ မှန်ထက် မှာထင်နေသည့် ပုံရိပ်ကို မိဂျိုး တစ်ချက် မမိုတ်မသုန်စိုက်ကြည့်နေမိရ ပါ၏။ အနည်းငယ်ပို၍ ပိန်ကျနေပေမယ့် .. သိပ်တော့ အပြောင်းလဲကြီး မရှိလှ ...။ ဖြူဥဥနှင့်လှသော ရုပ်အဆင်းသည် ဤအသက် လေးဆယ်စွန်းရုံ ရှိစ အရွယ်တစ်ခုကို .. နုနုပျိုပျို အရွယ်တင်နေစေဆဲ ...။ ထင်ရလှ အသက် သုံးဆယ်လေးလောက်ပဲ ထင်မှတ်စေနိုင်လောက်အောင် အရွယ်တင်နေ သော ရုပ်အဆင်း ...။ မိဂျိုး .. ဆံနွယ်တို့ကို တစ်ချောင်းတည်း ကျစ်လိုက် မိရပါပြီ ...။

အဝတ်ဘီရိုကို ဖွင့်မိ၏။ လှပသောပိုးဂါဝန်ရှည်များ စီရရီရှိနေ သည်က ပရုပ်လုံးလေးတွေ၏ သင်းနေခြင်းဖြင့်ပါ ...။ ဤ ဗီရိုကို လည်း ဒေါ်ကြီးထူးနှင့် မေမေတို့ မကြာမကြာ ပရုပ်လုံးထည့် ...။ အဝတ် တွေနေပြဖြင့် ရှိခဲ့ ...။ မီးပူတိုက်ခဲ့ကြတာ ဖြစ်ချေမည် ...။ ထိုအချိန်များမှာ မေမေသည် အဘယ်မျှထိ သမီးကို တမ်းတမျက်ရည်ကျနေခဲ့ချေမည် မသိ ...။ ဒေါ်ကြီးထူး လည်း ငိုနေချေမည်သာ ...။

မိဂျိုး အပြာရင့်ရောင်ပိုးဂါဝန်ရှည်ကို ရွေးချယ်လိုက်မိရပါ၏။ သားရေ လက်ဆွဲသေတ္တာထဲမှ အဝတ်တွေကို မိဂျိုး မဝတ်လို ...။ ဤ ပန်းရဂုံမှာ ကျန်ခဲ့ရာအဝတ်ကိုပဲ ဝတ်ချင်သည်လေ ...။ မိဂျိုး မှန်ထက်မှာ တင်နေ သည့် မျက်နှာလေးကို ကြည့်မိ၏။ သောကအငွေ့အသက်တို့ ငွေ့ငွေ့သော ကျန်နေသေးသည့် မျက်နှာ ...။ ဒါပေမယ့် .. အရှုံးပေးသော မျက်နှာ မဟုတ် ...။ အားမာန်နှင့် ဘဝတက်လမ်းကို ဆောက်တည်ဖို့ ပြတ်သားရဲရင့်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် မိန်းမတစ်ယောက်၏ မျက်နှာဖြစ်နေသည်။ အပြာရောင် ပိုးဂါဝန် ရှည်သည့် နည်းနည်းလေးတော့ ချောင်နေပေမယ့် ငယ်ဘဝ၏ ရုပ်အဆင်းကို ပို၍ နီးစပ်ရောက်ရှိသွားစေနိုင်၏။ ပျောင်းနွဲ့နွဲ့၊ ဖြူဥဥ မိဂျိုး အဖြစ် ပြန်လည်ရောက်ရှိနေရသည်တည့် ..။ မိဂျိုး ခေါင်းအုံးအောက်ကို လက်ကလေးဖြင့် စမ်းကြည့်တော့ ထင်သည့်အတိုင်းပါ ..။ မီးခံသေတ္တာသော့သည် ရှိနေဆဲ ..။ ဤအိပ်ရာကို ပြန်၍ ခင်းကျင်းပြီးတိုင်း .. ဤသော့လေးကို .. ဒေါ်ကြီးထူး ပြန်၍ ခေါင်းအုံးအောက်မှာ ထားခဲ့ချေသည်ကောလေ ..။ ဒေါ်ကြီးထူး ၏တည်မြဲသော သစ္စာရှိမှုဆိုတာကို အစကတည်းက မိဂျိုး စိတ်ချခဲ့သည်ပါပဲ ..။ ခုကြည့်။ ဒေါ်ကြီးထူး သည် .. ဤမီးခံသေတ္တာသော့ကို နေသားတကျ ယခင်နှယ်ပင်ပြန်၍ ထားခဲ့သည့်နှယ် ..။ မေမေသည်လည်း ဤခေါင်းအုံးအောက်ဆီမှ ပြန်ယူသိမ်းထားဖို့ပင် စိတ်ကူးမရှိခဲ့ ..။ ဤသည်ကဲလည်း .. ဒေါ်ကြီးထူး ၏ ကိုယ်ကျင့်တရားကို ယုံကြည်စိတ်ချ၍ပဲ ဖြစ်ချေသည်သာ ..။ ပြီးတော့ ..။ ဩော် .. ပြီးတော့ .. တစ်နေ့မှာ မိဂျိုး ပန်းရဂုံသို့ ပြန်ရောက်သည်ရှိသော် .. မိဂျိုး ထားခဲ့ရာ မီးခံသေတ္တာသော့သည် ခေါင်းအုံးအောက်မှာပဲရှိနေစေချင်၍ ဖြစ်ချေသည်သာ ..။ မိဂျိုး သော့ကိုယူကာ မီးခံသေတ္တာကို ဖွင့်မိရသည်။ ရတနာဘူးပြားတွေ ယခင်နှယ်ပင် စီထပ်၍ ရှိနေချေ၏။ မိဂျိုး ကတ္တီပါဘူးနီကို ထုတ်၏။ ထိုအထဲမှာ ပုလဲတစ်ဆင်စာရှိနေတာကို မမေ့သေး ..။ တကယ်လည်း မိဂျိုး ရွေးချယ်ရာသည် ပုလဲတစ်ဆင်စာပဲ ဖြစ်နေ၏။ မိဂျိုး ရတနာတွေကို ဝတ်ဆင်သည်။ ဆွဲထားသည့် ပုလဲနားဆွဲရှည်လေးသည် တနွဲ့နွဲ့ရှိချေ၏။ လည်တိုင်ဆီမှ ပုလဲလည်ဆွဲနှင့် လက်မှာဝတ်ထားရာ ပုလဲလက်ကောက်နှစ်ရံ ..။ လက်ဖွပ်က ပုလဲကိုစိန်ရံနေသည့် လက်ဖွပ် ..။ မိဂျိုး နောက်တစ်ကျော့ မှန်ကိုကြည့်မိသည်။ အလွန်လှနေသော မိဂျိုးပါတကား ..။ မူလ မိဂျိုး နှင့် အနီးစပ်ဆုံးတူနေသည့် ငွေကြိုးကြာ ဖြစ်နေပြီ ..။ မိဂျိုး ရေမွှေးလေးဆွတ်လိုက်ကာ အခန်းတံခါးကိုဖွင့်၍ အပြင်



ထွက်လာခိုက်မှာ ပန်းနုရောင် ဝက်ဝံရုပ်လေးပါသည့် အိမ်စီးဖိနပ်အပြာရောင်နုနုလေးကို စီး၍ပါ ..။

မိဂျိုး လှေကားအတိုင်း ဆင်းလာမိရပြီ ..။ ဧည့်ခန်းမှာထိုင်နေသည့် ဖေဖေနှင့် မေမေ ..။ ချက်ချင်း ထရပ်ကာ အငေးကြီးငေးကြည့်နေကြချေသည်တကား ..။

“ငါ့ကို .. လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်ကျော် .. အနှစ်နှစ်ဆယ်လောက်က မိဂျိုးလေး အဖြစ် ပြန်မြင်နေကြပြီပေါ့ .. ဖေဖေနဲ့ မေမေ ပြန်မြင်နေကြပြီပေါ့ .. ငါဟာ .. ခြေလှမ်းတွေယိုင်နဲ့ရင်း အနိုင်နိုင်အားယူလှမ်းနေရတဲ့ မိဂျိုး အဖြစ် ရှိမနေဘူးဆိုတာ ဖေဖေနဲ့မေမေ ယုံကြည်နေကြလောက်ပါပြီ .. ဖေဖေနဲ့မေမေ့ရင်ထဲမှာ ဒီသမီးရဲ့ကျန်ခဲ့ရာ ဘဝအတွက် ယူကျုံးမရဖြစ်နေရသမျှ .. စိတ်တွေ ထိခိုက်နေကြရလေသမျှ .. ငါ့ အတွက်.. မချိတင်ကဲဖြစ်နေကြရလေသမျှမှာ .. ခုလို .. ငါ .. ငယ်ဘဝလေးအတိုင်း တည်တည်ငြိမ်ငြိမ် လှေကားအတိုင်း ဆင်းလာတာမြင်ရင် .. စိတ်ထဲအေးချမ်းကုန်ကြမှာပါ .. ငါ့ရင်ထဲမှာ .. ရှေ့ခရီးအတွက် အားမာန်တွေရှိနေတယ် .. ထက်မြက်ခြင်းတွေရှိနေတယ်ဆိုတာ .. ဖေဖေနဲ့ မေမေတို့ နားလည်ကုန်ကြမှာပါ .. စိတ်သက်သာရာ ရကုန်ကြမှာပါ ..”

ဟု တွေးနေရင်း မိဂျိုး ဆင်းလာမိနေရဆဲ ..။ ဤသို့ ဖေဖေနှင့် မေမေတို့ စိတ်သက်သာရာရဖို့အတွက်လည်း မိဂျိုး ခုလို ဝတ်စားခဲ့ခြင်းလည်း ဖြစ်သည်။ ပြီးတော့ .. မိဂျိုး ကိုယ်ကို .. မိဂျိုး ဘဝအားမာန်ပေးနေခြင်းဖြင့်လည်း ဤသို့ ငယ်ဘဝက မိဂျိုးတစ်ယောက်ကို ပြန်၍ ရှင်သန်ဖြစ်တည်စေခြင်းလည်း ဖြစ်နေပါချေ၏။

“သမီးလေးရယ် .. သမီးလေးရယ် .. မေမေတို့ .. မေမေတို့ရဲ့ မိဂျိုးလေး ကို ပြန်ရလိုက်တာပါပဲလား .. ပြန်ရလိုက်တာပါပဲလား .. ကြည့်ပါဦးအစ်ကိုရယ် .. သမီးလေးဟာ .. ဟိုးက ငယ်ဘဝ မိဂျိုးလေးနဲ့ ဘာမျှား သိပ်ပြီး ခြားနားနေလို့လဲ .. နော် ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေမေ မိဂျိုး ၏လက်လေးကို ဆွဲ၍လည်း ပြော ..။ ဖေဖေ့ကိုလည်း ကြည့်၍ ပြောနေရှာပါ၏။ ဖေဖေ ပြုံး၍ မိဂျိုး၏ဆံစကို သပ်ပေးသည်။

"ဒါမှ .. အမှန်တရားလို့ခေါ်တယ် သမီး .. ဖြစ်ထိုက်ရာကို ရွေးချယ်တတ်တယ်လို့လည်း ခေါ်တယ်ကွယ့် .. ဒီမှာ သမီး .. ဖေဖေတို့ ဝန်းကျင်ကိုလည်း ရင်ဆိုင်ရဲကြမယ် .. လောကကြီးမှာ တည်ငြိမ်စွာ ရပ်တည်ရင်ဆိုင်ကြိုးစားခြင်းဆိုတာ .. အမှန်ဆုံးသော လမ်းတစ်ခုပဲ .."

ဟု ပြောလာပါ၏။

"တစ်ပတ်လောက် ခဏနား .. ပြီးရင်ဖြင့် ဖေဖေနဲ့အတူ .. ငွေလရိပ်ကို သမီးလိုက်ခဲ့ .. ဟိုမှာ အလုပ်ကို ဦးစီးနိုင်ဖို့ရာအတွက် သမီး ဖေဖေနဲ့အတူ ရုံးခန်းမှာရှိရလိမ့်မယ် .. သမီးရဲ့ ဘဘဒီပ လည်း .. ဝမ်းသာမှာ .. သူ့ကို လှော်လောဆယ်မှာတော့ ပန်းရဂုံမှာ သမီး ရောက်နေတာ .. မပြောသေးဘူး သိလား .. မနက်ဖြန်လောက်ပဲဖြစ်ဖြစ် .. ပြောပြလိုက်တာပေါ့လေ .."

ဟု ပြောသည့် ဖေဖေ့ကိုကြည့်ကာ မိဂျိုး ခေါင်းညိတ်ပြပါ၏။ ဤနေ့မှာတော့ မိဂျိုး သည် ဖေဖေနှင့် မေမေတို့နှင့်အတူ ရှိနေချင်သည်။ သီးသန့်ဖြစ်နေချင်သည်။

"တစ်ခုတော့ ရှိတယ် သမီး .. ဖေဖေ စဉ်းစားမိတာ တစ်ခုဆိုပါတော့ .."

ဟု မိဂျိုး ကို နှစ်ယောက်ထိုင်ဆိုဖာကြီးမှာ တူတူထိုင်စေရင်း ဖေဖေ ပြောလာပါ၏။ ခပ်ဆဆတစ်ချက် တွေးနေသလိုလည်း ငြိမ်၏။ ပြောလည်း ပြောချင်နေသည်။ ပြောရမှာလည်း ဝန်လေးနေသည့်ဟန် ..။

"ပြောပါဖေဖေရယ် .. မိဂျိုး အတွက် စိတ်မပူပါနဲ့ .. အဆိုးဆုံးတွေကို မိဂျိုး ရင်ဆိုင်ခဲ့ရပြီးပါပြီ .. နောက်ထပ် ဘာပဲကြုံကြုံ .. မိဂျိုး ခံနိုင်ရည်အလိုလိုရှိနေပြီးသားပါ .."



မိဂျိုး ပြောတော့ ဖေဖေ သက်ပြင်းရှိုက်၏။ မိဂျိုး ကို စာကြည့်ခန်းသို့ခေါ်လာသည်။ မေမေ့ကိုလည်း တူတူခေါ်လာသည်ပါပဲ ..။

စာကြည့်ခန်းထဲရောက်တော့ ဖေဖေ ပြတင်းအနီးမှာ သွားရပ်နေသည်။ မေမေက မိဂျိုး နှင့်တူတူထိုင်နေ၏။ မိဂျိုး ၏လက်လေးကို ထွေးဆုပ်ထားသည်။ မိဂျိုး ရေချိုး၊ အဝတ်အစားလဲနေသည့် အပေါ်ထပ်ခန်းမှာ ရှိနေချိန်မှာ ..။ ဖေဖေနှင့် မေမေတို့ တစ်ခုခုကိုတော့ တိုင်ပင်ခဲ့ကြဟန်တူ၏။ မိဂျိုး ကို ဖေဖေ ပြောရမည့်စကားအတွက်ပဲ ဖြစ်နေပါချေလိမ့်မည် ..။

"မပြောလို့မဖြစ်ဘူး သမီးရယ် .. မောင်ဘုန်းမြတ်ချမ်းသာ အကြောင်းပါပဲ .."

မိဂျိုး အေးစက်စက်ကြီး နှလုံးအိမ်ဆီမှ ခံစားရ၏။ လုံးဝ နှလုံးအိမ်မှ ရော .. ဦးနှောက်ဆီမှပါ ထုတ်ပယ်ခဲ့ပြီးသော လူတစ်ယောက်၏ အကြောင်းကို ကြားရတော့မည်။ ရင်သည်မလှုပ်ရှား ..။ စိတ်မဝင်စား။ အေးစက်ခါးသီးခြင်းပဲ ဖြစ်တည်၏။ ဒါပေမယ့် ပြောဆိုဆုံးဖြတ်ထားသူက ဖေဖေဖြစ်နေ၍ မိဂျိုး မတားပါ။ နားထောင်ပေးလိုက်တော့မည်ဟု ဆုံးဖြတ်၍ ငြိမ်သက်စွာ ထိုင်နေလိုက်သည်ပါပဲ ..။

"မောင်ဘုန်းမြတ် ဟာ .. သူ့မိဘအလိုကျ .. ယမုန်ဆွေ နဲ့ပဲ လက်ထပ်ခဲ့တယ် သမီး .. လက်ထပ်ပြီးစီးခြင်းနဲ့ ကျေးရူးတင်လွှာတွေတောင် သတင်းစာထဲပါလာခဲ့သေးတယ် .. အဲဒီအဖြစ်ကို သမီး သတင်းစာဖတ်မိခဲ့သလား .. မဖတ်မိခဲ့ဘူးလားဆိုတာ ဖေဖေ မသိပေမယ့် [illegible] ဆက်လာတဲ့အခါတွေမှာတော့ ဖေဖေ ဒီအကြောင်းကို တမင်မပြောဘဲ ထားခဲ့တာပါ .. သမီးကလည်း သိနေရက်နဲ့ ဖေဖေ့ကို တမင်မပြောဘဲ နေမှာလည်း ဖြစ်နိုင်တယ်လို့ တွေးမိတာတော့ ရှိတာပေါ့လေ .."

မိဂျိုး ခေါင်းခါသည်။ မိဂျိုး သတင်းစာမဖတ်ဖြစ်[illegible]အမှန် .. သတင်းစာလည်း မယူ ..။ ဘယ်ကိုမှလည်း သွားလာတာမရှိတော့ ..

www.burmeseclassic.com



သတင်းစာနှင့် အဆက်ပြတ်သည်က ခဝါသည်မဘဝ ရောက်ကတည်းကပါ ..။

ခုလို .. သူ .. တစ်အိုးတစ်အိမ် ထူထောင်သွားသည်ဆိုတာ ကြားရတော့လည်း ရင်သည် မလှုပ်ရှား ..။ တကယ်က .. သူနှင့် မိဂျိုး လုံးဝပတ်သက်စရာ မရှိတော့သည်ကလည်း ကွဲကွာပြတ်စဲခဲ့ကတည်းကပဲဖြစ်ချေသည်ပဲလေ ..။ သူ .. လက်ထပ်လိုက်တာကို ဝမ်းနည်းစရာလည်းမလို ..။ ခံလည်း မခံစားရ ..။ သူသည် .. မိဂျိုး ၏ ခံစားတတ်ရာ အသိစိတ်ဆိုသည့်အထဲကို လုံးဝပျောက်ကွယ်သွားခဲ့ပြီးသူ ဖြစ်နေသည်တည့် ..။

"လွန်ခဲ့တဲ့လေးနှစ်လောက်က .. ယမုန်ဆွေ ဆုံးတဲ့ နာရေးသတင်း .. သတင်းစာထဲမှာ ပါလာတယ် .. သမီးရဲ့ ဘဘဒီပ တွေ့တာနဲ့ ဖေဖေ့ကို တောင် လာပြသေးတယ် .."

မိဂျိုး ထိုအဖြစ်တွေကို တစ်ပါးသောသူပြောနေလျှင် ခေါင်းခါ၍တားမိမည်သာ။ ခက်သည်က .. ဖေဖေကိုယ်တိုင် ပြောနေခြင်းဖြစ်နေတော့ တား၍မဖြစ် ..။ ပြောပြသင့်သည်ထင်၍ ပြောနေခြင်းဆိုတာကို မိဂျိုး နားလည်ထားရသည်ကိုးလေ ..။

"အဲဒါ .. လွန်ခဲ့တဲ့ခြောက်လလောက်က .. သမီးရဲ့ ဘဘဒီပ ဆီကို .. ထက်သာအောင် ဖုန်းဆက်လာသတဲ့ .. ဒီပ ရဲ့ ဖုန်းနံပါတ်ကို .. သူတို့က မှတ်မှတ်သားသား သိမ်းထားတာကိုတော့ .. ရင်ထဲ အံ့ဩမိတာ အမှန်ပါပဲ .. ကဲပါလေ .. သူ ဆက်လာတဲ့ကိစ္စ .. တောင်းပန်ချင်လို့ပါတဲ့ .. သူ့ချွေးမလည်း ဆုံးပါပြီတဲ့ .. သူ့သားကလည်း .. အစာအိမ်ကင်ဆာ ဖြစ်နေသတဲ့.. သေရမယ့်သူဖြစ်နေချိန်မှာ .. သူတို့ဘက်က .. ဖေဖေတို့ ရဲ့ပန်းရဂုံကို တောင်းပန်ရမယ့် အကြွေးမကျေဘဲ ရှိနေမှာကို ခုလိုဘဝရောက်မှ လန့်လာကြတာမို့ .. သူတို့ဘက်က .. သမီးအပေါ် ရက်စက်ခဲ့ကြတာတွေကို တောင်းပန်ချင်ပါတယ်တဲ့ .. သူ့သား အသေဖြောင့်စေချင်လို့ပါတဲ့ .. သူတို့မှာ ဒီသားတစ်ယောက်ပဲ ရှိတာပါတဲ့ .. ယမုန်ဆွေ နဲ့ ဘုန်းမြတ်ချမ်းသာ



တို့ကလည်း သားသမီးမရခဲ့ကြဘူးတဲ့ .. သူတို့မှာ .. ဒီသားမရှိတော့တဲ့အခါ .. လောကအလယ်မှာ အသက်ကြီးမှ .. နှစ်ယောက်တည်း ကျန်ခဲ့ကြမယ့် လူအိုနှစ်ယောက် ဖြစ်ကြရမှာပါတဲ့ .."

ဟု ပြောနေတော့ မိဂျိုး သက်ပြင်းရှိုက်မိသည်။ တောင်းပန်သည်ဆိုရမှာပင် .. သေရမည့်သူအသေဖြောင့်အောင် တောင်းပန်ချင်ရပါသည်တဲ့လားလေ ..။ ဘယ်တော့မဆို .. ပေးဆပ်ခြင်းမပါသော သူတွေ။ ရယူလိုခြင်းတွေဖြင့်ပဲ ရှင်သန်တတ်နေသူတွေ ..။ တောင်းပန်သံထဲမှာပင် အတ္တဆိုသည့်အရာက ကပ်ပါနေသေးသည့်အဖြစ် ..။

"သမီးလေး ပန်းရဂုံမှာပဲရှိနေတယ်လို့ သူတို့ဘက်က ထင်နေကြတာလေ .. ဖေဖေတို့ဘက်ကလည်း သမီးလေး ပန်းရဂုံမှာ မရှိတဲ့ကိစ္စကို .. သူတို့ဘက်ကို ပြောပြစရာလည်းမလိုဘူးလေ .. သူတို့နဲ့ ဘယ်တုန်းကမှ ဆက်ဆက်ဆံဆံလုပ်ကြတော့တာမှမဟုတ်တာ .. အဲဒါ .. သူတို့ဘက်ကလည်း .. ခုလို .. တောင်းပန်ရမှုဖြစ်မယ်ဆိုတဲ့ ချောက်ချားမှုတွေနဲ့ ရစ်ပတ်နေကြရင်း .. ပန်းရဂုံကို လည်း ဖုန်းမဆက်ရဲကြ .. သူတို့အပြစ်နဲ့ သူတို့ဖြစ်နေကြရတော့ အဲဒီအခက်အခဲကို .. သူတို့ ဖြေရှင်းနိုင်ဖို့ ကြိုးစားခဲ့တာကတော့ .. ဒီပ ဆီကို ဖုန်းဆက်တောင်းပန်တဲ့နည်းပဲ ဖြစ်ခဲ့တယ်လေ.. ဒီပ ကလည်း .. သူတို့နဲ့မပတ်သက်ချင်အောင် စိတ်နာနေတဲ့သူဆိုတော့ .. ပြတ်ပြတ်ဖြေခဲ့တယ်တဲ့ .. ဘယ်တော့မှ ခွင့်လွှတ်ကြမှာလည်း မဟုတ်ဘူး .. နောက်ထပ်လည်း သူ့ဆီ ဖုန်းဆက်မလာနဲ့တော့လို့ ထက်သာအောင် ကိုပြောခဲ့တာတဲ့ .. နောက်ထပ် ဖုန်းဆက်လာရင် .. အဲဒီနံပါတ်ဆို .. ဖုန်းပိတ်ပစ်ခဲ့တာတဲ့ .. ပြီးတော့ သမီးမှာ ရင်သွေးလေးရှိနေတာကို .. ဖေဖေတို့က .. သမီးရဲ့ ဘဘဒီပ ကိုတောင် ပြောပြထားတာမရှိဘူးလေ .. သူလည်း အဲဒီကလေးရှိတဲ့ကိစ္စ .. ဟိုဘက်ကို ပြောပြစရာကိုမရှိခဲ့တာပါ .."

ဟု ပြောပြီး မိဂျိုး ကိုကြည့်သည်။

"သမီး ဆုံးဖြတ်ပါကွယ် .. သမီးရဲ့ တည်ငြိမ်ရဲရင့် ဆိုတဲ့သားကို

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ သားအဖြစ်က ပြတ်စဲခဲ့ပြီ .. ဒါ .. ဖေဖေ လက်ခံတယ် .. သမီး၊ ဒါကိုပဲ ရွေးချယ်ရမှာပဲလို့ ဖေဖေ မှတ်ယူတယ် .. အဲဒီကလေးကိုလည်း .. မြေးမြေးအဖြစ် မသတ်မှတ်တော့ပါဘူး .. အမေကိုပစ်တဲ့ သား .. အမေကို လင်ပေးစားတဲ့ သား .. အမေ့ရှာစာနဲ့ လူဖြစ်ရတာကိုတောင်မှ မထောက်ထားဘဲ .. ချမ်းသာရာ မိန်းမနောက်ကိုပါသွားတဲ့ အဲဒီကလေးကို .. ဖေဖေကလည်း မြင်လိုစိတ်မရှိပါဘူး .. ဒါပေမယ့် .. သမီး ပြောခဲ့ဖူးတယ်လေ .. တစ်နေ့မှာ .. ဒီကလေးဘွဲ့ရရင် .. အဖေကောင်းအဆိုး ပိုင်းခြားဆင်ခြင်ဝေဖန်တတ်ရင် .. ဂုဏ်လည်းတင့်ပြီမို့ .. ပန်းရဂုံကို ခေါ်ခဲ့မယ် .. ခရေရိပ်နဲ့ ဖြစ်ခဲ့ရာတွေကိုလည်း အားလုံးပြောပြမယ် .. အသိပေးမယ် .. သားက .. ဘယ်သူ့ဘက်မှာရပ်တည်မလဲ .. ဆုံးဖြတ်ပါစေဆိုတာလေ .. သူ့အဖေ .. သူ့အဖေဘက်က ဘိုးအေ ဘွားအေတွေနဲ့ အတူရပ်မလား .. မိဂျိုး ဘက်က ရပ်တည်မလား .. အဲသလို ဆုံးဖြတ်ခဲ့တဲ့ကိစ္စ .. ခု .. အဲဒါ မပြတ်ဘဲကျန်ခဲ့တယ် .. ဒီကလေးဟာ .. သူ့အဖေနဲ့တော့ ဆုံခွင့်ရသင့်တယ် .. သားတစ်ယောက်ရဲ့ အခွင့်အရေးပေါ့ သမီးရယ် .. အဲသလို ဆုံဖို့ဆိုတာကလည်း .. ဘုန်းမြတ်ချမ်းသာ မှာက အချိန်သိပ်မကျန်တော့ဘူး .. သူဟာ သေလူဖြစ်နေပြီ သမီး .. ဒီတော့ .. ဒီရတဲ့အချိန်လေး အတွင်းမှာ ဒီသားအဖ .. ဆုံကြပါစေလား .. ဆုံခွင့်ပေးလိုက်ပါလား .."

ဟုပြောလာတော့ မိဂျိုး ငိုင်နေသည်။ မိဂျိုး ကြိုတင်တွေးဆခဲ့သည့် အထဲမှာ ခုလိုကိစ္စတွေ ရှိမနေခဲ့ ..။ တွေးမထားခဲ့ ..။ ဒါပေမယ့် .. လက်တွေ့မှာ .. ဤအဖြစ်က ကြုံလာပြီ ..။ သားကိုလည်း မိဂျိုး လူအသိသက်သေဖြင့် ပြတ်သားစွာ စွန့်လွှတ်ခဲ့ပြီ ..။ သားကလည်း ဝမ်းမနည်းဘဲ လက်ခံခဲ့သည်။ လက်မှတ်ပင်ထိုးခဲ့ပြီးပြီ ..။ မိဂျိုး ဘဝမှာ .. သားဆိုတာ .. ကျန်ရစ်ခဲ့ရာအတိတ်ဆီမှ အပိုင်းအစတစ်ခုအဖြစ်ပဲ မှတ်ယူဆုံးဖြတ်ခဲ့ပြီးပြီ ..။

ဤသားကို မိဂျိုး ၏ မေတ္တာနှင့်လည်း မထိုက်တန်ရာ ..။ မိဂျိုး



၏ မိဘချန်ခဲ့ရာ စည်းစိမ်ချမ်းသာနှင့် ... ည်း မဟုတ်တန်ရာဟု မှတ်ယူသည်။ နောက်ဆံငင်စရာကို မထားဘဲ ပြတ်သားပြတ်ထင် ချန်ရစ်ခဲ့ပြီဖြစ်သည့် သား .. ဆိုသော ခံစားချက် ..။ ဤသားကို .. မိဂျိုး ပြတ်စဲခဲ့ရ၍ ဘယ်တော့မှလည်း နောင်တဖြစ်စရာကိုမရှိ ..။ ဒါပေမယ့် .. တစ်ပါးသော သူတို့နှင့်ပတ်သက်၍ .. ဤသားနှင့် ဤ ခရေရိပ်တို့မှ လူတို့အတွက် .. မိဂျိုး က ဆုံးဖြတ်ပေးရမည့်ကိစ္စတစ်ခုက .. လာ၍ ရစ်ပတ်လာနေကြပြန်ချေသည်တကား ..။

"လူတစ်ယောက်က သေရတော့မယ့်သူဖြစ်နေပြီ .. သူ့မှာ သားတစ်ယောက်ရှိနေမှန်းတောင် မသိခဲ့ရဘူး .. သားကလည်း သူ့အဖေ ဘယ်မှာနေတယ်ဆိုတာတောင် မသိခဲ့ရဘူး .. သူ့အဖေဟာ သူ့အမေကို ပြတ်စဲကွာရှင်းခဲ့တယ်ဆိုတာလောက်ပဲ သိခွင့်ရခဲ့တယ် .. အခု .. သူ့အဖေ သေလုဆဲဆဲအချိန်မှာ .. သူတို့သားအဖ ဆုံခွင့် .. တွေ့ခွင့်မပေးဘဲ ငါထားလိုက်ရင် .. တရားပါ့မလား .. သားက အဖေကိုတွေ့ခွင့်မရဘဲ ရှင်ကျန်ခဲ့မယ် .. အဖေက သားတစ်ယောက်ရှိမှန်း မသိလိုက်ရဘဲ .. သားဆိုတာကို မမြင်ဖူးလိုက်ရပဲ .. သေဆုံးသွားရတော့မယ် .. ငါ .. ငါ .. လူစိတ်ရှိဖို့လိုနေတယ် .. လူပီသဖို့လိုနေတယ် . လူတစ်ယောက် လုပ်သင့်ရာအလုပ်တစ်ခုကို .. လုပ်ဖို့ရာအတွက် ဆုံးဖြတ်ရဲတဲ့သတ္တိဟာ .. လိုအပ်လာနေပါရောလား .."

မိဂျိုး မျက်ရည်လည်နေသည်။ နာကျင်ကြေမွနေရသည့်ခံစားချက်တွေက ရင်ထဲမှာ ရုန်းကြွနေကြ၏။ မိဂျိုး အလွန်တရာကိုမှ စိတ်နာနေရသော ခရေရိပ် ..။ မိဂျိုး ကို တစ်ချက်မငဲ့ကွက်ဘဲ အညှာအထောက်ကင်းစွာ ကွာရှင်းလက်မှတ် ရေးထိုးခဲ့သည့်ယောကျ်ား ..။ အမေကို တစ်ယောက်တည်း .. အိမ်ငယ်လေးမှာ ခဝါသည်မ .. သူဆင်းရဲမအဖြစ် ချန်ရစ်ခဲ့ရက်သော သား ..။ ဤမိခင်သည် .. ကိုယ်လက်ထပ်ထားရာ မိန်းမတစ်ယောက်၏ဝန်းကျင်မှာ ဂုဏ်ငယ်စရာဖြစ်နေသည်ဟုပင် မှတ်သင်ချန်ရစ်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



သား ...။ အမွေပြတ်သားအဖြစ် လက်ခံလက်မှတ်ရေးထိုးပြခဲ့ကာ စွန့်ခွာပစ်ခဲ့သည့် သား ...။ ဤသို့သောသူတွေအတွက် .. မိဂျိုး .. လူပီသပြရဦးတော့မည် ...။ ကံကြမ္မာက .. ဤသို့ ဖြစ်လာပြန်နေသေးသည်ကောလေ..။

"မိဂျိုး .. သူတို့နဲ့ မပတ်သက်ချင်ဘူး ဖေဖေ .. ဒါပေမယ့် .. လူတစ်ယောက်အဖြစ် .. လူ့စိတ်ကိုတော့ မိဂျိုး မွေးမှဖြစ်မှာပါ .. ဒါကြောင့် .. ဘဘဦးဒီပ နဲ့ပဲ .. သူတို့ကို ဖုန်းဆက်ပြောပေးစေချင်ပါတယ် .. အဲဒါတွေ မလုပ်ခင်မှာတော့ .. ရန်ကုန်မှာ ကျန်နေရစ်ခဲ့တဲ့ အဲဒီ တည်ငြိမ်ရဲရင့် ဆိုတဲ့ ကလေးရဲ့လိပ်စာကို အရင် ဘဘဒီပ နဲ့ပဲ စုံစမ်းမှဖြစ်မှာပါ .. ကိုယ်မွေးခဲ့တဲ့ သားတစ်ယောက်ရဲ့လိပ်စာကို .. အမေတစ်ယောက်အဖြစ် .. မိဂျိုး သိခွင့်တောင်မရခဲ့တာပါ ဖေဖေ .. ဒါပေမယ့် .. သတင်းစာထဲမှာပါခဲ့တဲ့ သတင်းဓာတ်ပုံထဲမှာတော့ .. ပန်းမြကျော့ကျော့ ရဲ့ မိဘတွေဓာတ်ပုံပါတယ် .. ပန်းမြကျော့ကျော့ ရဲ့ အမည်ဆောင်းမှာလည်း .. သူတို့ရဲ့ အိမ်ဆောက်ပစ္စည်းစက်ရုံရဲ့ ပန်းမြပြည့်စုံ ဆိုတဲ့ အမည်ပါပါတယ် .. ပန်းမြပြည့်စုံအိမ်ဆောက်ပစ္စည်းစက်ရုံ ဘယ်မှာရှိတယ်ဆိုတာ ဘဘဦးဒီပ အရင်စုံစမ်းရပါမယ် .. အဲဒီလိပ်စာသိရင် .. အဲဒီ စက်ရုံပိုင်ရှင်ရဲ့ အိမ်လိပ်စာကို စုံစမ်းနိုင်ပါပြီ .. အဲဒီလိပ်စာသိမှ .. သားဆီကိုလည်း .. သူ့အဖေ ဘယ်မှာရှိနေတယ်ဆိုတာ ခရေရိုပ်ရဲ့ လိပ်စာနဲ့အမည်တွေကို ဘဘဒီပ ပြောပြဖုန်းဆက်နိုင်ပါလိမ့်မယ် .. ပြီးတော့ .. သူ့အဖေရှိရာ ခရေရိပ်ကိုလည်း ဘဘဦးဒီပ ကပဲ .. ဖုန်းဆက်ပြီး .. သူ့မှာ သားတစ်ယောက်ရှိတာ .. ဘယ်မှာ အဲဒီသားဟာ အိမ်ထောင်ကျပြီး နေနေတာတွေ ပြောပြနိုင်ပါ့မယ် .. ဒါပေမယ့် .. အဲသလို ဖုန်းဆက်ပြောတဲ့သူဟာ ဘဘဦးဒီပ ဆိုတာ မသိစေချင်ပါဘူး .. ဘဘရဲ့ လက်ရှိသုံးနေတဲ့ဖုန်းနဲ့ မဆက်စေချင်ပါဘူး .. ဟန်းဖုန်းနံပါတ် အသစ်တစ်ခုနဲ့ပဲ ဆက်စေချင်ပါတယ် .. ဒါမှမဟုတ်ရင်လည်း .. အများသုံး ဖုန်းတစ်ခုခုနဲ့ ဆက်စေချင်ပါတယ် .. ရန်ကုန်မှာ အများသုံးဖုန်းတွေ ရှိနေတာပါပဲ ..



သူတို့ချင်း ဆက်သွယ်ဖြစ်ကြဖို့ပဲလိုတာပါ .."

ဟု ပြောတော့ ဖေဖေ အငိုင်ကြီးငိုင်ကျသွားရပါပြီ ..

"ဘုရားရေ .. သမီးရဲ့ သား .. အဲဒီကလေးက .. သူ့လိပ်စ[illegible]လေးတောင် အသိမပေးခဲ့ဘူးလားကွယ် .."

ဟု ရင်ထုမနာ မေးလာပါ၏။ ဤအချက်ကို .. ဖေဖေပင် အသေးစိတ်မသိလိုက်ခဲ့ရ ...။ မိဂျိုး ပြောပြသည့်အထဲမှာလည်း ကျန်သွားခဲ့သည်လေ ..

"ဖေဖေ့ဘက်ကလည်း ပြတ်သားဖို့လိုလာတယ် သမီး .. ဒီလောက်မိုက်ရိုင်းတဲ့ ကလေး .. ဖေဖေ့စည်းစိမ်ကို .. သူ .. မစွက်ဖက်နိုင်အောင် .. ဖေဖေလုပ်ရလိမ့်မယ် .. ဖေဖေအသက်ရှင်နေတဲ့အချိန် .. ဖေဖေ ပိုင်ဆိုင်ရာကို .. ဘယ်သူ့ကိုမဆို .. လွှဲပြောင်းနိုင်တယ် .. ပေးနိုင်တယ် .. ဖေဖေ့သမီးကို ဖေဖေ အားလုံး အဲဒီပိုင်ဆိုင်ရာတွေ ရှေ့နေရှေ့ရပ်နဲ့ စာချုပ်စာတမ်းနဲ့ လွှဲပြောင်းပေးမယ် .. သမီး ပြတ်စဲခဲ့တဲ့ ဒီသားကို .. သမီး .. ဘယ်လို ချမ်းသာရာကိုမှမပေးဘဲ နေနိုင်ရလိမ့်မယ် .. မနက်ဖြန် .. အဲဒါတွေအားလုံး .. ဖေဖေ စီမံမယ် ...၊ အဲဒီ ပစ္စည်းလွှဲပြောင်းတဲ့ကိစ္စပြတ်မှ .. ဒီပ ကို .. ဒီတောင်ကြီးကနေပြီး ရန်ကုန်ဆင်း လုပ်ကိုင်ဖို့ရာ ဖေဖေ လွှတ်လိုက်မယ် .. သူ .. အဲဒီသားအဖ ဆုံနိုင်ဖို့ စုံစမ်းလိမ့်မယ် .. ဖုန်းနဲ့ သူတို့ကို ပြောပြလိမ့်မယ် .. ဒါပါပဲ .."

ဟု ဖေဖေ စိတ်မောစွာ ပြောလာပါ၏။ မိဂျိုး ၏ ဆံစကိုလည်း သပ်ပေးလာ[illegible]သည်။ မျက်ရည်လည်း ကျလာသည်။

"ကိုယ့်သား .. လက်ထပ်တဲ့ပွဲ မဆိုထားနဲ့ .. ကိုယ့်သား .. အလှူမင်္ဂလာ[illegible]မှာတောင် မပါရတဲ့အမေဘဝ .. ကိုယ့်သားလက်ထပ်တဲ့ မိန်းမ[illegible]ရဲ့အိမ်ကိုတောင် မသိရတဲ့ဘဝ .. ကိုယ့်ချွေးမက .. ကိုယ့်ရဲ့အိမ်ခေါ်တက်ပြီး မတူမတန်ပြောတာကို ခံခဲ့ရတဲ့ဘဝ .. ကိုယ့်သားက .. အမွေပြတ်စွန့်လွှတ်ဖို့ လက်ခံတဲ့ လက်မှတ်တောင် ထိုးပြခဲ့သမျှကို ကြည့်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမေဘဝ .. အဲသလို သားကို အမွေပြတ်စွန့်လွှတ်စာချုပ် လုပ်ခဲ့တာ မှန်ပါတယ်ကွယ် .. အခု .. ဖေဖေ့သမီးဟာ .. သမီးကို ဒုက္ခပေးခဲ့တဲ့ ဘုန်းမြတ်ချမ်းသာ ဆိုတဲ့လူတစ်ယောက်နဲ့ .. သူ့သား၊ သူ့အဖေ .. သူ့အဖေ၊ သူ့သား ဆုံကြဖို့ရာ .. လူစိတ်မွေးနိုင်ခဲ့တဲ့အတွက် .. ဖေဖေ .. ဂုဏ်ယူပါတယ်သမီး .. ဘာပဲဖြစ်ဖြစ် .. ကံယုံ နဲ့ ခင်ဖွေး တို့ရဲ့ သမီး .. ငွေကြိုးကြာ ဟာ .. လူစိတ်မွေးခဲ့တယ် .. လူပီသခဲ့တယ်ဆိုတာ ဖေဖေနဲ့ မေမေတို့အတွက် .. မွေးကျိုးနပ်ခဲ့တဲ့သမီးအဖြစ် ရှိစေတာပါပဲကွယ် .. ရှိစေတာပါပဲ ..''

ဟု တုန်ခါနေသည့်အသံတွေဖြင့် ပြောနေသည်။ ဖေဖေနှင့် မေမေ မျက်ရည်ဖြိုင်ကျနေကြသည်။ သမီးဘဝအတွက် ရင်ထုမနာ ဖြစ်ရသည့် မျက်ရည်များဆိုတာ မိဂျိုး သိနေသည်ပါပဲ။ ဖေဖေ တွေးပိုက်လာပါသည့် ရင်ခွင်မှာ မိဂျိုး မျက်နှာလေးအပ်ထားမိရင်း .. တိတ်ဆိတ်စွာ .. မျက်ရည်ကျနေရပါပြီ ..။ အသံမဲ့နေသောမျက်ရည် ..။ ထိုမျက်ရည်တို့သည် .. နှလုံးအိမ်ကို ထိုးဖောက်၍ .. ကျလာသည့်မျက်ရည်များ ....။



သင့်အား ...
ကျွန်ုပ် .. ကလှဲစားမချေ ...။

သို့သော် ...
သင်၏ထောက်ညှာကင်းမဲ့
ရက်စက်ခဲ့ခြင်းများကို
ကျွန်ုပ် ... ဘယ်လိုမှခွင့်မလွှတ် .....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

"မိဂျိုးလေး ရေ .. ခြံဝမှာ ကားတစ်စီးရောက်နေတယ် .. မိဂျိုး .. အင်း .. သူပြောတာကတော့ .. မေမေနဲ့ တွေ့ပါရစေတဲ့ .. သူဟာ မိဂျိုးလေးနဲ့ရုပ်ချင်းလည်း ဆင်တာမှ .. အတော်ကြီးကို ဆင်နေတာပါ .. မိဂျိုး မှာ သားတစ်ယောက် တကယ်ပဲရှိခဲ့သလားဟင် .. သူ့ကို .. ဝင်ခွင့်ပေးလိုက်ရမလား .. သူ့ဘေးမှာလည်း အလွန်ချောတဲ့မိန်းကလေးတစ် ယောက်ပါလာတယ် .. နှစ်ယောက်စလုံး ဝတ်ကောင်းစားကောင်း .. သန့်သန့်ချောချော လေးတွေပါပဲ .."

ငွေလရိပ်သို့ သွားဖို့ရာ အခန်းမှထွက်လုလုအချိန်မှာ ဒေါ်ကြီးထူး အခန်းထဲဝင်လာကာ ပြောလာတော့ မိဂျိုး တစ်ချက် စဉ်းစား၏။

ပြဿနာတစ်ခုသည် .. အဆုံးသတ်ခဲ့ပြီဟု မှတ်ယူခဲ့၏။ ထိုကိစ္စက မပြတ်နိုင်သေးပဲ ခြံတံခါးဝသို့ ရောက်လာပြီ။ ဤအတိုင်းထား၍ မဖြစ်။ ပြတ်သားဖို့လိုနေသည်လေ ..။

"သူတို့ကို ဝင်ခွင့်ပေးလိုက်ဖို့ ဘဘစံကို ပြောလိုက်ပါ ဒေါ်ကြီးထူး .. တစ်ချိန်က .. အဲဒီကလေးဟာ .. မိဂျိုး ရဲ့သားအဖြစ် .. တကယ်ပဲ ရှိခဲ့ပေမယ့် .. မိဂျိုး ရဲ့နှလုံးအိမ်ကို .. ချေမွခဲ့တဲ့အချိန်ကစပြီး .. သူနဲ့



မိဂျိုး .. မပတ်သက်ရာအဖြစ် သဘောတူခဲ့ကြပြီးသားပါ .. အမေကို သားက .. ပြတ်သားချန်ရစ်ရဲပါတယ်လို့ စာချုပ်တစ်စောင်မှာ လူသိသူသိ လက်မှတ်ထိုးခဲ့တဲ့သားဆိုပါတော့ .. သူနဲ့ မိဂျိုး ပြောကြဆိုကြချိန်မှာ ဧည့်ခန်းကို .. ဒေါ်ကြီးထူး ရော .. ဘဘစံရော မလာကြပါနဲ့နော် .. အကောင်းဆုံးကတော့ .. ခြံထဲမှာ နေလိုက်ကြပါ .. အမေတစ်ယောက်ဟာ သားတစ်ယောက်ကို .. နှလုံးအိမ်ထဲက ထုတ်ပစ်နိုင်ခဲ့လောက်အောင် .. အဲဒီ သားဟာ ဘာတွေလုပ်ခဲ့နိုင်သလဲဆိုတာ .. တွေးကြည့်နေပါတော့ ဒေါ်ကြီးထူး ရယ် .. ကဲ .. ခြံတံခါးဖွင့်ပေးလိုက်ပါတော့နော် .."

ဟု မိဂျိုး ပြောတော့ ဒေါ်ကြီးထူး မျက်ရည်လည်နေသည်။ မိဂျိုးကို တွေ ၍ကြည့်၏။

"ဒေါ်ကြီးထူး ရဲ့ မိဂျိုးလေး ကံမလှလိုက်တာကွယ် .. အိမ်ထောင်ရေးကံခေခဲ့ရုံပဲ မှတ်ခဲ့မိပါတယ် .. ခုကျတော့ .. သားကံပါခေခဲ့ရတာကိုး .. ဩော် .. အဲဒီမျိုးဆက် .. အဲဒီသွေးလိုက်ခဲ့တယ် ထင်ပါရဲ့ .. ထင်ပါရဲ့ .."

ဟု ခပ်ညည်းညည်းပြောကာ  န်းထဲမှ ထွက်သွားပါ၏။ မိဂျိုးနှင့်ပတ်သက်လာလျှင် ဒေါ်ကြီးထူး  ည်လည်း မိဂျိုး အပေါ် သက်ဝင်ယုံကြည်မှုရှိနေချေသည်တကား ..။ မိဂျိုး ၏ ရပ်တည်မှုသည် မှန်ကန်သည်ဟု အကြွင်းမဲ့ယုံကြည်ပေးခြင်း ..။

မိဂျိုး အခန်းထဲမှာ ငြိမ်သက်စွာ တစ်ချက် ရပ်နေမိရမြဲ ..။ နောက်တော့ မှန်ရှေ့မှာ သွားရပ်မိသည်။

ခရမ်းရင့်အခံတွင် ပန်းနုရောင်နှင့် အဖြူချိုတ်သေးသေးတွေဖြင့် လှပနေသည့် ထမီ။ အင်္ကျီလက်စက ခရမ်းရင့်ပိုးထည်လေးကလည်း ပိုးချည်ထိုး ပန်းပွင့်လေးတွေဖြင့် လှပစွာ ရင်ဖုံးပုံဆန်းလေးနှင့် ရှိနေသည်ပါပဲ ..။ ထက်အောက်ပိုးဆင်လေးဖြင့် ရှိနေပါသည် မိဂျိုး ..။ ဆံပင်ကို တစ်ချောင်းတည်း ကျစ်ချထားသည်။ ရှည်ခက်နေသော ဆံကျစ်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဒူးခေါက်ကွေးအောက်သို့တိုင်အောင် ရှိ၏။ ဤသည်ပင်လျှင် အဖျားကို ဆံကျစ်လေးထုံးထားရသေးသည်တည့် ...။ သပ်ရပ်စွာဖြီးထားသော ဆံနွယ်နက်နက်ကို စိန်ကလစ်ဖြင့် တစ်ဘက်စီညှပ်ထားသည်။ စိန်နားကပ်က အပွင့်ကြီးတစ်ပွင့်ဆင်နားကပ် ...။ တုတ်ခဲသော ရွှေကြိုးရှည်မှာ စိန်ဆွဲသီးကို ဆွဲထားသည်။ စိန်လက်ကောက်ကလေး ကွင်းဆင့်ရှိနေကာ ...။ စိန်လက်ပတ်ကြိုးတပ် ရွှေနာရီလေးက ဘယ်လက်မှာရှိ၏။ ဘယ်လက်မှာက စိန်ပွင့်ကြီးကြီးလှဲ့လှဲ့ လက်စွပ်တစ်ကွင်း။ ညာဘက်မှာက လေးတန်းသွားစိန်လက်စွပ်တစ်ကွင်း ...။ အားလုံးသည် ... ဖွေးဥနေသော မိဂျိုး ၏ ရုပ်အဆင်းလေးနှင့်အပြိုင် လင်းလဲ့နေကြသည်တည့် ...။

ရွှေလက်ပွေ့အိတ်ကို မိဂျိုး ဟန်လေးဖြင့် ပွေ့ကိုင်၍ ထရပ်သည်။ ငွေလရိပ်ပန်းတိမ်အလုပ်ရုံမှ ထုတ်လုပ်ရာ ရွှေလက်ပွေ့အိတ် ...။

မိဂျိုး အခန်းမှထွက်သည်။ မျက်ခုံးနက်နက်ခုံးခုံး၊ မျက်ဝန်းနက်နက် ရွှန်းရွှန်းနှင့် မျက်တောင်ရှည်ထူထူလေးတွေနှင့် နှာတံလေး ထင်းနေသော မိဂျိုး ...။ နှုတ်ခမ်းနအိအိလေးမှာ ပန်းနုရောင်လေးဆိုးထားပါသည့် မိဂျိုး ...။ ခုအချိန်မှာ ရွှေအဆင်းနှင့် လင်းလဲ့သည်ဟုများ အမေကို ကြည့်၍ သား ဂုဏ်ယူပြနေချေမှာ သိနှင့်နေသည်။ မိဂျိုး အသင့်ပြင်ဆင်ထားသည်က .. သား၏နှုတ်မှ တရသွန်ပြိုကျလာကြမည့် တောင်းပန်စကားများကို ရင်ဆိုင်ဖို့ရာပဲ ဖြစ်လေသည်။

စကြံရှည်ထက်မှာခင်းထားသည့် ကြမ်းခင်းကော်ဇောရှည်နီနီထက်မှာ လျှောက်နေသည့် ခြေဖမိုးနုနုသည် .. အိမ်စီးဖိနပ်ပန်းရောင်လေးဖြင့် ရှိနေ၏။ လှေကားထိပ်သို့ မိဂျိုး ချိုးကွေ့ရောက်လာချိန်မှာ ဧည့်ခန်းမှာ ငြိမ်ကုတ်၍ထိုင်နေသည့် သားနှင့် ပန်းမြကျော့ကျော့ တို့ကို တွေ့လိုက်ရသည်ပါပဲ ...။ အပေါ်ထပ်ဆီသို့ တမော့မော့မျှော်နေသည့် ထိုလူသားနှစ်ယောက်သည် ကသောကမျော ထ၏။ မဝံ့မရဲကြည့်၏။



သားကတော့ လက်အုပ်ချီပြနေပြီ ...။ ပြုသမျှ .. ခွင့်လွှတ်ပါ အမေ .. ဟု စတင်လာသည့် ကြိုးပမ်းမှုတစ်ခုကိုတော့ဖြင့် မိဂျိုး ရင်ဆိုင်တိုးရချေပြီတကား ...။

မိဂျိုး လက်ပွေ့အိတ်ကိုပိုက်၍ မဟာဆန်ဆန်ပင် ဆင်းလာလိုက်ရပါ၏။ တော်ဝင်မင်းသမီးတစ်ပါး ဆင်းလာသည့်ဟန် ...။

အကြည့်က တည်ငြိမ်နေသည်။ အပြုံးမရှိ ...။ မာကြောမှုလည်း မရှိ ...။ လှောင်ရိပ်လည်း မရှိ ...။ အေးစက်နေသောအကြည့် ...။

"မေမေ ..."

လှေကားဆီသို့ သား ကသောကမျောပြေးလာတော့ မိဂျိုး ဆင်းလာသည့်ခြေလှမ်းကို လှေကားထစ်မှာ တန့်လိုက်ကာ လက်ကို ရှေ့သို့ တန်း၍ ကာသည်။

"ကျွန်မ နာမည် ဒေါ်ငွေကြိုးကြာ ပါ .. မောင်တည်ငြိမ်ရဲရင့်၊ ပြန်ထိုင်နိုင်ပါပြီ .. ပြန်ထိုင်ပါ .. ထိုင်ပါ .."

ဟု ပြောတော့ သား မော့၍ကြည့်သည်။ ချိုးပွဲချ၍ငိုသည်။ လှေကားရင်းကြမ်းပြင်မှာ ပုဆစ်တု[illegible]င်ကာ ကန်တော့သည်။

"သား မှားခဲ့ပါတယ် မေ[illegible]ရေ့ .. သားကို ခွင့်လွှတ်ပါ .. သား ကန်တော့ပါတယ် မေမေ .. ခုလိုတော့ သားကို သူစိမ်းတရံစာလို မပြောပါနဲ့ မေမေရယ် .. သား .. မေမေ့ဘဝမှန်ကို သိသိချင်း .. ဒီမှာရှိနေတာကို သိသိချင်း .. လိုက်လာရတာပါ .. ပန်းမြ လည်း နောင်တရနေပါပြီ မေမေ .. သူလည်း မေမေ့ကို တောင်းပန်ချင်လို့ လိုက်လာတာပါ .. ပန်းမြ ရဲ့ ဒက်ဒီနဲ့မာမီကလည်း .. သားနဲ့ ပန်းမြ တို့ရဲ့မိုက်မဲမှုကို တက်တခေါက်ခေါက်နဲ့ အပြစ်တင်နေကြတာပါ .. အရာရာကို မစူးမစမ်းဘဲ .. မဆင်မခြင် လုပ်ခဲ့တာမို့လို့တဲ့ မေမေ .. သား တောင်းပန်ပါတယ် အမေရဲ့ .. သားကို ခွင့်လွှတ်ပါ မေမေ .."

ဟု ပြောလိုက် ငိုလိုက်ဖြင့် ရှိနေသည်။ မဝံ့မရဲ [illegible]ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်မှာ ငြိမ်သက်စွာ ခပ်မတ်မတ်ငြိမ်ရပ်နေသည့် မိဂျိုး ကို မော့ကြည့်နေရာမှ အရဲကိုး၍ လှေကားတစ်ထစ်မှာ ခခယယ ထိုင်လာသည်။ မိဂျိုး ၏ ဒူးကို ပွေ့ပိုက်၍ ခေါင်းတင်ငိုသည်။ မိဂျိုး ဘာမျှမပြော။ သားကို ငုံ့လည်းမကြည့် ..။ ဆံစလေးကိုပင် သပ်မပေး ..။ ငုံ့ကြည့်ရမှာ နှလုံးအိမ်က ကွဲကျေစွာ ဟန့်တားနေသဲ့သည်။ ခံစားချက် အပြင်းစားက .. ဟန့်တားနေသည်။ မိဂျိုး စတင်၍ ခြေထောက်ကို လှုပ်ရှန်းလိုက်တော့ သား ငိုယိုရင်း လက်တွေပိုက်ထားတာကို လွှတ်ပေးလာပါ၏။ မိဂျိုး ညွှန်ခန်းသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်တော့လည်း နောက်မှ တကောက်ကောက် ငိုယိုလိုက်ပါလာသည်။

ဆိုဖာရှည်ကြီးထက်မှာ မိဂျိုး ထိုင်တော့ .. သား ကြမ်းပေါ်မှာ လာထိုင်၏။ မိဂျိုး ၏ ပေါင်ပေါ် ခေါင်းတင်၍ငိုနေသည်။ ပန်းမြကျော့ကျော့လည်း မနေတတ်မထိုင်တတ်ဖြစ်နေရင်း ဘေးမှာထိုင်၍ မိဂျိုး ကို ကြည့်၏။

"ပန်းမြ ကန်တော့ပါတယ် မေမေ .. ပန်းမြ တို့နဲ့အတူ လိုက်ခဲ့ပါနော် .. ဒါမှမဟုတ်ရင်လည်း .. ဒီမှာ မေမေနဲ့ တူတူနေပါ့မယ် မေမေ .. ဟိုနေ့ကအဖြစ်တွေကို .. ပန်းမြ .. ဒီတစ်သက် နောင်တရလို့ဆုံးမှာ မဟုတ်ပါဘူး .. ရှက်လို့ဆုံးမှာလည်း မဟုတ်ပါဘူး မေမေရယ် .. ပန်းမြ တို့က .. ကလေးပါ .. ခွင့်လွှတ်ပေးပါနော် .. မလိမ္မာတစ်ခါမိုက်ပေမို့ ခွင့်လွှတ်ပေးပါ .."

မိဂျိုး ဘာမျှမပြောသေး ..။ အားလုံး လွှတ်ထားပေးသည်။ ပြောကြစေ ..။

"ဖေဖေ ဘယ်မှာရှိတယ်ဆိုတာ .. ဖုန်းနဲ့ .. လူတစ်ယောက်က .. ဆက်သွယ်လာတယ် မေမေ .. ဖေဖေ့ဆီကိုလည်း ဆက်သွယ်ပြောပြခဲ့သေးတယ်သိလား .. သားက နောက်နေတယ်ထင်ခဲ့မိတာပါ .. သူ ပြောတဲ့ ခရေရိပ်ဆိုတဲ့ အိမ်လိပ်စာတည်ရာအရပ်ဟာ .. တကယ့် လူချမ်းသာတွေရဲ့နေရာဖြစ်နေတော့ .. မယုံမိခဲ့ဘူး မေမေ .. သားတို့နေခဲ့တဲ့ အိမ်ဝန်းကျင်



ကတစ်ယောက်ယောက် .. သားကို ကြည့်မရတာနဲ့ .. တမင်တကာဖုန်းဆက်ပြီး နောက်နေတယ်လို့ ထင်ခဲ့မိတာပါ .. ပန်းမြပြည့်စုံအိမ်ကြီးရဲ့ ကြိုးဖုန်းကို ဘယ်လိုစုံစမ်းခဲ့ပါလိမ့်လို့တောင် သားက အံ့ဩနေမိခဲ့တာပါ မေမေ ..၊ ဒါပေမယ့် .. တကယ့်ကိုပဲ .. သိပ်မကြာခင်မှာ .. ခရေရိပ်က .. တိုးဘိုး ဦးထက်သာအောင် နဲ့ ဘွား ဒေါ်နုနုမွေး တို့ ကားနဲ့ ပန်းမြပြည့်စုံအိမ်ကြီးကို ရောက်လာကြ .. ငိုကြ .. ပြောကြနဲ့ .. ရှိကုန်ကြရတာ .. ဘိုးနဲ့ ဘွားတို့ကလည်း သူတို့ဆီကို .. အခုလေးတင်ပဲ ဖုန်းဝင်တာတဲ့ .. အများသုံးဖုန်းကဆက်တာတဲ့ .. ကြားကြားချင်း .. သူတို့လိုက်လာတာတဲ့ .. တကယ်အမှန်ပဲ မြေးရှိနေတယ်ဆိုရင် .. ထီပေါက်သလိုပါပဲတဲ့ .. ငိုလိုက်ကြတာမှအရမ်းပဲ .. ဖေဖေ့ဆီလည်း ခေါ်သွားမယ်လို့ ပြောကြတယ် မေမေ .. ပြီးတော့ ဖေဖေနဲ့မေမေတို့ လက်ထပ်တုန်းကဓာတ်ပုံတွေ ပြကြတယ် .. သားရဲ့ မေမေလားလို့လည်း မေးကြတယ် .. မေမေက ပန်းရဂုံမှာမဟုတ်ဘူးလား .. ဒီမှာရှိနေသလားလို့လည်း မေးကြတယ် .. တကယ့်ကို ဘုမသိ ဘမသိနဲ့ .. သတင်းကြားကြားချင်း ပြေးလာကြ .. မေးကြတာ မေမေရယ် .. အဲဒီတော့မှ သား တကယ်သိလာရတာ .. သားမှာ .. အဖေရှိတယ် ပြီးတော့ ဘယ်မှာရှိနေတယ်ဆိုတာလေ .. မေမေ ဘယ်တုန်းကမှ ဖေဖေ ဘယ်မှာရှိတယ်ဆိုတာ ဖွင့်မပြောခဲ့ပေမယ့် .. အဲဒီသတင်းပေးသူရဲ့ ကျေးဇူးကြောင့် .. ဖေဖေရှိတဲ့နေရာကို .. သားရောက်ခဲ့ရပြီးပြီ မေမေ .. ဖေဖေက .. အရမ်းသနားဖို့ကောင်းနေပါတယ် .. ဖေဖေ့မှာ .. ဖေဖေ့မှာ ကင်ဆာ .. ဖြစ် .. နေ .. တယ် .. မေမေ .. အိပ်ရာပေါ်မှာ .. လဲ .. နေ .. တာ .."

သား တစ်တစ်ဆို့ဆို့ပြောနေတော့ မိဂျိုး မျက်ဝန်းကို စုံမှိတ်ထားရပါ၏။ အဖေကို ထိုအဖြစ်နှင့်မြင်သည်မို့ သားပေပဲလေ ..။ ထိခိုက်ခံမည်သာ ..။

"ဖေဖေဆိုတာ .. သားကို မြင်ချင်ဇောနဲ့စောင့်နေတာ .. သား

www.burmeseclassic.com

www.burmeseclassic.com



နေတယ် .. ပန်းမြပြည့်စုံမှာ ရှိနေတယ်ဆိုတာတွေ လိပ်စာကအစ ဘိုးဘိုးရဲ့ ခရေရိပ် ကြိုးဖုန်းကိုဝင်တော့ .. ဖေဖေ့မှာ တကယ်များဖြစ်နေမလားဆိုပြီး အရမ်းမျှော်လင့်နေရ .. စိတ်လှုပ်ရှားနေရတာတဲ့ မေမေ .. ဘိုးတို့ကလည်း ချက်ချင်းလိုက်လာကြသလို .. ဖေဖေကလည်း စိတ်ဓာတ်တင်ပြီး တမျှော်မျှော်နဲ့ ရှိနေရရှာတာက .. အိပ်ရာပေါ်မှာ ပက်လက်ဖြစ်နေရင်းနဲ့ပါ .. အရိုးအရေတင်ဖြစ်နေရင်းနဲ့ပါ မေမေ ..''

ဟု ပြောနေတော့လည်း မိဂျိုး ငြိမ်သက်နားထောင်နေသည်။ ဘာမျှမမေးဘဲ ငြိမ်နေသည့် မိဂျိုး ကို အကဲခတ်သလို သား မော့ကြည့်၏။ ပန်းမြကျော့ကျော့ ကလည်း ကြည့်၏။ အရမ်းနှုတ်ဆိတ်နေသည့် မိဂျိုး ကြောင့် ပို၍ မနေတတ် မထိုင်တတ် အနေကျပ်နေကြတာလည်း သိသာနေကြသည်ပါပဲ ..။

''မေမေနဲ့ ပတ်သက်ပြီး ဖေဖေ မေးရှာတယ် .. နောင်တလည်း အရမ်းရနေတာပါ မေမေ .. မေမေနဲ့သား .. အိမ်ငယ်လေးမှာနေခဲ့ကြတာ .. မေမေ ခဝါသည်အလုပ်ကိုလုပ်ခဲ့တာ ..'ပြောပြတော့ .. ဖေဖေ မေးတယ် .. ပန်းရဂုံမှာ မနေဘူးလားတဲ့ .. သားက ပန်းရဂုံဆိုတာ ကြားတောင်မကြားခဲ့ဖူးပါဘူး 'ဖေဖေလို့ဖြေတော့ .. ဖေဖေ မျက်ရည်ကျတယ် .. မေမေ့အပေါ် အရမ်းကို ရက်စက်ခဲ့တာပါတဲ့ .. အဲဒီဝဋ်လည်း ဆပ်နေရတာပါပဲတဲ့ .. မေမေ့ကို .. တောင်းပန်ချင်တယ်တဲ့ .. ငိုရင်း ပြောတယ်မေမေ .. သားကိုလည်း ချစ်လိုက်တာ .. တစိမ့်စိမ့်ကြည့်နေတာ မေမေ .. လက်ကိုမလွှတ်ဘူး ..''

ဟု ဆက်တိုက်ပြောနေရာမှ မိဂျိုး ကို လက်အုပ်ချီ၍ သား ကန်တော့ပြန်ပါ၏။

''ခရေရိပ်မှာ ဖေဖေ သေကောင်ပေါင်းလဲ ဖြစ်နေရှာပါပြီ မေမေရယ် .. ဖေဖေ့ကို .. မေမေ ခွင့်လွှတ်ပေးပါနော် .. ဖေဖေ့ခမျာ အားငယ်ရှာနေတာပါ .. စာလည်း မရေးရဲဘူးတဲ့ .. ဖုန်းလည်း မဆက်ဝံ့ပါဘူးတဲ့ ..



တောင်းပန်ချင်သမျှကို .. သားနဲ့ပဲ ပြောလိုက်ပါရစေတဲ့ .. ဖေဖေ့ကို ခွင့်လွှတ်ပေးပါတဲ့ မေမေ .. အသေဖြောင့်ပါရစေတော့တဲ့ ..''

ဟု ပြောနေသည့်သားကို မိဂျိုး ခုမှ ပြုံး၍ကြည့်သည်။ အဖေအတွက် တောင်းပန်နေမည်ပေါ့ ..။ အဖေက ခရေရိပ်မှ လူချမ်းသာဖြစ်နေသည် ကိုးလေ ..။ အဖေသာ ဆိုက်ကားသမားဖြစ်ကြည့် ..။ ဤသား .. ဤသို့ ရောက်လာစရာကိုမရှိ ..။ အမေက .. အကြော်တဲမှာရှိကြည့် ..။ ဤသား .. ဤနေ့မှာ မြင်စရာကိုမရှိ ..။ အရှက်သည်းနေသည့် လူတစ်ယောက် အဖြစ် ပန်းမြပြည့်စုံအိမ်ကြီးမှာ ရင်ကွဲပက်လက်ဖြင့် ရှိနေမည်သူ ..။

''အဲဒါ .. ပန်းရဂုံရဲ့လိပ်စာကို .. ဘိုးနဲ့ ဘွားက ပြောပြကြတယ် .. ဖေဖေကလည်း ပန်းရဂုံကို သွားဖို့ပြောတယ် .. မေမေ့အပေါ် သား ချန်ရစ်ခဲ့တဲ့ ကိစ္စ .. သား .. အားလုံး ဖေဖေနဲ့ ဘိုးဘိုး ဘွားဘွားကို ပြောပြတော့ .. အပြစ်တင်ကြတယ် မေမေ .. သူတို့လည်း တစ်ချိန်က အဲသလိုပဲ .. မေမေ့အပေါ် ရက်စက်ခဲ့ကြတယ်တဲ့ .. မှားခဲ့ကြတယ်တဲ့ .. အခု .. သူတို့ရဲ့ မြေး .. ဖေဖေ့ရဲ့ သားက .. ထပ်ပြီး ရက်စက်ခဲ့ရတယ်လို့ .. ဆိုပြီး .. ရင်ထုမနာ ဖြစ်ကြရတာပါ မေမေ .. မေမေ့ကို တောင်းပန်ခိုင်းတယ် .. သူတို့ကလည်း တောင်းပန်ကြကြောင်း ပြောပေးခိုင်းကြတယ် .. မေမေ လက်ခံမယ်ဆိုရင် .. ဘိုးနဲ့ ဘွားတို့ လိုက်လာကြပြီး .. သေသေချာချာ တောင်းပန်ချင်ကြတယ်တဲ့ မေမေ၊ ဒီတော့ .. မေမေရယ် .. အားလုံး တူတူ ပြန်နေကြရအောင်နော် .. ဖေဖေ့ နောက်ဆုံးအချိန်လေးကိုလည်း .. မေမေ .. ထောက်ထားပေးပါ မေမေ ..''

ထောက်ထားပေးပါတဲ့လားလေ ..။ ထောက်ထားပေးရမည့်သူ့ရင်တွေမွမွကြေအောင် ခံခဲ့ရတာ ..။ သွေးပွက်ပွက်ဆူကျအောင် ခံကာရော ပြင်းသည့်ဝေဒနာကို နလုံးအိမ်နှင့်မဆံ့ ကြုံခဲ့ရတာ ..။ ဒါတွေကို .. ဘယ်သူမှ သိအောင်မကြိုးစားကြ ..။ ကြိုးစားဖို့လည်း သတိမရကြ ..။ တောင်းပန်လိုက်တာနှင့် ..။ ငိုယိုလိုက်တာနှင့် ..။ နောင်တရပြလိုက်တာနှင့် ..။

www.burmeseclassic.com



အရာရာသည် .. ခံရသူဘက်က .. ခွင့်လွှတ်ပေးလိုက်ရမည်တဲ့လားလေ ...။ နှစ်နှင့်ချီ၍ .. ဆယ်စုနှစ်တိုင်အောင် ကျော်ဖြတ်သန်းခဲ့ရသည့် ဒုက္ခသောကများသည် .. ပျောက်လွင့်သွားရမည်တဲ့လား။ ထိုအစိုင်အခဲတို့သည် .. အရည်ပျော်ကုန်ရမည်တဲ့လား ...။

"ကျွန်မ .. သူ့အပေါ်မှာ ကလဲ့စားမချေခဲ့ပါဘူး .. ဒါပေမယ့် .. အပြစ်ကင်းစင်တဲ့ ငွေကြိုးကြာ ကို .. ပန်းကောင်းအညွန့်ကျိုးရှိစေခဲ့တဲ့သူ .. မယားတစ်ယောက်အပေါ်မှာ .. မှန်ရာအတိုင်း .. ရပ်တည်မပြရဲခဲ့တဲ့သူ .. သတ္တိမရှိခဲ့တဲ့သူ .. အထောက်အညာကင်းကင်းနဲ့ ပြတ်စဲရက်စက်ခဲ့တဲ့သူတစ်ယောက်ကို .. ကျွန်မ .. ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါဘူး .. အဲဒီအဖြေကို .. မင်းရဲ့အဖေသိသင့်တယ်ထင်ရင် .. ပြောပြလိုက်ပါ .. မသိသင့်ဘူးထင်ရင်လည်း မပြောပြဘဲ ထားလိုက်ပါ .. မင်း အဆုံးအဖြတ်နဲ့ .. မင်းရဲ့သဘောပါပဲ .."

မိဂျိုး တည်တည်ငြိမ်ငြိမ် ပြောတော့ သား ခေါင်းခါနေသည်။ လက်မခံနိုင်ပုံဖြင့်လည်း မော့ခနဲကြည့်လာသည်။

"ဖေဖေက .. ဖေဖေက .. လူရုပ်တောင်မပေါက်တော့တာပါ မေမေ .. သေရတော့မယ့်လူတစ်ယောက်ပါ .. သေလူတစ်ယောက်ကို ခွင့်လွှတ်ပေးလိုက်လို့ ဘယ်လောက်များ မေမေ့မှာ ဝန်လေးခက်ခဲနေရမှာတဲ့လဲဗျာ .. လူတို့ရဲ့စိတ်သဘောအရကိုက .. ဒီအချိန်မှာ .. ဖေဖေ့ကို .. မေမေ ခွင့်လွှတ်ပေးထိုက်ပါတယ် .. သေအံ့မူးမူး လူတစ်ယောက်အပေါ် .. ဒီလောက်အထိ .. အတေးအမှတ် .. မကြီးသင့်တော့ပါဘူး မေမေ .."

"သေအံ့မူးမူးလူ .. ဟုတ်လား .. သူက .. ခုမှ .. သေအံ့မူးမူးဖြစ်ရတာပါ .. ကျွန်မက .. လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်ကတည်းက အညွန့်တလူလူတက်နေတဲ့ ပန်းကောင်းတစ်ပွင့်ဘဝ .. ကျွန်မရဲ့ပျော်ရွှင်မှု .. ကျွန်မရဲ့သက်တမ်း .. ကျွန်မရဲ့အနာဂတ်တွေ .. အားလုံး အသတ်ခံခဲ့ရတာပါ .. ကျွန်မရဲ့ မိဘနဲ့ အေးမြမြနေခွင့်ရတဲ့ တန်ဖိုးရှိသောဘဝ .. အဲဒါလည်း အသတ်ခံခဲ့ရတာပါ .. သေခဲ့ရတာပါ .. အဲဒါတွေအားလုံးကို .. ခုလို .. သူ .. သေလုမျောပါးရှိနေရတယ်ဆိုတာ တစ်ခုနဲ့ .. ကျွန်မ .. ခွင့်လွှတ်ပေးလိုက်ရမယ်ဆိုရင် .. ကျွန်မရဲ့ခံစားခဲ့ရတဲ့ - ကြေမွနေတဲ့ နှလုံးသားကို .. ကျွန်မ ပြန်ပြီး နှိပ်စက်ရာ ရောက်တော့မှာပေါ့ မောင်တည်ငြိမ်ရဲရင့် ရယ် .."

[PAGE_BREAK]



ဟု ပြောတော့ သားလက်မခံနိုင်သလို ခေါင်းခါနေသည်။

"မေမေ .. သိပ်အသည်းမာတာပဲဗျာ .. နည်းနည်းလေးမှ .. စိတ်ကိုမလျှော့ဘူး .. လျှော့ချိန်တန်လို့မလျှော့ဘဲ .. အသည်းမာနေရက်တယ်ဗျာ .."

ဟု ပြောလာတော့ မိဂျိုး ထပ်ပြုံးပါ၏။

"မင်းကရော .. ကျွန်မကို .. ခဝါသည် ဆိုပြီး ချန်ခဲ့တာပဲ မဟုတ်လား .. အခုကျတော့ .. ရတနာသည် .. ရွှေသည် .. ဖြစ်နေလို့ ပြေးလာတာမဟုတ်လား .. မင်းနဲ့တူတူနေပါရစေလို့ တောင်းပန်တုန်းက .. အဲဒီ ပန်းမြပြည့်စုံအိမ်ဟာ ရှင် မပိုင်တဲ့အိမ်မို့ ခေါ်မထားနိုင်ဘူးဆို .. အခုကျတော့ .. ရှင်က .. ခေါ်ထားနိုင်နေတယ်ပေါ့ .. ခေါ်လို့ရတော့မှာပေါ့ကွယ် .. ကျွန်မက .. ငွေလရိပ်ရတနာတိုက်ကြီး .. ပန်းတိမ်လုပ်ငန်းအလုပ်ရုံကြီး .. ဟောဒီက ပန်းရဂုံက သခင်မ .. ယောသလို .. ရုပ်အဆင်းနဲ့ .. ရှိနေတဲ့ မိဂျိုး .. ခေါ်ငွေကြိုးကြာ ဖြစ်နေတာကိုး .. ကျွန်မဟာ ခုလိုမဟုတ်ဘဲ .. အကြော်တဲထဲမှာ မုန့်နှစ်နှယ်နေတဲ့ မိဂျိုး .. ဆံပင်မှာ ပြာမှုန်တင်နေတဲ့အကြော်သမ .. ဒါမှမဟုတ် .. အိမ်ငယ်လေးမှာနေရင်း အဝတ်လျှော်နေရတဲ့ ခဝါသည်မဖြစ်နေရင် .. ရှင်ခေါ်ပါ့မလား .. ရှင့်မယားကရော ခေါ်ပါ့မလား .."

ဟုပြောတော့ သား မျက်နှာပျက်၏။ ပန်းမြကျောကျော့ မျက်လွှာချ၏။

www.burmeseclassic.com



"ရှင် .. ကျွန်မကို .. လှောင်ခဲ့တယ်လေ .. ဘယ်လောက် ချမ်းသာတဲ့စည်းစိမ်မို့လို့ အမွေပြတ်ပြနေတာလဲလို့ .. ဟုတ်တယ်နော် မပန်းမြကျော့ကျော့ .. အခု .. ရှင်တို့နှစ်ယောက် .. ကျွန်မရဲ့ ပန်းရုံကို ရောက်လာကြတယ်ဆိုတာ .. ကျွန်မကို လာတွေ့ကြ .. ခေါ်ကြဖို့တွေ ဖြစ်နေတယ် .. ရှင်တို့ .. ကျွန်မကို .. ချန်ခဲ့ပြီးတဲ့ရက်တွေရဲ့ နောက်ပိုင်းမှာ ခရေရိပ်ဆိုတာကို မရောက်ဘူးရသေးခင်မှာ .. ခဝါသည်မ ရှိရာ အိမ်ငယ်လေးကို .. အမေဆိုပြီး တစ်ခေါက်ရောက်ခဲ့ကြဖူးသလား .. ငါတို့ချန်ခဲ့ရာ ခဝါသည်မ စားသောက်နိုင်ပါ့မလား .. ဖျားနာနေသလား .. အဲသလို .. လာကြည့်မိကြသေးရဲ့လား .. ခဝါသည်မရဲ့အိမ်ပေမို့ .. သိက္ခာကျချော့တဲ့နေရာအဖြစ် .. မရောက်ခဲ့ကြဘူးလေ .. အခုကျတော့ .. ဒီအထိ .. ရောက်လာကြသကိုး .. ဒီမယ် .. မောင်တည်ငြိမ်ရဲရင့် နဲ့ မပန်းမြကျော့ကျော့.. စကားပုံလေးတော့ ရိုင်းချေလိမ့်မယ် .. ရှင်ကြီး ဝမ်းလည်းဝင်ခဲ့ပြီးပြီ .. ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ပြီးပြီ .. ချေးဆော်နံလို့လည်း ပြန်ခဲ့ပြီးပါပြီကွယ် .."

ဟု ပြောတော့ သား ငိုင်၏။ ပန်းမြကျော့ကျော့ မျက်နှာပျက်၏။ ခဝါသည်မ၏ အိမ်ငယ်လေးမှာ မြင်ခဲ့ရဖူးသော လှောင်ထေ့ထေ့ ပန်းမြကျော့ကျော့ မဟုတ်တော့ပြီ ..။ အားမနာ လျှာမကျိုး နှိမ်၍ မိဂျိုး ကို ပြောခဲ့သည့် ပန်းမြကျော့ကျော့ အဖြစ် ခေါင်းတမော့မော့ ..။ မာနတလူလူ ..။ ဂုဏ်ရှိန်တဝင့်ဝင့်ဖြင့် နေပြခဲ့သည့် ပန်းမြကျော့ကျော့ ..။ လင်၏ လက်ကိုဆွဲ၍ ခဝါသည်မအိမ်ပေါ်မှာ တကဲ့သုတ်နှင်ဆင်းခဲ့သည့် ပန်းမြကျော့ကျော့ ..။ အမေကို ပြတ်စဲအမွေကင်းအောင်နေသည့် စာချုပ်မှာ လက်မှတ်ထိုးသည့် သား .. မယားက လက်ဆွဲဆင်းသည့် သား ..။ မယားက လက်ဆွဲဆင်းသည့်နောက်ကို မငြင်းဘဲ ပါသွားသည့် သား ..။

"တစ်ချိန်က .. လူတစ်ယောက်ရဲ့ မယားဘဝက စာချုပ်နဲ့ ကွာရှင်းပြတ်စဲခံခဲ့ရတဲ့ မိန်းမ .. မကြာမတင်က .. အမွေဖြတ်ခံရမှုကို သဘောတူလက်ခံကြောင်း လက်မှတ်ရေးထိုးပြပြီး ကိုယ့်မျက်စိရှေ့မှာ .. ပေါ်ပေါ်



တင်တင် .. မယားလက်ဆွဲပြီး ဆင်းသွားတဲ့ သားရဲ့အမေ .. ကျွန်မ .. ဖြစ်ခဲ့ရပြီးပါပြီ .. အဲဒီ စာချုပ်တွေဟာ ဘယ်သူ့ကို ခွင့်လွှတ်ရမယ် .. ခွင့်မလွှတ်ရဘူးဆိုတာ .. ကျွန်မရဲ့ နှလုံးသားကို ပြတ်သားစေခဲ့တယ်လေ .."

မိဂျိုး တစ်ချက်ပြုံးသည်။ သားကိုကြည့်၍ နာကျင်စွာ ပြုံးသည့် အပြုံး ..။

"ကျွန်မဟာ... ရှင့်ကို ပြောပြချင်တာတစ်ခုရှိတယ် .. ကျွန်မရဲ့ ရုပ်အဆင်း .. ကျွန်မရဲ့ ထိုစဉ်က အသက်အရွယ်နဲ့ .. ရှင်ငယ်ကတည်းက .. အိမ်ထောင်ပြုမယ်ဆိုရင် .. ပြုလို့ရနေတာပါ ကိုတည်ငြိမ်ရဲရင့်ရယ် .. သား တစ်ယောက်ရဲ့ ခဝါသည်မဘဝကို ရင်ဆိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ပါကွယ် .. အဲသလို .. မိခင်မျိုးကိုမှ .. မင်းက .. မယားဖော်နဲ့ .. ငါ့ကို လင်ယူခိုင်းတယ် ဟုတ်လား .. အဲဒါ .. ငါ .. ရင်ထဲက ထုတ်မရတဲ့ အစော်ကားခံရမှုတစ်ခုအဖြစ် .. သတ်မှတ်တယ် .. ကဲ .. ပြန်ကြတော့ - နောက်ကိုလည်း မလာကြနဲ့တော့ .. ငါဟာ တစ်ချိန်က သားတစ်ယောက်ကို မွေးဖွားခဲ့ဖူးတယ် .. အဲဒီသားဟာ လက်ရှိကာလမှာ .. ငါ့ရင်ထဲမှာ မရှိတော့ဘူး .. အဲဒါကို .. မှတ်ယူပြီး ပြန်ပေတော့"

ဟု ပြောတော့ သား ထရပ်သည်။ မျက်နှာပျက်၍ ကြည့်သည်။ အိမ်ကြီးကိုလည်း ငေးကြည့်၏။

"တစ်ချိန်က မင်းနဲ့အတူ .. ငါနေရမယ်လို့ ဆုံးဖြတ်ထားတဲ့အိမ် ဆိုပါတော့ .. ခုတော့ .. ပြောင်းလဲကုန်ရှုပြီလေ .."

ဟု ပြောတော့ သား ကျွတ်ခနဲ စုတ်သပ်သည်။

"မေမေဟာ သိပ်ခေါင်းမာတာပဲ .. ဒါကြောင့် .. ဖေဖေနဲ့ ကွဲရတာ .. သားနဲ့ ဝေးရတာ .. ဒီအဖြစ်တွေအားလုံးဟာ .. မေမေ ခေါင်းမာလို့ ဖြစ်ကုန်ရတာ .. သားတစ်ယောက်ကို ပြတ်ရဲတဲ့နောက်မှာ .. လင်အပေါ်မှာ ပြတ်ရဲတာတော့ .. မထူးဆန်းနေတော့ပါဘူး မေမေ .."

ဟု ပြောလာတော့ မိဂျိုး ပို၍ ပြုံးသည်။

www.burmeseclassic.com



"ကျေးဇူးတင်တယ်ကွယ် .. အဲသလိုကြားရတာကိုလေ .. ဘာလို့လဲသိလား .. မင်းနဲ့ပတ်သက်ပြီး ငါဆုံးဖြတ်ခဲ့တာတွေ အားလုံးဟာ တစ်ခုမှ မမှားဘူးဆိုတာ ပိုပြီး ခိုင်မာသွားစေလို့ပါပဲ .. မင်းကို အမွေပြတ်စွန့်ခဲ့ရတဲ့အတွက် .. ငါ .. ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး မောင်တည်ငြိမ်ရဲရင့် .."

ဟု ပြတ်သားစွာပြောကာ မိဂျိုး တံခါးမကြီးဘက်ကို ကြည့်သည်။ သဘောက .. ထွက်ကြလေဟု ပြောသည့်သဘော ..။

"သားရဲ့ ဘိုးဘိုး ဘွားဘွားတို့ကို တွေ့မှဖြစ်မယ် မေမေ .."

ဟုပြောတော့ မိဂျိုး ပြုံးကာ လက်ကလေးကာပြသည်။

"ခဏစောင့် .."

ဟု ပြောကာ ဖေဖေ့ဖုန်းကို ခေါ်လိုက်ရသည်ပါပဲ။ ဖေဖေနှင့် မေမေ မရှိ ..။ ငွေလရိပ်သို့ တူတူ ထွက်သွားကြသည်လေ ..။ မိဂျိုး ထက်စော၍ ထွက်သွားကြခြင်း .. ။

"ဟယ်လို သမီး .."

"ဖေဖေ .. တည်ငြိမ်ရဲရင့်နဲ့ ပန်းမြကျော့ကျော့ တို့ ရောက်နေတယ် .. သမီးရဲ့ စိတ်သဘောထားကိုလည်း သူတို့ကို အသိပေးပြီးပါပြီ .. ဒါပေမယ့် .. မောင်တည်ငြိမ်ရဲရင့် က .. ဖေဖေနဲ့ မေမေ့ကို တွေ့မှဖြစ်မယ်လို့ ပြောနေတယ် ဖေဖေ .."

"ပြောလိုက်ပါကွယ် .. အမေကို .. ထားခဲ့တာတောင်မှ .. ရိုးရိုး မထားခဲ့ဘဲ .. လင်ယူဖို့ပြောတဲ့ သား .. အမေလုပ်သူကို ကိုယ်နေနေမယ့် အိမ်လိပ်စာလေးတောင် ပြောမပြခဲ့တဲ့ သား .. အဲသလို သားမျိုးဟာ .. အမေကိုတောင်မှ လုပ်ရဲနေတယ်ဆိုရင် .. ဘိုးအေဘွားအေဆိုတာကို ပိုလုပ်နိုင်တယ်ဆိုတာ ဖေဖေတို့ သဘောပေါက်ထားတယ်လို့ ပြောလိုက်ပါကွယ် .. မတွေ့ချင်တော့ပါဘူး .. ဒီလိုမြေးမျိုးကို မြင်ဖူးလိုက်ရမှာ ဖေဖေ ရှက်လို့ပါ .. ပြီးတော့ .. သူ့အတွက် ပေးစရာမေတ္တာလည်း မရှိ .. ပေးစရာ စည်းစိမ်ဥစ္စာလည်း ဖေဖေတို့နှစ်ယောက်ဆီ‌က .. ဘာမှ မရနိုင် မရှိနိုင်တော့တာကိုလည်း ရှင်းပြလိုက်ပါ .. ရှိသမျှ စည်းစိမ် .. သမီးရဲ့နာမည်နဲ့ အားလုံးရှိနေတာကိုလည်း ရှင်းပြလိုက်ပါ .. ဒီလိုဆိုရင်တော့ .. သက်ကြီးရွယ်အို ဒီအဘိုးအို အမယ်အိုကြီးကို .. တွေ့မှဖြစ်မယ်လို့ .. သူတို့ပြောချင်တော့မယ် မထင်ပါဘူး သမီးရယ် .. ဘယ်မိဘ မဆို .. သားသမီးကိုမွေးတယ်ဆိုတာ ချစ်ဖို့ပါ .. အစော်ကားခံဖို့ မဟုတ်ဘူးဆိုတာ .. သူတို့ နားလည်ကြဖို့လိုတယ်ကွယ် .. သူလည်း .. တစ်နေ့ မိဘဖြစ်မှာပါပဲ .. သူ မိဘဖြစ်တဲ့အခါ .. ခဝါသည်မဆိုပြီး အမေကို လုပ်ခဲ့သလို .. သူ့သားသမီးက .. သူ့ကို .. လုပ်လာရင် .. သူ ခံနိုင်ရည်ရှိနိုင်စေဖို့ .. အားကြိုတင်မွေးထားပါလို့ ပြောလိုက်ပါကွယ် .."



ဖုန်းက စပီကာခလုတ်လေး နှိပ်ထားတာမို့ အားလုံး ကြားနေကြရသည်ပါပဲ ..။

"ကျိန်စာတိုက်တာလားဗျာ .. ကျိန်စာတိုက်ကြတာလား .."

ဟု ငိုသံကြီးဖြင့် သား ကျူး၍ အော်သည်။ ဖေဖေ ကြားသွားပုံရ၏။

"ကိုယ်လုပ်တဲ့အလုပ်မျိုး .. ကိုယ်ပြန်ခံရမှာကိုကျတော့ .. ကျိန်စာတိုက်ခံရတယ်လို့ ပြောသလားကွယ် .. ကိုယ်ကြုံရမှာကျတော့ သွေးကြောင်နေတယ်ဆိုပါတော့ လူလေး .. ဟင် .."

ဟု မေးသံဆုံးတော့ သား ထရပ်သည်။ ပန်းမြကျော့ကျော့ လည်း တူတူရပ်ပြီ ..။

"စရိုက်မှမတူတာ မောင်ရယ် .. တူတူနေကြလို့ မဖြစ်တာ မဆန်းပါဘူး .. မောင့်အမေဘက်က လူတိုင်းဟာ .. အရှမ်းခေါင်းမာပြီး အတ္တကြီးကြတာပဲ .. ပြန်ကြစို့ .. ဒီကို .. ဘယ်တော့မှမလာဘူး မောင်"

ဟုပြောကာ ရှေ့မှထွက်တော့ သား ခပ်သုတ်သုတ် နောက်မှ လိုက်သွားသည်ပါပဲ ..။ မိဂျိုး တည်ငြိမ်စွာ ထိုင်လျက် ကျန်ရစ်သည်။

ရင်ထဲမှာ ကြေကွဲခြင်းတွေရှိမနေ ..။ အထီးကျန်ခြင်းတွေ ရောက်

www.burmeseclassic.com

www.burmeseclassic.com



မလာ ...။ ကိုယ်ခန္ဓာမှ အစိတ်အပိုင်းတစ်ခုသည်ပင်လျှင် .. ကိုယ့်ကို ဒုက္ခပေးလာလျှင် စွဲစိတ်ဖြတ်တောက် ထုတ်ပယ်ပစ်ရသည်။ ကိုယ်မွေးသည့်သား ...။ ကိုယ့်ကို ဒုက္ခပေးလာချေလျှင် .. ဘာကြောင့် ဘဝထဲက ထုတ်ပယ်ပစ်ဖို့ သတ္တိတွေ ရှိမလာနိုင်ရမည်တဲ့လဲလေ ...။

ဤသို့ .. မိဂျိုး .. ဆုံးဖြတ်ခံယူပါသည် ...။

မိဘဆိုတာ ပေးဆပ်ခြင်းဖြင့်သာ ရှင်သန်ရမည်ဟုတော့ တသမတ်တည်း မိဂျိုး သဘောပိုက်မထားနိုင် ...။ ဤသားကို ပေးဆပ်ခြင်းများဖြင့် မွေးဖွားခဲ့သည်။ ခု .. ထိုခံစားချက်တွေ ကုန်ဆုံးသွားခဲ့ပြီ။ ဆက်ရန်အကြောင်းမရှိ ...။ ဤသို့ ရှိရသည့်အတွက်လည်း .. မိဂျိုး ဘယ်သောအခါတွင်မှ .. ကိုယ့်ကိုယ်ကိုယ် .. အပြစ်တင်မိမှာမဟုတ် ...။

ဤသို့သော ခံစားချက်အတွက် ရင်းလိုက်ရသည့်အရာသည် မတန်တဆနိုင်နေခဲ့သည်။ ရင်ကွဲရင်ကျေ ဖြစ်စေခဲ့သည်။ သေရာပါဒဏ်ရာအပြင်းစားတွေ မှတ်ဉာဏ်ထဲမှာ .. နှလုံးအိမ်ထဲမှာ စူးရှနစ်ဝင်နေစေခဲ့သည်။ ထိုအဖြစ်တို့သည် လုထောင်းချေမွရာ လောကခံဖြစ်သည်ဟု ဆိုချေလျှင် ...။ ထိုလောကခံကို ဖြစ်တည်စေသောသူမှာ အဓိကအားဖြင့် နှစ်ယောက်ဖြစ်နေသည်။ တာဝန်အရှိဆုံးသူနှစ်ယောက် ...။ တစ်ယောက်က ယောကျ်ား ...။ တစ်ယောက်က သား ဖြစ်နေတာလောက် ရင်ထုမနာဖြစ်ဖို့ ကောင်းတာမရှိ။ ဝမ်းနည်းဖို့ကောင်းတာ .. မရှိ ...။ နာကျင် နာကြည်းဖို့ ကောင်းတာမရှိ ...။

မိဂျိုး ညှော်ခန်းမှာ တိတ်ဆိတ်စွာ ထိုင်ဆဲ ...။ ခြံတွင်းဆီမှာ ကားမောင်းထွက်သွားသံကို ကြားရပါ၏။

မိဂျိုး ၏ ဘဝထဲက အပြီးတိုင် ထုတ်ထားခဲ့ပြီးပြီဖြစ်သည့် သား။ ခုလို .. ခြံထဲက ထွက်သွားခြင်းအတွက် .. ရင်ထဲမှာ ကြေကွဲမနေ ...။ လွမ်းဆွတ်၍ကျန်မနေ ...။ မိဂျိုး ဆုံးဖြတ်ထားသည် ...။ မလွမ်းဆွတ်ထိုက်သူကို မလွမ်းဆွတ်စေရ ...။ မတမ်းတထိုက်သူကို မတမ်းတလေရ။



မေတ္တာနှင့်မတန်သူ .. အချစ်နှင့်မတန်သူကို .. မချစ်မိစေရ ...။ ကိုယ့်ဘဝအတွက် .. ကိုယ်ရပ်တည်ဖို့ အားမာန်ရှိနေခြင်းသည် .. ကိုယ့်ဘဝအတွက် အလုံခြုံဆုံးသောအရာ ...။

မိဂျိုး သည် .. နောက်ကြောင်းဘဝကို ပြန်ငဲ့၍ တွေဝေရပ်တည်နေသည့် ငွေကြိုးကြာ ဖြစ်မနေစေရ ...။ ပြတ်သားတည်ငြိမ်သော ခြေလှမ်းတွေဖြင့် .. ဘဝကို .. သက်ဆုံးတိုင် .. တည်ဆောက်ရပ်တည်သွားနိုင်သော မိဂျိုး ဖြစ်နေဖို့ပဲ အရေးကြီးပါသည် ...။

မြားတစ်စင်းနဲ့ လေးညှို့ကြားက
လောကဓံတရားရဲ့ပစ်လွှတ်မှု
ဒဏ်ရာပြင်းပြင်းတစ်ခုအဖြစ်
ရင်ထဲစူးနစ်အောင်ခံစားရတဲ့
သတ္တိမရှိသူရဲ့မယားဘဝ ...။

တစ်နေ့ချင်းစီအတွက်
လက်မောင်းလက်ဖျံက ခွန်အားတွေ
ပြိုကျကုန်စေဦးတော့
ကိုယ်မော့ထားတဲ့ဦးခေါင်း
မတိမ်းစောင်းစေရ
ဦးညွှတ်မကျိုးနူးညွတ်မချ
ဤဘဝရှည်လှပေမယ့်
ရှန်းကန်ရတဲ့နှစ်များ
ဤသားအတွက်ဖြစ်နေ
ဤသို့သောအမေအတွက်
ရပ်တည်ရဲဖို့ခက်သောသားနှင့်ကြုံရ

www.burmeseclassic.com

www.burmeseclassic.com



သတ္တိမရှိသောသားဏ်အမေဘာဝ ...။

သတ္တိမရှိသူ၏မယား
သတ္တိမရှိသောသား၏အမေ
ရောက်ခဲ့ဖူးလေပြီကော
ငါ၏ကျန်သောနေ့ရက်များ
ငါ့အတွက်ပဲထားရင်း
ခွန်အားနှင့်ချစ်ခြင်းတွေ
ခြွေကြွေကာချနေရင်း
ပေးဆပ်ခြင်းဖြင့်ကုန်ဆုံးမည် ...။

ဤသည်ကား ...
သတ္တိမရှိသူ၏မယား
သတ္တိမရှိသောသား၏အမေဘာဝ ...။

*မျှဝေခံစားခြင်းများစွာဖြင့်...*




အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃

မဘူရာ(လှိုင်ကော်)
(၂၅-၉-၂၀၁၆)

www.burmeseclassic.com